www.burmeseclassic.com

# ရွှေရောင်မမ
# မိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ရွှေရောင်မ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

[ ၁ ]

နှင်းထုက သိပ်သည်းစွာတဖွဲဖွဲကျနေ၏။ အလင်းရောင် မှုန်ဝါးဝါး အောက်မှာ မျက်လုံးကို လေးပင်စွာဖွင့်လိုက်မိသည်။ တစစ်စစ်ကိုက်ခဲနေသည့် ဦးခေါင်းမှဝေဒနာနှင့် ချမ်းစိမ့်မှုကြောင့် ခိုက်ခိုက်တုန်ယင်နေသည့် ခန္ဓာကိုယ်၊ စိုထိုင်းထိုင်း မြက်ခင်းပြင်မှ ကုန်းရုန်းထလိုက်မိ၏။ ဝတ်ထားသည့် အင်္ကျီလက်ရှည်အဖြူက ညစ်ပေနေလေပြီ။ ခပ်ပျော့ပျော့လုံချည် အပြာနုလေးကလည်း ရွှဲရွှဲစိုနေလေ၏။

ငါ ဘယ်သူလဲ၊ ဘယ်ကိုရောက်နေတာလဲ၊ ဒီနေရာမှာ ဘာကြောင့် လဲနေရသလဲ။ မေးခွန်းတွေတသီကြီးအဆုံးမှာ ခေါင်းထဲက မိုက်ခနဲဖြစ်သွားသဖြင့် နီးစပ်ရာသစ်ပင်ရှိ အကိုင်းကို အမြန် ဖမ်းဆွဲလိုက်ရသည်။ ဘုရား ... ဘုရား ကြည့်လေရာ မြင်လေရာ မှောင်မည်းအုပ်ဆိုင်းနေသည့် သစ်ပင်တွေချည်းပါလား။ ဒီလို တောထဲတောင်ထဲကို သူမ မည်သို့ရောက်လာခဲ့ရသနည်း။ အမေးရှိသော်ငြား အဖြေက မရှိ။

ခြေကို ဇ,လှမ်းလိုက်စဉ် ခြေဖဝါးမှာ ဖိနပ်မပါတာကို သိ၏။ ကြမ်းရှ





သည့်ဆူးပင်တို့၏ အခက်အချွန်တွေက နုနယ်လွန်းသည့် ခြေဖဝါးအရေပြားကို ထိုးဖောက်ဝင်လာလေတော့သည်။

"အ! ကျွတ်ကျွတ်... နာလိုက်တာ"

သိသိသာသာကြီးရိုက်ခတ်လာသည့် မေးဖျားမှ အသံသဲ့သဲ့ကို ကြားနေရ၏။ အားယူ၍ ရှေ့ကို ဆက်လျှောက်လာခဲ့မိသည်။ ရင်ထဲမှ ပူလောင်နေမှုကြောင့် ပြင်းပြင်းထန်ထန် တောင့်တမိသည်က 'ရေ'။

လက်နှစ်ဖက်ကို တင်းတင်းပိုက်လျက် ယိုင်နဲ့နဲ့ခြေလှမ်းတို့ဖြင့် ကိုယ်ခန္ဓာကို အနိုင်နိုင်သယ်လျက် ကုန်းမို့မို့ကို အားယူ၍ တက်လိုက်၏။ ဒါ လမ်းမကြီးပါလား။ လမ်းမကြီးတစ်လျှောက် မှုန်ပျပျအလင်းဖြင့် ဟိုဒီ မျှော်ငေးလျက် ဘယ်အရပ်သို့ဆက်လျှောက်ရမှန်းမသိဘဲ ဒူးညွတ်၍ထိုင်ချလိုက်မိသည်။ ဟင့်အင်း ... မဖြစ်ဘူး။ ဒီအတိုင်း တစ်ညလုံးနေနေရင် သူမ သေသွားခဲ့ပြီး သေသွားပေလိမ့်မည်။ ကိုယ့်ကိုယ်ကို အားပြန်တင်းလျက် ထ,လိုက် လူက ညာဘက်သို့ ယိုင်ထိုးသွားသည်မို့ ထိုအတိုင်း ဆက်လျှောက်လာခဲ့မိ၏။

"ဟင်း ... ဟင်း ... ဟင်း"

မေးဖျားရိုက်ခတ်မှုကြောင့် ရင်တွင်းရှိ ညည်းညူသံက နှုတ်ဖျားမှပေါ်ထွက်လာသည်။ နှုတ်ခမ်းတွေ သွေ့ခြောက်၍ အက်ကွဲကုန်ပြီလား။ နှင်းတို့က သည်းသည်ထက်ပို၍သည်းလာပြန်သည်။ ရှည်လျားသည့်ဆံနွယ်ရှည်တွေက သူမခန္ဓာမှာ ပျော့အိစွာကပ်နေလေပြီ၊ ကူကယ်သူမဲ့နေသဖြင့် စိတ်ပျက်အားလျော့ကာ ပစ်လှဲချပစ်လိုက်ချင်သည့်စိတ်ကို မနည်းတင်းထားရသည်။ လူက လမ်းမကြီးဘေးသို့ ချော်ကျ၍ ခဲသေးသေးလေးတွေကို နင်းမိသွား၏။ မျက်ဝန်းအကြည့်တွေကတဖြည်းဖြည်းဝေဝါးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရလိုက်သည့် နှင်းဆီတို့၏ရနံ့ကြောင့် သူမ အားတက်သွားမိ၏။ ဒါဆို ခြံတစ်ခုအနီးသို့ရောက်နေတာ သေချာနေပြီပေါ့။ သူမ ခေါင်းကို ပြန်ထောင်၍ လိုက်ကြည့်နေချိန် ခြံကြီးတစ်ခုရှေ့သို့ရောက်လာသည်။ ဟင်းလင်းဖွင့်ထားသည့်ခြံထဲသို့ ဝမ်းသာအားရဖြင့် အပြေးဝင်ခဲ့မိ၏။ ညမှောင်မှောင်မှာ ထီးထီးကြီးတည်ရှိနေသည့် တိုက်အိမ်ဖြူဖြူကြီးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရပြုံးလိုက်မိသည်။ နားခိုစရာတစ်ခု တွေ့ပါပြီကော။ ငါ ... ငါ ... မသေနိုင်တော့ပါဘူး။

လမ်းကလေးတစ်လျှောက် အားတင်း၍လျှောက်ကာ အိမ်ကြီး၏ရှေ့သို့ ရောက်လာ၏။ ပိုက်ထားသည့်လက်က တံခါးကိုခေါက်ရန်ပင် အင်အားမရှိချင်တော့။ တံခါးကိုကိုင်လိုက်ရာမှ လျှောခနဲညွတ်ကျ၍ ပုံလဲကျသွားတော့သည်။ သွားပြီ။ လောကကြီး မှောင်အတိကျသွားပါရောလား။

ကုန်းမို့လမ်းကို ကားစက်ရှိန်မြင့်၍ တက်လိုက်၏။ အသင့်ဖွင့်ထားသည့် ကားဂိုဒေါင်ထဲ ဦးတည်၍ဝင်လျက် ကားစက်သတ်၊ သော့ဖြုတ်၊ ကားကို သော့ခတ်ကာ ဂိုဒေါင်အပြင်သို့ ထွက်လိုက်သည်။ ဆောင်းလေတစ်ချက်သွေးလိုက်သဖြင့် ဝတ်ထားသည့် Overcoat Zip ကို လည်ပင်းအထိ ဆွဲတင်လိုက်မိ၏။ ဂိုဒေါင်ကိုသော့ခတ်၍ အိမ်ရှေ့သို့ တစ်လှမ်းချင်း လှမ်းခဲ့သည်။ အိမ်တံခါးသော့ကို လက်ဖြင့်စမ်း၍ဖွင့်ရန်ရွယ်စဉ် ရှူးဖိနပ်က ခပ်ပျော့ပျော့အရာတစ်ခုကို သွားတိုက်လိုက်မိ၏။ ဘာပါလိမ့်၊ မှောင်မှောင်မည်းမည်းထဲမှာပင် လက်အိတ်စွပ်ထားသည့်လက်ဖြင့် ထိုအရာကို စမ်းသပ်မိသွားသည်။

"ဟာ !"

ဗုဒ္ဓေါ ...၊ လူ... လူတစ်ယောက်ပါလား။ သူ သော့ကိုအမြန်ဖွင့်၍ ထိုလူကိုပွေ့ချီလျက် ဧည့်ခန်းရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ် ချလိုက်သည်။ ဧည့်ခန်းမီးခလုတ်ကိုဖွင့်လိုက်စဉ် သူ မြင်လိုက်ရသည်က ချောမောလှပလွန်းပါသည့် မိန်းကလေးတစ်ဦး။





"ကျွတ်! တောက်"

မိန်းမတွေနှင့် မပတ်သက်ချင်သည့် သူ့အိမ်ရှေ့မှာမှ လာပြီး သတိလစ်နေရတယ်လို့။ ခြံပြင်ကို ပြန်ဆွဲထုတ်ပစ်ထားလိုက်ရမလား။ မဖြစ်သေးပါဘူး။ ဒါဆိုရင် သူဟာ မလုပ်သင့် မလုပ်အပ်သည့် အလုပ်တစ်ခုကို လုပ်လိုက်သလိုဖြစ်သွားပေလိမ့်မည်။

ဆရာဝန်တစ်ဦး၏ နွေးထွေးကြင်နာတတ်သည့် နှလုံးသားက သူ့ကို နှိုးဆော်နေလေပြီ။ ကော့ညွှန်းရှည်လျားသည့် မျက်တောင်စိပ်စိပ်လေးများ၊ လှပဖြောင့်စင်းနေသည့် နှာတံချွန်ချွန်အောက်မှ နှင်းဆီငုံသဏ္ဍာန် နှုတ်ခမ်းလွှာတစ်စုံ၊ ရှည်လျားနက်မှောင်လှသည့် ဆံနွယ်ရှည်တွေက သူမကိုယ်ပေါ်မှာ အချို့၊ ခုံအောက်မှာ ပုံကျနေသည်က အချို့၊ ညမီးရောင် မှိန်မှိန်အောက်မှာပင် သူ မှတ်ချက်ချလိုက်မိ၏။ တော်တော်လှတဲ့ အမျိုးသမီးပါလား။

"ဟင်း ..."

သက်ပြင်းရှည်ကြီးတစ်ချက်ကိုချလိုက်ပြီး အိမ်တံခါးမကြီးကို ပြန်ပိတ်လျက် သူမကို ခွေ့ခနဲပွေ့ချီ၍ လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ တက်လာခဲ့၏။ သူ့အခန်းထဲရှိ ခုတင်ထက်မှာ အသာတင်ကာ သူမကိုယ်ပေါ်ရှိ စိုရွှဲနေသည့် အဝတ်အစားတို့ကိုချွတ်၍ Night dress ဖြင့် လဲလှယ်ဝတ်ပေးလိုက်သည်။ နက်မှောင်နေသည့် ဆံနွယ်ရှည်တို့ကို Towel ဖြင့် သေချာသုတ်ပေးလိုက်ပြီး ဂွမ်းစောင်ထူထူကို လွှမ်းခြုံပေးလိုက်၏။ အခန်းထဲရှိ မီးလင်းဖိုကိုမွှေး၍ မီးရှိန်ကို မြှင့်လိုက်သည်။



www.burmeseclassic.com

ကိုယ်ပေါ်မှ Overcoat ကိုချွတ်၍ ချိတ်မှာချိတ်လိုက်ပြီး လက်အိတ်ကိုပါချွတ်လိုက်သည်။ ဗီရိုထဲမှ သိုးမွေးဆွယ်တာကို ထုတ်၍ ခေါင်းမှစွပ်ချကာ မီးလင်းဖိုရှေ့ထိုင်ချလိုက်သည်။ လက်ဝါးပြင်နှစ်ဖက်ကို မီးအပူမှာပြနေစဉ် သူမထံမှ ညည်းညူသံသဲ့သဲ့မျှ ကြားလိုက်ရလေသည်။

"အင်း ... ဟင်း ... ဟင်း"

သူ ဆတ်ခနဲထရပ်၍ သူမထံ လှမ်းလာကာ နဖူးကိုစမ်းလိုက်တော့ ခြစ်ခြစ်တောက်ပူနေလေပြီ။

"တောက်"

ဒုတိယမ္ဘိ တက်ခေါက်သံနှင့်အတူ သက်ပြင်းကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ချလိုက်မိပြန်၏။ ရင်တွင်း၌ အတော့်ကို စိတ်ပျက်သွားမိသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ ဒီနေ့ညမှ သူ မလုပ်ချင်သည့်အလုပ်တွေကို ဆက်တိုက်လုပ်နေရပါရောလား။ အဖျားတက်နေသည့် သူမမျက်နှာရဲရဲလေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ဆေးသေတ္တာကို ယူလိုက်၏။ Thermometer ကို ခပ်ဟဟနှုတ်ခမ်းလွှာတွင်းရှိ လျှာအောက်မှာထည့်လိုက်စဉ် အဖျားက 104 ။

မဖြစ်ချေတော့။ ဆေးထိုးရန်ပြင်ဆင်လိုက်ပြီး Syringe ဖြင့် ဆေးရည်နှစ်မျိုးစပ်ကာ သူမကို ဆေးထိုးပေးလိုက်ရသည်။ ခပ်ကွေးကွေးလေးဖြစ်လာသည့် သူမ၏နောက်ကျောဘက်မှ စောင်လွတ်သွားသည်မို့ စောင်ကို ပြန်ဆွဲဖုံးပေးစဉ် သွယ်ပျောင်းသည့် လက်အစုံက သူ့ကို ရုတ်တရက်သိုင်းဖက်လေ၏။ ဒိတ်ခနဲဆောင့်ခုန်သွားသည့် ရင်ခုန်သံနှင့်အတူ သူမမျက်နှာအနီးသို့ သူ့မျက်နှာ ရောက်သွားရသည်။

ရော်! ခက်ကုန်တော့မှာပဲ။ ခန္ဓာကိုယ်ချင်းကပ်သွားသည့် ကိုယ်ငွေ့





ကြောင့်ထင့် သူမ ငြိမ်သက်သွားလေ၏။ မဖြစ်ချေဘူး၊ ဒီအတိုင်းသာ ဆက်နေနေလျှင် ဤကလေးမ ကိုယ်ကျိုးနည်းကုန်ပေလိမ့်မည်။ သူက ဆရာဝန်၊ ပြီးတော့ တစ်ခုလပ်၊ သူမက အပျိုစင်စစ်စစ်၊ အသက်(၂၀)ခန့်အရွယ်လေး။ သူမကိုယ်ပေါ်မှ အသာလေးဖယ်ခွာလိုက်တော့ တွန့်ခနဲဖြစ်သွားသည့် ခန္ဓာလေးကြောင့် သူ သက်ပြင်းချမိပြန်၏။

စားပွဲပေါ် တင်ထားသည့် Brandy ပုလင်းကို တစ်ငုံမျှမော့သောက်လိုက်ပြီး သတိရသွား၍ သူမ နှုတ်ခမ်းဝမှ အနည်းငယ်မျှ လောင်းထည့်ပေးလိုက်သည်။ ကိုယ်ခန္ဓာအတွင်း နွေးသွားသဖြင့် သူမ ငြိမ်သက်စွာအိပ်မောကျနေချေပြီ။ ပုလင်းကို အဖုံးပြန်ပိတ်၍ စားပွဲထက် ပြန်တင်လိုက်ပြီး မီးလင်းဖိုအနီးရှိ လှုပ်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် မှီထိုင်ချလိုက်ကာ မျက်ဝန်းအစုံကို မှေးမှိတ်ထားလိုက်မိသည်။ အဝေးမှ Happy New Year အော်ဟစ်သံတို့ကို သဲ့သဲ့မျှ ကြားလိုက်ရလေ၏။

သြော် ... နှစ်သစ်တောင် ရောက်ပြန်ပါရောလား။ ပြီးတော့ သူ့ရဲ့ (၂၈)နှစ်မြောက်မွေးနေ့။ သံသရာစက်ဝန်းကြီးက အမြဲလည်ပတ်နေသည်မို့ ဤမွေးနေ့ကို ရောက်ရပြန်ချေပြီ။ ဒီမွေးနေ့ပေါင်းများစွာမှ အတိုင်းမသိသူ ပျော်ရွှင်ခဲ့ဖူးသည်။ ဒီမွေးနေ့မျိုးမှာပဲ သူ အဆမတန်ခံစား၍ ပေါက်ကွဲနာကျင်ခဲ့ရလေ၏။ သတိမရချင်ပါ။ သို့သော် အတိတ်ကို မည်သို့ပင်မေ့ထားခဲ့သော်ငြား ပစ္စုပ္ပန်ကာလအထိ အရိပ်သဖွယ် လိုက်လံခြောက်လှန့်နေခဲ့ပါလား။

"တောက် !"

ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်ပြီး လသာဆောင်တံခါးကိုဖွင့်၍ ထွက်လိုက်မိ၏။ ပြင်ပမှလေတို့က သူ့ထံ အတင်းတိုးဝှေ့လျက်ရောက်လာပြီ

www.burmeseclassic.com



သည်။ မှောင်မည်းတိတ်ဆိတ်နေသည့် ဝန်းကျင်တစ်ခွင်ကို ရီဝေစွာဖြင့် ငေးမောနေမိ၏။

January(1)ရက်နေ့ကို ပြက္ခဒိန်မှ အပြီးတိုင် ဖယ်ထုတ်၍ရခဲ့လျှင် သူ ဖယ်ထုတ်လိုက်ချင်သည်။ နှစ်သစ်ကူးလက်ဆောင်မွန်တစ်ခုဟာ သူ့ကို လှပဆွတ်ပျံ့ဖွယ်ရာ ချစ်ခြင်းတစ်ခုအဖြစ် ဖန်တီးပေးခဲ့ပါ၏။ ထို့နောက် သူ့နှလုံးသားတစ်ခုလုံး မွမွကြွဲကျေအောင် ပြုလုပ်ပေးခဲ့တာ အမှန်ပင်မဟုတ်ပါလား။

ယခုလည်း သူ့အိမ်ထဲကို မိန်းကလေးတစ်ဦး ရောက်လာပြန်ချေပြီ။ တိုက်တိုက်ဆိုင်ဆိုင် January(1)ရက်နေ့အကူးမှာ ရောက်လာရတယ်လို့။ ငါ့ဘဝထဲကို မင်းဝင်လာခွင့်မရှိဘူး မိန်းကလေးရယ်။ ငါက 'မ'ဆိုရင် ကိုယ့်ခြေမ၊ လက်မတွေကိုတောင် ခုတ်ဖြတ်ချင်စိတ်ပေါက်နေတဲ့ ကျားနာတစ်ကောင်လေ။

ဒီတော့ ငါ့မျက်စိရှေ့ကနေ မင်း အမြန်ဆုံး ထွက်သွားမှပါပဲ။ ဒီလိုမှမဟုတ်ရင် ငါ့ရင်ထဲက အမုန်းဓာတ်ခံတွေရဲ့တွန်းအားနဲ့ ဖြစ်တည်လာတဲ့ အပြုံးတွေဟာ မင်းအပေါ် ပုံကျသွားမှာလေ။ မင်းအသက်ကို ငါ ရန်ရှာမိမှာ အမှန်ပဲ၊ ခေါင်းကိုမော့လိုက်တော့ နှင်းမှုန်တွေက သူ့မျက်နှာပေါ် တဖွဲဖွဲကျလာလေ၏။

"အား ... ကြောက်တယ်၊ ကြောက်တယ်"

အခန်းတွင်းမှ အော်ဟစ်လိုက်သည့်အသံကြောင့် သူ အမြန်ပြေးဝင်လာခဲ့၏။ သူမက မျက်စိကို စုံမှိတ်လျက် အသံစူးစူးလေးဖြင့် ကယောင်ကတမ်း ဟော်ဟစ်နေလေသည်။ သူ ခုတင်ပေါ် တက်ထိုင်၍ မိန်းကလေး၏ပါးပြင်ကို နှစ်ချက်မျှ ခပ်သာသာပုတ်၍ သတိရအောင် နှိုးလိုက်မိသည်။





"ဟိတ်! ဟိတ်! မိန်းကလေး"

"ကြောက်တယ်၊ ကြောက်တယ်"

မျက်လုံးက ပွင့်မလာသည့်အပြင် လဲလျောင်းနေရာမှ ကျုံးထရင်း သူ့ရင်ခွင်ထဲ အတင်းတိုးဝင်လိုက်သည်မို့ သူ ယောင်ယမ်းဖက်ထားလိုက်မိ၏။ ကဲ ဒုက္ခလှလှကြီးကိုတွေ့နေရပါရောလား။ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်သွားသည့်မိန်းကလေးကို အိပ်ရာထက် အသာပြန်ချလိုက်ပြီး စောင်ပြန်ခြုံပေးလိုက်သည်။

နောက်ကျောဘက်မှ စိမ့်ခနဲဝင်လာသည့်လေအေးတို့ကြောင့် လသာဆောင်တံခါးကို သူ ပြန်ထပိတ်လိုက်ပြီး ထိုင်ခုံမှာပြန်ထိုင်လိုက်သည်။ မီးလျှော့သွားသည့် မီးလင်းဖိုထဲသို့ ထင်းချောင်းတွေထပ်ထည့်၍ ထိုင်ခုံကို ကျောမှီကာ မျက်စိအစုံကို မှိတ်ထားလိုက်၏။ တဒိတ်ဒိတ်နှင့်လှုပ်ခုန်နေသည့် ရင့်ခုန်သံတို့ကြောင့် သူ မဲ့ပြုံးတစ်ချက်ကို ပြုံးလိုက်မိသည်။ အတွေ့ကြောင့် သာယာမိတဲ့ ဒုတိယမွှ ရင်ခုန်သံ ဖြစ်နေခဲ့သည်ကိုး။

အရုဏ်တက်အလင်းရောင်က ကောင်းကင်ထက်မှ မှုန်ပျပျပေါ် လာစဉ် သူ့မျက်ခွံတို့ လေးပင်လာလေ၏။ အချိန်တန် အိပ်စက်ချင်နေသည့် စိတ်ကို ထိန်းချုပ်၍ ရနိုင်သည်မှမဟုတ်တာဘဲ။ လက်နှစ်ဖက်ကို အသာယှက်ပိုက်လျက် ထိုင်ခုံထက်မှာ မှေးခနဲအိပ်ပျော်သွားတော့သည်။ ဦးခေါင်းတွင်းရှိ ညစ်ထေးနေသည့်အတွေးများ၊ ရင်ထဲမှ ရှုပ်ထွေးပူလောင်နေသည့် ခံစားမှုများက တစ်ခဏချင်း အမှောင်ဝင်းသို့ လွင့်စဉ်ပျောက်ကွယ်သွားလေ၏။ သေချာပါတယ်၊ အခုမှ အပူအပင်ကင်းမဲ့စွာဖြင့် သူ အိပ်မောကျချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဖျတ်ခနဲပွင့်သွားသည့်မျက်ဝန်းများက မျက်နှာကြက်ဖြူဖြူကို အရင်ဆုံးတွေ့လိုက်ရ၏။ ခန္ဓာကိုယ်ပေါ် လွှမ်းခြုံထားသော နူးညံ့သည့်ဂွမ်းစောင်အောက် နွေးထွေးသည့်အိပ်ရာထက်မှာ သူမ ရောက်နေတာပါလား။ ညက မြင်ခဲ့သည့်အိမ်ကြီးထဲသို့ သူမ ရောက်နေပြီကိုး။

အိပ်ရာထက်မှ အားယူ၍အထ ဂွမ်းစောင်ကို ခွာချလိုက်စဉ် သူမ မျက်နှာလေး ရဲရဲနီသွားရ၏။ ခန္ဓာကိုယ်ပေါ်မှာရှိနေသည်က Night dress အဖြူရောင်ဖြစ်နေသည်။ ဘုရားရေ ... ငါ့အဝတ်အစားတွေရော ဘယ်ရောက်သွားပါလိမ့်။ အခန်းတွင်း မျက်လုံးဝေ့ကြည့်လိုက်စဉ် ယောကျ်ားလေးအသုံးအဆောင်များကိုသာ တွေ့လိုက်ရသဖြင့် သူမ စိတ်ထဲ အလိုလိုကြောက်ရွံ့သွားမိသည်။ ဘုရား ... ဘုရား။ ညက ... ညက ဒီအခန်း ဒီအိပ်ရာပေါ်မှာ ...။ အတွေးကို ချက်ချင်းရပ်၍ ခုတင်ထက်မှ ခြေချလိုက်စဉ် အခန်းတံခါးက ချပ်ခနဲပွင့်လာလေ၏။

"ဟင် !"





အာမေဋိတ်သံသဲ့သဲ့နှင့်အတူ ခုတင်ပေါ် ဝုန်းခနဲပြန်ထိုင်ကာဂွမ်းစောင်ကို ပြန်ခြုံလိုက်မိ၏။ ဝိုင်းစက်လှပသည့်မျက်ဝန်းတို့က ပါးမြိုင်းမွေးထူထူနှင့် အေးစက်မာကျောလွန်းနေသည့် မျက်လုံးပိုင်ရှင်ကို ကြောက်လန့်တကြားဖြင့်ကြည့်ကာ လက်ဖျား၊ ခြေဖျားတွေ ချက်ချင်းအေးစက်လာတော့သည်။

"မင်း သတိရနေပြီကိုး"

ခပ်ဩဩအသံကြောင့် သူမ တစ်ချက်တုန်သွားကာ ခန္ဓာကိုယ်ကို ပိုကျုံ့လိုက်မိ၏။ ထိုလူက သူမ မျက်နှာကို စူးစူးရဲရဲကြည့်ရင်း ခုတင်နံဘေးသို့ ခပ်မှန်မှန်လျှောက်လာလေသည်။ ထို့နောက် စားပွဲအောက်မှာ ထည့်ထားသည့်ထိုင်ခုံကို ယူ၍ ထိုင်လိုက်လေ၏။

"ကဲ အမိ ညက ငါ့အိမ်ကို မင်း ရောက်လာတယ်၊ ဖျားတယ်၊ ငါ ဆေးကုပေးပြီးပြီ၊ မင်းလဲနေကောင်းပြီ၊ ဒီတော့ ငါ့အိမ်ကနေ မင်း အမြန်ဆုံးထွက်ခွာဖို့ ပြင်ပေတော့"

"ကျွန်မ ... ကျွန်မ..."

တုန်ယင်နေသည့်နှုတ်ခမ်းလွှာကြားမှ ပြောစရာစကားတို့က ဆက်ထွက်မလာခဲ့။ လှိုက်ခနဲ ဝမ်းနည်းလာသည့်အရှိန်ဖြင့် မျက်ဝန်းမှာ မျက်ရည်တို့ နိုဖွဲ့သီလာလေသည်။

"ငါ ဘာမှထပ်မကြားချင်ဘူး၊ မင်းအဝတ်အစားတွေကို bathroon ထဲမှာ ငါ လျှော်ပြီးလှန်းထားတယ်၊ ခြောက်နေလောက်ပြီ၊ အဲဒါတွေ ပြန်ဝတ်ပြီး သွားပေတော့"

"ကျွန်မ ... ကျွန်မ ဘယ်ကိုသွားရမှာလဲမသိဘူး"

"ဘာ !" သူ့အော်သံကြောင့် လန့်ဖျပ်တုန်ယင်လျက် သူမမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ ခပ်မှဲမှဲလေးဖြစ်သွား၏။ ကြည့်စမ်း၊ ငိုချင်ချင်ဖြစ်နေတာတောင် ဒီအလှက မပျက်နိုင်ပါလား။

"ဘာသဘောလဲကွ။ ဒါ ငါ့အိမ်၊ ဒီအိမ်မှာ ငါတစ်ယောက်တည်းပဲ နေတယ်၊ ငါပဲရှိတယ်၊ မင်းမှာ ဘာအကြံအစည်တွေရှိနေလဲ၊ ငါ့ကို ရုတ်ရုတ် လုပ်မယ်မကြံနဲ့နော်၊ မင်းတို့လိုမိန်းမတွေအတွက် ငါ့အိမ်မှာ တစ်နေရာ တစ်စက္ကန့်တောင် နေခွင့်မရှိဘူး။ တောက်...မိန်းမဆို လှည့်တောင် မကြည့်ချင်ပါဘူးဆိုနေမှ ငါ့အိမ်ကိုမှ မင်းက ရောက်လာရတယ်လို့"

"ကျွန်မ ... ကျွန်မ တကယ်မသိလို့ပါရှင်"

"ဒီမှာ အမိ ရှည်ရှည်ဝေးဝေးမပြောချင်ဘူး၊ မူယာမာယာများဖို့ မစဉ်းစားနဲ့ ငါ ဝေ့းဝေ့အ မဟုတ်ဘူး၊ နေဝန်းနီက ဘဝကို တစ်ခါပဲအသေခံမယ်၊ နောက်တစ်ကြိမ်ဆိုတာ မရှိစေရဘူး။ ကွာ ... ကျွတ် ... ထထ မြန်မြန်၊ အခုချက်ချင်း ဒီအိမ်က မင်း ထွက်သွားတာ အကောင်းဆုံးပဲ"

သူ ဆတ်ခနဲထ ရပ်လိုက်စဉ် သူမ မှင်မရဲဖြင့် ခုတင်ပေါ်မှ ဆင်းလိုက်၏။ ဒုက္ခရောက်နေသူကို ကိုယ်ချင်းစာနာစိတ်မဲ့စွာဖြင့် အော်ဟစ်ပြောဆိုနေသည့်နေရာမှ သူမ အမြန်ဆုံးထွက်ခွာရတော့မည်။ ကြမ်းပြင်နှင့် ခြေဖဝါးတို့ထိစဉ် စူးအောင့်နာကျင်သည့်ခံစားမှုဖြင့် သူမ တစ်ချက်ညည်း ညူလျက် ယိုင်လဲလေ၏။

"အား ..."

"ဟာ ..."

ဆွဲမိဆွဲရာဖြင့် သူ့လက်မောင်းကို လှမ်းဆွဲလိုက်သည့် မိန်းကလေး အား သူ တွန်းထုတ်လိုက်မိ၏။ ခုတင်ထက် ဝုန်းခနဲပြန်ထိုင်ချရင်း မျက် ရည်တပေါက်ပေါက်ကျလာသည့် သူမကို ခါးထောက်လျက် စူးရဲစွာဖြင့်





သူ ကြည့်နေမိသည်။

"မင်း ... မင်း ဘယ်သူလဲ၊ ငါ့ကို ဘာကြံစည်မလို့လဲကွ၊ ဟင် ..."

"ဟင့်အင်း၊ ဟင့်အင်း"

"ငါ့ကို ဖြားယောင်းဖို့အကြံအစည်တွေရှိနေရင် လက်လျှော့လိုက်ပါ အမိ၊ ငါ ဆရာဝန်တစ်ယောက်ကွ၊ ဒီလောကနဲ့ ငါ့စိတ်တွေ ယိုင်သွားစရာ ဘာအကြောင်းမှမရှိဘူး၊ တောက် ... တော်တော်မာယာများတဲ့မိန်းမ"

"ကျွန်မ ... ကျွန်မ ဒုက္ခရောက်နေတာ အမှန်ပါရှင်၊ ဘယ်သွားလို့ ဘယ်လာရမှန်းလဲမသိ၊ မသိလို့ပါ"

သူ့မျက်နှာထက်မှာ မဲ့ပြုံးတစ်ခု ပေါ်လာပြန်၏။ ထို့နောက် ခပ် လှောင်လှောင်ရယ်မောသံ ခပ်ပြတ်ပြတ်က ပေါ်ထွက်လာသည်။

"ငါ့ဆီ မင်းကို ဘယ်သူ လွှတ်လိုက်တာလဲ"

"ရှင် ..."

"ပြောလေ၊ ဆူး... ဆူးနှင်းဆီ မင်းကို ငါ့ဆီ လွှတ်လိုက်တာ မဟုတ် လား၊ တော်တော်ယုတ်မာတဲ့မိန်းမ၊ ငါ့ဘဝထဲက ဒုက္ခတွေစုပြုံပေးပြီး ထွက်သွားတာတောင် မဝသေးဘူး၊ ဒုက္ခတွေထပ်ပေးဖို့ ကြံစည်ပြန်ပြီ၊ ပြောစမ်း၊ မင်းနာမည် ဘယ်သူလဲ"

"မ... မသိ ..."

"ဘာကွ"

"အင့်"

နာမည်မပြောဘဲ ငိုချလိုက်သည့် မိန်းကလေးကို သူ အသည်းယား လာမိသဖြင့် သူမ လက်မောင်းနှစ်ဖက်အား ဆွဲကိုင်လှုပ်ယမ်းလိုက်ပါ၏။

"ကိုယ့်နာမည် ကိုယ် မသိရအောင် မင်း အူကြောင်ကြောင်မလုပ်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တောက် ... ငါနော် စိတ်ရှိလက်ရှိ လှုပ်ပစ်လိုက်ရင်တော့ တစ်စစီ ပြုတ်ထွက်ကုန်တော့မှာပဲ"

"ကျွန်မ ... ကျွန်မ တကယ်မသိလို့ပါရှင်"

"ဘာလဲ၊ ဒါ lesson(1) လား။ လာလုပ်မနေနဲ့ အမိ၊ မင်းတို့ သရုပ်ဆောင်အတတ်ပညာက ငါ့အတွက် ရိုးအီနေပြီ၊ ကြွ အမြန်ဆုံးကြွပေတော့၊ မျက်ရည်ခံ လာထိုးပြမနေနဲ့ ငါ့နှလုံးသားက နူးညံ့ဖို့နေနေသာသာ သေခဲ့တာ ကြာခဲ့ပြီ"

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

"တော်! ဘာမှလျှောထပ်ရှည်မနေနဲ့ မင်းဟာမင်း မသွားရင် ငါ အတင်းဆွဲထုတ်မှာနော်၊ မလုပ်ဘူးလို့မထင်နဲ့ အပြင်မှာ မင်းသေနေရင် ငါ့ကို အမှုပတ်မှာစိုးလို့ ဆေးကုပေးထားတာတောင် လွန်လှပြီ၊ ဒီကျေးဇူးကို ထောက်ရင် ငါ့ရှေ့က အမြန်ဆုံးထွက်သွားပေတော့၊ ဒါပဲ"

သူက ပြောဆိုရင်း အခန်းထောင့်မှာချိတ်ထားသည့် မြင်းစီးဝတ်စုံကို ဖြုတ်လိုက်လေ၏။ သူမ အားယူ၍ ထ,လျှောက်ခဲ့ရာ ခြေဖဝါးက လုံးဝမခံနိုင်ဘဲ ကြမ်းပြင်ထက် ပုံလဲကျသွားပြန်သည်။

"ဝုန်း"

"တောက် ...၊ ပြောနေတဲ့ကြားထဲက မင်းတော့လား ..."

သူ သူမအနီးသို့ ဖျတ်ခနဲရောက်လာပြီး သူမ၏လက်မောင်းတစ်ဖက်ကို ဆွဲထူလိုက်၏။ အရုပ်တစ်ရုပ်လို ပါလာသည်နှင့်အတူ တရွတ်ဆွဲသွားသည့်ခြေထောက်တို့က မတ်တတ်မရပ်သဖြင့် သူ့ဒေါသကို ပိုဆွစေလေတော့သည်။

"မင်း ..."





သူမမျက်ဝန်းမှ တောင်းပန်အကြည့်တွေကို ဥပေက္ခာပြုလိုက်ပြီး ဖြူဖွေးသည့်ခြေဖဝါးတစ်ဖက်ကို ဆတ်ခနဲဆွဲယူကြည့်လိုက်သည်။ ဟာ ... ဆူးတွေနစ်ဝင်နေတာ မနည်းပါလား။ သူမက ကြောက်လန့်တကြားကူကယ်ရာမဲ့စွာဖြင့် တသိမ့်သိမ့်ငိုချလိုက်လေ၏။

"တိတ်စမ်း၊ ဒါ အသုဘအိမ် မဟုတ်ဘူး၊ ပိုက်ဆံမပေးရတိုင်း ဒီမျက်ရည်တွေ အလကားကျမနေနဲ့၊ တောက်! အကုသိုလ်များ ဝင်လာရင် အလုံးလိုက် အခဲလိုက်ပဲ။ ထ ... ဒီမှာထိုင်"

သူ ဆွဲခေါ်ရာထိုင်ခုံထက် ထိုင်ချလိုက်ရင်း မျက်ရည်တို့က ချက်ချင်းတိတ်သွားလေ၏။ အမယ်လေး ... ကြောက်ဖို့ကောင်းလိုက်တာ၊ ဒီလောက် ကရုဏာစိတ်ကင်းမဲ့သည့်အိမ်ရှင်ထံမှာ သူမ ရောက်နေရတာပါလား။ သူက အရက်ပြန်၊ ဂွမ်းနှင့် ဆူးထွင်ရန်အပ်ကို ယူလိုက်ပြီး ကြမ်းပြင်ထက်မှာ ထိုင်ချလိုက်၏။ ခြေဖဝါးကို ဆတ်ခနဲဆွဲမ,လိုက်စဉ်မှာ သူမထံမှ ငြင်းဆန်သံ တီးတိုးထွက်လာလေသည်။

"မလုပ် ... မလုပ်ပါနဲ့ရှင်"

"ရော်! ဒါက ဘာကိစ္စ တားရပြန်တာလဲ၊ ဒီမှာ မင်းခြေဖဝါးမှာ ဆူးတွေနစ်နေတာမှ မနည်းမနော၊ ဆူးဆိပ်တက်ပြီး မေးခိုင်ပိုးဝင်သွားမှ ငါ ပိုဒုက္ခရောက်မှာ၊ ငြိမ်ငြိမ်နေစမ်း"

"ကျွန်မ ... ကျွန်မ ဆေးရုံကြီးမှာစိုးလို့ပါ"

"ကျွတ် ! ပါးစပ်ပိတ်ထား၊ ငါ ဆရာဝန်၊ မင်းထက် ပိုသိတယ်"

"အ! နာတယ် ... နာတယ်"

"အောင့်ခံ!"

အမယ်လေးနော် မညှာမတာလည်း ဆူးထွင်ပေးသေး၊ ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အကြင်နာတရားကင်းမဲ့စွာ ပြောဆိုနေပါရောလား။ ဘယ်လိုလူကြီးပါလိမ့်။ မာထန်နေသည့် မှုန်ကုပ်ကုပ်မျက်နှာကြီးကို သူမ မကြည့်ရဲကြည့်ရဲဖြင့် ကြည့်နေမိသည်။ ပုံစံက ယောကျ်ားပီသပါလျက် မျက်နှာပြင်က နူးညံ့သိမ်မွေ့ခြင်း အလျဉ်းမရှိပါလား။ မျက်ခုံးထူထူက အလယ်မှာ စိုက်ချင်ချင်မို့ ခက်ထန်နေသည့်မျက်နှာကို ပိုပြီး ပုံပိုးနေသလိုပင်။ အရပ်ကြီးက (၆)ပေတောင်ကျော်ဦးမည်ထင်၏။

"အား"

"တောက်! ငြိမ်ငြိမ်နေမှပေါ့၊ ဘယ်လိုဟာလေးမှန်းကို မသိဘူး၊ ဟင်း! စေတနာထားမိတာပဲ မှားဦးမယ်၊ မင်း ငါ့ကိုညာဖို့ ကြိတ်ကြံမနေနဲ့ ကိုယ့်နာမည်ကိုယ်မသိတဲ့လူ လောကမှာ မရှိဘူး"

"ကျွန်မ ... ကျွန်မ တကယ်စဉ်းစားလို့မရလို့ပါရှင်"

သူ့ထံမှ စူးခနဲအကြည့်ကြောင့် သူမ တွန့်ခနဲဖြစ်သွားစဉ် သူက သူမ၏ နောက်ထပ်ခြေထောက်တစ်ဖက်ကို ဆွဲလိုက်ပြန်၏။

"ကျွတ်! ငြိမ်ငြိမ်နေပါဆို ..."

နားထဲမှာ သူမကို နာမ်စားသုံးသည့်အမည်ကိုသာ ပြန်ကြားလိုက်မိ၏။ 'အမိ'တဲ့။ ဒါ သူမနာမည်ပဲလား။ ဘာမှမသေချာ၊ နာမည်မှ မပြောနိုင်ရင် သူ့ပုံစံက သူမကို ရိုက်စစ်တော့မည့်အဲတိုင်း။ ဒုက္ခပါပဲ၊ ကယ်တင်ပေးမည်ထင်၍ ရောက်လာခဲ့မိရာမှ အခုတော့ သူ့လက်ချက်ဖြင့် အသက်ပါထွက်ရတော့မည်ထင်ပါရဲ့။

"ဟိုလေ ... ကျွန်မ... ကျွန်မနာမည် 'မိ'လို့ထင်တာပဲ"

"အောင်မာ ကိုယ့်နာမည်တောင် ထင်ကြေးနဲ့ပြောနေရတယ်လို့၊ ဘာလဲ! အတိတ်မေ့ချင်ယောင်ဆောင်တယ်ပေါ့လေ၊ အေး! မေ့ပေါ့ကွာ၊





မင်းခေါင်းကအတိတ်ကိုပဲ မေ့လို့ရမလား၊ ပစ္စုပ္ပန်ကိုပဲ အပြီးမေ့သွားမလား တွေ့ကြသေးတာပေါ့"

"တင်း... တောင်"

"ဟော! ကဲ ... ဒီမှာနေခဲ့ဦး၊ လမ်းထ မလျှောက်နဲ့ ငါ ဆေးထည့်ပေးဦးမှာ၊ ကြားလား"

"ဟုတ်... ဟုတ်ကဲ့"

အခန်းတံခါးကိုဖွင့်၍ သူ ထွက်သွားတော့မှ သူမ သက်ပြင်းချလိုက်မိသည်။ ဘုရားရေ ..., ပစ္စုပ္ပန်ပါ အပြီးမေ့သွားမယ်ဆိုတော့ ငါ့ခေါင်းကို ရိုက်ခွဲတော့မှာပေါ့။ ကံဆိုးမသွားရာ မိုးလိုက်ရွာပြီထင်ပါရဲ့။ ငါ့နှယ် သေစရာရှိရင်လည်း ညကတည်းက သေွးခဲပြီး သေသွားပါတော့လား။ ခုတော့ အသက်ရှင်လျက်နှင့် မရှုမလှ မချိမဆံ့ ညှဉ်းဆဲခံရပြီး သေပွဲဝင်ရတော့မည်။

ရင်ထဲမှာ တလှပ်လှပ်နှင့် အားငယ်စိတ်က ကြီးစိုးလာပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။ ဒီခြေထောက်က နာနေမှတော့ သူ့လက်ကလွတ်အောင် ဘယ်လိုထွက်ပြေးလို့ရမှာတဲ့လဲ။ ကြက်ကလေး၊ ငှက်ကလေး သတ်သလို သူ့ရှေ့မှာ လည်စင်းပေးရုံသာရှိတော့သည်။ ကံကြမ္မာရယ်... ဘယ်လို များလုပ်လိုက်တာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



[၃]

တံခါးကိုဖွင့်လိုက်စဉ် မေမေ့ကိုတွေ့လိုက်ရ၍ သူ မျက်လုံးအစုံ ပြူးကျယ်သွား၏။ ပြဿနာတော့ တက်ချေပြီ။

"ဟဲ့ ဘာဖြစ်တာလဲ သားရဲ့"

"ဟို ... မေမေ ပြောတော့ တစ်လလောက်ကြာမှာဆို ..."

"ဩော် ... တစ်ပတ်ပဲကြာတော့ ပိုမကောင်းဘူးလား၊ အမျိုးတွေက တားကြသားပဲ၊ ဒါပေမယ့် သားကို မေမေ စိတ်မချပါဘူး၊ နဂိုကတည်းက ထင်ရာစိုင်းနေတတ်တဲ့ဟာ ညတိုင်းရော အိမ်မှာပြန်အိပ်ရဲ့လား"

"အိပ်ပါတယ် မေမေရဲ့"

"အေးဘုံ ပစ္စည်းတွေ သွားထားလိုက် သမီး၊ နေနေ ကြီးကြီးအိတ်ကြီးကြီး သယ်နိုင်တယ်၊ ကဲ! တွေ့လား တစ်ပတ်ပဲရှိသေးတယ် အိမ်ကလဲ ဖုန်တွေတသောသော၊ လူကလဲ ညှဉ်းသိုးသိုးနဲ့၊ နေဝန်းရယ် ပြီးတာတွေ ပြီးပါစေတော့၊ စိတ်ကိုထိန်းမှပေါ့၊ ဒီတိုင်း မင်း ရှေ့ဆက်သွားနေရင် မင်း





ကိုယ်မင်း ပြန်နှစ်နေသလိုဖြစ်နေမှာ မတွေးမိဘူးလား၊ မဖြစ်သေးပါဘူး၊ မင်းကိုတော့ အိမ်ထောင်ပြုပေးဖို့ စီစဉ်ဦးမှပါပဲ"

"ဟာဗျာ ... မလုပ်နဲ့ မေမေရာ"

"ဘာမလုပ်နဲ့လဲ နေဝန်းရဲ့၊ ဟင်! မင်းကို ဒီအရွယ်ထိ ပညာလဲ သင်ပေးခဲ့ပြီးပြီ၊ ဟော! အိမ်ထောင်ထူပေးမယ်ဆိုတော့လဲ မေမေ ရှာပေးတဲ့ မိန်းကလေးတွေကို အရိုးများ ချေးခါး ငြင်းဆန်ပြီး မအေ သဘောမတူတဲ့ သူနဲ့ ယူ၊ မိဘကို စိတ်ဆင်းရဲရအောင်လုပ်လို့ အိမ်ထောင်ရေးကလဲ ကမောက်ကမဖြစ်၊ နောက်ဆုံးတော့ တစ်ခုလပ်ဆိုတဲ့ အမည်းစက်ကြီးပဲ မင်းမှာ ကျန်ခဲ့တာမဟုတ်လား"

"တော်ပါတော့ မေမေရယ်၊ အဲဒီ မိန်းမဆိုတာတွေကို ရုပ်လဲမမြင်ချင်ဘူး၊ အသံလဲ မကြားချင်ပါဘူး"

"လာပြန်ပြီ၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်ပါစေနဲ့ နေဝန်းနီ၊ မင်းမှာ ဦးနှောက်ရှိတယ်၊ ဒီလောက် ပညာတွေတတ်ထားတာ စဉ်းစားချင့်ချိန် ... ချိန် ... ဟင် ...!"

လှေကားမှ တဖြည်းဖြည်းတက်လာရင်း မေမေ့ခြေလှမ်းများ သူ့အခန်းရှေ့မှာ အလိုလိုရပ်သွားလေ၏။ မရပ်ဘဲနေရိုးလား၊ အခန်းထဲမှ မိန်းကလေးတစ်ယောက်၏ ရှိုက်သံသဲ့သဲ့က တီးတိုးထွက်နေသည်ကိုး။ အရာရာအကင်းပါးသည့် မေမေ့မျက်ဝန်းများက သူ့ထံ ဒိုင်းခနဲကျလာလေ၏။ သွားပါပြီ။ သူ့နဖူးကို ဖတ်ခနဲရိုက်လိုက်မိတော့သည်။

"နေဝန်းနီ ... မင်း ...!"

မေမေက ခပ်မြန်မြန်ပင် အခန်းတံခါးကိုတွန်းဖွင့်လိုက်သဖြင့် သူ တားချိန်မရလိုက်။ အခန်းထဲရှိခုံပေါ်မှာ သူ့ Nightdress ဖိုးရိုးဖားယားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကပိုကရိုလေးထိုင်နေသည့် မိန်းကလေးက မျက်ရည်စက်လက်ဖြင့် မော့ကြည့်လိုက်လေသည်။

"ဟင် ...!"

"မေမေ ... ဟို ..."

"ကြည့်စမ်း ...! ပြောတော့ဖြင့် မိန်းမတွေကို မုန်းသလေး ဘာလေးနဲ့ နေဝန်းနီ မင်း လုပ်ပုံတွေ ဟုတ်သေးရဲ့လား ပြောစမ်း။ ဒါ ဘယ်သူလဲ၊ ဘယ်ကမိန်းမကို မင်းအခန်းထဲ ခေါ်ထည့်ထားတာလဲဟင်!"

"ဟာ! မေမေ အထင်မလွဲပါနဲ့"

မေမေက လျှင်မြန်ဖျတ်လတ်စွာပင် အခန်းထဲဝင်ပြီး အခန်းကို ဖြန့် M u fav hmv hl f /ck ify:rSpmif w iw pfu fu sw pfu f relfu av u q Mifmv ntav ;zif hl hl sa fu ပဲဒါဆိုရင် ပွဲက ပြီးချေပြီ။

"မင်း ဘာငြင်းဦးမလဲ"

"မေမေ မဟုတ်ပါဘူးဗျာ"

"လူတစ်ယောက်လုံး ပက်ပင်းကြီးမိနေတာတောင်မှ မင်းက ငြင်းချင်သေးတယ်ပေါ့၊ နေဝန်းရယ် ငါ ရင်နာလိုက်တာ၊ မိုက်လုံးကြီးတယ်ဆိုတာ တစ်ခါပဲ တော်သင့်ပြီပေါ့၊ ငါရှာပေးတဲ့မိန်းကလေးတွေကိုတော့ မင်းက ငြင်းငြင်၊ မင်းရဲ့ ထင်ရာစိုင်းတဲ့အကျင့်ကို ဘယ်တော့မှဖျောက်မှာလဲ"

"မဟုတ်ပါဘူး မေမေရာ၊ ရှုပ်ကုန်ပါပြီ တောက် ...! အဲဒါ မင်းကြောင့်... မင်းကြောင့်ဖြစ်ရတာ၊ ငါ အစောကြီးကတည်းကပြောသားပဲ၊ ဒီအိမ်က မြန်မြန်ထွက်သွားပါဆိုမှ၊ အခု ငါ့ခေါင်းကို မိုးကြိုးပစ်ပြီကွ"

"အပိုစကားတွေ ပြောမနေနဲ့ မင်း ... မင်း ဒီလိုအကျင့်စရိုက်တွေ





ဘယ်အချိန်က ဝင်လာတာလဲ နေဝန်းရယ်၊ ငါ သေသာသေလိုက်ချင်တာပဲ၊ မင်းက ဆရာဝန်တစ်ယောက်နော်၊ မင်းလုပ်နေတာတွေနဲ့ မင်းစရိုက်က တခြားစီဖြစ်နေပြီ"

မေမေ့မျက်ဝန်းမှ မျက်ရည်တွေစီးကျလာသဖြင့် သူ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေစဉ် သူမက ကြမ်းပြင်ထက် ဒူးထောက်ထိုင်ချလျက် လက်အုပ်ချီလိုက်လေသည်။

"ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ် ကြီးမေရယ်၊ ကျွန်မ ဒုက္ခရောက်နေလို့ ကြီးမေရဲ့သားက ကူညီပေးခဲ့တာပါ"

"တော်! ဘာမှဆက်မပြောနဲ့၊ ဒုက္ခရောက်လာတာနဲ့ပဲ မင်းဘဝကို ငါ့သားရဲ့လက်ထဲ ထိုးအပ်လိုက်တာပဲလား၊ တော်တော်လွယ်တဲ့အလုပ်ပဲ"

"ဟာ ...! မေမေ ..."

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူးရှင်"

"ဘာမဟုတ်ရမှာလဲ၊ ဒါ ငါ့သားရဲ့အခန်းလေ၊ မင်း ... ကျွတ် ...!"

မေမေက ရှေ့ဆက်မပြောတော့ဘဲ သူ့အခန်းထဲမှ ထွက်သွားသဖြင့် သူ သူမကို ဒေါသတကြီး အော်ဟစ်လေတော့သည်။

"ဂြိုဟ်မ ... မင်း ဂြိုဟ်မပဲ၊ ငါ့ကို ဂြိုဟ်မွှေဖို့ရောက်လာတာ၊ သွား! သွား ... မင်း ဒီက မြန်မြန်သွားတော့၊ ကြာရင် ငါ့လက်ချက်နဲ့ မင်း အသက်ထွက်လိမ့်မယ်၊ တောက် ...!"

"ဝုန်း !"

စားပွဲပေါ်ရှိပစ္စည်းတွေကို အကုန်တွန်းချ၍ သူ အော်ဟစ်လိုက်စဉ် မေမေက အခန်းဝသို့ ပြန်ရောက်လာလေ၏။

"တော်ပြီ နေဝန်းနီ၊ ဒီလိုရိုင်းစိုင်းတဲ့ အပြုအမူမျိုး မေမေ မကြိုက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ မင်း အဝတ်အစားတွေပြန်ဝတ်ပါ၊ ပြီးရင် နှစ်ယောက်စလုံး အပေါ်ထပ်ဧည့်ခန်းကို ထွက်လာခဲ့၊ ဒါပဲ”

ပြောပြီးပြီးချင်း မေမေ ပြန်ထွက်သွားတော့ သူ သူမကို ရေချိုးခန်းထဲ အတင်းထိုးထည့်လိုက်မိသည်။ ရှက်သံမစဲနိုင်ဘဲ သူမ ရေချိုးခန်းထဲမှာ အဝတ်အစားတို့ကို ပြန်ဝတ်လိုက်ပါ၏။ ဘုရားရေ ... အခုမှ မဟာဒုက္ခ တွင်းဆုံးကျလေပြီကော။ ဘုရား ... ဘုရား... သူမကို သူ့မေမေက မကောင်းတဲ့မိန်းမအဖြစ် မြင်နေလေပြီ။ သူမ ဘာဆက်လုပ်ရမည်နည်း။ ပြေးစရာမြေက မရှိ။

“ဒုန်း! ဒုန်း! ဒုန်း!”

“ဟေ့ မြန်မြန်လုပ်လေ”

သူ့အော်သံကြောင့် သူမ အထိတ်တလန့်ဖြင့် တံခါးဘုကိုလှည့်၍ ထွက်လာခဲ့သည်။ သူက သူမကို စူးခနဲစိုက်ကြည့်လိုက်ပြီး အခန်းထဲမှ အရင်ထွက်လာ၏။ သူမ ခြေကို ထော့နင်းထော့နင်းဖြစ်လျက် သူ့နောက်မှ အသာလိုက်ခဲ့ရသည်။

“ထိုင်ကြ”

သူက ထိုင်ခုံမှာ ထိုင်ချလိုက်သော်လည်း သူမက ကော်ဇောခင်းထားသည့်ပေါ်မှာ ပုံပုံလေးထိုင်ချလိုက်တာမို့ ဒေါ်စမ်းသီတာ မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်လိုက်လေ၏။

“အပေါ်မှာထိုင်လေ”

“ကြီးမေ ကျွန်မ ...”

“ငါပြောနေတယ်လေ၊ အပေါ်မှာထိုင်ဆို ထိုင်မှပေါ့”

သူမ တစ်ဖက်ရှိခုံမှာ ထ,ထိုင်လိုက်တော့ ဒေါ်စမ်းသီတာ သူမကို





ခြေဆုံးခေါင်းဆုံး, အကဲခတ်လေတော့၏။ နားမှာပန်ထားသည့် နီလာ နားကပ်က သေးသေးလေးဖြစ်သော်လည်း အတော်အဖိုးတန်မှန်း ခန့်မှန်း၍ရလေသည်။ ဆံနွယ်ရှည်တွေက ဖြောင့်စင်းရှည်လျားလျက် ထိုင်ခုံထက် မှာ ပုံကျနေ၏။ ဝင်းပနေသည့်အသားအရေကိုကြည့်၍ သာမန်လူတန်း စားထဲမှမဟုတ်မှန်း သိသာစေသည်။

“မင်းနာမည် ဘယ်သူလဲ”

“ရှင် !”

“မေမေ”

“မင်း ဝင်မပြောနဲ့ နေဝန်းနီ၊ ငါ သူ့ကိုမေးနေတာ၊ ဖြေလေ”

“ဟို ... ဟို ... မိ ပါ”

“ဘယ်မှာနေလဲ”

“မသိ ... မသိ ...”

“အို! မသိလို့ရမလား၊ မင်း ဘယ်လိုမိန်းကလေးလဲ၊ ကျွတ်! နေဝန်း ရယ် ... ခက်လိုက်တာ”

“မေမေ သူ့ကိုကြည့်ရတာ Amnesia ဖြစ်ပုံရတယ်”

“ဟယ်! သားရယ် ဒါနဲ့များ ...”

“ကျွန်တော် တောင်းပန်ပါတယ် မေမေ၊ ညက သူ့ကို အိမ်ရှေ့မှာ လဲကျနေတာတွေ့လို့ အခန်းထဲခေါ်ပြီး ဆေးကုပေးမိတာပါ။ သူ သတိရရ ချင်း ဒီကထွက်သွားဖို့ပြောပါတယ်၊ သူက သူ့နာမည်တောင် သူ မသိ တာ သွားစရာမြေ မရှိဘူးဆိုလို့ ဒေါသတွေထွက်နေတုန်း မေမေ ပြန် ရောက်လာတာပါပဲ”

“ဟုတ်လား ကလေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်… ဟုတ်ပါတယ် ကြီးမေ"

"မင်းအကြောင်းတွေ နည်းနည်းလေးတောင်မှ စဉ်းစားလို့မရဘူးလား"

"ဟင့်အင်း၊ ကျွန်မ … ကျွန်မ ညကအကြောင်းတွေကိုပဲ မှတ်မိပါတယ်၊ သစ်ပင်တွေကြားထဲမှာ လဲနေရာက အားတင်းပြီးထ,လာခဲ့တာပါ၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိပါဘူး၊ အဲဒါနဲ့ ဆက်လျှောက်လာခဲ့ပြီး ဒီကို ရောက်လာတာပါရှင်"

ဒေါ်စမ်းသီတာ သက်ပြင်းရှည်ကြီးကို ချလိုက်၏။ ဘယ်လိုလုပ်ရပါ့။ ဘယ်သွားလို့ဘယ်လာရမှန်းမသိရုံမျှမက ကိုယ့်နာမည်ကိုပင်မသိသည့် မိန်းကလေးကို ဘယ်လိုနည်းမျိုးနဲ့ မောင်းထုတ်ရပါ့မလဲ။ နဂိုစိတ်အရင်းခံ သိမ်မွေ့သည့်နှလုံးသားက ဤသို့မတိုက်တွန်း။ ဒုက္ခရောက်လာသည့် လူတစ်ယောက်။ ပြီးတော့ အင့်မတန်လှပလွန်းပါသည့် မိန်းကလေး။ ဒါကို လက်လွှတ်စပယ် မောင်းထုတ်လိုက်ပါလျှင် ဘာတွေဖြစ်ကုန်မည်နည်း။ ကိုယ်ကိုယ်တိုင်က မိန်းမသားတစ်ဦးဖြစ်နေသည်မို့ မိန်းမချင်း ကိုယ်ချင်းစာနာစိတ်နှင့် သမီးချင်း စာနာစိတ်ဖြစ်တည်၏။ သို့သော် ဘယ်လိုမျိုးရိုးဇာတိမှန်းမသိဘဲနဲ့တော့ သားနှင့်ပြီစွန်းမခံချင်သည် အတွက ရင်ကို လာမွှေလေသည်။

"ကောင်းပြီ၊ ဒါဆိုရင် မင်း ဒီအိမ်မှာ အခိုက်အတံ့ကာလအထိ နေခွင့်ရှိမယ်၊ အောက်ထပ်မှာ အခန်းတစ်ခန်းနဲ့နေပါ၊ ဒီအပေါ်ထပ်ကို လုံးဝတက်စရာမလိုဘူး၊ အေး … မင်း နေပြန်ကောင်းတာနဲ့ ဒီကခွာဖို့သာပြင်ပေတော့ ကလေးမ"

"ဟုတ်ကဲ့၊ ကျေးဇူးကြီးလှပါတယ် ကြီးမေ၊ ကျွန်မ ကြီးမေတို့ကျေးဇူး





ကို ဘယ်တော့မှ မမေ့ပါဘူး၊ ကျွန်မ ကန်တော့ပါရစေ"

ခုံပေါ်မှ ဖျတ်ခနဲဆင်း၍ ထိုင်ကန်တော့လိုက်သဖြင့် သူမ၏ ဂါရ၀တရားထက်သန်မှုကြောင့် ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားမိသည်။ ပုံစံလေးကရည်ရည်မွန်မွန်လေးပါလား။

"အေးဘုံ"

"ရှင် ကြီးကြီး"

"သူ့ကို သမီးဘေးကအခန်းမှာ ထားလိုက်၊ အခန်းကိုဝိုင်းရှင်းပေးလိုက်ပါဦး။ ဘယ်သူမေးမေး ကြီးကြီးတို့နဲ့ အတူပါလာတဲ့ ကြီးကြီးတူမလို့ ပြောရမယ် ကြားလား"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"ကဲ ! လိုက်သွားပါ ကလေးမ"

"ဟုတ်ကဲ့"

သူမ ခြေထောက်နင်းလျက် လျှောက်လေမှ ခြေထောက်ကို ဆေးမထည့်ရသေးတာကို သတိရသွားပါ၏။

"ဟိတ် ! ဒီမှာ မင်းခြေထောက်ကို ဆေးထည့်ရဦးမယ်၊ နေဦး"

မေမေ့ထံမှ မျက်စောင်းတစ်ခုဒိုင်းခနဲရောက်လာ၏။ သူ မသိချင်ယောင်ဆောင်လိုက်ပြီး အခန်းထဲမှ ဆေးပုလင်းနှင့် ဂွမ်းဘူးကိုယူ၍ ဆေးထည့်ပေးလေသည်။ စပ်လွန်းပါသော်လည်း သူမ မျက်ရည်မကျတော့ပါချေ။ ဪ… ဤအရိပ်မှာ ဘယ်အချိန် ဘယ်ကာလအထိမှန်းမသိ ဤမျက်နှာတွေကိုကြည့်ရင်း နေရဦးမည်လေ။

အေးဘုံနှင့်အတူ အခန်းကျဉ်းလေးကို ရှင်းလျက် သူမအတွက်နေစရာအခန်းလေးက ချစ်စဖွယ်။ ခဏအကြာမှာ အေးဘုံ လာပို့ပေးသည့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာအသုံးအဆောင်များနှင့် အဝတ်အထည်တို့ကိုကြည့်၍ သူမ အံ့ဩနေမိ၏။ ရင်ဇေ့ , ရင်ဖုံး လေး၊ ငါး ဆယ်စုံက သူမနှင့် တိုင်းချုပ်ထားသည့်အလား။ အေးဘုံ ပြောတာတော့ ကြီးမေ ယယ်ယယ်က အဝတ်အစားတွေတဲ့။ သူမ ရေမိုးချိုး၊ သနပ်ခါးလူးလျက် ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ကာ ရင်ဇေ့မီးခိုးရောင်နှင့် ခဲပုပ်ရောင်ပွင့်ရိုက်လုံချည်ကို ဝတ်လိုက်ပါ၏။ ချပ်ချပ်ရပ်ရပ်နှင့် ဝတ်၍ကောင်းနေသည်မို့ ကျေနပ်စွာပြုံးလိုက်မိသည်။ ကျွန်မနာမည်က 'မိ'၊ ဤအိမ်ပိုင်ရှင် ဒေါ်စမ်းသီတာ၏တူမ၊ ဒေါက်တာနေဝန်းနီ၏ ညီမဝမ်းကွဲ၊ ဒါက သူမ၏ လက်ရှိပစ္စုပ္ပန် အသိတစ်ခုပါပဲ။ အနာဂတ်ကတော့ဖြင့် မသေချာ မရေရာ။





[၄]

အိမ်ရှေ့ ဧည့်ခန်းမှ ခုံတွေ၊ စားပွဲတွေ၊ show case တွေ၊ ဗီရိုတွေကို ကြက်မွေးတစ်ချောင်းဖြင့် သန့်စင်ပြီး ကြမ်းပြင်ကိုပါ ဖုန်ကင်းစင်အောင်သေချာလှည်းကျင်းလိုက်၏။ လှေကားပေါ် မော့ကြည့်ရင်း အပေါ် မတက်ရအမိန့်ကြောင့် သူမ သန့်ရှင်းရေးအလုပ်ကို ရပ်လိုက်ရသည်။ လက်ကိုသေချာဆေးပြီးမှ မီးဖိုခန်းဘက် မဝံ့မရဲလေးဝင်လာတော့ မီးဖိုခန်းထဲမှာချက်ပြုတ်နေသည့် ဒေါ်စမ်းသီတာနှင့်အေးဘုံကို တွေ့လိုက်ရလေ၏။

"ညော်မယ်လေ၊ မင်းခြေထောက်မှာ ဒဏ်ရာတွေရှိနေတယ်မဟုတ်လား"

"ကျွန်မ ကူပါရစေ ကြီးမေ"

"မင်း ဘာများလုပ်တတ်လို့လဲ၊ မင်းပုံစံက အိမ်မှာ ပေါ်ကြွားနေရတဲ့ပုံပါ၊ ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် နေခဲ့ပုံပါပဲ၊ ဘာလုပ်တတ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လုပ်တတ်မယ်ထင်ပါတယ် ကြီးမေ"

ဒေါ်စမ်းသီတာ၏ မျက်နှာထက်မှာ မဲ့ပြုံးတစ်ခုထင်၏။ သူမ မီးဖိုခန်းထဲသို့ အသာလှမ်းဝင်၍ အေးဘုံနှင့်အတူ ဝိုင်းကူလုပ်လေတော့သည်။ ရေမိုးချိုးထားသည်မို့ သန့်ရှင်းသပ်ရပ်ကာ အပြစ်ကင်းစင်လှသည့် မျက်နှာလေးကို မြင်နေရ၏။ မျက်လွှာချထားသည်မို့ မျက်တောင်စိပ်စိပ်တို့က လှပလွန်းနေသည်။ မခြယ်မသပါဘဲ နက်မှောင်နေသည့် မျက်ခုံးတစ်စုံက စင်ရောင်တောင်ပံချိုထားသည့်နှယ်။ ပြုံးယောင်ယောင်နှုတ်ခမ်းလွှာတို့က နှင်းဆီငုံသဏ္ဍာန်လေး။ မသိမသာ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိ၏။ ဘယ်လိုဇာစ်မြစ်မှန်းမသိသည့် မိန်းကလေးနှင့် သားဖြစ်သူအတွက် ကြိုတွေး ပူပန်နေမိသည်။ ပန်းချီခြယ်တောင်မမီနိုင်သည့် အလှပိုင်ရှင်လေးကို သားဖြစ်သူ စိတ်မယိုင်ဘူးဟု မည်သို့အာမခံနိုင်မည်နည်း။

အတွေးလွန်နေရာမှ သတိပြန်ဝင်သွားစဉ် သူမက ငါးဆုပ်ထောင်းပြီး သားတွေကို လုံး၍ ဇကြော်နေလေပြီ။ ခရမ်းချဉ်သီးလေးဖြင့် နံနံပင်အုပ်လျက် ပြန်ချက်လိုက်သည်မို့ ရနံ့က မွှေးပျံ့နေ၏။ မုန်ညင်းရွက်ကို အစေ့ တော်လီးထု၍ ငါးခေါင်းဖြင့် ဟင်းချိုလေးချက်သည်။ ကြက်သားကို ကြွပ်ကြွပ်လေးကြော်၏။ ပန်းဂေါ်ဖီကို ကြက်ဥခေါက်၍ ရောကြော်လိုက်သည်။ လုပ်ကိုင်ပုံက လုပ်ရိုးလုပ်စဉ်လိုပင် ဖယ်ဆက်သလို လုပ်သွားသည်မို့ သိပ်မကြာခင်မှာ သူမ၏ ချက်ပြုတ်ခြင်းအလုပ်က ပြီးချေပြီ။ ဒေါ်စမ်းသီတာ ခေါင်းကို တစ်ချက်ညိတ်လိုက်လေသည်။

"မဆိုးပါဘူး၊ ဒီအိမ်မှာ ဒီလိုဟင်းမျိုးနဲ့ပဲ အကုန်စားခွင့်ရှိတယ် ကလေးမ၊ ဒါပေမယ့် ငါတို့သားအမိနဲ့တော့ အတူစားခွင့်မရဘူး၊ ဒါကို မင်းနားလည်ပါ"





"ဟုတ်ကဲ့ပါ ကြီးမေ"

"ပြီးတော့ သားနဲ့ပတ်သက်သရွေ့ ရှောင်ပါ မိ၊ သားက သူ့မိန်းမကို အရမ်းစိတ်နာနေလို့ မိန်းမတွေနဲ့ ခပ်ကင်းကင်းနေလာခဲ့တာ တစ်နှစ်ပြည့်ပြီကွယ့်၊ ဒီတော့ အစစအရာရာ အနေအထိုင် ကျစ်လျစ်မှုရှိပါစေ၊ သူက စိတ်လဲထန်တယ်၊ အလိုမကျရင် ဝုန်းဒိုင်းကျဲတတ်တယ်၊ သူ့ရန်ကို ရှောင်ပါ၊ ဒါပါပဲ"

သူမ ခေါင်းကို အသာညိတ်ပြလိုက်ပါ၏။ မြင်းဇောင်းမှ မြင်းဟီသံကိုကြားလိုက်ရသဖြင့် သူ ပြန်လာပြီမှန်း သူမ သိလိုက်သည်။ ခွဲဝေယူရန် တာဝန်မများသော်လည်း အေးဘုံနှင့်အတူတူ သူမ ကူလုပ်ပေးနေမိ၏။ ထမင်းပွဲပြင်ဆင်ထားပြီး အေးဘုံ ရပ်စောင့်နေချိန်မှာ မြင်းစာကျွေးရန် မြင်းဇောင်းရှိရာဆီသို့ သူမ ထွက်လာခဲ့သည်။ အကြမ်းစီးသည့် ခုံဖိနပ်သံ တဂွပ်ဂွပ်ဖြင့် မြက်နုလေးတွေကိုရိတ်ကာ ဆန်ခါခုံးထဲ ထည့်သယ်လာခဲ့၏။ မြင်းဇောင်းထဲရောက်စဉ် နက်မှောင်တောက်ပြောင်နေသည့် မြင်းတစ်ကောင်နှင့် တစ်ကိုယ်လုံးဖြူဆွတ်နေပါသည့် မြင်းတစ်ကောင်ကို တွေ့ရလေသည်။ သူမ မြက်စာခွက်ထဲသို့ မြက်နုလေးတွေကို ထည့်ပေးစဉ် မြင်းဖြူကြီး၏ဦးခေါင်းက သူမအနီးသို့ တိုးကပ်လာလေ၏။

"ရှူး ..."

"အမေ့ ..."

လန့်ဖျပ်အော်လိုက်မိပြီး နောက်ကိုဆုတ်လိုက်၏။ နှုတ်ဆက်လိုက်လေသလား မြင်းဖြူကြီးရယ်။ သူမ သက်မလေးချလျက် မြင်းနက်ကြီးရှေ့ရှိခွက်ထဲသို့ အစာထည့်ပေးစဉ် မြင်းနက်ကြီးက ကဆုန်ထပေါက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိး ... ဟီး ... ဟီး ... ဟီး"

"အမယ်လေး ..."

ခြေနှစ်ဖက် စုံခုန်လျက်ဟီလိုက်သံကြောင့် သူမ အထိတ်တလန့်ဖြင့် ရှောင်အပြေး ခုံပိနပ်ချွင်းခတ်မိကာ မိုင်းမနဲ့လဲကျလေ၏။ မျက်နှာရှေ့မှာ ရုပ်လာသည့် လည်သာဖိနပ်အရှည် အညိုရောင်ကြောင့် လဲနေရာမှ လူးလဲ ထလိုက်မိသည်။

"ဒါ မင်းကို ဘယ်သူခိုင်းတာလဲ"

"ဟင့်အင်း၊ အေးဘုံ က မြင်းစာကျွေးချိန် ပြောလို့ ကျွန်မ လာကျွေး တာပါ"

"နောက်ကို မြင်းနဲ့ပတ်သက်ပြီး မင်း ဘာမှမလုပ်ပါနဲ့ မိ၊ တိမ်လွှာ က ယဉ်ပေမယ့် မဟူရာ က သူ့နားကို လူစိမ်း အကပ်မခံဘူး"

"ဟုတ် ... ဟုတ်ကဲ့"

"သွားတော့"

သူမ သူ့ရှေ့မှ အပြေးထွက်လာခဲ့မိ၏။ အမယ်လေး ... အေးစက်စက် မျက်လုံးတွေနဲ့စိုက်ကြည့်လိုက်တာများ သူမ အသည်းထဲထိ အေးခဲ့ဖြစ် သွားမိသည်။ နားထဲမှာ အေးဘုံ ခေါ်သလို ခေါ်ရမည့်သည့်သူကို တီးတိုး ရေရွတ်လိုက်မိ၏။ 'ကိုကိုကြီး'တဲ့၊ ဟင့်အင်း ... သူမ ခေါ်ဝံ့မည် မထင် ပါချေ။

ငေးဝဲသွားသည့် ကျစ်ဆံမြီးရှည်ကြီးကို ဖျတ်ခနဲမြင်လိုက်ပေမယ့် သူ့ မျက်ဝန်းမှာ အရိပ်ထင်နေ၏။ ပျံ့လွင့်ကျန်ခဲ့သည့် ရှင်မတောင်သနပ်ခါး ရနံ့က ခုထိ နှာဝမှာ စွဲထင်ကျန်ရစ်နေဆဲ။ သူ သက်မတစ်ချက်ကို ချလိုက် ပြီး မဟူရာ့ကို မြက်နုတစ်ဆုပ်ကျွေးလိုက်မိ၏။ တိမ်လွှာက သူ့ကိုငဲ့ကြည့်





လျက် နှုတ်ဆက်သည်။ ဟုတ်သားပဲ၊ တိမ်လွှာ့ကိုစီးမည့် သခင်မက မရှိခဲ့ တာ အတော်ကြာခဲ့ပြီကိုး။ ရေချိုး အဝတ်အစားလဲ၍ ထမင်းစားခန်းထဲ ဝင်လာတော့ အေးဘုံက သူထိုင်ရန်ခုံကို အဆင်သင့်ဆွဲထုတ်ပေးပါ၏။ ဟိုမိန်းကလေးကိုတော့ အရိပ်တောင်မှ မမြင်ရတော့ချေ။

"သား ဆေးခန်းပြန်ဖွင့်သင့်ပြီ၊ ရာသီဥတု ဆိုးရွားလွန်းလို့ ဖျားနာတဲ့ လူတွေ ဆေးရုံကို အဝေးကြီးသွားကြရတာ မေမေ တွေ့ခဲ့တယ်'

"ကျွန်တော် ပြန်ဖွင့်မှာပေါ့ မေမေ"

"Nurse ခေါ်ဖို့ရော ..."

"ရှာရမှာပေါ့"

"အင်း ...၊ နန်းချယ်ရီက ဆေးရုံမှာဝင်သွားပြီဆိုတော့ လူသစ်ရှာဖို့ လွယ်ပါ့မလား"

"စုံစမ်းရမှာပေါ့ မေမေ"

သူ့ပန်းကန်ထဲမှာ ခဏလေးဖြင့် ထမင်းကုန်သွားသည်မို့ အေးဘုံ က ထပ်ထည့်ပေးလေ၏။ မေမေ့မျက်နှာထက်မှ မပွင့်တပွင့်အပြုံးကို လှစ်ခနဲ ပေမယ့် သူ မြင်လိုက်သည်။

"ဘာကိုသဘောကျလို့လဲ မေမေ"

"သား ထမင်းပြန်ဝင်တာ ဝမ်းသာလို့ပါ"

"အင်း ... ဟင်းအရသာက ခါတိုင်းနဲ့မတူဘူး"

"အဲဒါ ဟိုကလေးမရဲ့လက်ရာလေ"

"မိ လက်ရာ ..."

သူ တအံ့တဩဖြစ်သွားတာကို မေမေက မျက်မှောင်ကြုတ်ပြလိုက် သဖြင့် ငြိမ်လိုက်ရ၏။ ကြည့်စမ်း ... ဒီကောင်မလေး အချက်အပြုတ်



www.burmeseclassic.com

www.burmeseclassic.com



တော်သားပဲ။

"တင်း ... တောင် ..."

"ဟော ... အိမ်ရှေ့မှာ bell သံကြားတယ်၊ သွားကြည့်လိုက်စမ်း အေးဘုံ"

"ဟုတ်ကဲ့ပါ ကြီးကြီး"

အေးဘုံ ခပ်သုတ်သုတ်ထွက်လာတော့ သူမက တံခါးကိုဖွင့်ပြီးနေလေပြီ။ စောင်ပုခက်ဖြင့် တင်လာသည့် လူနာက တအင်းအင်းညည်းညူနေသည်မို့ အေးဘုံ အိမ်တွင်းသို့ပြန်ပြေးဝင်သွားလေသည်။ သူမ ဖွင့်ပေးလိုက်သည့်တံခါးမှဝင်လာသည့်လူများက ပုခက်ကို ကြမ်းပြင်ပေါ် ချလိုက်လေ၏။ လူနာ၏ ခြေထောက်ခြေသလုံးရှိ အပေါက်လေးနှစ်ခုမှ သွေးစို့နေသည်ကို သူမ တွေ့လိုက်ရသည်။ လက်ထဲမှာကိုင်ထားသည့် ကြမ်းတိုက်ရန် ပုဆိုးစုတ်ကို သူမ နှစ်ပိုင်းဖြဲ၍ ပေါင်ရင်းမှာ တစ်ချက်၊ ဒူးအောက်မှာ တစ်ချက် ခပ်တင်းတင်းလေးစည်းနှောင်လိုက်၏။ သူ့ဆေးသေတ္တာထဲမှ ခွဲစိတ်ဓားငယ်လေးကို အရက်ပျံစွတ်၍ အနာကို ဆတ်ခနဲခွဲချကာ သွေးပုပ်ညိုညိုတို့ကို ပါးစပ်ဖြင့်အမြန်စုပ်၍ ပြတင်းပေါက်မှ ထွေးထုတ်နေစဉ် ဧည့်ခန်းကို သူ ရောက်လာလေသည်။

ကြည့်စမ်း! ပိုးထိလာသည့်လူနာကို ပြုစုနေပုံက ဖြူးလို့ပါလား။ သူမ သွေးပုပ်တို့ကို သုံးကြိမ်ခန့်စုပ်ယူထွေးထုတ်ပြီးမှ ရေချိုးခန်းဆီသို့ပြေး၍ ပါးစပ်ဆေးလိုက်ရသည်။ လူနာမျက်နှာမှာ သွေးရောင်ပြန်လွှမ်းလာလေသည်။ သူက အနာကို သေချာစစ်ဆေး၍ အဆိပ်ကုန်မှန်းသိမှ မြွေဆိပ်ပြေဆေးထိုးလိုက်ပါသည်။ လူနာကို အောက်ထပ်ရှိ အခန်းတွင်းမှ ခုတင်မှာ ခဏနားစေ၏။ သူမ ပြန်ထွက်လာတော့ ခွင့်မတောင်းဘဲ လုပ်ပေးမိ





တာကို သတိရသွားကာ လူက ကြောက်ရွံ့တုန်ယင်နေလေပြီ။ ရင်ထဲမှာ တဒုတ်ဒုတ်ဖြင့် အသံမြည်လျက် ခေါင်းထဲမှာ မူးဝေလာမိ၏။ ဘုရားရေ... ဌါကို မောင်းထုတ်လိုက်ရင်တော့ ဒုက္ခပါပဲ။

လာပို့သည့်လူသုံးယောက်နှင့် စကားပြောဆိုပြီး လူနာ သက်သာသွားမှ ဆေးရုံတင်ရန် မြင်းလှည်းခေါ် နိုင်းရ၏။ လူနာကို အသက်သာဆုံးဖြင့် ညင်သာစွာတင်တာကို စောင့်ကြည့်ပြီးတော့မှ အိမ်ထဲသို့ သူ ပြန်ဝင်လာခဲ့သည်။ သူမက နံရံကိုကျောမှီထားလျက် မျက်လုံးဝိုင်းလေးတွေဖြင့် သူ့ကို ငေးကြည့်နေလေ၏။

"တကယ်လို့ လူနာလာပို့ချင်ယောင်ဆောင်ပြီး ဓားပြတွေဖြစ်နေရင် မင်း ဘယ်လိုလုပ်မလဲ မိ"

"ဟို ... ဟို ..."

"ဒါ ဘယ်သူ့အိမ်လဲ၊ မင်း ဘယ်သူ့အမိန့်ရလို့ တံခါးဖွင့်ပေးလိုက်တာလဲ၊ ဒါ ဘယ်လောက်အန္တရာယ်ရှိတဲ့ကိစ္စလဲဆိုတာ မင်း မသိဘူးလား"

သူမ မျက်လွှာကို အသာချလိုက်မိသည်။ ဧည့်ခန်းထဲသို့ မေမေ ဝင်လာသဖြင့် သူ မျက်နှာကြောကိုလျှော့ချလိုက်ရ၏။ မေမေက အခြေအနေကို အစအဆုံးသိပြီးပြီမို့ သူမကိုသာ တစ်ချက်ကြည့်၍ ပြောလိုက်လေသည်။

"ကိုယ်နဲ့မဆိုင်ရင် ဘာမှဝင်မလုပ်တာ အကောင်းဆုံးပေါ့ မိ၊ လူဆိုတာ ဒူးနေရာဒူး၊ တော်နေရာတော်နေတတ်ရတယ်"

သူမ မျက်ဝန်းမှာ မျက်ရည်တို့ ဝဲတက်လာလေသည်။ ထမင်းစားဖို့ အခွင့်ပေးသည်မို့ အေးဘုံ ရှိရာ မီးဖိုခန်းဘက် သူမ ဝင်လာခဲ့၏။ သူမ ဘယ်သူလဲ၊ ဘာလဲ၊ ဘာကြောင့် သူနာပြုနည်းကို တတ်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေ ပလုံစီလျက် ထမင်းက စား၍မဝင်နိုင်တော့။ ဘဝကို ကမောက်ကမဖြစ်အောင်ဖန်တီးပေးလိုက်သည့် ကံကြမ္မာကိုပဲ အပြစ်ပုံချရမှာလား။

သူ လှေကားမှတက်ခဲ့တော့ မေမေပါ နောက်မှလိုက်လာလေ၏။ လသာဆောင်မှာ ထွက်ရပ်နေစဉ် မေမေက သူ့အနီးမှာလာရပ်လေသည်။ မနက်(၁၀)နာရီကျော်ပြီမို့ နေရောင်ခြည်က ပူနွေးနေသလို အလင်းရောင်က တောက်တောက်ပပ လင်းလင်းထင်းထင်းရှိပါ၏။ ခြံတွင်းရှိ နှင်းဆီရိုင်းတို့က ပြုံးစုယုယသူမဲ့ကာ တောဖြစ်နေလေပြီ။ ပန်းတကာ့ပန်းထဲမှာ နှင်းဆီကို သူ အကြိုက်ဆုံး။ ဒါဖြင့် Rose ကရော ...။ သူ့နှလုံးသားတစ်ခုလုံးကို လွှပ်ခါနိုင်စွမ်းရှိသည့် မိန်းမတစ်ယောက်ဟာ သူ့နှလုံးသားကိုပဲ အစိတ်စိတ်အမွှာမွှာကွဲကြေစေခဲ့တာမဟုတ်လား။

"သား ဘာတွေစဉ်းစားနေပြန်ပြီလဲ"

"ဦးလေးစိုင်းတို့မောင်နှမ ပြန်မလာသေးဘူးလားလို့ပါ မေမေ"

"ရိုးရာပွဲပြီးတာနဲ့ ပြန်လာမှာပေါ့ သားရယ်၊ ဘာလို့ စိတ်စောနေရတာလဲ"

"ခြံကို ရှင်းချင်ပြီ မေမေ"

"ဟင် ... သားကလဲကွယ် သားမိန်းမကို စိတ်နာတာနဲ့ ခြံထဲက ပန်းပင်တွေကိုပါ အကုန်ရှင်းချင်နေတော့တာပဲ၊ သက်ရှိလူက လူ၊ သက်မဲ့ပန်းက ပန်းပါပဲ၊ သူ့ သက်တမ်းရှိသလောက်လေး ရှင်သန်ပါစေလား ..."

"ဒီပန်းတွေကိုမြင်နေရရင် ကျွန်တော့်ရင်ထဲမှာ ဝေဒနာအသစ် ထပ်ဖြစ်နေလို့ပါ"

"သားက နှင်းဆီကို ခုထိ မမေ့သေးဘဲကိုး ..."

သူ နှုတ်ဆိတ်သွားရ၏။ မမေ့တာက မေ့မရလို့ပေါ့ မေမေရယ်။ တာသ





သ သတိရနေတာမျိုး မဟုတ်ရပါဘူး။ ရင်ထဲမှာ တစစ်စစ်နဲ့ နာကျင်နေတဲ့ ဝေဒနာကြောင့် မေ့လို့မရနိုင်တာမျိုးပါ။ ဒါကို မေမေ နားလည်အောင်လို့ ကျွန်တော် ရှင်းပြမနေတော့ပါဘူးလေ။

"ဥပေက္ခာပြုနိုင်အောင်ကြိုးစားပါ သားရယ်၊ သူလဲ သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီပဲ"

"ကျွန်တော် လွမ်းနေတာမဟုတ်ရပါဘူး မေမေ၊ စိတ်နာနေတာပါ"

"မေမေ နားလည်ပါတယ် သားရယ် ..."

မေမေက သူ့ကျောကို အသာပွတ်၍ ဖြေသိမ့်ပေးလေ၏။ တစ်နှစ်ကျော် ကြာခဲ့ပြီ ဆိုပေမယ့် မနေ့တစ်နေ့ကလိုပါပဲ Rose ရယ်။ မင်းနဲ့ ကိုယ့်အကြောင်းက ကိုယ့်ပတ်ဝန်းကျင်မှာ တကယ့်ကို ရေပန်းစားတဲ့ သတင်းတစ်ရပ်ပါ။ ဒီမြို့မှာ အလှဆုံးလို့ Tip ပြေးနေတဲ့နာမည်ကြီး အလှမယ်လေးနဲ့ ဆရာဝန်ပေါက်စလေးတို့ရဲ့ဇာတ်လမ်းတစ်ပုဒ်ဟာ ပုံပြင်တစ်ခုမဟုတ်ခဲ့တာတော့ အသေအချာပါပဲ။ ဒါကို မင်းလည်းအသိ၊ ကိုယ်လည်းအသိ၊ တစ်မြို့လုံး သိကြတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော သုံးနှစ်ခန့် ကာလများဆီမှ ...

**Beauty is a short - lived reign.**
**(So crates)**

လှပခြင်းဆိုတာ ခဏမျှသာပါပဲ။
(ဆိုကရေးတီး)





[ ၁ ]

**Night duty** ဆင်းပြီးမို့ ဆေးရုံလှေကားထစ်များမှ သူ ဆင်းလာခဲ့၏။ ဝတ်ထားသည့် **Duty coat** ကို လမ်းမှာပင်ချွတ်လိုက်စဉ် လှေကားထောင့်ချိုးမှ ရိပ်ခနဲပြေးတက်လာသည့် လူတစ်ယောက်နှင့် ပက်ပင်းတိုးသွားရလေသည်။

"အို!"

"ဟာ!"

**coat** ကိုချွတ်၍ လွှဲရိုက်လိုက်သလိုဖြစ်သွားသည်မို့ သူမက ရပ်လိုက်သော်လည်း သူက ဆင်းလာသည့်အရှိန်ကို မထိန်းနိုင်ဘဲ နှစ်ဦးသားယိုင်တွေးသွားရလေသည်။ သူ့ **duty coat** နှင့်အတူ သူ့လက်ထဲမှ ရောင်စုံနှင်းဆီပန်းတို့က **Corridor** ထောင့်ချိုးမှာ ပုံခနဲလွင့်ကျသွားလေ၏။

"**sorry** နော်၊ ကျွန်တော်က လှေကားဆင်းနေရင်း **coat** ကိုချွတ်လိုက်မိတာကိုး"

"ရပါတယ်၊ **Rose** လဲ အပေါ်ကိုမော့မကြည့်မိဘဲ အပြေးတက်လာမိလို့ပါ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စူးရှတောက်ပလွန်းပါသည့် မျက်ဝန်းလက်လက်တို့နှင့်အတူ နှင်းဆီသွေးရောင် နှုတ်ခမ်းအစုံကို စကော့မျှ သူ ငေးမိသွားရ၏။ သူမ နှုတ်ခမ်းထက်မှာ အပြုံးတစ်ခုက ခိုတွဲလာလေသည်။

"Rose နာမည်က ဆူးနှင်းဆီ ပါ ဒေါက်တာ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်က နေဝန်းနီ ပါ"

"အော်.. သက်လျှာ ပြောပြောနေတဲ့ နေဝန်း ဆိုတာ ဒေါက်တာပဲကိုး။ တွေ့ရ ခင်ရတာ ဂုဏ်ယူပါတယ်ရှင်"

ကမ်းပေးလာသည့်လက်ဝါးနုနုကို သူ အလိုက်သင့်ဆုပ်ကိုင်လှုပ်ရမ်းလိုက်ရ၏။ နူးညံ့သိမ်မွေ့လွန်းသည့် အထိအတွေ့ကြောင့် ရင်ခုန်သံက ဒိတ်ခနဲ။

"သက်လျှာ ဆိုတာ မေးစေ့မှာ မှဲ့နက်လေးရှိတဲ့ သရာဝန်မလေးလား"

"ဟုတ်ပါတယ်၊ ဒေါက်တာနဲ့ မရင်းနှီးဘူးလား။ အင်းလေ ... သက်လျှာက ပြောဖူးသားပဲ၊ ဒေါက်တာက နာမည်ကသာ တောက်ပတာ၊ လူက သိပ်အနေအေးတာပဲတဲ့၊ သက်လျှာ က Rose ရဲ့သူငယ်ချင်းပါ"

"အော် ..."

"အခု Rose အန်တီ ဆေးရုံတင်ထားတာကို လာကြည့်တာပါ။ Rose ကို ခွင့်ပြုပါဦးရှင်"

"ဟုတ်ကဲ့"

သူမက သူ့ coat ကို ကောက်ယူလိုက်သလို သူက သူမပန်းစည်းကို ကောက်လိုက်မိ၏။ အပြန်အလှန်ပေးကြရင်း နှစ်ဦးသား ကြည်နူးစွာ ပြုံးမိကြသည်။ သူ့နံဘေးမှဖြတ်တက်သွားစဉ် နှင်းဆီနံ့ရနံ့ရေမွှေးကို ရှူရှိုက်





လိုက်ရ၏။ တဒေါက်ဒေါက်မြည်သံဖြင့် နင်းတက်သွားသည့် ကြိုးသိုင်းဒေါက်အနက်ရောင်ထက်မှ ခြေထောက်ဖြူဖြူတို့ကို အမှတ်တမဲ့ ကြည့်လိုက်မိသေးသည်။ လှေကားမှ ဆက်ဆင်းမလာသေးဘဲ သူ ရပ်၍ လှည့်ကြည့်လိုက်စဉ် သူ့ကို ပြန်ငုံ့ကြည့်လိုက်သည် မျက်နှာလှလှကို တွေ့ရလေသည်။ သူမက လက်ဝါးလေးထောင်၍ အလယ်သုံးချောင်း အလယ် သုံးချောင်းလေးကို လှုပ်ကာ နှုတ်ဆက်လိုက်သဖြင့် သူလည်း လက်တစ်ဖက်ထောင်ကာ ပြန်နှုတ်ဆက်လိုက်ပါ၏။ သူမ နှုတ်ခမ်းလေး ခပ်ဟဟဖြစ်သွားပြီးမှာ အပေါ်လှေကားထစ်တွေကို ဆက်တက်သွားတော့သည်။ တစ်မျိုးတော့တစ်မျိုးကြီးပါပဲ။ ဒါပေမယ့် သူ မဝေခွဲတတ်ပေ။

ကားဖြင့် သူ အိမ်ပြန်လာတော့ ခြံထဲမှာရှင်းလင်းလျက် အလုပ်ရှုပ်နေသည့်မေမေ့ကို မြင်လိုက်ရလေ၏။ လသာဆောင်အောက်ထဲမှာ ကားရပ်၍ ဆင်းလိုက်တော့ မေမေက သူ့နားသို့ရောက်လာလေသည်။

"ပြန်လာပြီလား သား။ ဒီနေ့ Operation OK ရဲ့လား"

"OK ပါတယ် မေမေ၊ လူနာက သွေးအားကောင်းတဲ့လူငယ်မို့ သွေးရှာစရာမလိုဘဲ Glucose ပဲသွင်းပြီး ခွဲပေးခဲ့တာ အဆင်ပြေပါတယ်၊ ဒါနဲ့ မေမေ ဘာတွေများအလုပ်ရှုပ်နေတာလဲ"

"ဟင်းဟင်း ... မေမေ့သားကတော့ Night duty ထွက်လာပြီး ခေါင်းမူးနေပြီထင်တယ်၊ ဒီနေ့ ဘာနေ့လဲ သားရဲ့"

"January (၁)ရက်နေ့၊ ဟောဗျာ ... ကျွန်တော့်မွေးနေ့ပဲ"

"သတိရသွားပြီလား၊ ဒါကြောင့် သားရဲ့(၂၅)နှစ်ပြည့်အမှတ်တရ အဖြစ် မွေးနေ့ညလေး လုပ်ပေးဖို့ စီစဉ်နေတာလေ"

"ဖြစ်ပါ့မလား မေမေ၊ ကျွန်တော့်သူငယ်ချင်းတွေက နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကဲကဲရယ်၊ တော်ကြာ Birthday Party ဆိုပြီး မူးနေကြမှ ...”

“ဒီလောက်တော့ မေမေ နားလည်ပါတယ် သားရယ်၊ Rum လောက်တော့ ဘယ်ရမလဲ၊ Beer လောက်တော့ မေမေ ခွင့်ပြုရမှာပေါ့၊ မေမေ့ကို ခေတ်နောက်ကျန်နေခဲ့တဲ့အဘွားကြီးလို့ ထင်မထားပါနဲ့ နေဝန်းနီရဲ့”

မေမေ့စကားကြောင့် သူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိသည်။ သူ့မေမေက သူ ဆေးကျောင်းတက်နေစဉ် စာတွေနှင့် နပန်းလုံးနေတာတောင်မှ နှစ်စဉ် မွေးနေ့ပွဲတွေဆို ပြုလုပ်ပေးခဲ့သူပါလေ၊ စာမေးပွဲရှိနေတာတောင်မှ Cake ပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး သူငယ်ချင်းငါးယောက် ဖိတ်ကာ အကျဉ်းရုံး ကျင်းပပေးတတ်သည့် မအေ,မျိုး။ သူ (၈)တန်းနှစ်မှာ ဖခင်မဲ့ခဲ့ရသော်ငြား လစ်လပ်သွားသည့် ဖေဖေ့နေရာမှာ ဝင်၍ လစ်ဟာမှုတစ်ကွက်မရှိရလေအောင် ဦးဆောင်ပေးခဲ့သည့် မေမေပင် ဖြစ်လေသည်။

“ဒီနှစ် မွေးနေ့လက်ဆောင်ကရော ဘာများဖြစ်နေမလဲ မေမေ”

“ဟင်းဟင်း ... ည(၇)နာရီထိုးရင် သားလက်ထဲကို မေမေ လာထည့်ပေးမှာပေါ့ သားရယ်၊ မလောပါနဲ့ ကဲကဲ ! လန်းဆန်းသွားအောင် ရေအရင်ချိုးလိုက်၊ ပြီးရင် breakfast စားပြီးမှ အိပ်လိုက်ချေ”

“ဟုတ်ကဲ့”

သူ လှေကားထစ်တို့ကို တစ်ထစ်ချင်းတက်လာခဲ့၏။ အာရုံက.ဒေါက်မြင့်ဖိနပ်အနက်ရောင်လေးဝတ်ထားသည့် ခြေထောက်ဖွေးဖွေးလေးကို မြင်ယောင်လာမိသည်မို့ မျက်နှာက အလိုလိုပြုံးမိသွားသည်။ လှေကားလက်ရန်းကို လက်ညှိုးဖြင့်ခေါက်ရင်း အခန်းရှိရာဆီ ဆက်တက်လာခဲ့၏။ ရေချိုးခန်းထဲမှ ရေပန်းကိုဖွင့်ချလိုက်ကာ ခေါင်းမှစ၍ တစ်ကိုယ်လုံးကို





ရေစိုစေလိုက်သည်။ ‘ဆူးနှင်းဆီ’တဲ့။ ပုံစံကိုကြည့်လိုက်ရကတည်းက ခပ်ရဲရဲမိန်းကလေးမှန်း သူ မှတ်ချက်ချလိုက်မိ၏။ အနီရဲရဲနှုတ်ခမ်းတစ်စုံက သူ့ မျက်စိမှိတ်ထားတာတောင်မှ အာရုံမှာ ပျောက်ပျက်မသွားချေ။ Rose တဲ့လား။ ကိုယ်က ပန်းဆိုရင် နှင်းဆီအနီရဲရဲမှ ကြိုက်တယ် Rose ရေ၊ မင်းကိုရော ... အင်း ... စိတ်တော့ အတော်လေးဝင်စားမိတာကို ဝန်ခံပါရစေ။

ညနေ(၆)နာရီကျော်လာတော့ ခြံထဲကို ကားတွေ တစ်စီးပြီးတစ်စီး ဝင်လာလေ၏။ မြက်ခင်းပြင်ထက်မှာ စားပွဲဝိုင်းနှင့် ကုလားထိုင်တွေ အစီအရီချထားပေးသည်။ (၇)နာရီမှ ပွဲစမှာဖြစ်သလို Hotel မှ Waiter လေးများက စားစရာတို့ကို အဆင်သင့်ပြင်ဆင်ပြီး အစဉ်လိုက်ချပေးသွားမှာဖြစ်၏။ ဆူညံမှာစိုး၍ တီးဝိုင်းမခေါ်ဘဲ CD စက်ဖြင့်သာ နိုင်ငံခြားသံစဉ်တီးလုံးသက်သက်ကိုသာ တီးတိုးဖွင့်ပေးထားလေသည်။

“ဒေါက် ... ဒေါက် ...”

“သားရေ ... မပြီးသေးဘူးလား”

“လာပါပြီ မေမေ”

Suit အဖြူကို bow ခဲရောင်တပ်အပြီးမှာ အခန်းထဲမှ သူ ထွက်လာခဲ့၏။ လှေကားမှဆင်းလာစဉ် လှေကားရင်းမှာရပ်နေသည့် အပြာနုရောင်ဝတ်စုံဖြင့် မိန်းကလေးတစ်ဦးကို သူ တွေ့လိုက်ရသည်။ သူ့မလက်ကို ဆုပ်ကိုင်၍ စကားတွေပြောနေသူက သူ၏ မေမေပင်။

“ဟော! သား ပြီးပြီလား၊ ခြံထဲမှာ လူတော်တော်စုံနေပြီ သားရဲ့၊ သားသူငယ်ချင်းတွေလဲ ရောက်နေကြပြီ၊ ရဲနိုင်က ပြောနေလေရဲ့၊ show ပွဲမပါတော့ ပျင်းစရာကြီးဆိုပဲ၊ Game တစ်ခုခု ကစားခွင့်ပြုလိုက်ဦး”



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလဲ ဒီအရွယ်ရောက်မှ မကြီးမငယ်နဲ့ ဆော့စရာလား"

"ဩော် ... ပျော်စေချင်လို့ပါဆိုမှပဲ ..."

သူ မေမေ့နံဘေးမှ မိန်းကလေးကို ငုံ့ကြည့်လိုက်စဉ် ကောင်မလေးက မျက်လွှာချ ခေါင်းငုံ့သွားလေ၏။ ရော်! ကြည့်တာလေးတောင်မှ အကြည့် မခံရဲပါလား။ မေမေက သူ့ကိုကြည့်ရင်း မျက်နှာက ပြုံးတုံ့တုံ့ဖြစ်နေလေ သည်။

"သား ... ဒါ မနီလာရဲ့သမီးလေးလေ၊ နာမည်က ဘော်ငွေကြည်ပြာ တဲ့၊ မှတ်ထားနော်၊ သမီးကြည်ပြာ ဒါက အန်တီ့သား ဒေါက်တာနေဝန်းနီ လေ၊ သမီးက သားထက် လေးနှစ်ငယ်တော့ ကိုကိုလို့ပဲခေါ် ပေါ့၊ ဟုတ်ပြီ လား"

"ဟုတ်ကဲ့ပါ အန်တီ"

"အန်ကယ်ဘော်နီတို့ရော မလာဘူးလား မေမေ"

"မိဘတွေမပါဘဲ သမီးလေး ဘယ်လာရဲပါ့မလဲ သားရယ်၊ ခြံထဲကဝိုင်း မှာ ထိုင်နေကြလေရဲ့၊ လာကြ ..."

သူ မေမေတို့နှင့်အတူ အိမ်ထဲမှထွက်လာခဲ့၏။ ရဲနိုင်တို့ဝိုင်းထဲမှာ မိန်း ကလေးနှစ်ဦးရှိနေသည်ကို သူ လှမ်းမြင်လိုက်ရသည်။ သူ ရောက်လာ သည်နှင့် ဧည့်သည်အားလုံးက မတ်တတ်ရပ်၍ Birthday soung ကို သံပြိုင်သီဆိုလိုက်ကြ၏။ သီချင်းအဆုံးမှာ လက်ခုပ်သံတို့က ဆူညံစွာ ထွက်ပေါ်လာလေသည်။

"ဒင် ... ဒင် ... ဒင် ... ဒင် ... ဒင် ... ဒင် ... ဒင်"

ဧည့်ခန်းဆီမှ Pundulum Clock ၏ သံစဉ်(၇)ချက်ကြားအပြီးမှာ သူ့မျက်စိရှေ့သို့ အနက်ရောင်မိန်းကလေးတစ်ဦး ရောက်လာလေ၏။





ခွေလိမ်ကောက်ထားသည့် လှိုင်းတွန့်ဆံပင်များနှင့် နှုတ်ခမ်းနီမလေးကို သူ ပါးစပ်အဟောင်းသားဖြင့် ငေးမိသွားရသည်။ ဘုရားရေ ... ဒါ... ဒါ... Rose ပါလား။

"Rose ..."

"ဟော! ဒေါက်တာက မှတ်မိသားပဲ၊ Rose က မမှတ်မိဘူးလို့ ထင် ထားတာလေ၊ မဖိတ်ဘဲရောက်လာခဲ့တဲ့ Rose ရဲ့ birthday Present ကို ကျေးဇူးပြု၍ လက်ခံပေးပါနော်"

"ကျွန်တော် ဘယ်သူ့ဆီကမှ လက်ဆောင်မယူပါဘူး Rose...၊ နေပါ စေ"

"Please doctor! ဒေါက်တာ့ သူငယ်ချင်းတွေဆီကတော့ လက်ခံ ပြီးတော့ Rose လက်ဆောင်ကို ငြင်းတာ မတရားဘူးလား"

"သူတို့က ငြင်းသင့်တဲ့ သူစိမ်းမျိုး မဟုတ်လို့ လက်ခံပေးလိုက်တာပါ Rose ရဲ့"

"ဒါဖြင့် Rose ကတော့ ဒေါက်တာ့ရဲ့သူစိမ်းပေါ့နော်၊ ရင်းနှီးခင်မင်ခွင့် တောင်မှ မရနိုင်တဲ့သူပေါ့၊ ဟုတ်လား ဒေါက်တာ"

"ဒီလိုလဲမဟုတ်ရပါဘူး"

သူမ၏ ညှိုးမျက်ဝန်းအောက်မှာ သူ ဇဝေဇဝါဖြစ်နေစဉ် မေမေက သူ့ဘေးသို့ရောက်လာလေ၏။ မေမေ့လက်တစ်ဖက်က သူ့လက် မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

"သူက ဘယ်သူလဲ သား"

"ဟို ... သက်လျှာရဲ့သူငယ်ချင်းပါ မေမေ၊ ဆူးနှင်းဆီ တဲ့၊ Rose... ဒါ ကျွန်တော့်မေမေ ဒေါ်စမ်းသီတာ ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သက်လျှာသူငယ်ချင်းက သက်လျှာကတစ်ဆင့် မိတ်ဆက်မပေးဘဲ ကိုယ်တိုင်လာမိတ်ဆက်ရဲတယ်ပေါ့"

"No, no Aunty! Rose နဲ့ ဒေါက်တာက မနက်က ဆေးရုံမှာ တွေ့ဖူးပြီးသားပါ"

"မနက်ကမှတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို သားက မွေးနေ့ ဖိတ်တဲ့အဆင့်အထိတော့ ရင်းနှီးလိမ့်မယ်မထင်ပါဘူး"

"မေမေ ..."

မေမေက သူ ဝင်တားတာကို မျက်စောင်းတစ်ချက်ခဲ၍ သတိပေးလိုက်ပြီးသူ့လက်မောင်းကို ပို၍တင်းကျပ်စွာဆုပ်ကိုင်ထားလိုက်လေ၏။ သူကသာ ကြားထဲက မျက်နှာပူနေမိသော်လည်း သူမ၏နှုတ်ခမ်းတွန့်ရုံလေး ပြုံးထားသည့်အပြုံးက မပျက်ပါချေ။

"သက်လျှာ က အဖော်မရှိဘူးဆိုပြီး ခေါ်လို့ Rose လိုက်လာခဲ့တာပါ အန်တီ၊ ပြီးတော့ အဟင်း ... ဒေါက်တာနဲ့က ကြားလူကတစ်ဆင့် မိတ်ဆက်ပေးဖို့မလိုမှန်း Rose က ပြောလိုက်လို့ပါ"

"ရှိပါစေတော့လေ၊ သား က မင်းတစ်ယောက်တည်းကိုပဲ ကွက်ပြီး အလေးပေးဧည့်ခံနိုင်မှာမဟုတ်ဘူး နှင်းဆီ၊ ဒါကိုတော့ မင်း သဘောပေါက်ဖို့လိုလိမ့်မယ်"

"Rose သိပါတယ်"

သူမက ခပ်တိုတိုပင်ဖြေလိုက်ကာ သူ့လက်ထဲသို့ Packing ထုပ်ထားသည့် ဘူးတစ်ဘူးကို ထည့်ပေးလိုက်လေ၏။ သူ့လက်ထဲရောက်လာသည့်လက်ဆောင်ကို မေမေက ငုံ့ကြည့်ကာ မဲ့ပြုံးပြုံးလိုက်ပါသည်။

"သားရေ မေမေပေးမယ့်မွေးနေ့လက်ဆောင်ကို အရင်ဆုံးယူမယ်





ဆိုရင်တော့ ဒီဘူးကို အရင်ဖွင့်ဖို့မလိုဘူးနော်"

သူ အားနာစွာဖြင့် သူမကိုကြည့်လိုက်တော့ သူမက သူ့ကို နှစ်သိမ့်ပြုံးလေးဖြင့် ပြုံးပြကာ ဒေါက်တာသက်လျှာတွေးတို့ဝိုင်းမှာ ပြန်ထိုင်လိုက်လေသည်။ မေမေက သူ့လက်ကိုဆွဲ၍ အန်ကယ်ဘော်နီတို့မိသားစုဝိုင်းရှိရာဆီ ရောက်လာပါ၏။

"နီလာ ရေ... သီတာ့သားက မွေးနေ့လက်ဆောင်တောင်းနေပြီရှင့်"

"ပေးလိုက်ပေါ့ သီတာရယ်၊ တစ်ဦးတည်းသောသားလေးကို ..."

"သီတာ ပေးချင်တဲ့လက်ဆောင်က နီလာ့ဆီက တောင်းပြီးပေးရမှာလေ၊ နီလာတို့က ပေးချင်မှဖြစ်မှာ"

"သြော်... ပေးပါတယ် သီတာရယ်၊ ပြောရမယ့်လူတွေမှ မဟုတ်တာ"

အန်ကယ်ဘော်နီနှင့် အန်တီနီလာက မေမေနှင့်ရော၍ ရယ်မောလိုက်ကြသော်လည်း ဘော်ငွေကြည်ပြာက ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားလေ၏။ ရုတ်တရက်မို့ သူ ဘာကိုမှနားမလည်သော်လည်း ဧည့်သည်တွေပြန်သွားချိန်မှာ သူ သိလိုက်ရသည်က သူနှင့်ကြည်ပြာကို နှစ်ဖက်မိဘတွေ သဘောတူကြသည် ဆိုတာပါပဲ။ သူ အံ့ဩစွာဖြင့် မေမေ့ကို ဘာမှ ပြန်မပြောနိုင်ခဲ့ပေ။ သေချာတာတစ်ခုကတော့ ကြည်ပြာကို သူ လုံးဝ စိတ်မဝင်စားဘူးဆိုတာပါပဲလေ။ သြော် ... Rose နှင့် စဆုံချိန် အဖြစ်အပျက်က စိတ်ကသိကအောက်ဖြစ်ခဲ့မှန်း သိနေပါလျက် ဘဝအတွက် သူ ဘာကိုမှ ကြိုတင်မတွေးခဲ့မိတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

ကားကို Packing မှာ စနစ်တကျ ဝင်ရပ်လိုက်ပါ၏။ ဆေးရုံလှေကားထစ်တွေကို တက်လာခဲ့ပြီး နားနေခန်းသို့ အရင်ဆုံးဝင်တော့ night duty ချိန်းမည့် သူငယ်ချင်းဖြစ်သူ သက်နောင်နှင့် တိုးလေသည်။

"Morning နေဝန်း"

"Morning ပါ သက်နောင်၊ patient တွေများလား"

"ဒီမနက် Operation လုပ်ရမှာ နှစ်ဦးပဲရှိပါတယ်။ ဆီးအိမ်မှာ ကျောက်တည်တာနဲ့ သားကြောဖြတ်မယ့်လူနာ၊ Emergency case မရှိဘူး"

"အမျိုးသမီးကို Dr. သန်းသန်းနု တာဝန်ယူထားတာမဟုတ်လား"

"အေး ... ဆီးအိမ်သမားကိုလဲ ကျောက်က တော်တော်ကြီးနေလို့ Dr. ဇော်ခန့်ပဲ တာဝန်ယူထားတယ်၊ မင်း အလုပ်ပါးပါတယ်ကွ"

သူ ခေါင်းညိတ်ပြလိုက်စဉ် အခန်းထဲသို့ သက်လျာတွေး ဝင်လာလေ၏။

"ဘယ်လိုလဲ နေဝန်းရေ...၊ နင်နဲ့ ကြည်ပြာကို လူကြီးတွေ သဘောတူထားတယ်ဆိုတာ ဟုတ်လား"





"ဟာ သတင်းက မြန်လှချည်လား၊ တရားဝင် ဘာမှ မကြေငြာရသေးဘဲနဲ့ ...၊ ကျွတ်! ခက်တာပဲ"

"အံမာ ခက်မနေနဲ့ ဟေ့ကောင်၊ ကျွေးရမှာစိုးပြီး သတင်းကိုဖုံးထားတာပေါ့လေ"

"မဟုတ်ဘူး သက်နောင်ရာ၊ ငါ့ Birthday တုန်းက မေမေ စ,လိုက်တဲ့ကိစ္စပါ၊ ဘယ်ကနေ ဘယ်လို ဒီသတင်း ပျံ့သွားမှန်း မသိတော့ပါဘူး"

"ကြည်ပြာ ဆိုတာ အန်တီနီလာ့ သမီးလေး မဟုတ်လားကွ၊ ချစ်စရာလေးလေ၊ ကောင်မလေးက အခုမှ ကျောင်းတက်ခါစပဲရှိသေးတာ၊ အလွန်ဆုံးရှိလှ (၁၇)၊ (၁၈)ပေါ့၊ နေဝန်းတော့ ထောပြီ"

"မင်းဘကြီးပဲ ထော"

သူ စိတ်တိုတိုနှင့် ထ,အော်တော့ သက်နောင်နှင့်သက်လျာ က အော်ရယ်လေ၏။ သက်နောင်နှင့်သူက Group တစ်ခုတည်းဖြစ်ပြီး သက်လျာနှင့်က အခန်းမတူပေ။ အခု ဆေးရုံမှာ တာဝန်ကျမှ သက်လျာ က OG ဖြင့်လာခဲ့တာဖြစ်လေသည်။

"ဟဲ့ ငါပြောဦးမယ်၊ ငါနဲ့ ငယ်သူငယ်ချင်း နှင်းဆီ ဟာလေ နင့်ကို အတော်မျက်စိကျနေပုံပဲ နေဝန်းရေ၊ ဒီကောင်မလေးကိုတော့ နင် ကြည့်ရှောင်ပေတော့၊ အဲဒါလေးက မိဘတွေ စွတ်အလိုလိုက်ထားတဲ့ တစ်ဦးတည်းသောသမီးပီပီ Social က ခပ်ကျကျရယ်"

"နှင်းဆီ ..."

"အေးလေ...၊ နင့် Birthday တုန်းက နင်နဲ့ သိပြီးသား၊ လိုက်ပါရစေဆိုပြီး လိုက်လာလို့ အန်တီတောင် မကြည်ကြည့်နဲ့ ကြည့်သေးတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

သူ သံရှည်ဖြင့်ညည်းတော့ သက်နောင် က duty coat ကို ပခုံးပေါ် တင်လျက် ပြန်ရန်တာစူလေပြီ။

"ခပ်ကဲကဲပာလေးမျိုးတော့ သတိထား နေဝန်းရဲ့၊ မင်းက နာမည်သာ ရဲတာ၊ လူက ရေခဲ၊ ကြည့်ရှောင်ဦး"

သက်နောင် ပြန်သွားမှ သူနှင့်သက်လျှာ အတူထိုင်ဖြစ်သည်။ (၉)နာရီ မထိုးသေးတာမို့ duty ဝင်ရန် စောပါသေးသည်လေ။ Nurse လေးတွေ က သူကို့ကို လှမ်းပြုံးပြကာ အလုပ်တွေ စ,လုပ်နေပါ၏။

"နှင်းဆီ က လှတော့လှတယ်နော်"

"လာပြီ၊ နင်တို့ယောကျ်ားတွေကို ငါ ကြည့်မရတာ အဲဒါပဲ၊ ပြင်ပြင် ဆင်ဆင်နေလို့ လှတယ်ထင်နေတာကို အဟုတ်ကြီးလုပ်မနေနဲ့ နေဝန်းရဲ့၊ နှင်းဆီက နာမည်နဲ့လိုက်အောင် ဆူးတွေများတယ်၊ ယောကျ်ားတွေနဲ့ ထည်လဲတွဲတယ်၊ တော်တော်လေးလဲလည်တယ်၊ ယောကျ်ားတွေဆီက ရှုစားတယ်လို့ တချို့က ပြောကြပေမယ့် တကယ်က သူ့ဝါသနာပဲ၊ သူ့အဒေါ်တွေနဲ့ ဟိုမှာ ငါးနှစ်လောက် သွားနေခဲ့တာဆိုတော့ အဲဒီအကျင့် တွေက စွဲနေပြီ"

သူက ဘောပင်ကို မေးစေ့မှာထောက်လျက် ငြိမ်နေမိ၏။ မျက်စိထဲ မှာ နှုတ်ခမ်းဆိုးဆေး နီနီရဲရဲလေးကို မြင်ယောင်မိလိုက်တာမို့ ပြုံးလိုက် ပါသည်။ သူ့အနီးပတ်ဝန်းကျင်မှာရှိနေသည့် မိန်းကလေးမျိုးနှင့်မတူဘဲ တစ်မူထူး၍ အရောင်စုံလှသည့်နှင်းဆီကို စိတ်ဝင်စားတာ အပြစ်တဲ့လား၊ ပြီးတော့ သူကိုယ်တိုင်က အနီရောင်နှင်းဆီကိုသာ သဘောကျနှစ်မြို့က် တတ်တာလေ။





"ငါက ပွင့်လင်းတာကို သဘောကျတယ်၊ ဘယ်တော့မဆို မြုံစိစိနေ တာမျိုးကို မနှစ်မြို့က်ဘူး"

"ဟောတော် ပြောနေတဲ့ကြားက နင်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ နှင်းဆီ က ပွင့်လင်းတာထက် ဘောင်ကျော်နေတာပဲ၊ ပြောရတာ မကောင်းပါဘူး၊ ငါလဲ မိန်းကလေးချင်းမို့ မျက်နှာပူတာ အမှန်ပဲ"

သက်လျှာက သူ့ကို မျက်စောင်းခဲကာ duty ချိန်ရောက်ပြီမို့ နားနေ ခန်းမှထွက်သွားလေ၏။ သူက duty coat ကိုဝတ်၍ နားကျပ်ကိုယူကာ ခွဲစိတ်ဆောင်ရှိရာဘက်သို့ ကူးလာခဲ့သည်။ Nurse နှင်းနှင်းလေး က သူ့နောက်မှ အပြေးအလွှား လိုက်လာလေ၏။

"ဒေါက်တာ သွားမယ်ဆိုရင်လဲ အချက်လေး ဘာလေး ပြတာမဟုတ် ဘူး"

"ဩော်... ကျွန်တော်က နင်း သွားနှင့်ပြီထင်လို့ပါ၊ ဒီလိုမှန်းသိရင် ရုံးခန်း ထဲ ဝင်ခေါ်ခဲ့ပါတယ်"

"ရုံးခန်းထဲ ဖျတ်ခနဲကြည့်ရင် ကျွန်မကို တွေ့ပါတယ် ဒေါက်တာရဲ့၊ ဒေါက်တာက ဘာတွေစဉ်းစားပြီး သွားသလဲမှမသိတာကိုး"

သူ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ကြိတ်ပြုံးလိုက်ရပါ၏။ ဘယ်ယောကျ်ား မဆို လှတပတ မိန်းကလေးမျိုးကို စိတ်ဝင်တစားရှိတတ်ကြတာမဟုတ် လား၊ သူ့နံဘေးမှာ ဆရာဝန်တွေ၊ Nurse တွေ လှလှလေးတွေ ရှိနေ ပါလျက် သူတို့တွေကို စိတ်ဝင်စားခြင်းမရှိဘဲ နှင်းဆီ ကိုမှ ဘာကြောင့် သူ စိတ်ဝင်စားရတာလဲ၊ အံ့ဩဖွယ်ကောင်းလေစွ၊ ဩော် ... အချစ်ဆိုတာ ကို ဘာမှန်း ရေရေရာရာ သူမှ မသိသေးတာကိုး ...။

လူနာတွေကိုစစ်ဆေးကာ ဆေးထိုးတန်ထိုးပေး၊ ဆေးတိုက်ရန်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီးတော့ ထမင်းစားချိန် ရောက်လေပြီ။ coat ကို လက်မှာတင်၍ ရုံးခန်းထဲဝင်လိုက်တော့ သက်လျာက နှာခေါင်းရှုံ့ပြလိုက်လေ၏။

"ဘာဖြစ်တာလဲ"

"တို့ဆေးရုံ ပင်လယ်ဖြစ်ပြီထင်လို့"

"ဘာလဲကွ !"

"ဟိုမှာလေ မမြင်ဘူးလား၊ နင့်အတွက်ဆိုပြီး လာပို့သွားတာ"

သူက သူ့စားပွဲပေါ်မှာရှိနေသည့်ဘူးကို တစ်ချက်ကြည့်ကာ ဘာမှ နားမလည်နိုင်ပေ။ ဒီအချိန်ဆို အိမ်မှ မေမေ ထမင်းချိုင့်ပို့နေကျမဟုတ်လား။

"မေမေ ချိုင့်မပို့သေးဘူးလား"

"အင်း နည်းနည်းနောက်ကျတာပဲဖြစ်မှာပေါ့၊ အဲဒါ နှင်းဆီကိုယ်တိုင် လာပေးသွားတာ၊ အပြန် ဝင်လာခဲ့ဦးမယ်လို့လဲ မှာသွားသေးတယ်"

"ဘာကြောင့် လာပို့တာလဲ"

"ဘယ်သိမှာလဲ၊ သိချင်ရင် နင်ကိုယ်တိုင် မေးပေါ့"

"ဟ! နင်နဲ့သူငယ်ချင်းဆို ... သက်လျာကလဲ ..."

"အစက ဟုတ်တယ်လေ၊ ဆေးကျောင်းတက်တော့ သူနဲ့ ကျောင်းတူတော့မှာမဟုတ်ဘဲ၊ သူ့စိတ်ထဲ ဘာရှိသလဲဆိုတာ ငါသိနိုင်တာမဟုတ်ဘူး"

သူက ခေါင်းကိုခါယမ်း၍ ဘူးကို ဖွင့်လိုက်ပါ၏။ ဘူးထဲမှ ထမင်းပေါင်းနံ့က ဆာနေသည့်မို့ ဗိုက်ကို ပို၍ အချက်ပေးလိုက်သလိုနှယ် သူက နဂိုကတည်းက ထမင်းပေါင်းကို နှစ်ခြိုက်သည့်လူ မဟုတ်လား။ Off ရက် ရသည့်နေ့တိုင်း သူကြိုက်သည့်ဟင်းလျာတို့ကို မေမေ မကြာခဏ ချက်





ကျွေးတတ်တာလေ၊ အခုလည်း Rose က သူ နှစ်သက်သည့် ထမင်းပေါင်းကို ဘယ်လိုရည်ရွယ်ပြီး လာပို့လေသည်မသိ။

"စားတော့မယ်ဟာ"

"ဟွဲ့! အန်တီ ချိုင့်ပို့တာ မစောင့်တော့ဘူးလား"

"ဆာနေပြီဟ"

"ဒါဆို နှင်းဆီ ပို့တာကို စားမလို့ပေါ့လေ၊ ကြည့်လုပ် နေဝန်းရေ...၊ တော်ကြာ အန်တီနဲ့ ကျိုင်တက်နေဦးမယ်နော်၊ နဂိုက ကြည့်မရတဲ့ မိန်းကလေး ကျွေးတာကို စားလို့ဆိုပြီး ပြဿနာတက်ရင် ငါ့ခေါင်းပေါ် မပုံနဲ့"

"ဟာ ငါ ဘာလုပ်သေးလို့လဲ၊ လူကို ဆယ်ကျော်သက်ကလေး တစ်ယောက်လို ဂိုက်ထိန်းစရာလား"

"မဖြစ်ခင်က ကြိုတားရတယ်ဟေ့၊ တော်ကြာ ငါ ကြားထဲက မျက်နှာပူစရာဖြစ်နေမယ်၊ နှစ်ယောက်စလုံး သူငယ်ချင်းတွေမို့ ပြောရတာ အားနာပါရဲ့၊ ဒါပေမယ့် နင့်ဘက်ကို ငါက ပိုနာတာ အမှန်ပဲ"

"သူက ဘာဖြစ်လို့လဲ"

"တော်ပြီ၊ နင့်မှာ နားတစ်ဖက်နဲ့ မျက်လုံးတစ်ဖက်ပဲရှိတယ်ဆိုတာ ငါ သိသွားပြီ နေဝန်း၊ လေကုန်တယ်၊ စားကြစို့"

သူနှင့် သက်လျာ ထမင်းစားပြီးစဥ် အိမ်မှ လာပို့သည့်ထမင်းချိုင့်က ရောက်လာလေ၏။ သက်လျာ က ဘယ်လိုလဲသဘောဖြင့် မျက်စချီပြောတော့ သူက Nurse နှင်းနှင်းအေးတို့အုပ်စု စားပွဲပေါ် သို့ ချိုင့်ကို သွားတင်ပေးလိုက်ပါသည်။

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"နှင်းတို့ပဲ စားလိုက်ကြပါ၊ ကျွန်တော် စားပြီးသွားပြီခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် ဒေါက်တာ့မေမေက ဒေါက်တာကြိုက်တဲ့ဟင်းတွေ မှမှ နွေးနွေးစားရပါစေဆိုပြီး လာပို့ပေးတဲ့ဟာကို ..."

သူ ပခုံးတွန့်ပြလိုက်ပြီး duty ပြန်ဝင်ဖို့ပြင်ရန် လှည့်ထွက်ခဲ့ပါ၏။ ညနေ ဘာဖြစ်မလဲဆိုတာ ကြိုမတွေးချင့်ပေမယ့် Rose လာမည်ဟူသည့် အသိက သူ့နှလုံးသားကို လှုပ်ခါစေလေသည်။ ကျောင်းပြီးချိန်အထိ ကျောင်းစာတွေနှင့်နပန်းလုံးနေခဲ့ရတာမို့ ရင်ခုန်ဖက်ရယ်လို့ သေချာရှာ ချိန် ရခဲ့သည်မဟုတ်။ ဆရာဝန်ဖြစ်ပြန်တော့လည်း လူနာတွေကြားမှာ စိတ်မောလူမောဖြစ်နေပြန်ရော။ ကဲ! ဘယ်မှာလဲ စိတ်လှုပ်ရှားရင်ခုန်ခြင်း ဆိုတာလေ ...။

အခု ကိုယ် စိတ်ဝင်စားချင်သလိုလိုဖြစ်လာသည့် မိန်းကလေး တစ်ယောက်ကို စတွေ့မှ ဘယ့်နှယ်တားမြစ်သူတွေ ပေါလာရတာလဲ။ မေမေ သဘောတူပါတယ်ဆိုတဲ့ ကောင်မလေးငယ်ငယ်လေးကိုတော့ စိတ်ဝင် စားမှုမရှိဘဲ အခု Rose ကိုမှ သူ့စိတ်ဝင်စားနေရတာ ဘာကြောင့်လဲ။

အတွေးမဆုံးခင် လှေကားအတက်အဆင်းမှာ ညနေဆည်းဆာအလှ နှင့် ယှဉ်ပြိုင်နေသည့် နှင်းဆီပွင့်လေး၏အပြုံးနှင့် တန်းတိုးပါလေ၏။

"Good everning Doctor"

"မင်္ဂလာညနေခင်းပါ Rose "

သူမက ညှင်းသွဲ့သွဲ့လေးရယ်မောလိုက်ပါလေ၏။ သူ ဆင်းလာတာ ကို လှေကားတစ်ဆစ်ချိုးမှာ ရပ်စောင့်နေလိုက်ပါသည်။ ခရမ်းရောင်ဝတ် စုံက ညနေခင်းမှာ သူမ၏အလှကို ပို၍တောက်ပသွားသည့်နှယ် ...

"Rose လာပို့တဲ့ ထမင်းပေါင်း စားလို့ကောင်းရဲ့လား ဒေါက်တာ"

"ကောင်းပါတယ်၊ မင်း ဘာကြောင့် ကိုယ်ကြိုက်တာကိုမှ ရွေးပြီး





လာပို့သလဲလို့ ကိုယ် အံ့သြနေတာ"

"သြော် ... ဒါကတော့ ဒီလိုပဲ စုံစမ်းရတာပေါ့ ဒေါက်တာရယ်"

"ဘာကြောင့်စုံစမ်းရသလဲ Rose၊ ကိုယ်က မင်းနဲ့ပတ်သက်တဲ့ အမျိုး သားတွေလောက် စိတ်ဝင်စားစရာကောင်းတာမှ မဟုတ်ဘဲ"

"ဟင်း ဟင်း ဟင်း လူ့စိတ်ဆိုတာကလဲ ခက်သားလား ဒေါက်တာရဲ့၊ Rose က သူများမထိနဲ့ဆိုတဲ့ မီးလိုအရာမျိုးကို ထိကြည့်ချင်စိတ်ရှိတာ လေ"

"ဟာ! ကိုယ့်ကို မီးတစ်ခုလို့ ဆိုလိုချင်တာလား"

"No, no ... မဟုတ်ပါဘူး၊ ဒေါက်တာက Rose တွေ့ဖူးတဲ့ ယောကျ်ား တွေနဲ့ လုံးဝမတူတဲ့ ယောကျ်ားတစ်ယောက်ပါ"

"ပြောစမ်းပါဦး၊ ကိုယ့်မှာ ချိုတွေနဲ့အမြီးတော့ မပေါက်လောက်ပါဘူး Rose ရဲ့"

ဘာရယ်မဟုတ်ဘဲ နှစ်ဦးသားရယ်မောရင်း ဆေးရုံထဲမှ ထွက်လာခဲ့ သည်။ Rose ထံမှ ရေမွှေးနံ့ခပ်ရှုရှုက သူ့နှလုံးသားကို လှိုက်ဖိုစေလေ ၏။ ဘယ်လိုဖြစ်တာပါလိမ့်၊ သူကိုယ်တိုင်လဲ ရေမွှေးကြိုက်တာမှန်ပါလျက် Rose ရဲ့ရေမွှေးနံ့က သူ့စိတ်ကို ဘာကြောင့်လှုပ်ရှားမှုဖြစ်စေတာလဲ။

"Coffee ဖြစ်ဖြစ် တစ်ခုခုလိုက်တိုက်ဖို့ အစီအစဉ်ရှိဘူးလား ဒေါက် တာ"

"Rose သောက်ချင်ရင် ကိုယ် လိုက်တိုက်ပါ့မယ်"

"သောက်ချင်လို့ပြောတယ် ထင်သွားလား ဒေါက်တာ"

"မထင်ပါဘူး Rose ရဲ့၊ Rose အဆင့်အတန်းနဲ့ ဒီလို Coffeeလောက် ကို စာရင်းထဲ ထည့်စရာမရှိပါဘူး။ ဒါကို ကိုယ်သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားကိုယ်စီဖြင့် Coffee ဆိုင်မှာ ထိုင်စကားပြောခဲ့ကြတာမို့ မိုးချုပ်သွားမှပဲ သူ ပြန်လာဖြစ်သည်။ မေမေက စူးစမ်းသည့်မျက်လုံးများဖြင့် သူ့ကို အိမ်ဝမှ ထွက်ကြိုနေလေ၏။

"duty ထွက်တာ ကြာပြီဆိုတဲ့သားက အခုမှ ပြန်ရောက်သတဲ့လား"

"တစ်နေရာဝင်နေလို့ပါ မေမေ"

"ညနေစာစားဖို့ မေမေ စောင့်နေတာကိုသိသိကြီးနဲ့ ဟိုဟိုဒီဒီ ဝင်ရသလား သားရဲ့"

"သူငယ်ချင်းက ကော်ဖီသောက်ချင်တယ်ဆိုလို့ လိုက်တိုက်တာပါ မေမေရယ်၊ ကျွန်တော် ရေချိုးပြီးစားမယ်လေ"

စကားစကိုဖြတ်၍ ရေချိုးခန်းဝင်ရင်း ကော်ဖီဆိုင်မှာပြောခဲ့သည့် စကားတို့ကို ပြန်ကြားယောင်နေမိသည်။ ပွင့်လင်းသော၊ ခေတ်မီသော၊ ရဲတင်းသော၊ ဟန်ဆောင်တတ်သော ဂုဏ်ပုဒ်တို့နှင့် မိန်းမတစ်ယောက်ကို သူစိတ်ဝင်တစားဖြစ်မိတာ အပြစ်လား ...။

"ဒေါက် ... ဒေါက်"

"ကိုကိုကြီး ကြီးကြီး စောင့်နေပြီရှင့်၊ မြန်မြန်လုပ်ပါလို့ မှာလိုက်ပါတယ်"

"အေး လာပြီဟေ့!"

သူ အဝတ်အမြန်လဲကာ ခေါင်းပင် သေချာမဖြီးဘဲ အပေါ်ထပ်မှ ဆင်းလာခဲ့၏။ ထမင်းဝိုင်းမှာ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကြတော့ မေမေက သူ့ပန်းကန်ထဲသို့ ဝက်သားပေါင်းဟင်းကို ခပ်ထည့်ပေးလိုက်ပါသည်။

"ဟာ ... ကျွန်တော့်အကြိုက်ဟင်းပါလား၊ စားကောင်းဦးမှာပဲ"





သူ ထမင်းခပ်စားတော့ မေမေ မျက်မှောင်ကြုတ်၍ သူ့ကို စိုက်ကြည့်လိုက်ပါ၏။ မုန်ညင်းဟင်းချိုပူပူလေးခပ်သောက်စဉ် မေမေ့ထံမှ စကားသံထွက်လာလေသည်။

"သား မနက်က ထမင်းစားရဲ့လား"

"စားပါတယ် မေမေရဲ့၊ ဘာဖြစ်လို့လဲ"

"ဒါဖြင့် မနက်က မေမေ ထည့်ပေးလိုက်တာ ဟင်း ဘယ်နှစ်မျိုးလဲ"

သူ ဟင်းချိုသီးသွားရလေ၏။ ပြဿနာပဲ၊ တစ်မနက်လေး ထမင်းချိုင့် မစားဖြစ်ပါတယ် မေမေ့ရှေ့မှာ အလိမ်ပေါ်ကုန်တော့မှာလား။

"ကျွန်တော် ထမင်းချိုင့် မစားဖြစ်ဘူး မေမေ"

"ဒါဖြင့် ဘာစားခဲ့တာလဲ"

"သူငယ်ချင်းက ထမင်းပေါင်းဝယ်ပြီး လာပို့လို့ပါ၊ ပြီးတော့ ဗိုက်ဆာလာတာနဲ့မို့ စားလိုက်မိတာပါ မေမေ၊ မေမေချက်ကျွေးတာကို မစားချင်လို့ မဟုတ်ရပါဘူး"

မေမေ့မျက်ဝန်းများက သူ့ထံ စူးခနဲရောက်လာကာ ဝါးလက်စ ဟင်းအရသာတောင် မည်သို့ရှိမှန်း မသိ၊ စိတ်ကရှုပ်ထွေးစ ပြုလာပြီမို့ ရင်ထဲမှာ ပူလောင်လာရသည်။ သူ့ဘဝမှာ မေမေ မသိအောင်လုပ်မိ... ညှိလုပ်ရပ်ဆိုလို့ ဒီတစ်ကြိမ်သာ ရှိခဲ့တာမဟုတ်ပါလား။

"သူငယ်ချင်းက ထမင်းပေါင်းဝယ်ကျွေးတယ်၊ ဒါကြောင့် အဲဒီသူငယ်ချင်းကို ကော်ဖီလိုက်တိုက်တယ်ပေါ့၊ ဟုတ်လား သား"

"ဟုတ်ပါတယ် မေမေ"

"အဲဒီသူငယ်ချင်းက ယောကျ်ားလေးလား၊ မိန်းကလေးလား နေဝန်းနီ"



www.burmeseclassic.com

www.burmeseclassic.com



သူ နှုတ်ဆိတ်သွားရပါချေ၏။ မေမေက သူနဲ့ပတ်သက်ရင် အရာရာကိုကြိုမြင်တတ်တာ အမြဲလိုလိုပါပင်။

"မေမေ ကြိုသိနေတယ် နေဝန်းနီ၊ ဒီမိန်းကလေးနဲ့ စ,ဆုံစဉ်ကတည်းက သူ့ မျက်လုံးတွေကို မြင်ရုံနဲ့ သိနေခဲ့တာပါ၊ သူ့ အကြည့်တွေက မေမေ့ နှလုံးသားကို တစ်ချိန်ချိန်မှာ ဆွဲထုတ်ယူသွားတော့မယ်ဆိုတဲ့ နိမိတ်မျိုးပေါ့၊ ဒါ ပဏာမပဲရှိသေးတာမဟုတ်လား၊ မေမေ ချက်ကျွေးတဲ့ထမင်း တစ်နပ်ကို မစားဖြစ်ဘူးဆိုတာ သားအတွက်တော့ ဘာမှမဖြစ်လောက် ပေမယ့် မေမေ့ရင်ထဲမှာတော့ နာသွားရတာ အမှန်ပဲ၊ ဒီလိုပြောလို့ သားကို မျက်စိစုံမှိတ်ပြီးချစ်တဲ့ မအေမျိုးလို့တော့ မထင်လိုက်ပါနဲ့၊ ကိုယ်မွေးထားတဲ့သားကို ဘယ်သူစိမ်းမိန်းကလေးမျိုးနဲ့မှ မပတ်သက်စေလိုတဲ့ မိခင် တစ်ယောက်ရဲ့အတ္တမျိုး မေမေ့မှာ မရှိပါဘူး၊ ကိုယ့်ဘဝ ကိုယ့်အိမ်ထောင်ကို ကိုယ့်စိတ်တိုင်းကျ တည်ဆောက်စေချင်ပေမယ့် ရွေးချယ်မှုမမှားစေလိုတဲ့စေတနာသက်သက်ပဲ ရှိပါတယ်၊ ဒီနေ့ကို မေမေ မှတ်ထားမယ် နေဝန်းနီ၊ ဒီလောက်ပဲပြောပါရစေ၊ သားသမီး စိတ်ထင်ရာလုပ်တာကို မတားမြစ်နိုင်လို့ မျက်ရည်ကျရတဲ့ မအေမျိုးထဲမှာ မေမေ မပါဘူး၊ ဒါပါပဲ"

မေမေက ဘာမှထပ်မပြောတော့ဘဲ ထမင်းကို ဣန္ဒြေရရဖြင့် ဆက်စားနေလေသည်။ ဘာတွေဖြစ်ကုန်တာလဲ၊ သူ ထမင်းလေးတစ်နပ် မစားဖြစ်တဲ့အဖြစ်ဟာ ဤမျှအထိ ကြီးမားလိမ့်မည်ဟု ထင်မထားမိခဲ့တာ အမှန်ပင်။ Rose ရယ် ကိုယ်တို့ခရီးက စဖြင့်မစ,ရသေးဘူး စည်းတွေ တားထားတာက များလှချည်လား .....။





[ ၇ ]

သက်လျာ မွေးနေ့မို့ Dinner ကျွေးရန် သူနှင့် သက်နောင်ကို ဖိတ်လေသည်။ တာဝန်ကိုယ်စီထမ်းဆောင်နေကြရသည့်လူတွေမို့ သူတို့လို ဆရာဝန်တွေမှာ အချိန်က အတော့်ကိုရှားပါးလွန်းပါ၏။ Night duty မရှိသည့်ညမို့ တိုက်တိုက်ဆိုင်ဆိုင် သုံးယောက်သား ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်ကြပါသည်။

ရေမိုးချိုး၍ အဝတ်အစားလဲနေချိန်မှာ တံခါးခေါက်သံနှင့်အတူ အခန်းထဲသို့ မေမေ ဝင်လာလေ၏။ သူက သက်လျာအတွက် ဝယ်ထားသည့် မွေးနေ့လက်ဆောင်ကို ဗီရိုထဲမှထုတ်ကာ စားပွဲပေါ် တင်လိုက်ပါသည်။

"ဘယ်ကိုသွားမလို့လဲ သား"

"မွေးနေ့ပွဲပါ မေမေ"

"ဘယ်သူ့ မွေးနေ့များလဲ"

"သက်လျာပါ"

www.burmeseclassic.com



"သက်လျာ ဆိုတော့ ဟိုကောင်မလေးပါ လာမှာလား"

"ဘယ်သူ့ကိုပြောတာလဲ မေမေရဲ့"

မေမေက သူ့ခုတင်ပေါ်မှာထိုင်ချကာ မျက်စောင်းခဲလိုက်လေ၏။ Necktie ကို ကော်လာအောက်မှာစည်းရင်း မှန်ထဲမှတစ်ဆင့် မေမေ့ ကို ကြည့်လိုက်သည်။ ခုတင်ပေါ်ထိုင်ပြီဆိုမှဖြင့် ပြောစရာရှိပြီထင်၏။ တော်ရုံနှင့် မေမေက သူ့ကို စကားရှည်ရှည်ပြောလေ့မှမရှိတာဘဲ။

"ဘယ်သူရှိမလဲ၊ တော်တော်နာမည်ကြီးချင်နေ ..."

သူ Necktie ကို သေသပ်စွာစည်းကာ ရေမွှေးပုလင်းဖွင့်တော့ မေမေက မဲ့ပြုံးပြုံးလိုက်လေ၏။ ရော် ... ဘာလုပ်လုပ် မေမေ မကြိုက် တော့ဘူးလား။

"မင်း ရိုးကောရိုးရဲ့လား နေဝန်းနီ"

"မေမေရယ် ကျွန်တော် ဆရာဝန်တစ်ယောက်ဖြစ်နေပါပြီ၊ ဘယ်လို ဖြစ်ပြီး ဆယ်ကျော်သက်ကလေးတစ်ယောက်လို လိုက်ပြီး စိုးရိမ်နေရတာ လဲ"

"ဆရာဝန် မကလို့ ပါရဂူကြီးဖြစ်စေဦးတော့ မင်းက မေမေ့သားလေ နေဝန်းရဲ့၊ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်ဆိုတဲ့စကား က အလကားရှိခဲ့တာမဟုတ်ဘူး၊ မဖြစ်သင့်တာ ဖြစ်သွားမှာစိုးလို့ မင်းကို သတိပေးနေရတာ"

"ကျွန်တော် စဉ်းစားချင့်ချိန်နိုင်ပါတယ် မေမေရယ်"

"ပြောလို့ရမလား၊ ဒီခေတ် ကောင်မလေးတွေက မေမေတို့ခေတ်နဲ့ ပြောင်းပြန်ဖြစ်ကုန်ပြီလေ၊ မိန်းမတို့ဣန္ဒြေ ရှေ့ပေးလို့မရ ဆိုတဲ့ စကားပုံ တောင် ရာဇဝင်ထဲမှာချန်ထားချင်ကြတဲ့အစားမျိုးတွေ၊ သူတို့ကြိုက်ပြီ





ဆိုရင် ဣန္ဒြေတွေ၊ သိက္ခာတွေ ဘေးချိတ်ပြီး ယောကျ်ားတွေနောက် ကောက်ကောက်ပါအောင်လိုက်နေကြတာ မင်းအမြင်ပဲမဟုတ်လား၊ ကိုယ်က နေတတ်ပါမှ ဒီလိုစက်ကွင်းမျိုးက လွတ်နိုင်မှာ"

"မိန်းမတွေအကုန်လုံးလဲမဟုတ်ပါဘူး မေမေရာ"

"ဟုတ်ပါတယ်၊ မိုင်းကောင်းကျောက်ဖီ မိန်းကလေးမျိုးကို လက်ချိုး ရေတွက်ရင်တောင် တစ်ရာမှာ တစ်ယောက်လောက်ပဲမြင်ရမယ်၊ မင်း သိထားစမ်းပါ နေဝန်းနီရဲ့"

သူ shirt ကို ကျကျနနဝတ်လိုက်ပြီး ဆံပင်တိုတိုကို နောက်ထပ် တစ်ကြိမ်ထပ်ဖြီးရင်း ပြုံးလိုက်မိသည်။ ပင်စင်စားကျောင်းအုပ်ဆရာမကြီး လို့ မပြောရဘူး၊ သူ့ကို လေပြည်နဲ့ ဆုံးမနေပြန်ပါသည်ကိုး။

"ဘော်ငွေကြည်ပြာလို မိန်းကလေးမျိုးလား မေမေ"

မေမေ့ထံမှ ဒုတိယမျက်စောင်း ထပ်ရောက်လာတော့ သူ တီးတိုးရယ် မောလိုက်မိ၏။ ဟုတ်တယ်လေ၊ ပြောစရာအကြောင်းမရှိဘဲနဲ့တော့ သူ့ အခန်းထဲထိ မေမေ ဝင်လာစရာမှမရှိတာလေ။

"မေမေ့ကို ရွဲ့မပြောနဲ့ နေဝန်းနီ"

"မဟုတ်ရပါဘူး မေမေရယ်၊ ပြောစရာမရှိဘဲနဲ့တော့ ကျွန်တော့်အခန်း ထဲ ဝင်လာပြီး ခုတင်ပေါ်ထိုင်မှာမဟုတ်ဘူးလေ၊ ကျွန်တော့်မေမေ အကြောင်း ကျွန်တော် အသိဆုံးမို့ပါ"

"ဒီလောက် အကဲခတ်နိုင်တာပဲ တော်သေးတယ်"

"ပြောလေ၊ မေမေ ဘာပြောချင်လို့လဲ"

"မေမေ့သဘောကတော့ သားကို ကြည်ပြာလေးနဲ့ ရင်းနှီးကျွမ်းဝင်စေ ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလဲ ရင်းနှီးတာပဲမဟုတ်လား မေမေရယ်"

"မေမေ ဆိုလိုတာ ဒီထက်တစ်ဆင့်တိုးစေချင်တာလေ နေဝန်း
နီလာ့သမီးလေးက အပြစ်ဆိုလို့မြူတစ်မှုန်တောင်ရှိတဲ့မိန်းကလေး မဟု
ဘူး။ အိမ်ထောင်မှုနိုင်နင်းတဲ့ကလေး။ ယောကျ်ားရှာပေးသမျှကို စီးတဲ
ဆယ်တဲ့ကန်သင်းလို စုဆောင်းပေးနိုင်မယ့် မိန်းမကောင်းလေးပါ သ
ရယ်၊ စဉ်းစားပါဦး"

သူ သက်ပြင်းရှိုက်လိုက်ပါ၏။ ဘယ်လိုလုပ်မလဲ မေမေ၊ ကြည်
ဟာ အပြစ်ကင်းစင်လွန်းတဲ့မိန်းကလေးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ
ကြည်ပြာ့ကို ညီမလေးတစ်ယောက်လို ရင်းနှီးမှုမျိုးထက် ကျွန်တေ
မပိုနိုင်ဘဲ၊ ပြီးတော့ ကြည်ပြာနဲ့ပတ်သက်ရင် ကျွန်တော့်နှလုံးသား
အေးခဲနေတာ အသိသာကြီးပါလေ၊ သူ့ကို ကျွန်တော် မချစ်တာ သေချ
တယ်။

"ကြည်ပြာက သိပ်ငယ်လွန်းတယ် မေမေ"

"ဩော် ... ကြီးရင်မှိ၊ ငယ်ရင်ချိတဲ့၊ သားကကြီးတာ ဘာဆန်း
မိန်းကလေးက ငယ်လေ ပိုကောင်းလေပဲ၊ အချိန်တန် သားသမီး
ဘာတွေ မွေးရင် ရုပ်က ရင့်လာဦးမှာ၊ (၆)နှစ်လောက်ပဲကွာတာ ဆ
သလား၊ မေမေနဲ့ သားဖေဖေလဲ ဒီလောက် အသက်ကွာတာပဲ"

"မေမေကလဲ လက်ဖြင့်မထပ်ရသေးဘူး ကလေးယူတဲ့အဆင့်
ပြောရတယ်လို့"

"ဟဲ့! မပြောလို့ရမလား၊ အိမ်ထောင်ပြုမှတော့ သားသမီး ယူကို
မှာပေါ့၊ မေမေ့အိမ်မှာ ကလေးရယ်သံ၊ ငိုသံလေးများရှိနေရင် ဘ
လောက်ကျက်သရေရှိလိုက်မလဲ၊ အခုတော့သားအမိနှစ်ယောက်နဲ့ အ





သမားသုံးယောက်သာရှိပြီး အိမ်က တိတ်ဆိတ်ခြောက်ကပ်နေတာလေ၊
မင်းက ဆရာဝန်ပဲ၊ ဒီလောက်လေးပြောရုံနဲ့ ရှက်စရာလား"

"ကြည့်ရတာ မေမေ မြေးချီချင်နေပြီနဲ့တူတယ်"

"ဒါပေါ့၊ အဘွားဆီက အမွေဆက်ခံမယ့် မြေးမိန်းကလေးနဲ့ ဖအေဆီ
က အမွေတောင်းမယ့် မြေးယောကျ်ားလေးရရင် မေမေ သေပျော်ပြီ၊
တကယ်ပဲ"

"ဒါဆိုလဲ ကလေးနှစ်ယောက်ပါတဲ့ အမေတစ်ယောက်လောက် ခေါ်
မွေးစားရောပေါ့ မေမေရ"

"ဟဲ့! ဖွ! လွဲစေ၊ ဖယ်စေ၊ စကားနောက် တရားပါ နေဝန်းနီ၊ ကိုယ့်
သွေးကဖြစ်တဲ့ သားသမီးမျိုးပဲ မေမေ လိုချင်တာနော်၊ စကားကို ပေါ့ပျက်
ပျက်မပြောစမ်းပါနဲ့ မေမေ မကြိုက်ဘူး"

ကျွန်တော်လည်း ကြည်ပြာ့ကို မကြိုက်ဘူးလို့ ဖွင့်ပြောလိုက်ချင်ပေ
မယ့် မရှိသေရာကျမည်စိုး၍ မပြောဖြစ်တော့ပေ။ မေမေ့အကြောင်း သူ
သာ အသိဆုံးမဟုတ်လား။

"အဲဒီတော့ ကြည်ပြာ့ကို လက်ထပ်ဖို့စဉ်းစားပေးရမယ်၊ ဒီထက် ပိုရင်း
နှီးအောင် သူ့တို့အိမ် ဝင်ထွက်ရမယ်၊ ဒါပဲမဟုတ်လား မေမေ"

"ဒါပေါ့၊ ကြည်ပြာ့အိမ်ကို တကူးတကကြီး သွားစရာတောင်မလိုပါဘူး၊
မနက်ဖြန် ညစာလာစားဖို့ ဖိတ်ထားတာပဲဟာ"

"ဒါများ မေမေရယ်၊ သား မနက်ဖြန် အားလား၊ duty ချိန်းပေးလို့
ရရင် ချိန်းပေးလိုက်၊ ဒါလေးပြောရုံကိုပဲ အရှည်ကြီးပြောနေရတယ်လို့"

"မပြောလို့ရမလား၊ သွားလည် စားသောက်ပြီး ပြန်လာလို့ ဘာ
အကြောင်းထူးမှာလဲ၊ ကိုယ့်ဘက်က မျဉ်းကြားဖြတ်ကူးဖို့ မီးပွိုင့်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သင့်တာပေါ့၊ ဒါမှ အဓိပ္ပာယ်ရှိမှာ"

"အဲဒီတော့ ..."

"မနက်ဖြန်ပဲ ဖွင့်ပြော"

"ဟာဗျာ၊ ကျွန်တော်မှ ကြည့်ပြဇာကို စိတ်မဝင်စားတာ မေမေရ"

"မရဘူး၊ ရအောင်ဝင်စားစမ်း၊ အဲဒီစိတ်ကို..."

"မေမေရယ် အချစ်က တုတ်နဲ့ရိုက်ပြီး ဆုံးမလို့မရဘူးဗျ၊ ဓက်တာပဲ"

"အမယ်လေးတော် ချစ်တတ်အောင်ပဲ မအေက သင်ပေးရမှာလား၊ ဒီအသက်ဒီအရွယ်ပဲရောက်နေပြီ၊ မင်းရင်ဘတ်ကြီးထဲက နှလုံးသားက နုန်ပါတော့လား၊ မေမေဆို မင်းအရွယ်မှာ သား နှစ်နှစ်သား ရနေပြီ၊ ကဲ! ပြောရမကောင်းတော့ဘူး၊ လူဖြစ်ပါစေရယ်လို့ ပြောနေရတာ၊ ပါးစပ် အမြှုပ်ထွက်နေပြီ"

မေမေက ဆောင့်အောင့်ပြောကာ ထ,ရပ်လိုက်ပြီမို့ စကားဝိုင်းသိမ်းပြီမှန်း သူ သိလိုက်ပါ၏။ သူက ပြုံးစိစိဖြင့် မေမေ့ကိုကြည့်လိုက်တော့ မေမေ မျက်စောင်းခဲတာကို ထပ်ရပြန်လေသည်။

"မနက်ဖြန်ညနေ ကျွန်တော်လိုက်ရင် ပြီးရောမဟုတ်လား မေမေ"

"လိုက်ရုံနဲ့မပြီးဘူး"

"ဟုတ်ပါပြီ၊ ဟိုရောက်ရင် ကြည့်ပြဇာနဲ့ နှစ်ယောက်တည်း စကားပြောရင် ပြီးတာပဲမဟုတ်လား၊ ကျွန်တော် သိပါတယ်"

မေမေက ရှေ့မှ အရင်ထွက်သွားတာမို့ သူ ပါဆယ်ထုပ်ကို ကိုင်လျက် နောက်မှလိုက်ထွက်ခဲ့၏။ ကားကို စားသောက်ဆိုင်ရှိရာသို့ ခပ်မြန်မြန် လာခဲ့ရသည်။ မေမေနှင့် စကားပြောနေရတာမို့ (၈)နာရီကျော်နေပြီ မဟုတ်ပါလား။ ကားကို **parking** မှာရပ်၍ **Restaurant** ထဲ သူ ဝင်





လာခဲ့၏။ ထောင့်ဆုံးစားပွဲမှာထိုင်နေသည့် သက်နှောင် က မတ်တတ်ရပ်ကာ လှမ်းခေါ် လိုက်လေသည်။

"ဘယ်လိုဖြစ်ပြီး နောက်ကျနေတာလဲ"

"မွေးမာတာ မှာတမ်းချွေနေတာကို နားထောင်နေရလို့ပေါ့"

"ဟုံ! ဘာလဲ မိန်းမယူတော့လို့ နားချနေတာလား"

"အဲစစ်ပဲ၊ ပေးစားချင်တာလဲ သက်တူရွယ်တူမဟုတ်ဘဲ ကလေးသာသာ ပေါက်စနအရွယ်လေး၊ ငါ စိတ်ညစ်တယ်"

"ဘာလဲ! သက်တူရွယ်တူ ရည်မှန်းချက်တူတာ လိုချင်တာလား၊ ငါ့အသက်ကိုတော့ ချမ်းသာပေးပါကွာ၊ ရှိတာမှ ရှားရှားပါးပါး တစ်ယောက်တည်းရှိယ်"

"ဟင် .... ခွေးနာ ... ငါ့မွေးနေ့ လာစားတာတောင် ပါးစပ်က သရမ်းချင်သေး ... ကဲ! ..."

သက်လျှာ က ပြောရင်း သက်နှောင် ကျောကို အုန်းခနဲထုလိုက်လေ၏။ ဒီကောင်တော့ **house surgeon** ဖြစ်မှ သက်လျှာထွေးကို မထိတထိ စပြီး အတည်မှန်းနေပြီထင်ပါရဲ့၊ သက်လျှာ ကတော့ သူငယ်ချင်း ပီပီ ရင်းရင်းနှီးနှီးပေါင်းနေတာပင်။ ဘာပဲပြောပြော သက်နှောင် က အနှံ့ တာခံသည့် သူငယ်ချင်းမို့ သက်လျှာထွေး အလေးသာချင်လည်း သာနိုင်သည်ပဲ။

"**Hi** ! သက်လျှာ ယူတို့အုပ်စု ဒီဝိုင်းရောက်နေတာကိုး"

သူထိုင်နေသည့်ခုံနောက်ကျောမှီကို လာကိုင်၍ ပြောလိုက်သည့် သူမ အသံကြောင့် သူတို့သုံးဦးသား အံ့သြသွားရလေ၏။ သက်လျှာ က သူ့ကို ခေါ် ထားသလားဟူသောအကြည့်ဖြင့် ကြည့်လိုက်စဉ် သူ ပခုံးတွန့်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"ဘယ်သူ့ရဲ့ပွဲများလဲ ဒေါက်တာ"

"တို့မွေးနေ့ပါ နှင်းဆီ"

"အို ... You က အိုင့်ကိုတော့ မဖိတ်ပါလား သက်လျာရယ်၊ မျက်
လိုက်လွှန်းတယ်လို့ မထင်မိဘူးလားဟင် ! "

"ဒီလိုတော့မဟုတ်ပါဘူး Rose ရယ်၊ ကိုယ်တို့မှာ အချိန်က သိပ်
လွန်းတော့ ရတဲ့အချိန်လေးကို လုပြီးလုပ်တဲ့သဘောပါ"

"ဒေါက်တာက သူငယ်ချင်းဘက်က ဝင်ကာပေးရှာသား၊ ဒါပေမ
သက်လျာ က Rose နဲ့ အလှမ်းဝေးလို့ မဖိတ်ဖြစ်တောင် ဒေါက်တာ
ဒီလောက်ရင်းနှီးနေတဲ့ Rose ကို Phone လေးနဲ့ဖိတ်ဖို့တော့ ကော
တာပေါ့"

သက်လျာ မျက်နှာမှာ အားနာရိပ် စွန်းထင်းနေ၏။ သူမက သူ့
ရှိုးမှာ စပ်တည်တည်ဖြင့် ဝင်ထိုင်လိုက်လေသည်။

"အခု ဝင်စားလဲဖြစ်ပါတယ် နှင်းဆီ၊ တို့က မွေးနေ့ရယ်လို့ သီးသန့်
လုပ်တာမဟုတ်ပါဘူး၊ တို့သုံးယောက် စုနားချိန်လေးပုံစံမျိုးပါ၊ မှာထ
တာ အများကြီးပါဟယ်"

"ဟင်းဟင်း ... Rose က အားမနာတမ်းပြောသလိုဖြစ်နေပြီ sor
ပါ သက်လျာရယ်၊ Birthday gift ကို မနက်ဖြန် လာပို့ပေးမယ်နေ
"မလိုပါဘူးကွယ်၊ ခုလို ကိုယ့်မွေးနေ့ကို လာပြီးချီးမြှင့်တာနဲ့တင်
လောက်ပါပြီ နှင်းဆီ၊ သုံးဆောင်ပါ"

Waiter လေးနှစ်ဦး လာပြင်ပေးသွားသည့် စားသောက်ပွဲကိုကြ
ကာ သူမ ပြုံးလိုက်လေ၏။ ပြီးနောက် သူ့ပန်းကန်ထဲသို့ ဟင်းတွေ ထ





မျိုးပြီးတစ်မျိုး ထည့်ပေးတော့ သက်နောင်က စားပွဲအောက်မှနေ၍ သူ့
ခြေထောက်ကို အသာကန်၍ သတိပေးလေသည်။ သူ သိသော်လည်း
မသိချင်ယောင်ဆောင်နေတော့ သက်နောင်က မကျေမနပ် ပြုံးကြည့်
လေ၏။ ဘယ်လိုလုပ်ရမလဲ၊ သူမကိုယ်တိုင်က စေတနာသဒ္ဓါတွေပိုနေ
တာကိုး ...။ သက်လျာကတော့ စကားဝိုင်းကို စိုပြည်အောင် အလိုက်သင့်
လေး ဝင်ထိန်းပေးနေလေသည်။

"ဒေါက်တာ အပြန် Rose လမ်းကြုံလိုက်ခဲ့မယ်နော်၊ Rose ကား
လေးဖျားနေလို့ ဆေးရုံတင်ထားရလို့ပါ"

"ရပါတယ် Rose ရဲ့၊ အပန်းမကြီးပါဘူး"

"ဒါနဲ့ ဒမ်းရဦးမယ်၊ မင်းနဲ့ကြည်ပြာက ဘယ်အဆင့်ရောက်နေပြီလဲ"

သူ ပါးစပ်ဟသွားရလေ၏။ သက်နောင် ကတော့ ပေါ်တင်ကို Fight
နေပါရောလား၊ သူမက မျက်လုံးထောင့်ကပ်ကာ သူ့ကိုကြည့်လိုက်ပါ
သည်။

"ကြည်ပြာ ဆိုတာ အန်ကယ်ဘော်နီ့သမီးလေးလား ဒေါက်တာ"

"ဟုတ်ပါတယ်"

"သူနဲ့ ဒေါက်တာက ဘာမို့လဲ"

"သူတို့နှစ်ယောက်ကို လူကြီးတွေ သဘောတူထားတာလေ နှင်းဆီ
ရဲ့"

"ဟုတ်လား၊ သူတို့သဘောချည်းပဲကြည့်လို့ဘယ်ရမလဲ သက်လျာ
ရဲ့၊ လူငယ်တွေရဲ့သဘောထားကိုလဲ ညှိရမှာပေါ့၊ မဟုတ်ဖူးလား
ဒေါက်တာ"

သူက ထမင်းစားနေရင်းမှ ခေါင်းညိတ်ပြလိုက်ပါ၏။ သူမမျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတစ်ပွင့်ပေါ် လာလေသည်။

"ဒေါက်တာ အဲဒီကောင်မလေးကို စိတ်ဝင်စားလို့လား"

သူ သူမကို ဖျတ်ခနဲကြည့်လိုက်ပါ၏။ သူမက မျက်ဝန်းလဲ့လဲ့ေ
တွေဖြင့် သူ့ကို ပြန်ကြည့်နေလေသည်။

"တာဝန်အရတော့ ကိုယ် လေ့လာရဦးမှာပေါ့ Rose ရဲ့၊ မနက်ဖြ
ကိုယ် date ယူထားပြီးပြီ"

"ဘယ်မှာသွားတွေ့မှာလဲ"

"သူ့အိမ်မှာပဲ"

"ဪ ..."

စကားဝိုင်းက တိတ်ဆိတ်သွားလေသည်။ ထမင်းစားပြီး အပြန်လ
မှာ ကားစီးလာရင်း နှစ်ယောက်သား နှုတ်ဆိတ်နေမိလေ၏။ သူမ ဘ
တွေတွေးနေမလဲဆိုတာကို သူ သိချင်နေသည်။ ဖွင့်တော့မမေးရဲ၊ သူမ
သက်ပြင်းကို တိုးတိုးချလိုက်ပါ၏။

"ဒေါက်တာကို ကိုနေလို့ ခေါ် ခွင့်ပြုနိုင်မလားဟင်"

"ရပါတယ်"

"ကိုနေ့စိတ်ထဲ ဘယ်လိုဖြစ်မလဲဆိုတာတော့ Rose မသိနိုင်ပါဘူ
ဒါပေမယ့် Rose ကိုယ်ချင်းစာမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ Ros
ကိုယ်တိုင်လဲ ဒက်ဒီ သဘောတူတဲ့ ဂျက်စီ ကို ခေါင်းညိတ်ဖို့ တွေဝေေ
တာကိုး"

"ဘယ်လို !"

"ဟုတ်တယ်၊ လူကြီးတွေက ဘာဖြစ်လို့များ လူငယ်တွေရဲ့ စိတ်က
အလေးမထားကြလဲမသိဘူးနော်၊ နှလုံးသားဆိုတာ သော့ခတ်သိမ်းဆည်





ထားလို့ရတဲ့ အရာမျိုးမှမဟုတ်ဘဲ"

သူ စိတ်ထဲမှ ထောက်ခံလိုက်မိ၏။ မှန်တာပေါ့ Rose ရယ်၊ ကိုယ့်ရင်
ထဲမှာလဲ မင်းလိုပဲ ခံစားနေရတာ အမှန်ပါ၊ ဒါပေမယ့် ကိုယ်က ငယ်စဉ်
ကတည်းက မေမေ ချပေးထားတဲ့ Plan တွေထဲမှာပဲ ပျော်ဝင်နေခဲ့တာ
ဆိုတော့ မေမေ့စကားတွေကို ပယ်ချဖို့ အတော်လေးကို ခဲယဉ်းလွန်းတာ
အမှန်ပါလေ ...။



www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

ညနေလေညင်းက အေးစိမ့်နေ၏။ ထမင်းစားသောက်ပြီးချိန်မို့ ကြည်ပြာကိုယ်တိုင်လာကျွေးသည့် ပန်းသီးစိတ်ကို သူ ယူစားလိုက်ပါသည်။ ခြံထဲရှိမြင်ကွင်းတို့က ဆည်းဆာရောင်ကြောင့် မှုန်မှိုင်းမှိုင်းညဥ့်ယံကို ကူးခါနီးမို့ အကောင်လေးတွေက စတင်၍ အော်မြည်နေလေပြီ။

"ခဏလောက်ထိုင်ပါဦး ကြည်ပြာ"

သူ ပြောလိုက်တော့ ကြည်ပြာ က သစ်သီးပန်းကန်ကို စားပွဲပေါ်တင်ကာ ခုံတန်းရှည်၏အစွန်းတစ်ဖက်မှာ ဝင်ထိုင်လိုက်ပါ၏။ ကျောလယ်ခန့် ဆံပင်စင်းစင်းလေးတွေက လေအဝှေ့မှာ အလိုက်သင့်လေးလှုပ်ခတ်သွားလေသည်။

"မေမေပြောတဲ့စကားကို ဘယ်လိုသဘောရသလဲ"

"ရှင် ..."

"ကြည်ပြာ့မိဘတွေနဲ့ ကိုယ့်မေမေ အခုလေးတင် ပြောခဲ့တဲ့စကားတွေကို ဆိုလိုတာလေ"





ကြည်ပြာ က ခေါင်းလေးငုံ့သွားလေ၏။ အနေအေးပြီး စကားနည်းလွန်းသည့် စံပယ်ပွင့်လေးဟု သူ မှတ်ချက်ချမိသည်။ Rose ကတော့ ပွင့်လင်းလွန်းသည့် နှင်းဆီတစ်ပွင့်ပေကိုး။ ကျွတ် ! ဘာကြောင့်များ ကြည်ပြာနှင့် စကားပြောနေရင်းမှ Rose ကို သတိရမိသွားတာပါလိမ့်။ ခက်တာပဲ။

"ပြာ မပြောတတ်ဘူး"

တိုးသဲ့သဲ့မျှအသံလေး ထွက်လာလေသည်။ ခေါင်းကိုတော့ ငုံ့ထားဆဲ၊ သူစိမ်းယောကျ်ားတွေနှင့် စကားပြောတိုင်း ဤသို့ပင် ရှက်နေကျပဲလား...

"ကြည်ပြာမှာ ချစ်သူရှိလား"

ခေါင်းလေးက ပိုငုံ့သွားလေ၏။ လက်ထဲမှာ ကိုင်လာသည့်လက်ကိုင်ပဝါကို အငြိုးတကြီးဖြင့် လုံးချေနေသည့်နှယ် ကယောင်ချောက်ချားလေးဖြစ်နေပုံက ကရုဏာသက်စဖွယ်ဖြစ်နေလေသည်။

"ဟင့်အင်း"

"သေချာရဲ့လား ကြည်ပြာ၊ ဒါမျိုးက မြှုထားသင့်တဲ့အရာမျိုး မဟုတ်ဘူးနော်၊ နောက်တော့မှ ကိစ္စဝိစ္စတွေဖြစ်လာခဲ့ရင် ရှင်းမရဘဲ ရှုပ်ကုန်မှာစိုးလို့ ကိုယ် ကြိုပြီးမေးနေရတာ"

"ပြာ ... ပြာ ... တစ်ခါမှ မချစ်ဖူးဘူး"

ဆည်းဆာအောက်မှာ မျက်နှာလေးက ပိုရဲသွားလေ၏။ ယုံပါသည်။ ငယ်သေးကြွယ်သူမို့ အချစ်နှင့် မတွေ့ထိဖူးမှန်း သိသာစေသည်ကိုး။ သို့သော် သူ ကြည်ပြာ့ကို ချစ်၍မရပါချေ။

"ဒါဖြင့် ကိုယ်နဲ့ပတ်သက်ပြီး ကြည်ပြာ စဉ်းစားမယ်ပေါ့"

ခေါင်းကို ဆတ်ခနဲညိတ်ပြသည်။ ဒါ အဖြေလား။ မဟုတ်သေးပါ...



www.burmeseclassic.com

www.burmeseclassic.com



သူမ နှလုံးသားက သူ့ကို လှုပ်ရှားရင်ခုန်စေအောင် ဖန်တီးပေးနိုင် မလား။

"သေချာစဉ်းစားနော် ကြည်ပြာ၊ ကြည်ပြာ့ဘဝတစ်ခုလုံးအတွက် မှ ယွင်းသွားလို့မဖြစ်ဘူး"

"ပြာ နားလည်ပါတယ်၊ မာမာနဲ့ပါပါက ပြာ့ကို ငယ်ငယ်လေးကတည် က လမ်းညွှန်ပေးခဲ့တဲ့မိဘတွေပါ၊ မာမာတို့ ရွေးပေးခဲ့တဲ့လူက ပြာ့ကို စိတ်ချမ်းသာအောင် ထားနိုင်လိမ့်မယ်လို့လဲ ယုံကြည်နေပါတယ်"

သူ အံ့သြသွားမိ၏။ ကလေးတစ်ယောက်သာသာအရွယ်ကလေးက ဒီလို တစ်ထစ်ချအတွေးမျိုး တွေးမိပေမယ့် ဒါမျိုးကို သူ ဘာကြောင့် မတွေးဖြစ်တာလဲ၊ ဒီအရွယ်မှာ စိတ်လှုပ်ရှားရင်ခုန်ခွင့်ရတဲ့အချစ်ဆိုတာ ကို သူ တောင့်တနေမိတာ မှားများမှားနေပြီလား။

"အချစ်ဆိုတာကိုရော ထည့်မတွက်ဘူးလား ကြည်ပြာ"

သူမ သူ့ကို ဖျတ်ခနဲ မျက်လွှာပင့်၍ကြည့်လိုက်ပါ၏။ ချက်ချင်းပင် အကြည့်ကိုလွှဲကာ ယုဇနပင်ရုံဘက်သို့ ပို့လိုက်သည်။

"အချစ်ဆိုတာ ပြာတို့လို မိန်းကလေးတွေအတွက် စိတ်ကူးယဉ်ရုံ သက်သက်ပဲ ကောင်းပါတယ် ကိုကို၊ တကယ်တမ်း လက်တွေ့မှာ ဘဝ အတွက် အဲဒီအရာက သိပ်အရေးမပါလှပါဘူး။ ပြာက ရွေးချယ်ခွင့်မရှိတဲ့ သူပါ၊ ဘာဖြစ်လို့လဲဆိုတော့ ပြာကိုယ်တိုင် သူများရွေးချယ်တာကိုပဲ ခံရတဲ့ သူ ဖြစ်နေလို့ပါလေ"

ကိုကို တဲ့၊ လွှတ်ခနဲထွက်လာတဲ့ ဝိသေသကို သူ ကြားပါ၏။ ကြည့် စမ်း ! ဒီကောင်မလေးရဲ့ရင်ထဲမှာ လေးနက်ခြင်းတွေရှိနေတာ အမှန်ပါ ပဲလား ...။





"ကြည်ပြာ ဆိုလိုတာက ကိုယ်က ကြည်ပြာ့ကို ရွေးချယ်လိုက်တယ်၊ ဒီလိုလား"

"အကုန် အကျုံးဝင်တာပါ ကိုကို၊ ကိုကို့ပတ်ဝန်းကျင်မှာ ပြာ့ထက်သာ တဲ့မိန်းကလေးတွေ အများကြီးရှိနေမှန်း ပြာ သိပါတယ်၊ အဲဒီထဲကမှ ဘာလို့ ပြာ့ကိုရွေးချယ်ခဲ့တာလဲ၊ ကိုကို အသိဆုံးပဲနေမှာပါ"

"မှားနေပြီ ကြည်ပြာ၊ မင်းကို ကိုယ် ရွေးချယ်ခဲ့တာ မဟုတ်ရပါဘူး"

မျက်လုံးဝိုင်းဝိုင်းလေးတွေ ပြန်လှည့်ကြည့်လာလေ၏။ နှုတ်ခမ်းဖူးဖူး လေးမှာ အပြုံးတို့ ခိုဝင်လာပါသည်။ လှတာထက် အပြစ်ကင်းစင်သည့် ချစ်စရာကောင်းမှုဖြင့် ပြည့်စုံသည့်ကောင်မလေးပါလား။

"ကျေးဇူးပြု၍ အမှန်အတိုင်း ဖွင့်မပြောပါနဲ့လား ကိုကို"

"ဟင် !"

"ဟုတ်တယ်လေ၊ ပြာက လက်ရှိ မိဘအရိပ်မှာခိုနေရတဲ့ ကျောင်းသူ လေး တစ်ယောက်ပါ၊ ဒီတော့ မာမာတို့ ကြိုးဆွဲရာမှာ ပြာ 'က'နေရမှာ အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် ဘယ်မိဘကမှ ကိုယ့်သားသမီးတွေကို ဒုက္ခရောက် စေတဲ့ ဆုံးဖြတ်ချက်မျိုး ချပေးမှာမဟုတ်ဘူးလေ"

သူ မျက်မှောင်ကြုတ်သွားရချေပြီ။ သူမ ဆိုလိုပုံက သူ့လို အလုပ်လုပ် နေတဲ့ သားတစ်ယောက်အနေနဲ့ မေမေ ပြောသမျှကို ငြင်းပယ်ရဲရမည်ပေါ့၊ ဒီလိုလား...၊ မရေရာပါချေ။

"ကိုယ်က အမေတစ်ခု သားတစ်ခုဘဝပါ ကြည်ပြာ"

"ပြာ သိပါတယ်၊ ပြာ နားလည်တယ်၊ ပြာ့စကားတွေကို အထင်မမှား ပါနဲ့ ကိုကို၊ ပြာက ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်မိတာပါ၊ စိတ်ထဲမှာ ပြောချင်တာ တစ်ခုတည်းပါပဲ၊ အဲဒါကတော့ ကိုကို့ကို ပြာ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလို့ ဘယ်လိုမှမမှားနိုင်ဘူးဆိုတာကိုပေါ့၊ ပြာ စိုးရိမ်နေတာက ကိုကို့အတွက်ပါ"

"ဘယ်လို…၊ ဘာကိုဆိုလိုတာလဲ ကြည်ပြာ"

သူမက ထိုင်နေရာမှထ၍ ရပ်ကာ ခုံတန်းနောက်ကျောကို လျှောက်သွားလေ၏။ သူ စိုက်ကြည့်နေတာကို မခံနိုင်ဘူးထင်ပါရဲ့။

"ဘာဖြစ်လို့လဲဆိုတော့ ဆန္ဒမပါဘဲ ကိုကို လိုက်လျောပေးလိုက်ရမှာကိုပါ"

"ကြည်ပြာ … ကိုယ် …"

"ပြာ သိနေပါတယ်၊ ကိုကို့မျက်ဝန်းထဲမှာ ပြာ့အပေါ် ရိုးသားခြင်းတွေ ရှိနေတယ်ဆိုတာလေ …"

အလို ! ဒီကောင်မလေး ဒီလောက်ထိမြင်တတ်နေပါရောလား၊ ထူးဆန်းလိုက်တာ၊ သူ အထင်မကြီးတဲ့ မိန်းကလေးဆီမှာ ဒီလို လေးနက်ခြင်းတွေ ရှိနေတာကိုး …။

"ကိုကို့ကို နောင်တမရစေချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတာ ကိုကို အသိဆုံးဖြစ်ပါလိမ့်မယ်၊ ကိုကို့ခေါင်းတည့်တည့်မှာ လူနှစ်ယောက်ရဲ့ဘဝဟာ အပြောင်းလဲကြီးပြောင်းလဲသွားနိုင်တယ်လေ၊ အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ် သာယာနိုင်မလဲ ကိုကို စဉ်းစားကြည့်ပါ"

"ကိုယ် အံ့သြမိတာ အမှန်ပဲ ကြည်ပြာ၊ မင်းဆီမှာ ဒီလိုလေးနက်မှုတွေ ရှိနေလိမ့်မယ်လို့ ထင်မထားမိဘူး၊ တကယ်ပါပဲ"

"ဟုတ်ပါတယ်၊ အစကပြောလဲ ဒီလိုစကားလုံးတွေ မပြောတတ်ခဲ့ပါဘူး၊ အရွယ်နဲ့အချိန်က သင်ပေးခဲ့တာကို ဝန်ခံပါတယ် ကိုကို"





"ဒါဆို ကိုယ် ဘာဆက်လုပ်ရမှာလဲ"

"ဆုံးဖြတ်ချက်ချဖို့ပါ၊ ကိုကို့ဘဝကို ကိုကို့စိတ်ကြိုက် ထူထောင်နိုင်တာ အကောင်းဆုံးပဲလေ၊ အန်တီ့စကားကိုနားထောင်ပြီး တစ်ဘဝလုံး စိတ်ဆင်းရဲခံနိုင်မလား၊ ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး စိတ်ချမ်းသာမှု ယူနိုင်မလား၊ အဲဒီနှစ်မျိုးတည်းပါပဲ"

သူ ခေါင်းညိတ်ပြလိုက်ပါ၏။ သိပ်မှန်တဲ့စကားလုံးရွေးချယ်မှုတွေပါပဲလား ကြည်ပြာရယ်။ ကိုယ်တောင် ခုထိ ဒီလိုမျိုး မတွေးမိတာ အမှန်ပါပဲ။

"ကိုယ် မေမေ့ကို ဆန့်ကျင်မိရင် ကြည်ပြာ နစ်နာသွားမှာကို စိုးရိမ်တာပါ"

"တရားမှမဝင်သေးတာဘဲ ကိုကို၊ နောက်မကျခင်ပြင်ဆင်တာက ပိုပြီးမကောင်းဘူးလား"

"ဒါဖြင့် မင်းလဲ ကိုယ့်ကို စိတ်မဝင်စားဘူးပေါ့နော်"

သူမ အသံတိတ်သွားလေ၏။ သူ လှည့်ကြည့်တော့ သူမက ကျောခိုင်းရပ်နေပါသည်။ ဝတ်ထားသည့် blouse ပွပွလေးက သွယ်လျသည့်ကိုယ်ခန္ဓာနှင့် အချိုးတကျရှိနေလေ၏။ ငယ်သော်လည်း လှသည့်မိန်းကလေး တစ်ယောက်ပါလေ။

"ပြာ ပြောခွင့်မှမရှိဘဲ ကိုကို၊ ပြာ ပြောပြီးသားလေ၊ ပြာ က ရွေးချယ်ရတဲ့သူ မဟုတ်ဘူးလို့၊ မာမာ ပြောတဲ့စကားတွေကိုပဲ ခေါင်းထဲထည့်ထားမိတာပါ၊ ကိုကို့လို ဆရာဝန်တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတဲ့ မိန်းကလေးတစ်ယောက်အတွက် ဘယ်လိုနစ်နာမှုမျိုးမှ မရှိနိုင်တာကို ပြာလဲသိနေတာပဲ၊ ပြာက ကိုကို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရစေချင်တာလေ"

"ကြည်ပြာ … ကိုယ် တစ်ခုသိပါရစေ၊ မင်းရင်ထဲမှာ အချစ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးပြီလား"

သူမ မဲ့ပြုံးလေးပြုံးလိုက်လေ၏။ သူနှင့်မျက်နှာချင်းဆိုင်လိုက်တာမို့ ထိုအပြုံးလေးကို မြင်ဖြစ်အောင်မြင်လိုက်ရလေသည်။ ဘာဖြစ်လို့များ ဒီလို ပြုံးလိုက်တာပါလိမ့်။

"မသိချင်ပါနဲ့လား၊ ကိုကို သိသွားလို့ရော ဘာများထူးမှာမို့လဲ"

"ကိုယ် အံ့ဩရလွန်းလို့ပါ ကြည်ပြာ၊ မင်းဘက်က ဒီလောက်ထိ နားလည်မှုရှိနေတာကို ကိုယ် ငြင်းလိုက်ရင် မင်း ဘယ်လောက်အတိုင်း အတာထိ နစ်နာမလဲဆိုတာကို ထည့်မတွက်တာ ဘာကြောင့်လဲ"

"ပြာ မပြောပါရစေနဲ့ ရင်ထဲမှာ သိုသိပ်စွာ လျှို့ဝှက်ထားတဲ့ အရာ တစ်ခုကို ဘယ်သူမှမသိလေ ပိုကောင်းလေလို့ပဲ ပြာ ယူဆထားလို့ပါ"

"ကျေးဇူးတင်ပါတယ် ကြည်ပြာ၊ တကယ်ပါ၊ ကိုယ်က အတော်လေး ညှိယူရမယ်လို့ ထင်ထားတာလေ"

"ဒါဆို ကိုကို့မှာ ချစ်သူရှိနေတယ်ပေါ့"

မျက်ဝန်းတွေ လက်ခနဲဖြစ်သွားလေ၏။ သူ စိုက်ကြည့်နေတာကို ဒီ တစ်ခါဖြင့် ရှောင်မသွားပါချေ။ အတော့်ကို ပဟေဠိဆန်လှသည့် မျက်ဝန်း တွေပါလား။

"ကိုယ် သူ့ကို ဖွင့်မပြောရသေးပါဘူး"

"ကိုကို ကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်"

"Thanks ပါ ကြည်ပြာ၊ မင်းလဲ မင်းချစ်တဲ့သူနဲ့ ဆုံစွင့်ရဖို့ ကိုယ် ပြန်ပြီးဆုတောင်းပေးပါတယ်"

မျက်လွှာချ၍ ခေါင်းညိတ်ပြတာမို့ သူမ လက်ဖျားလေးနှစ်ဖက်ကို သူ ဆုပ်ကိုင်ကာ နှစ်သိမ့်ပေးလိုက်ပါသည်။ အို … အေးစက်လွန်းလှချည်





လား၊ သူ နှုတ်ဆက်၍ ကျောခိုင်းထွက်ခွာခဲ့စဉ် ပါးပြင်ထက် စီးကျသွား သည့် မျက်ရည်တစ်ပေါက်ကို မမြင်လိုက်ရပါလေ ထိုစဉ်က တစ်ဖက် သတ်ချစ်နေသည့် မိန်းကလေးတစ်ယောက်၏ ဖျတ်ခနဲအက်သွားသည့် နှလုံးသားကြေကွဲသံတွေကို သတိမထားမိခဲ့တာ အမှန်ပါပဲ။ တကယ် တော့ ကြည်ပြာ့ရင်ထဲမှာ သူ ရှိနေလိမ့်မည်ဟု ထင်မထားခဲ့မိတာကိုး…။



www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

"မောင့်ကို Rose သိပ်ချစ်ပါတယ်"

အဖြေပေးသည်နှင့်အတူ ရင်ခွင်ထဲသို့ တိုးဝင်လာသည့်ခန္ဓာကိုယ် ကျစ်ကျစ်လေးကို သူ ပွေ့ဖက်ထားလိုက်မိ၏။ ချိုမြမြရေမွှေးနံ့က သူ့စိတ် ကို ပို၍လှုပ်ရှားစေနေလေသည်။ အချစ်ဆိုတာ ရင်ခုန်ခြင်းပဲ မဟုတ် လား။

"Rose ကို မောင့်မေမေက သဘောတူနိုင်ပါ့မလား။ Rose က ခေ ဆန်လွန်းတယ်လေ"

"ရင်ဆိုင်ရမှာပေါ့ကွာ၊ ကိုယ်က မင်းကိုမှရွေးချယ်မိတာကိုး"

"Rose က မောင့်ကို အရင်ဆုံးစပြီး စိတ်ဝင်စားမိတဲ့သူပါကွယ်"

မေးဖျားမှာ နွေးခနဲဖြစ်သွားရ၏။ သူ့ကို သူမ သိပ်ချစ်မှန်း ယုံကြည် သည်။ မျက်ဝန်းတောက်တောက်လေးတွေ နှုတ်ခမ်းချိုချိုလေးတွေ ချစ်စကားတွေ အများကြီး ပြောတတ်နေခဲ့သည်ကိုး ...။

"မောင် Rose ကို အထင်မသေးတာဘဲ ကြိတ်ပြီး ကျေးဇူးတင်နေ တယ်၊ Rose က ရေလာမြောင်းပေးအလုပ်တွေကို မရှက်တမ်း လုပ်





တာကိုး"

"အချစ်က အရာရာကို ပြောင်းလဲစေနိုင်ပါတယ် Rose ရယ်"

သက်လျာနှင့်သက်နောင်တို့က တရားဝင်ချစ်သူဖြစ်အပြီး တစ်လ အကြာမှာ သူမထံမှအဖြေကို သူ ရခဲ့ခြင်းဖြစ်လေ၏။ ဘယ်သူတွေ ကန့် ကွက်ကြဦးမလဲ။ မေမေကအစ မနှစ်သက်ခဲ့ဘူး တဖွဖွပြောခဲ့ပါလျက်၊ သက်လျာတို့ အခါခါတားနေပါလျက် ထိုတွန်းအားတွေကပဲ သူနှင့် သူမကို ပို၍နီးကပ်လာစေခဲ့တာ မဟုတ်ပါလား။ လူကုံထံအသိုင်းအဝိုင်းထဲမှာ ကျင်လည်ဝင်ဆံ့နေပါသည့် သူမကို လူတွေ ဘာကြောင့်များ အမြင် မကြည်လင်ကြတာပါလိမ့်၊ သူ တွေးမရပါချေ။

"Rose က ဒက်ဒီ့ကို ရင်ဆိုင်ရဲပါတယ်၊ မောင်သာ မောင့်မေမေနဲ့ပြော ဖို့ သတ္တိမွေးထားပါ"

"ကိုယ်မှာ ရင်ဆိုင်ဖို့အင်အားတွေ အပြည့်ရှိပါတယ် Rose ရဲ့"

"Rose ကိုချစ်ရင် မောင် အလိုလိုက်ရမှာနော်"

ရင်ခွင်ထဲမှ မျက်လုံးဝင့်ကြည့်ကာ ဆိုတော့ သူ ပြုံးလိုက်မိ၏။ တစ်နှစ် သာကွာသော်လည်း သူမက သူ့ကို ချွဲချွဲပျစ်ပျစ်လေးပြောတတ်လေ့ ရှိ သည်ကိုး ...။

"Rose က ဘယ်လောက်ထိများ ဆိုးမှာမို့လဲ"

သူမက ချစ်စဖွယ်ရယ်မောလိုက်လေ၏။ သူ့ရင်ဘတ်မှာ Sport shirt ကြယ်သီးလေးကို ကလေးတစ်ယောက်လို ဆော့ကစားနေပြန် သည်။

"Rose က အသုံးအဖြုန်းကြီးတယ်၊ တစ်မျိုးပြီးတစ်မျိုး ပေါ်သမျှ ပူဆာရင် မောင် စိတ်ဆိုးမှာလားဟင် !"



www.burmeseclassic.com

www.burmeseclassic.com



နဖူးကို ခပ်ဖွဖွထုလိုက်မိ၏။ အသည်းယားစဖွယ် ပြောတတ်သည်ကို အနီရင့်ရောင် နှုတ်ခမ်းလွှာကြားမှ ထွက်လာသည့်စကားသံတို့က သူ့နာ ထဲမှာ ပျားရည်သဖွယ် ချိုမြနေသည်မှာ အမှန်ပင်။

"Rose သုံးသလောက် ကိုယ် ရှာနိုင်ပါတယ်"

"Rose စရိုက်တွေအားလုံးကိုတော့ မောင် ပြင်နိုင်းလို့မရဘူးနော် Rose က နဂိုကတည်းက ခြေရှည်တယ်"

"ကိုယ်နဲ့ပွဲအတူတူဟာက်နိုင်မယ့် မိန်းကလေးတစ်ယောက်ကို ရွေး ချယ်ခဲ့တာ မှားနိုင်မလား Rose ရယ်၊ Rose လိမ္မာရင် ကိုယ်ရှာသမျှ Rose အကုန်ရမှာပါ"

"Rose က မောင် မရှာပေးလဲ ဒက်ဒီ့ဆီ သွားတောင်းမှာပေါ့။ Rose တစ်သက် စားမကုန်တဲ့ ပစ္စည်းဥစ္စာတွေ ဒက်ဒီ့ဆီမှာ အများကြီးရှိနေတာ မောင် အသိပါ"

"ဟုတ်ပါတယ်၊ ကိုယ် သိပါတယ် Rose ရယ်"

"မောင် Rose ကို တကယ်ချစ်မှန်း ယုံသွားပါပြီ၊ တကယ်ပါ"

သူ နှစ်မြိုက်စွာပြုံးလိုက်မိပါ၏။ လက်ဖဝါးနုနုကို ဆုပ်ကိုင်၍ ကားဆီ ကို လျှောက်လာစဉ် သူမက သူ့လက်မောင်းကိုမှီ၍ ပါလာလေသည်။ သူမအပေါ်မှာလည်း ဤသို့ပင် ချွဲနွဲ့လေ့ရှိတာပဲလားဟု မဆီမဆိုင် တွေးလိုက်မိ၏။

"Rose က ဒီညမှာပဲ ဒက်ဒီ့ကို ပြောတော့မှာနော်၊ မောင်ကရော..."

"ကြိုးစားမှာပေါ့"

"ဟင်းဟင်း ... မောင့်မေမေက မောင့်ကို ခေါ်ပွမှာ မြင်ယောင်မိသေး တယ်"





"Rose ကလဲကွာ ကိုယ့်မေမေကို မချစ်တဲ့အတိုင်းပဲ"

"Rose က မှန်လို့ပဲကျင့်တယ် မောင်ရဲ့၊ Rose ကို ဖြူရင် ဖြူဖို့ ဝန် မလေးသလို မည်းရင်လဲ ပြန်မည်းဖို့ ဝန်မလေးဘူး။ မောင့်အိမ်ပေါ်ကို မျက်နှာငယ်လေးနဲ့တက်လာမယ့် သေးနုပ်တဲ့ချွေးမဘဝမျိုး Rose မဖြစ် နိုင်တာကို မောင် သိပါ။ Rose ဒက်ဒီလို Rose အပေါ်ကို မလိုက်နိုင် တောင်မှ နားလည်မှုတွေ အများကြီးပေးဖို့တော့လိုတာ အမှန်ပဲ"

"မေမေက ကိုယ်တို့ကို နားလည်မှာပါလေ"

"စောင့်ကြည့်တာပေါ့ မောင်၊ သဘောမတူဘူးလို့ မောင့်မေမေ ငြင်း ဆန်ရင်တောင် Rose တို့ Wedding ကို ဒက်ဒီက ခမ်းခမ်းနားနားလုပ် ပေးမှာ သေချာပါတယ်။ Rose ဘဝမှာ တစ်ခါမှ မျက်နှာတစ်ချက်အညှိုး မခံခဲ့တဲ့ အဖေမျိုးမဟုတ်ဘူး၊ မောင်ကရော Rose အပေါ် အလိုလိုက်နိုင် ပါ့မလား"

"ကိုယ်ချစ်လို့ ရွေးချယ်ခဲ့ပြီပဲ Rose ရယ်"

လက်ဖျားကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်မိသည်။ သေချာမှုရှိနိုင်ပါ့ မလား။ မေမေ ဝုန်းဒိုင်းထကြဲရင် သူ ဘာဆက်လုပ်ရမလဲ။ ဒီသားလေး တစ်ယောက်တည်းမို့ ရင်နှင့်အောင်ချစ်ပါသော်လည်း သူ့ကို ဖူးဖူးမှုတ် အလိုလိုက်မှုမျိုးတော့ မေမေ မပေးခဲ့ပါချေ။ Rose ကို အိမ်အထိ ပြန်ပို့ အပြီး အိမ်ကိုပြန်တော့ မေမေက အဆင်သင့်စောင့်စနေလေ၏။ အိမ်တံခါး ကိုဖွင့်ပေးပြီး သူ ဝင်လာတော့ မေမေ့ထံမှ မေးခွန်းက အရင်ဆုံးထွက်လာ လေသည်။

"မိုးချုပ်လှချည်လား သား"

"ညှိုသည်ကို ပြန်ပို့ပေးနေရလို့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့နောက်မှ ပါလာတာမို့ သက်ပြင်းရှိုက်လိုက်မိ၏။ ချစ်သူဆီမှအပြန် စိတ်ကူးယဉ်ပျော်ပိုက်ခွင့်တောင် မရှိပြီလား။

"မေမေ သားကို ထမင်းအတူစားဖို့စောင့်နေတာ"

"စားနှင့်တာမဟုတ်ဘူး မေမေရယ်၊ ကျွန်တော် သိပ်မဆာတော့လို့ စားဖြစ်ချင်မှ စားတော့မှာ"

အခန်းထဲထိ လိုက်ဝင်လာသည့် ဒေါ်စမ်းသီတာက သားဖြစ်သူ၏ နောက်ကျောကိုကြည့်ရင်း သက်မကို ချလိုက်မိလေ၏။ မိမိ မွေးထားသည့်သားပေပဲ၊ အရိပ်အကဲကြည့်ရုံဖြင့် ဘယ်ကပြန်လာပြီး ဘယ်သူနဲ့တွေ့လာသလဲ ဆိုတာကို သိနိုင်ပါ၏။ ဩော် … သားတောင်မှ အမေကို လျှို့ဝှက်တတ်နေပြီပဲ။

"သား မပါဘဲနဲ့ မေမေ ဘယ်တုန်းကများ ညနေစာ စားခဲ့ဖူးလို့လဲ"

"ကျွန်တော် ဒီည ရင်ပြည့်နေလို့ပါ မေမေ"

"သားစိတ်ထဲမှာ မေမေ့ကိုချန်ရစ်ခဲ့ဖို့ ပြင်ဆင်နေပြီဆိုတာ မေမေ ရိပ်မိပါတယ်"

"မေမေ …"

"မေမေ့သားက မေမေ့အပေါ် အတော်ချစ်ရှာတာပဲကိုး၊ အင်းပေါ့လေ… (၁၅၀၀)နဲ့(၅၂၈) အင်အားချင်းတော့ ဘယ်တူပါ့မလဲ"

သူ အံ့ဩစွာဖြင့် မေမေ့ကို လှည့်ကြည့်လိုက်တော့ မေမေက သူ့အခန်းပြတင်းဝနားမှာ သွားရပ်နေလေ၏။ ဘယ်လိုဖြစ်ပြီး သူ ချစ်သူထားလိုက်တဲ့ကိစ္စကိုများ သိနေရတာလဲ။

"မေမေ့ကို ချန်ထားရစ်ခဲ့ဖို့ ကျွန်တော် တစ်ခါမှ မတွေးခဲ့ဖူးပါဘူး မေမေ"





"ပြောလို့ရမလား သားရဲ့၊ ဆူးနှင်းဆီဟာ တစ်ဦးတည်းသောသမီး၊ သူ့ကို သားယူရင် သူ့အဖေက သူနဲ့ခွဲပြီး သားနောက်ကို ထည့်ပေးလိမ့်မယ်လို့ မထင်နဲ့ မျက်စောင်းတစ်ချက်ဆိုးမကြည့်ဘဲ မျက်စိတစ်ဆုံးကြည့်ပြီး ဆုံးဖြတ်ချက်ဆိုတာကို ချရတယ် နေဝန်းနီ"

"ဗျာ …! မေမေ … ကျွန်တော်နဲ့ Rose ကို …"

သူ့စကား လမ်းတစ်ဝက်မှာပင်ရပ်သွားပါ၏။ မေမေ့ထံမှ မဲ့ပြုံးတစ်ခုကို သူ မြင်လိုက်ရသည်ကိုး။ မျက်ဝန်းထဲမှ ကြေကွဲရိပ်တွေကိုပါ သူ တွေ့လိုက်ရလေ၏။

"မေမေက သား အိမ်က နေ့စဉ်ထွက်သွားတိုင်း သားရဲ့နောက်ကျောမှာ မေမေ့မျက်လုံးတစ်စုံကို အမြဲကပ်ပေးလိုက်တာပါ နေဝန်းနီ၊ ဘယ်နေ့ဘာလုပ်သလဲဆိုတာတွေကို သား မပြောဘဲနဲ့ မေမေ အလိုလိုသိပြီးသားပါ။ အထူးသဖြင့် ဒီနေ့ သား ချစ်သူနဲ့တွေ့ခဲ့တယ်ဆိုတာကိုပေါ့ …"

သူ ပါးစပ်အဟောင်းသားဖြင့် မေမေ့ကို ငေးနေမိလေ၏။ မေမေ ဘယ်လိုများသိနိုင်ပါသလဲ။

"သိပ်မအံ့ဩပါနဲ့ သားရဲ့၊ သားကိုယ်မှာစွဲလာတဲ့ သုံးနေကျမဟုတ်တဲ့ ရေမွှေးရနံ့နဲ့၊ ပြီးတော့ …"

မေမေက စကားကို ဆက်မပြောသေးဘဲ သူ့ရင်ဘတ်ကို စူးခနဲ တစ်ချက်ကြည့်ကာ လက်ပိုက်ထားလိုက်လေ၏။

"သားရင်ဘတ်ပေါ်ကနှုတ်ခမ်းနီကို မြင်ရုံနဲ့ သားချစ်သူ ဘယ်သူလဲဆိုတာ သိသာနိုင်ပါတယ်၊ မဟုတ်ဘူးလား"

သူ ယောင်ယမ်းစွာဖြင့် ပါးစပ်ကိုငုံ့ကြည့်တော့ Sport shirt အဖြူပေါ်မှာ စွန်းပေနေသည့်နှုတ်ခမ်းနီအချို့ကို တွေ့လိုက်ရပါ၏။ မျက်နှာပူ



www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် မေမေ့ထံမှအကြည့်ကိုလွှဲထားမိလိုက်ပါသည်။

"အဝတ်အစားမှာ စွန်းပေတာမျိုးကို စင်ကြယ်အောင်လျှော်လို့ ရနိုင်ပါတယ် သား၊ ဒါပေမယ့် ဘဝမှာ စွန်းထင်းသွားရင်တော့ ဘယ်နည်းနဲ့မှ ဖျောက်ဖျက်လို့မရနိုင်ဘူးဆိုတာကို သား သိထားပါ"

"ကျွန်တော် Rose ကို ချစ်တယ် မေမေ"

မေမေ့ထံမှ သက်ပြင်းချသံ ခပ်ကျယ်ကျယ် ထွက်လာပါ၏။ ဘယ်လိုလုပ်ရမှာလဲ၊ သူနှင့် Rose က အသည်းချင်းဖလှယ်ပြီးပြီဖြစ်တဲ့ ချစ်သူတွေလေ၊ မေမေ ဘယ်လိုများတားချင်ပါသေးသလဲ။

"သားရဲ့ ဓဝဖန်ပိုင်းခြားနိုင်တဲ့ ဦးနှောက်တွေကို မှိုင်းမိသွားတာကိုး၊ မေမေ စိတ်မကောင်းပါဘူး၊ မဖြစ်စေချင်လို့ စ,မြင်လိုက်ကတည်းက မေမေ တားမြစ်ခဲ့တာပါ၊ ဒါပေမယ့် မေမေ့သားက စိတ်ကို အလိုလိုက်တဲ့ သူတစ်ယောက်ဖြစ်နေတယ်လေ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေ၊ ကျွန်တော် Rose ကိုပဲ လက်ထပ် ပါရစေ"

"ဒီအတိုင်းဆုံးဖြတ်လိုက်တာကို မပြင်ဘူးပေါ့"

"ဟုတ်ပါတယ်"

"ကောင်းပြီလေ၊ မေမေကတော့ သားကို အဆုံးစွန်ထိ မလိုက်လျှ ပေးနိုင်ဘူး၊ ဒါ သားထိုက်နဲ့သားကံပါပဲ၊ မင်း ရွေးချယ်တဲ့လမ်းကို ရဲရဲ ဆက်လျှောက်၊ မေမေ့သဘောထားကတော့ ဘယ်တော့မှ ပြောင်းလဲ သွားမှာမဟုတ်ဘူး နေဝန်းနီ၊ သားက အင်မတန်မှ အပြစ်ကင်းတဲ့ သိုးဖြ လေးပါ၊ မာယာများတဲ့ ဝံပုလွေအုပ်ထဲမှာ နေလို့ဖြစ်မလားဆိုတာကို မေမေ စောင့်ကြည့်သေးတာပေါ့"





"မေမေ ..."

မေမေက သူနှင့်ရှေ့တည့်တည့်မှာ လာရပ်လိုက်ပြီး တည်ငြိမ်စွာဖြင့် ဆက်ပြောလိုက်လေ၏။

"တော်ဝင်ပန်းဆိုတာ အမြင့်မှာပေါက်မှ နန်းထက်ရောက်ရတာမျိုး မဟုတ်ဘူး သား၊ ရွှံ့ထဲမှာပေါက်တဲ့ ကြာပွင့်လေးကတောင် အချိန်တန်ရင် တော်ဝင်နန်းထိုက်ဘဝ ရောက်နိုင်ပါသေးတယ်၊ မေမေ့သား ရွေးချယ်တဲ့ ဖနီးလောင်းဟာ ဘယ်လောက်ပဲ ဆင်းရဲနုံချာနေပါစေဦးတော့ ဟိရိ ဩတ္တပ္ပတရား၊ ဂါရဝတရားနဲ့ပြည့်စုံတဲ့ချွေးမမျိုးဆိုရင် အချိန်မရွေး မေမေ့ အိမ်တံခါးကို ဖွင့်ထားမယ် နေဝန်းနီ၊ မင်း ရွေးချယ်လိုက်တဲ့ ဆူးနှင်းဆီလို လှုပ်ပေါ်ဘေးလီ မိန်းကလေးအတွက် မေမေ့အိမ်ထဲမှာ နေရာလပ် လုံးဝ မရှိဘူး"

"မေမေ ... ကျွန်တော် Rose ကို ဒီအိမ်ပေါ်ခေါ်လာဖို့ အစီအစဉ် မရှိပါဘူး"

"ခေါ်လာလို့လဲ အခွင့်မှမရှိဘဲ သားရဲ့၊ သားကို သူနဲ့ မေမေ သဘောမတူဘူး၊ ဘယ်လိုမှ ထောင့်မကျိုးနိုင်မယ့်ချွေးမကို နိစ္စဓူဝ မျက်စိလဲ အနှောက်မခံနိုင်သလို စိတ်လဲအရှုပ်မခံနိုင်ဘူး သား၊ ဆုံးဖြတ်ပြီးရင်တော့ သား လျှောက်ချင်တဲ့လမ်းကို သတ္တိရှိရှိ လျှောက်ပေါ့လေ၊ သား သိထားဖို့က အဲဒီမိန်းကလေးကိုယူရင် မေမေ့ကိုတော့ စွန့်လွှတ်ရလိမ့်မယ်"

"မေမေ ... အဲဒီလိုတော့ ..."

"မေမေက သားရဲ့အမေပါ နေဝန်းနီ၊ ယောကျ်ား သေတုန်းကတောင် မျက်ရည်တစ်စက်မကျခဲ့တဲ့ မိန်းမတစ်ယောက်အနေနဲ့ ကိုယ်မွေးထားတဲ့ သားကို စွန့်လွှတ်လိုက်ရလို့ ဝမ်းနည်းကြေကွဲပြီး မျက်ရည်ကျနေမယ်လို့



www.burmeseclassic.com

ထင်မထားလိုက်ပါနဲ့ စမ်းသီတာ ဆိုတာ အင်မတန်စိတ်ခံတတ်မာကျောတဲ့ မိန်းမဆိုတာကို သား သိလိုက်ပါ၊ ကြည်ပြာတို့မိသားစုကို အနူးအညွတ် တောင်းပန်ဖို့ မေမေ အားမွေးပါတော့မယ်၊ မေမေ့ဘဝမှာ နေဝန်းနီဆိုတာ တကယ်ပဲ သေဆုံးသွားပြီဆိုတဲ့ သတင်းထူးတစ်ခုကို လက်ဆောင်ပါးရင်း နဲ့ပေါ့လေ ...”

မေမေက သူ့ကို ကျောခိုင်းလျက် အခန်းထဲမှ ထွက်သွားလေ၏။ သူ့အဖြစ်အပျက်က ဤမျှထိကြီးကျယ်လွန်းလှချည်လား။ အချစ်ကို ဦးစား ပေးမိစဉ်မှာ မေမေ့ကို သူ လက်လွှတ်ရလိမ့်မည်ဟု ထင်မှမထားတာလေ။ မေမေရယ် ကျွန်တော့်ကိုချစ်တဲ့စိတ်လေးတစ်ခုနဲ့ အရာရာကို မျက်စိစုံမှိတ် မထားပေးနိုင်ဘူးလား၊ ကျွန်တော် Rose ကို သိပ်ချစ်လွန်းတာ အမှန်ပါ။ အဲဒီအချစ်တွေဟာ နှောင်တတစ်ခုဖြစ်နေရင်တောင် အဲဒီနှောင်တထဲမှာပဲ ကျွန်တော် နစ်မြုပ်နေပါရစေတော့ ...။

ပါးပြင်ပေါ်စီးကျလာသည့်မျက်ရည်တို့ကို အမြန်သုတ်လိုက်ရပါ၏။ မိမိမျက်ရည်ကြောင့် သားကို မပူလောင်စေလိုပါလေ။ သားအပေါ် ချစ် လွန်းရှာသည့် ကြည်ပြာလေး၏မျက်ရည်တို့ကိုလည်း သုတ်ပေးရဦးမည်။ အချစ်သင့်ခံရတဲ့ ကြည်ပြာလေးရဲ့ဝေဒနာမျိုး သား မခံစားရစေဖို့ ဆု တောင်းရုံကလွဲပြီး မိမိမှ မတတ်နိုင်တာဘဲ။ ရင်မှဖြစ်တဲ့သားကို စွန့်လွှတ် ရတဲ့ မိခင်တစ်ယောက်ရဲ့နှလုံးသားအက်ကွဲသံကိုဖြင့် ချစ်လှစွာသောသား က မကြားနိုင်ပြီဘဲ။ ဩော်.. မေမေ သိပ်ချစ်ရတဲ့သားက အချစ်ကို ဦးစား ပေးခဲ့ပြီကော .....။





[ ၁၀ ]

သတင်းစာထဲမှာ သူနှင့် Rose ၏ လက်ထပ်ပြီးစီးခြင်းသတင်းနှင့် အတူ မေမေ၏ သားအဖြစ်မှစွန့်လွှတ်ခြင်းသတင်းက တွဲလျက်ပါလာလေ ၏။ ထိုစဉ်တုန်းက ဝမ်းနည်းသလိုဖြစ်ခဲ့သော်လည်း Rose ၏ အချော့ အမြူကြားမှာ မေမေ့ကို သူ မေ့ထားခဲ့မိပါသည်။ အိမ်ကြီးထဲမှာ မေမေ တစ်ယောက်တည်း ဘယ်လိုနေရစ်မလဲဟု ယောင်ယမ်း၍မျှ သူ မတွေး တတ်လေခဲ့။ ဆေးရုံအလုပ်တွေ၊ duty တွေကြားမှာ အပိုဝင်ငွေရရန် ဆေးခန်းဖွင့်ရတော့ သူ့ထံမှာ အချိန်ပိုဟူ၍ ရှိမလာတော့ပေ။ ဒီတော့ သူ ဖမ်းထားသည့်ငှက်ကလေးက အတောင်ပံခတ်၍ ပျံချင်လေပြီ။

ည(၁၂)နာရီကျော်မှ အိမ်ပေါ်တက်လာသည့် ဇနီးဖြစ်သူကြောင့် ဖတ် လက်စစာအုပ်ကို စားပွဲပေါ် သူ တင်ကာ သက်မကို ချလိုက်မိ၏။ ဒါ... မိန်းမကောင်းပြန်ချိန်တဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ Rose ... ဒါ မိနစ်မတစ်ယောက် အိမ်ပြန်ရမယ့်အချိန်လား"

"ကွယ် မောင်ကလဲ နည်းနည်းလေးနောက်ကျတာလောက်ကို ရစ်နေပြန်ပါပြီ၊ I ရေချိုးဦးမယ်လေ၊ just the minutes! please..."

သူမက ပေါ့ပေါ့ပါးပါးပြောကာ bathroom ထဲဝင်သွားလေ၏။ သူမ ခုတင်ပေါ် ပစ်တင်သွားသည့် ဂါဝန်က ခုတင်ပေါ် တစ်ဝက် ကြမ်းပေါ် တစ်ဝက် ကျနေလေသည်။ ပစ္စလက်ခတ်ဆိုတာ ဒါမျိုးကိုခေါ် တာပဲထင်ပါရဲ့။ ညားခါစ နှစ်လလောက်က ကြင်နာယုယခြင်းတွေ ဘယ်ဆီကိုရောက်ကုန်ပြီလဲ။ European Types သီးသန့်ခုတင်နှစ်လုံးက အိပ်ခန်း၏ ထောင့်တစ်ဖက်ဆီမှာ အလှမ်းကွာလွန်းနေသည်။

သူ့ဘဝက ဘာလဲ ...၊ လိုချင်မှသုံးတဲ့ အဖြည့်ခံသက်သက်လေပဲလား၊ သွေးအေးလာသည့်နောက် ဆန္ဒတွေလည်း ပျောက်ကုန်ပြီလေ။ နှစ်ကိုယ်တူဆိုတာ သူတို့အိမ်ထောင်မှာ စာရွက်ပေါ် ရေးတဲ့ စကားလုံးလေးလိုပါပဲ မတူညီတဲ့ဘဝနှစ်ခုကို ပေါင်းစည်းခဲ့တာ သူကိုယ်တိုင်ပဲ တရားခံဖြစ်နေခဲ့ပြီလေ။

"စိတ်ကောက်နေတာလား မောင်"

နောက်ပါးဆီမှ ပွေ့ကပ်လာသည့်အတွေ့ကို သူ ရုန်းလိုက်တော့ သူမက ခပ်လှောင်လှောင် ရယ်မောလိုက်လေ၏။ ယောက်ျားတစ်ယောက်ကို ဒီလိုအချိန်မှာပဲလိုအပ်သည်ဟု သူမ ယူဆထားလေသလား၊ ရင်နာရသည်မှာ အမှန်ပင်။ ရေတို့ စွတ်စိုနေသည့်မျက်နှာပြင်မှာ အခြယ်အသ မရှိတော့လည်း သာမန်မိန်းမတစ်ယောက်နှင့် ဘာမှမထူးခြားလှ။ ဩော်... နှင်းဆီရနံ့တို့က နှစ်သက်လွန်းသူရဲ့ နောင်တတွေပေါ့လေ။





"ဘယ်လိုဖြစ်တာလဲ မောင်ရဲ့၊ I နဲ့ ယူက တရားဝင်လက်ထပ်ထားတဲ့ လင်မယားပါနော်၊ ဒီလောက်ထိ လန့်စရာလား"

"စကားကို ကောင်းကောင်းပြောရင် ကောင်းမယ် Rose၊ မင်းပြောတဲ့ စကားက စာချုပ်ပေါ်မှာပဲ အကျုံးဝင်နေတာပါ"

"ဟင်းဟင်း ... မောင်ကလဲကွယ် Rose ကို ဂျီမကျပါနဲ့၊ ဒီလောက် တာဝန်တွေပိနေတဲ့ မောင့်အနားမှာ Rose နေရတာ ပျင်းလို့ လျှောက်သွားတာလေ၊ ဘာဖြစ်လို့လဲ၊ မကြိုက်ဘူးလို့တော့ မဂျစ်နဲ့နော်၊ Rose က နဂိုကတည်းက ဒီလိုပဲ အမြဲသွားနေကျ"

"အဲဒါ မင်း အပျိုတုန်းကလေ၊ အခု အိမ်ထောင်သည်ဖြစ်နေပြီ ဆင်ခြင်သင့်တာပေါ့"

"Rose က မောင့်လို ပုံစံခွက်ထဲမှာ နေလာခဲ့ရတဲ့လူ မဟုတ်ဘူး မောင်ရဲ့၊ တောင်ပံခတ်ပြီးပျံသန်းနေခဲ့တဲ့ ငှက်တစ်ကောင်ကို မောင် လှောင်အိမ်ထဲထည့်ဖို့ စိတ်မကူးပါနဲ့၊ မရဘူး"

သူမ အသံ အနည်းငယ်မာလာပါ၏။ ပြောချင်သည့်စကားလုံးတွေကို သိမ်းထားရတာ မည်မျှကြာခဲ့ပြီလဲဆိုတာကို သူကိုယ်တိုင်ပဲ သိတာပါလေ။

"သွားတာကို မသွားနဲ့လို့ ငါ မတားပါဘူး နှင်းဆီ၊ ဒါပေမယ့် မင်းရဲ့ ဖြတ်ထားတဲ့လူကိုတော့ မတွဲသင့်တာ အမှန်ပဲ"

သူမ ဟက်ဟက်ပက်ပက်ရယ်မောကာ သူ့လည်တိုင်ကို တွဲခိုလိုက်ပါ၏။

"မောင်က I ကို jealous ဝင်တာပေါ့လေ"

"မဆိုင်ပါဘူး"

"မဆိုင်ရင် ဒီစကား ပြောထွက်လာမလား မောင်၊ I ကြောင့် အသည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားရတဲ့ ဂျက်စီကို ဝေဒနာပေါ့ပါးပါစေဆိုတဲ့ ရည်ရွယ်ချက်မျိုး ထားရုံထက် ဘာမှမပိုပါဘူးကွယ်၊ Rose ရင်ထဲမှာ မောင်တစ်ယောက်တည်းပဲ ချစ်တာပါ ... နော်"

သူ့မေးဖျားကိုနမ်းရန် ရွယ်လိုက်တာမို့ သူ ရှန်းလိုက်ပြန်၏။ ဘယ့်နှယ်! ပြောင်းပြန်တွေဖြစ်ကုန်ရတာလဲ၊ ခက်တော့နေပါပြီလေ။

"ကိုယ့်ကို မင်း ချစ်တာမှမဟုတ်ဘဲ နှင်းဆီ၊ တကယ်တော့ မင်းကို မင်းကိုယ်မင်း ချစ်တာပါ"

"ဘယ်လို...! ထူးထူးဆန်းဆန်းစကားတွေချည်း မောင့်ဆီကနေ ဒီည ကြားနေရတာပါလား၊ အံ့ဩစရာကြီး"

"ကိုယ်ပြောတာ အမှန်တွေပဲလေ Rose ရဲ့၊ မင်း ပြန်စဉ်းစားကြည့်ပါဦး၊ မင်းချစ်တဲ့ကိုယ့်ကို မရရအောင် ယူနိုင်ခဲ့တာပဲမဟုတ်လား"

"ဒီလိုတော့ မပြောနဲ့လေ မောင်၊ ယူကိုယ်တိုင် လက်ထပ်ပါရစေဆိုပြီး request လုပ်လို့ ခေါင်းညိတ်ခဲ့တာကို မမေ့လိုက်ပါနဲ့"

"မှန်ပါတယ်၊ မင်းက ကိုယ့်ကို သက်ရှိလူသားလို့ရော သတ်မှတ်ခဲ့လို့လား၊ ပွဲတက်မယားနေရာမှာ အခန့်သားရှိနေပေမယ့် ကျန်တဲ့အချိန်မှာ ကိုယ်က ချောင်ထိုးခံထားရတဲ့ အရုပ်တစ်ရုပ်လို ဘဝမှာ နေနေရတာ အမှန်ပဲ"

"ဩော် ...! ဒါဖြင့် ယူကရော I ကို ဘယ်လောက်များ အချိန်ပေးနိုင်ခဲ့လို့လဲ မောင်၊ ဆေးရုံချိန်ပြင်ပမှာ ဆေးခန်းပါထိုင်တော့ ယူနဲ့ I အတူနေရချိန်က ဘယ်မှာလဲ၊ ရှင်းရှင်းပြောကြေးဆိုရင် ဆေးရုံနဲ့ဆေးခန်းမှာ I ထက် ပိုနီးစပ်ခွင့်ကို ရှင့် Nurse နန်းချယ်ရီပဲ အပိုင်စားယူထားတာမဟုတ်လား"

သူ ပါးစပ်ဟ,သွားရပါ၏။ ဘယ်လိုမိန်းမပါလိမ့်၊ ဆရာဝန်တစ်ယောက်





ကို Nurse တစ်ယောက်နှင့် အလွယ်တကူနှုတ်သရမ်းလိုက်တာ ကြောက်စရာကောင်းလှချည်လား။

"Rose ... မင်း ယူထားတာ ဆရာဝန်နော်"

"I သိတယ်လေ၊ သိသိကြီးနဲ့ယူခဲ့တာပဲ"

"မင်း သိရဲ့သားနဲ့ ဒီစကားမျိုးပြောထွက်ဝံ့တာ အံ့ဩစရာပဲ၊ ငါရှာနေတာ မင်းသုံးဖို့ကွ၊ ဒီလောက်အချိန်ရှားပါးတဲ့ ယောက်ျားဆီက မင်း ဘာတွေကို ထပ်ပြီးလိုချင်သေးလဲ ... ဟင်!"

"ယူ့ဆီက မရနိုင်မှန်းသိလို့ I နေတတ်သလိုပဲ နေလာခဲ့တယ်လေ၊ ယူ မမြင်ဘူးလား မောင်ရဲ့"

"မရဘူး၊ ဒီလို လုံးဝနေလို့မရဘူး နှင်းဆီ၊ အခု အပြင်မှာ ဘယ်လိုသတင်းတွေထွက်နေလဲ၊ မင်း နည်းနည်းမှ မကြားမိဘူးလား"

"ဘာလုပ်မှာလဲ၊ I က ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်တဲ့မိန်းမမျိုးမဟုတ်ဘူး၊ ဒါကို ယူ သိထားပါ"

"ဂရုမစိုက်လို့ ရမလား၊ မင်းလုပ်ပုံတွေက ဟုတ်ကိုမဟုတ်ဘူး နှင်းဆီ၊ ဒီကောင်နဲ့မင်း ဘယ်အဆင့်ထိရောက်နေပြီလဲ၊ မင်းလုပ်ရပ်တွေကို ရပ်တန်းက ရပ်သင့်ပြီ"

"ဘာ ... ရှင် ဘယ်လိုပြောလိုက်တာလဲ၊ I က social ကျချင်သလောက်ကျမယ်၊ ဒီလိုအဆင့်ထိ အရောက်ခံမယ့်မိန်းမ မဟုတ်ဘူး၊ ရှင် စော်ကားလှချည်လား"

"အပြောမခံနိုင်ရင် ဆင်ခြင်ပေါ့ နှင်းဆီ၊ ငါပြောတာက အများကြီးတော်သေးတယ်မှတ်၊ အပြင်မှာပြောနေတာက မင်းအတွက် ရစရာ တစ်ခုမှကို ရှိတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ...! ဂရုမစိုက်ဘူး"

ညှို့ယ်မှာ သူမ၏အော်သံက ဟိန်းစနဲ့ထွက်လာလေ၏။ ပတ်ဝန်း ကျင်ကို ဂရုစိုက်ရမှန်းမသိတဲ့မိန်းမတစ်ယောက်နဲ့ သူ တိုက်ပွဲတွေ ဆင်နွှဲ နေရတာ နှစ်စုနှစ်ဝ ဖြစ်စဉ်တွေပဲလား ...။

"မစိုက်လို့မရဘူး၊ မင်း ဒီနေ့ကစပြီး အသွားအလာ ဆင်ခြင်ပါ၊ ဒီကောင် နဲ့ မပတ်သက်အောင်နေ၊ ဒါပဲ"

"ယူ I ကို ပုံစံမသွင်းနဲ့ နေဝန်းနီ၊ I က လူမြင်ကွင်းမှာ သွားလာနေတဲ့ လူ၊ ယူ့လို ဆေးခန်းထဲမှာ နှစ်ယောက်တည်းဖြစ်ချင်တိုင်းဖြစ်နေတဲ့ ..."

"တာ ...! မင်း ..."

"ဖြန်း! "

သူမ မျက်နှာလည်ထွက်သွားသလို နှုတ်ခမ်းဝမှာ သွေးစထွက်သွား လေ၏။ စူးစနဲ့ကြည့်လာသည့်မျက်ဝန်းတွေကို သူ စပ်ရဲရဲပင် ပြန်ကြည့် လိုက်သည်။ သိက္ခာကို စော်ကားရက်လေခြင်း ...။

"ဟင်းဟင်း ... အနာပေါ် တုတ်ကျတော့ ရှင် နာတတ်သားပဲ"

"ထပ်မပြောနဲ့ နှင်းဆီ၊ မင်းစိတ်ဓာတ်တွေ အတော်ကို အောက်တန်း ကျတာပဲ၊ ငါမှားတာ၊ ငါ အမှားကြီးမှားတာကို ငါ သိလိုက်ပြီ၊ ငါ့အ စောကြီးကတည်းက တားမြစ်ခဲ့တာကို နားမထောင်ခဲ့မိလို့ အခု သိက္ခာတွေကို အစော်ကားခံရတာပဲ"

"တော်စမ်းပါ၊ လူစိတ်မရှိတဲ့ ရှင့်အမေလိုမိန်းမမျိုးကို စကားထဲ ထည့် ပြောမနေပါနဲ့၊ ကိုယ်မွေးထားတဲ့သားကို လက်လွှတ်စပယ် ပစ်ထားရက် တဲ့ မအေမျိုးလဲ လောကမှာ ရှိသေးတာပဲ"

"မင်း ... မင်း မိုက်ရိုင်းလှချည်လား၊ ဆူးနှင်းဆီ၊ ငါ့အမေကိုများ ဒီ





ပြောစရာလား၊ မင်းသာ ..."

သူက သူမ မှန်တင်ခုံအံဆွဲထဲမှ ဆေးကတ်တွေကို နှိုက်ယူကာ သူမ မျက်နှာရှိရာဆီ ပစ်ပေါက်လိုက်ပါ၏။

"အဲဒီမှာ မင်းသာ လူစိတ်မရှိ၊ မိခင်စိတ်မရှိတဲ့ မိန်းမ၊ ငါ သိပ်လိုချင် ပါတယ်ဆိုတဲ့ သန္ဓေသားတွေကို မမွေးချင်၊ မယူချင်တဲ့ မိန်းမ၊ အတ္တနဲ့ ဆန္ဒကိုသာ ဦးစားပေးတဲ့မိန်းမ၊ နှလုံးသားမရှိတဲ့မိန်းမ၊ တောက် ...!"

"ရှင် ဒီလိုမပြောနဲ့၊ ကျွန်မက လွတ်လွတ်လပ်လပ်နဲ့ နေချင်တဲ့သူ၊ ဒီလို အနှောင်အဖွဲ့တွေနဲ့ ကျွန်မကို တုပ်နှောင်ဖို့ ရှင် မကြိုးစားနဲ့"

"ဒါ ထုံးစံပဲ ဆူးနှင်းဆီ၊ အိမ်ထောင်တစ်ခု ထူထောင်တယ်ဆိုတာ ဘယ်သူမဆို သားသမီး မြေးမြစ်တွေနဲ့ စုံစုံလင်လင်ပျော်ချင်လို့ပဲ မိဘ အမွေကို ဆက်ခံနိုင်မယ့် ရင်သွေးရတနာကိုတော့ ငါ့ကို မင်း မဖြစ်မနေ ပေးသင့်တယ်ဆိုတာကို မင်း သိနိုင်ရမှာပေါ့"

"ဟင်းဟင်းဟင်း အမွေဆက်ခံနိုင်မယ့်ရင်သွေးရတနာတဲ့လား နေဝန်း နီ ရဲ့၊ ရှင်ကိုယ်တိုင်ကရော ရှင့်မိဘအမွေကို ဆက်ခံနိုင်ခဲ့တဲ့သားမှ ဟုတ်ရဲ့ လား၊ ပြန်စဉ်းစားကြည့်လိုက်ပါဦးရှင့်"

"မင်း ...!"

သူ သူမကို အားဖြင့်ဆောင့်တွန်းလိုက်မိစဉ် အခန်းတံခါးက ဝုန်းစနဲ့ပွင့် လာလေ၏။ ကြမ်းပေါ် လဲကျသွားသည့် သူမက ကျုံးရှုန်းထလိုက်ပြီး အန်ကယ်ဦးအောင်စန့်ဆီ ပြေးဖက်လိုက်ပါသည်။

"ဒက်ဒီ ..."

"သမီး sweety... မင်း ဘယ်လိုလုပ်လိုက်တာလဲ နေဝန်းနီ၊ ငါ့သမီးကို ငါ လက်ဖျားနဲ့တောင်ထိခဲ့တာမဟုတ်ဘူးကွ၊ မိဘဆိုးသမီးလေးဆိုပြီး ဖူး



www.burmeseclassic.com

www.burmeseclassic.com



ဖူးမှုတ်အလိုလိုက်ထားခဲ့တာ မင်း ဒီလိုနှိပ်စက်ဖို့မဟုတ်ဘူး"

"ဒါ ကျွန်တော်တို့လူငယ်တွေကိစ္စပါ အန်ကယ်၊ ကျေးဇူးပြု၍ ဝင်မပါပါနဲ့"

"ဝင်မပါလို့ ရမလား၊ ငါ့အိမ်ပေါ် တက်နေပြီး ငါ့သမီးကို နှိပ်စက်စော်ကားနေတာကို လက်ပိုက်ကြည့်မနေနိုင်ဘူးကွ"

"အန်ကယ် အဲဒီလိုမပြောပါနဲ့၊ အန်ကယ့်သမီးကို ကျွန်တော် သီးသန့်အိမ်ဝယ်ပြီး ထားနိုင်တယ်ဆိုတာတောင် အန်ကယ်မှ ခွင့်မပြုခဲ့ဘဲ"

"အေးလေ ... ငါ့သမီးကို ငါ မခွဲနိုင်လို့ ခွင့်မပြုတာပေါ့၊ ငါ့မျက်စိအောက်မှာနေရတာတောင် မင်း ဒီလိုမျိုးနှိပ်စက်နေရင် ငါ့မမြင်ကွယ်ရာမှာ ငါ့သမီးကို သတ်တောင်သတ်မလားမှ မသိနိုင်ဘဲ"

"အန်ကယ်... ကျွန်တော် ဒီလောက်ထိ အောက်တန်းကျတဲ့လူစားမျိုးမဟုတ်ဘူးဗျ"

"အခု မင်းစရိုက်ကို မင်း ပြနေပြီလေ၊ ဘာငြင်းချင်သေးလဲ"

သူ စိတ်ပျက်စွာဖြင့် ခေါင်းကိုသာ ခါယမ်းလိုက်မိ၏။ ဘယ်လိုတွေဖြစ်ကုန်တာပါလိမ့်။ ပြဿနာက မီးခိုးကြွက်လျှောက်လိုက်ကုန်တာပါလား။

"ဒက်ဒီ Rose သူနဲ့ မပေါင်းနိုင်တော့ဘူး"

"Rose မင်း ...! "

"ကောင်းပြီ ငါ့သမီးပြောတာ မှန်တယ် နေဝန်းနီ၊ ဒီတော့ မင်း ဘာလုပ်သင့်လဲ ဆုံးဖြတ်"

"နှင်းဆီ အိမ်ထောင်တစ်ခုကို မင်း လွယ်လွယ်နဲ့ ..."

"အို ... ဘာမှဆက်မပြောနဲ့ ကိုယ်ယူထားတဲ့မိန်းမကို ယုယကြင်နာမှု





မပေးနိုင်ဘဲ ဒီလိုနှိပ်စက်တတ်တဲ့ယောကျ်ားတစ်ယောက်ကို ဖက်တွယ်ထားရလောက်အောင် ကျွန်မမှာ ယောကျ်ားမရှားဘူးဆိုတာရင် မှတ်သွားလိုက် နေဝန်းနီ"

"ကဲ ... ကြားတယ်နော်၊ မင်းရဲ့အခြေအနေကို မင်း သိရင် ဘာလုပ်ရမလဲ ဆိုတာပါ သိပေါ့၊ အေး တစ်ခုပဲ မင်း မှတ်သွားလိုက်ပါ နေဝန်းနီ၊ ငါ့သမီးကို မင်းထက် အပုံကြီးသာတဲ့ယောကျ်ားမျိုးနဲ့ ငါ ရှာပြီးပေးစားနိုင်တယ်ဆိုတာပဲ"

"တောက် ..."

သူ Night dress နှင့်ပင် အိမ်ပေါ် မှဆင်းလာခဲ့မိ၏။ ကတ္တရာလမ်းထက်မှာ ခြေဗလာဖြင့်လျှောက်ရင်း ဒေါသရော အရှက်တရားနှင့် ရောပြွမ်းကာ မျက်ရည်တို့က တပေါက်ပေါက်ကျလာလေသည်။ ခြေလှမ်းတို့က သက်နောင်တို့ တိုက်ပုလေးဆီ ဦးတည်လာခဲ့၏။ bell ကိုနှိပ်လိုက်စဉ် အိပ်ချင်မူးတူးဖြင့် လင်မယားနှစ်ယောက်စလုံး ထွက်လာလေသည်။

"ဟယ်! ဘယ်လိုဖြစ်တာလဲ နေဝန်းရဲ့"

"အေးလေ...၊ ညကြီးမိုးချုပ် နှင်းတွေစိုပြီး ရောက်လာပုံထောက်ရင် မိန်းမနဲ့ ဗိုတ်ကောက်လာတာပဲဖြစ်မယ်၊ အသက်ရေ တံခါးဖွင့်ပေးဦး"

ဖွင့်ပေးသည့်တံခါးမှဝင်ကာ ဆက်တီထက် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ပြီးနောက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငြိမ်သက်နေမိလေသည်။

"နေဝန်း ဟော့ကောင်... မင်း ငိုနေတာလား"

"ငါ ... ငါ သူနဲ့ပြတ်ပြီ ..."

"ဟဲ့ ...! "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အိမ်ကနေ အပြေးဆင်းလာခဲ့တာပဲ သက်နောင်၊ ငါ ရှက်တယ်၊ သိပ်ရှက်တယ်၊ ငါ့ကို အထင်မကြီးမလေးစားတဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့များ လက်ထပ်ခဲ့မိသလဲဆိုတာကို ငါ ဘယ်လိုမှစဉ်းစားလို့မရဘူး"

"မငိုပါနဲ့ နေဝန်းရယ်၊ အစောကြီးကတည်းက ငါတို့ ပြောခဲ့သားပဲ၊ နင်နဲ့နှင်းဆီက တကယ့်ကို အရှေ့နဲ့အနောက်လို ဆန့်ကျင်ဘက်တွေပါ၊ ဒါကို နင်က အတင်းကြီးဆွဲစေ့ဖို့ကြိုးစားခဲ့တာကိုး ..."

"ငါ ငိုမိတာ သူ့အတွက်မဟုတ်ပါဘူး သက်လျာ၊ မေမေ့အတွက်ပါ"

သက်လျာတို့ထံမှ သက်ပြင်းချသံ ဖြိုင်တူထွက်လာလေ၏။ သူ့ရင်ထဲကအပူတွေ ကူးစက်ကုန်ပြီလား။ မနက်အရုဏ်တက်မှာ သူ့မျက်ရည်တွေက သူငယ်ချင်းတွေရဲ့အိမ်ကို ကျက်သရေယုတ်လျော့ကုန်ပြီထင်၏။

"မေမေ... မေမေ ... ငါ့ကို ဘယ်လိုခွန်အားမျိုးနဲ့ စွန့်လွှတ်ခဲ့ရသလဲဆိုတာကို ငါ ကိုယ်ချင်းစာနားလည်လိုက်မိလို့ပါဟာ"

"မှန်တယ် နေဝန်း၊ ကျန်ခဲ့တဲ့လကပဲ တစ်ပတ်ဈေးမှာ မင်းမေမေနဲ့ ငါတို့ ဆုံခဲ့သေးတယ်။ အန်တီက ငါတို့ကို ပုံမှန်အတိုင်း နှုတ်ဆက်ပါတယ်။ ဒါပေမယ့် ထူးဆန်းတဲ့စကားတစ်ခွန်းကိုတော့ သူ ငါတို့ကို ပြောခဲ့တယ်"

"ဟုတ်တယ် နေဝန်း"

"အဲဒါကတော့ မင်းကိုတွေ့ရင် ပြောလိုက်ပါတဲ့၊ နောင်တတွေပွေ့ပိုက်ပြီး စိတ်ဓာတ်တွေကျနေတဲ့အဖြစ်ကို ကြုံရင် စွန့်ပစ်ပါ၊ မေမေ့ရင်ခွင်ဟာ သားအတွက် အမြဲ တံခါးမရှိ၊ ဓားမရှိ ဖွင့်ထားလျက်ပါပဲတဲ့၊ သားရဲ့ မျက်ရည်တွေထက် ကြည်နူးတဲ့အပြုံးမျိုး၊ မျက်နှာနဲ့ မေမေ့ဆီပြန်လာမယ့်နေ့ကို မေမေ ကြိုနေပါတယ်လို့ ပြောခဲ့တယ်၊ ဒါ နိမိတ်ပဲလား"





ဟုတ်တာပေ့ါ မှန်လိုက်တာ။ သူ ဘာတွေဖြစ်ပျက်မလဲဆိုတာကို ကြိုမြင်နေလို့ မေမေ ပြောခဲ့တာပေ့ါ။ မေမေရယ် ... ကျွန်တော့်ကို စွန့်လွှတ်လိုက်ရလို့ နှမြောတာသမရှိဘဲ မျက်ရည်မကျနိုင်ဘူးဆို ...။

"တောင်းဆိုး၊ ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ် နေဝန်းရယ်၊ သားသမီးဆိုးကို ဘယ်မိဘမှ ပစ်မထားကြပါဘူး"

"ငါ သိပါတယ်"

"နင် နှင်းဆီနဲ့ တကယ်ပြတ်နိုင်ရင် နင့်မေမေဆီကိုပဲ ပြန်ပါ နေဝန်း၊ အန်တီတစ်ယောက်တည်း အထီးကျန်နေခဲ့ရတာ တစ်နှစ်ကျော်ရှိနေပါပြီ"

"ငါ ... ငါ အခုပဲ မေမေ့ဆီ ပြန်မှာပါ"

"ဟာ! ငါ ကားနဲ့လိုက်ပို့ပေးမယ်လေ"

"နေပါစေ သက်နောင်၊ ငါ့အပြစ်နဲ့ငါ လမ်းပေါ်ကနေ အိမ်ပေါ် ပြန်တက်ရမှာမို့ အရှိအတိုင်းပဲသွားတာ ကောင်းမှာပါ၊ ကျေးဇူးပဲ၊ ငါ့ကို ခွင့်ပြုကြဦး"

"အေး"

သူ ခြေဗလာဖြင့်ပင် သက်နောင်တို့တိုက်မှ ထွက်လာခဲ့ပါ၏။ မေမေ့ခြံထဲမှာ အပင်တွေက အစီအရီရှိနေပါသည်။ ဟင်းလင်းပွင့်နေသည့် ခြံတံခါးမှတစ်ဆင့် ဆက်ဝင်လာခဲ့၏။ ဖွင့်ထားသည့် အိမ်တံခါးရှေ့မှာ သူ ခြေအစုံကိုရပ်လိုက်သည်။ သက်နောင်တို့ ပြောသလိုမျိုး မေမေ သူ့ကို ကြိုနေပါ့မလား။ အတွေးဖြင့်မောသွားစဉ် အပေါ်ထပ်လှေကားမှ ဘုရားဝတ်ပြုပြီးဆင်းလာသည့် မေမေ့ကို သူ လှမ်းတွေ့လိုက်ရပါ၏။ အနည်းငယ် သွယ်လျသွားပါသော်လည်း မေမေ့မျက်နှာထက်မှာ ကျက်သရေတင့်တယ်မှုကတော့ အရာမယွင်းရှိနေဆဲပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင် ! သား ..."

"မေမေ ... ကျွန်တော့်ကို ... ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

သူ ဒူးထောက်ထိုင်ချလိုက်စဉ် မေမေက သူ့ကို ပြေးဖက်ကာ ကြို လိုက်ပါ၏။ သူ့နဖူးပြင်ထက် တယုတယ မွှေးကြူလျက် တီးတိုးပြေ လိုက်သည့်စကားသံက ရင်တွင်းထိတိုင် အေးမြသွားစေသည်မှာ အမှ ပင်ဖြစ်တော့သည်။

"ခွင့်လွှတ်ပါတယ် သားရယ်၊ သားကို မေမေ ဘယ်တုန်းကမှ စိတ်မ ခဲ့ပါဘူး၊ တစ်နေ့ သား မေမေ့ဆီ ပြန်လာမယ်ဆိုတာကို အလိုလိုသိနေတ ပါ၊ သား မှတ်ထားဖို့က ရေတွေ လေတွေ ဘယ်လိုပဲတိုက်စားစေဦးတေ မြင့်မိုရ်တောင်ကြီးက ဘယ်တော့မှ ပြိုမကျသွားဘူးဆိုတာပါပဲ"

ဪ... မေမေရယ်၊ သားအပေါ် ထားရှိတဲ့ မေတ္တာစေတနာတွေ ထုထည်ကို ကျွန်တော် မှန်းဆမြင်နိုင်ခဲ့ပါပြီ၊ အဲဒါ တကယ်ပါလေ .....





# ၆

**The heart has no language.**
**It speaks to the heart.**
**(Mahatama Gandhi)**

အသည်းနှလုံးမှာ ဘာသာစကား မရှိပါဘူး။
အသည်းနှလုံးက အသည်းနှလုံးကိုပဲ
စကားပြောတာပါလေ။
(မဟာတ္တမဂန္ဒီ)



www.burmeseclassic.com

www.burmeseclassic.com



[ ၁၁ ]

ဆူဆူညံညံအသံတွေကြောင့် အိမ်နောက်ဖေးမှာ ဝိုင်းကူနေရာမှ အိမ်ရှေ့သို့ ထွက်လာခဲ့မိ၏။ မြင်းလှည်းပေါ်မှ ပစ္စည်းတွေချနေတာမို့ ကူသယ်ပေးရန် သူမ ပြင်လိုက်ပါသည်။

"မမလေး မလုပ်ပါနဲ့"

"ရပါတယ် အေးဘုံရယ်၊ လူကြီးတွေသယ်နေရတာ မကြည့်ရက်ပါဘူး။ ပင်ပန်းလာတဲ့ဟာကို ..."

"မဟုတ်ပါဘူး၊ မလုပ်ပါနဲ့"

တားနေသည့်ကြားမှ သူမလက်က ကြိမ်ခြင်းတောင်းတစ်ခုကို ကိုင်မိသွားပါ၏။ နောက်ပါးမှ သူ့အသံက ဟိန်း၍ထွက်လာလေသည်။

"မိ ပြောရင် နားထောင်မှပေါ့၊ မလုပ်နဲ့ဆိုရင် မလုပ်ရဘူးလေ"

သူမ အလန့်တကြားဖြင့် လက်ကိုလွှတ်လိုက်ရလေ၏။ ပစ္စည်းတွေ ချပြီးသွားစဉ် မြင်းလှည်းက ပြန်ထွက်သွားပါသည်။ ရှမ်းအဘိုးကြီးနှင့် အဘွားကြီးက သူ့ကို ဦးညွတ်နှုတ်ဆက်လိုက်တာမို့ သူမ အံ့သြသွားမိလေ၏။





"ကျန်းမာရဲ့လား ဆရာလေး"

"မာပါတယ် ဦးလေးစိုင်း၊ မေမေလဲ ကျန်းမာပါတယ်၊ ဦးလေးတို့ အတော်လေးကြာသွားတာကိုး"

"ဟုတ်ပါတယ်၊ ရိုးရာပွဲလဲ နွှဲလိုက်ရလို့ပါ"

"လက်ဆောင်တွေ အများကြီးပါလာတယ် ဆရာလေး"

"သိမ်းထားပေးပါ အေးဘုံ၊ နောက်မှကြည့်တာပေါ့၊ ဦးလေးတို့ နားကြဦးလေ"

"ဟုတ်ကဲ့"

ပစ္စည်းတွေကို နောက်ဖေးထိ သယ်သွားကြပြီးသည်နောက် ဧည့်ခန်းရှိရာဆီသို့ ဒေါ်စမ်းသီတာ ထွက်လာခဲ့လေသည်။ သားနောက်ပါးမှ ခပ်ရှိရှိလေးရပ်နေသည့် သူမကို စူးစူးခနဲကြည့်လိုက်ပါ၏။ အရေးဦးအလင်းနှင့် အပြိုင်တင့်တယ်သည့်အလှကို သား သတိမပြုမိဘဲ ရှိပါ့မလား။ မိမိ ငယ်စဉ်ကဝတ်ခဲ့သည့် ရှမ်းအင်္ကျီပင်နီရောင် တစ်ပတ်နွမ်းနှင့် ချည်သားလုံချည်က သူမ၏ခန္ဓာကိုယ်အချိုးအစားကို ပေါ်လွင်နိုင်အောင် ချပ်ချပ်ရပ်ရပ်ရှိနေလေသည်မှာ အမှန်။

"ကိုစိုင်းနဲ့မနန်းရေ ... ဒါ ကျွန်မရဲ့တူမပဲ ဆိုပါတော့၊ နာမည်က မိတဲ့"

"ဟုတ်ကဲ့ရှင့်"

"ဟုတ်ကဲ့ပါ မမကြီး"

"သူက ကျန်းမာရေးသိပ်မကောင်းလို့ ဒီမှာ လာအနားယူတာလေ၊ နေကောင်းတော့ သူ ပြန်လိမ့်မယ်"

ဦးလေးစိုင်းနှင့် ဒေါ်လေးနန်းကို သူမ ခေါင်းညွှတ်ပြုံးပြကာ ပြန်နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ပါသည်။ နေမကောင်းဘူး တဲ့...၊ နေကောင်းရင် ဖြန်မှာတဲ့လား၊ ဟုတ်တာပေါ့၊ သူမက ဒီကို မဖိတ်ဘဲရောက်လာသည့် ဧည့်သည်ကိုး ...။

"ကျွန်တော် မနက်ဖြန် ဆေးခန်းပြန်ဖွင့်မယ် မေမေ"

"**duty** ရော သား"

"ပြန်ဝင်မှာပါ၊ ဆေးရုံအုပ်ကြီးကို မနေ့ကပဲ ကျွန်တော် သွားတွေ့ပြီးပါပြီ"

"မေမေ ဝမ်းသာပါတယ် သား၊ တကယ်ပါ"

"ဆေးခန်းကို သေချာပြန်ရှင်းရဦးမှာပဲ"

"လောလောဆယ် အေးဘုံ မအားသေးဘူး သား၊ မီးဖိုချောင်ကိစ္စ မပြီးသေးဘူး"

"ကျွန်မ ရှင်းပေးပါ့မယ် ကြီးမေ"

"ကောင်းပြီ၊ ဆေးခန်းသော့ ပေးလိုက်ပါ သား"

သူက အံဆွဲထဲမှ သော့တွဲကိုယူကာ သူမကို ကမ်းပေးလိုက်ပါသည်။ ဖြူဖွေးသွယ်လျသည့်လက်အစုံဖြင့် သူမ လှမ်းယူတာကို မေမေက ဂရုစိုက်ကြည့်နေလေ၏။

"မင်းတစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး၊ ပစ္စည်းတွေက အတော်ရှုပ်ပွနေမှာ"

သူက ပြောဆိုပြီး သူမလက်ထဲဆုပ်ထားသည့်သော့ကို ပြန်လက်ဖြန့်၍တောင်းတော့ မေမေက မျက်မှောင်ကြုတ်၍ကြည့်လေ၏။

"ပေးလိုက်ပါ မီ၊ တံမြက်စည်းနဲ့ ဂေါ်ပြားပါ တစ်ခါတည်းယူသွားချေ"

"ဟုတ်ကဲ့"





သူမ ပစ္စည်းများစုကိုင်လျက် သူ့နောက်မှလိုက်လာခဲ့၏။ ခြံထောင့်မှာဖွင့်ထားသည့်ဆေးခန်းနောက်တံခါးသော့ကို သူ ဖွင့်ကာ ပြတင်းပေါက်တွေကို ဖွင့်လိုက်ပါသည်။ ပိုးအိမ်တွေက နေရာအနှံ့တွယ်နေကာ ဖုန်တွေကလည်း ပစ္စည်းတွေပေါ် မှာ ပြည့်နှက်နေလေ၏။ သူမက နံရံနှင့် မျက်နှာကြက်များပေါ် မှ ပိုးအိမ်တို့ကို အုန်းလက်တံမြက်စည်းဖြင့် အရင်ဆုံး သန့်ရှင်းရန် ထိုင်ခုံကိုဆွဲယူကာ တက်လိုက်လေသည်။

"ပြုတ်ကျမယ်နော်"

သူ့စကားမဆုံးခင် ပင့်ကူတစ်ကောင်က သူမရင်ဘတ်ပေါ် ဖုတ်ခနဲခုန်ချလိုက်သည်မို့ အလန့်တကြားအော်ကာ မျက်စိစုံမှိတ်လိုက်စဉ် ခုန်ပေါ်မှ လဲကျလေ၏။

"အမယ်လေး !"

သူက ယိုင်ကျလာသည့်သူမကို ဆီးပွေ့ထိန်းလိုက်ပါသည်။ သူမက မျက်စိစုံမှိတ်ကာ ကတုန်ကယင်ဖြင့် အော်နေသေး၏။

"ပင့် ... ပင့်ကူကြီး ..."

"မရှိတော့ပါဘူး၊ သူလဲ လန့်ပြီးခုန်ချလိုက်တာပါ"

သူ့အသံကြောင့် မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်စဉ် ရင်ခွင်ထဲရောက်နေသည့်အဖြစ်ကို သူမ သတိထားမိသွားပါ၏။ ကြောက်လန့်တကြားဖြင့် ရုန်းတော့ သူ့ အသာလွှတ်ပေးလိုက်ရလေသည်။ ရှက်လိုက်တာနော်၊ လူနာတွေ သွေးသံယိုဖြစ်တာကိုမကြောက်ဘဲ ဒီ ပင့်ကူကိုမှ ကြောက်ရသတဲ့။ လက်ထဲမှ တံမြက်စည်းကို သူ ဆွဲယူတော့ သူမက ပြန်ဆွဲယူနေသဖြင့် သူက မျက်မှောင်ကြုတ်၍ကြည့်လိုက်ပါသည်။

"ပေးလေ၊ အပေါ်ဘက်ကို ကိုယ် တာဝန်ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောမှ သူမ အသာလွှတ်ပေးလေ၏။ သူက နံရံပေါ်နှင့် မျက်နှာကြက်မှာ ဖုန်တွေ၊ ပိုးအိမ်တွေကို သန့်ရှင်းပြီး သူမက လူနာစုတင်၊ စားပွဲနှင့်ခုံတန်းတွေ ဆေးဗီရိုတွေပေါ်ကို လှည်းကျင်းကာ အမှိုက်တွေကိုကျုံး၍ တောင်းထဲသို့ထည့်လေသည်။ ပြီးတော့ ရေပတ်ဝတ်ဖြင့် သန့်စင်အောင် တိုက်နေပြန်၏။ သူ လက်ဆေးပြီး ပြန်ဝင်လာတော့ သူမက ဆေးဗီရိုကို ဖွင့်နေလေသည်။

"ဆေးပုလင်းတွေ အကုန်ပစ်ရမယ် မိ၊ အားလုံး **Expire date** ဖြစ်ကုန်ပြီ၊ ကိုယ်မှာထားတဲ့ဆေးတွေ နေ့ခင်းမှာရောက်လာလိမ့်မယ်"

"နယ်မြေခရာကြီးနော်၊ ဆေးတွေက တော်တော်ဈေးကြီးပေးဝယ်ရမှာ"

သူ ပြုံးလိုက်မိ၏။ နက်မှောင်လှသည့်ဆံနွယ်များထက်မှာ ကပ်တွယ်နေသည့်ပိုးမျှင်ကို ဖယ်ပေးချင်သည့်စိတ်ကို ထိန်းမရသဖြင့် သူ ဖယ်ပေးတော့ သူမက မျက်လုံးဝိုင်းလေးဖြင့် မော့ကြည့်နေလေသည်။

"ကိုယ် ဆေးခန်းဖွင့်ရင် မင်း ကူညီပေးနိုင်မလား မိ"

"ရှင် ...!"

ဖြစ်ပါ့မလား။ သူမက အတိတ်မေ့သလိုလိုဖြစ်နေတဲ့ မိန်းကလေး တစ်ယောက် ဖြစ်သည်လေ။ ပြီးတော့ ဆေးနာမည်တွေကိုရော ဖတ်တတ်ပါ့မလား။ အိတ်ထဲထည့်နေရင်း ဆေးအမည်တွေကို ရွတ်ကြည့်တော့လည်း ရင်းနှီးနေသလိုလိုပင်ဖြစ်နေပြန်၏။

"ဘာတွေ့လို့လဲ"

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး"

"လက်ရှမယ်နော်၊ သေချာပစ်"

သူ သတိပေးမှ သူမက အိတ်ကိုစည်းနှောင်လျက် တောင်းထဲသို့ထည့်





လိုက်ပါ၏။ အေးဘုံ ယူလာပေးသည့် လိုက်ကာတွေကို ပြတင်းပေါက်တွေမှာရော၊ တံခါးဝမှာပါ သေချာတပ်လိုက်လေသည်။ ပင်နီရောင် ရှမ်းအင်္ကျီလေးက သူမ အသားရောင်ကို ဝိုးဝင်းပနေစေသလိုပင်ဖြစ်နေ၏။ ဤမျှ လှပလွန်းသည့် သဘာဝအလှပိုင်ရှင်လေးကို ဘာဖြစ်လို့ ခုမှ သူ တွေ့ရပါသလဲ၊ မဟုတ်သေးဘူး။ သူ ဘာတွေကို တွေးနေပါလိမ့်။

"ကိုကိုကြီးကို ထမင်းစားဖို့ မေမေကြီး အခေါ် လွှတ်လိုက်ပါတယ်ရှင်"

"အေးပါ"

ထမင်းဝိုင်းမှာ သားအမိနှစ်ယောက် တိတ်ဆိတ်နေလေ၏။ မေမေက သူ့မျက်နှာကို မကြာခဏ ကြည့်နေသည်ကို သူသတိထားမိသွားပါသည်။

"ဘာများပြောချင်လို့လဲ မေမေ"

"သား စိတ်တွေ အနည်ထိုင်လောက်ပြီလားလို့ပါ"

"ပြောချင်တာသာ ပြောပါ မေမေ"

"နောက်ထပ်အိမ်ထောင်ပြုဖို့ မေမေ တိုက်တွန်းချင်တာပါ"

"မေမေရယ် ..."

"တော်ပါပြီလို့ မငြင်းချင်နဲ့ သား၊ မေမေ့အမွေတွေကို ဆက်ခံမယ့် မျိုးဆက်သစ်ဆိုတာ ရှိကိုရှိရမယ်လေ၊ သား စိတ်ရှိတိုင်းနေဖို့ နှစ်နှစ်ဆိုတာ လုံလောက်သင့်ပါပြီ၊ မေမေ မြေးချီချင်ပြီ သား"

"ကျွန်တော် နောက်ထပ် ဘယ်မိန်းမတစ်ယောက်ကိုမှ ထပ်ပြီး ချစ်နိုင်မယ်မထင်တော့ပါဘူး"

"သေချာလား သား၊ အချစ်ဆိုတာ ကုန်ခန်းသေဆုံးသွားတဲ့အရာ တစ်ခုမှမဟုတ်ဘဲ၊ သားအဖြစ်က ခဲမှန်ဖူးတဲ့ စာသူငယ်လေးလိုဖြစ်ခဲ့တာကိုး၊ တားမြစ်ထားတဲ့နယ်မြေမှာ ဝင်စားမိခဲ့လို့ အခုလို နာကျင်ခံစားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးပါ သား၊ သားရှေ့က စပါးခင်းထဲမှာ ကြိုက်တဲ့စပါးနှံလေးကိုသား ရွေးချယ်နိုင်ပါတယ်၊ မေမေ ဆိုလိုတာကို သား နားလည်ရဲ့လား"

သူ ပြုံးလိုက်မိ၏။ အင်မတန်လှပတဲ့ ဥပမာလေးပါပဲ။ ပြောတော့ဖြင့် လွယ်လိုက်တာ မေမေရယ်၊ အခုဆိုရင် ကျွန်တော်က အမည်းစက် စွန်းထင်နေတဲ့ လူတစ်ယောက်ဖြစ်နေပါပြီ၊ ကျွန်တော့်လိုလူမျိုးကို ဘယ်မိန်းကလေးက မြတ်မြတ်နိုးနိုးနဲ့ ရွေးချယ်မှာတဲ့လဲ။

"ကျွန်တော်က တစ်ခုလပ်တစ်ယောက်ဆိုတာ မေမေ မေ့မထားလိုက်ပါနဲ့"

"သား တွေးနေတာကို မေမေ သိပါတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီအရာကို သားတတ်ထားတဲ့ပညာ၊ သား ပိုင်ဆိုင်ထားတဲ့ဥစ္စာတွေက အသာလေး ဖုံးလွှမ်းထားနိုင်ပါတယ်"

"အဲဒီအရာတွေက စစ်မှန်တဲ့မေတ္တာကိုလဲ ယူလို့မရနိုင်ဘူး မေမေ"

"တူညီတဲ့တန်ဖိုးနဲ့ လဲလှယ်ပေါ့ သားရယ်"

သူ့မျက်နှာ မဲ့သွားရပါ၏။ တစ်ခုလပ်တစ်ယောက်ရဲ့ရင်ထဲမှာ စစ်မှန်တဲ့ချစ်ခြင်းတွေ ရှိပါတယ်ဆိုရင် ဘယ်သူက ယုံမှာတဲ့လဲ၊ သူ့ကို ခပ်လျောင်လျောင်ဖြင့် ပိုင်းရယ်ကြတာကိုသာ ခံရဦးမှာ မလွဲ။

"ဘာလဲ အချစ်က နောက်ထပ်တစ်ဖန် မွေးဖွားနိုင်မှာ မဟုတ်ဘူးလို့ သား ယူဆထားလို့လား"

"ဒီနေ့ ခေါင်းစဉ်က နုမနေဘူးလား မေမေ"

"စကားမလွှဲပါနဲ့ နေဝန်းနီ၊ ဒီအချိန်မှာ သားကို မေမေ ဆိုတာထက် သူငယ်ချင်းလိုသဘောထားပြီး မေမေ အကြံပြုနေတာပါ၊ မေမေ့စကားတွေက အရွယ်နဲ့မလိုက်အောင် ကလက်ချင် ကလက်နေလိမ့်မယ်၊ ဒါမှ





လဲ ရင်းရင်းနှီးနှီး ဆွေးနွေးလို့ရမှာပေါ့၊ မဟုတ်ဘူးလား"

သူ ရှက်ရှက်ဖြင့် တီးတိုးရယ်လိုက်မိပါ၏။ မေမေတော့ မြေးချီချင်တာနှင့် အငြိမ်းစားကျောင်းအုပ်ကြီးအရေခွံကို ခေါးဖယ်ထားပါရောလား ...။

"ဟဲ့! ရယ်မနေနဲ့လေ၊ မင်းသူငယ်ချင်း သက်နောင်တို့တောင် သမီးလေးတစ်ယောက် ရနေပြီနော်၊ မင်းက အရင်ဆုံးအိမ်ထောင်ပြုပြီး လူမဖြစ်သေးတာကို သတိရဦး"

"အာ ... လာပြန်ပြီ၊ ယူရမယ့်ရည်းစားက ဘယ်မှာမှန်းမသိ၊ ကလေးယူဖို့အဆင့်ထိ ကြိုတွေးနေရတယ်လို့ ..."

"ဒါပေါ့၊ အိမ်ထောင်ပြုပြီး ကလေးမယူလို့ရမလား၊ အခုကတည်းက မျက်စိဖွင့် နားစွင့်ပြီး သေချာရှာ၊ ကလေးချစ်တတ်မယ့် မိန်းကလေးမျိုး..."

သူ မထိန်းနိုင်ဘဲ ရယ်ချလိုက်တော့ မေမေက သူ့လက်ဖမိုးကို တဖျတ်ဖျတ်ရိုက်ပါလေ၏။ ကြည့်ပါဦး ... မေမေ ပြောမှပဲ ကိုယ်ကြိုက်နေတဲ့မိန်းကလေးကို ကလေးချစ်တတ်ရဲ့လား စုံစမ်းမေးရမလိုဖြစ်နေတာကိုး။

"တင်း ... တောင် ..."

"ဟော! ညှော်သည့်ထင်တယ်၊ အေးဘုံရေ ..."

မေမေ လှည့်ခေါ်လိုက်စဉ် ထမင်းစားခန်းရှေ့မှ ဖြတ်လျှောက်သွားသည့် သူမကို မြင်လိုက်ရ၍ သူ ထရပ်လိုက်ပါ၏။

"ဒါက ဘယ်တုန်း"

"ကျွန်တော် ဆေးမှာထားတာ လာပို့တယ်ထင်လို့ပါ မေမေ"

"ဒီ ယူထားမှာပေါ့ သားရဲ့"

"မဖြစ်သေးဘူး"

သူ ညှော်ခန်းကိုထွက်လာတော့ ဘာဂျာတံခါးကို မဖွင့်သေးဘဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြောနေသည့် သူမကိုမြင်ရလေ၏။ အပြင်မှာရပ်နေသည်က ဆေးရုံကို အစုမှပြောင်းလာသည့် ဆရာဝန်ပေါက်စလေးနှစ်ယောက် ဖြစ်နေလေသည်။

"ဆေးလာပို့တာပါ၊ တံခါးမဖွင့်ပေးဘူးလားကွ"

"ခဏနော်၊ ကိုကိုကြီးကို ကျွန်မ ခေါ်ပေးပါ့မယ်"

"ဒေါက်တာ့ညီမလေးလား၊ နာမည်က ဘယ်လိုခေါ်လဲဟင်"

ဇေသော့် အမေးကို ပြန်မဖြေဘဲ အိမ်ဘက်လှည့်ဝင်လာသည့် သူမနှင့် တန်းတိုးလေ၏။

"ဖွင့်ပေးလိုက်ပါ မိ၊ ဆေးရုံက ဆရာဝန်လေးတွေပါ၊ ဝင်ခဲ့ပါ ညီ၊ စာရေးလေးကို ပို့နိုင်းရောပေါ့၊ အားနာစရာကြီး"

"ရပါတယ် အစ်ကိုရဲ့၊ ဖိုးချိုက ဗိုက်အောင့်နေလို့ ကျွန်တော်တို့ပဲ လာပို့တာပါ"

ဇေသော်နှင့်စိုးပိုင်က ပြုံးဖြီးဖြီးဖြင့် သူမဖွင့်ပေးလိုက်သည့်တံခါးမှ ဝင်လာပါ၏။ ဧည့်ခန်းရှိခုံမှာ ခပ်ကုပ်ကုပ်လေးဝင်ထိုင်လိုက်သော်လည်း မျက်လုံးတွေက အိမ်ထဲဝင်သွားသည့် သူမနောက်ကို ကပ်ပါသွားလေသည်။ ဩော် ... လှလွန်းတော့လည်း မြင်သူတကာ ငေးချင်ကြတာပေါ့လေ။

"ဘာဖြစ်နေတာလဲ၊ စာရင်းစာရွက် ပေးဦးမှပေါ့"

"ဟုတ်သားပဲ၊ ဟိုလေ ... ခုနက အစ်ကိုညီမလေးလား"

"ဟုတ်တယ်"

"နာမည် ဘယ်လိုခေါ်လဲဟင်၊ ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးဘူး"

"ကိုယ့် sousin ပါ၊ မိ တဲ့"





"ချစ်စရာလေးနော်"

"ဘာလဲကွ"

"ဟိုဥစ္စာ ... နာမည်လေးကို ပြောတာ"

သူ ပြုံးချင်ချင်ဖြစ်သွားပါသော်လည်း ခပ်တည်တည်နေလိုက်ရပါ၏။ ဘယ့်နှယ် သူ့အိမ်ကကောင်မလေးကိုမှ ဒီဆရာဝန်ပေါက်စတွေ မျက်စိလာကျတာပါလိမ့်၊ သူ ဆေးဘူးပုံးကိုဖွင့်၍ ဘောက်ချာနှင့်တိုက်နေစဉ် သူမက ကော်ဖီဗန်းကိုင်၍ ပြန်ထွက်လာလေ၏။

"အေးဘုံရော ..."

"ထမင်းဝိုင်းသိမ်းနေပါတယ် ကိုကိုကြီး၊ သုံးဆောင်ပါဦးရှင်"

"ဟုတ်ကဲ့"

ကောင်လေးနှစ်ယောက်က ကော်ဖီခွက်ကို ယူသောက်လိုက်တော့ သူမက အိမ်ထဲပြန်ဝင်သွားလေ၏။

"အစ်ကို ဆေးခန်းပြန်ထိုင်တော့ Nurse ခန့်ပြီးပြီလား"

"မခန့်ရသေးဘူး"

"ဒါဖြင့် ဘယ်သူကူမှာလဲဗျ"

"လောလောဆယ် ကိုယ့်ညီမ ရှိနေတာပဲ"

"ဟာ ..."

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး"

"သက်နောင် ကိုပြောလိုက်ပါ၊ ကိုယ် မနက်ဖြန် duty ပြန်စဝင်မယ်လို့၊ ဆေးတွေမှာပေးတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ် ပြောပေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ပြန်ပါဦးမယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဘာနဲ့လာခဲ့တာလဲ"

"မြင်းလှည်းငှားလာတယ်ခင်ဗျ"

"ဟုတ်လား၊ အားနာစရာဖြစ်ကုန်ပြီ"

"ရပါတယ် အစ်ကို၊ သွားလိုက်ပါဦးမယ် ညီမလေး"

"သွားမယ်နော် မိ"

"ဟုတ်"

သူ့နောက်မှာ ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိသည့် သူမကို
နှုတ်ဆက်၍ ချာတိတ်တွေ ပြန်သွားတော့ သူမဘက်သို့ သူ လှည့်ကြ
လိုက်ပါ၏။

"နေစမ်းပါဦး၊ ဘာကိစ္စနဲ့ ဒီနားကို ပြန်ရောက်လာတာလဲ"

"ဟို ... ဟိုလေ ..."

"ညှိုသည်တွေရှိနေရင် မင်း ထွက်မလာသင့်တာ မသိဘူးလား"

"ရှင် ...!"

"နားမလည်ဘူးလား၊ မင်းကိုယ်မင်း ..."

"ညှိုသည်သောက်ပြီးသားတွေ သိမ်းဖို့လာယူတာလေ သားရဲ့၊ ဘယ
နယ် အော်ဟစ်နေရတာလဲ"

မေမေ ထွက်လာတာမို့ ပြောလက်စ စကားကို တိခနဲရပ်လိုက်ရ
၏။ သူမက ကော်ဇီလင်ပန်းကိုသယ်၍ အတွင်းဘက်ဝင်သွားတော့ သ
သက်မကို ချလိုက်ရသည်။ ဒီချာတိတ်တွေ သူ့အိမ်ကို မကြာခဏ လာကြ
ရင်တော့ ပြဿနာပါပဲ။

"သား ..."

"ဗျာ"





"ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေလို့လဲ မေမေရ ..."

"မေမေ ဘယ်သိမှာလဲ သားရဲ့၊ မေမေ မြင်နေရတာတော့ မေမေ့သား ဆီမှာ ဘာကိုမှန်းမသိတဲ့ဒေါသတွေရှိနေတာတော့ အမှန်ပဲ"

"ဟာဗျာ ... မေမေကလဲ ..."

သူ့မျက်နှာ ရဲခနဲဖြစ်သွားကာ အပေါ် ထပ်သို့ ပြေးတက်ခဲ့ပါ၏။ မေမေ ဘာသဘောနဲ့များပြောတာပါလိမ့်။ သူမနှင့်ပတ်သက်ပြီး သူ ဘာတွေဖြစ် နေတာလဲ၊ တကယ်ဆို သူစိမ်းတစ်ယောက်နှင့်ပတ်သက်ပြီး သူမကို ဘယ် သူကြည့်ကြည့် ဒီလိုဖြစ်စရာလား။ အာရုံက သနပ်ခါးလေးအဖွေးသား လိမ်းထားသည့် မျက်နှာဖူးဖူးလေးကို ဖျတ်ခနဲမြင်သွားမိသည်။ ရော် ! ခက်နေပါပြီ၊ ဘယ်လိုဖြစ်ပြီး သူမက သူ့အာရုံကို အချိန်ပြည့်ဖမ်းစားနိုင် တာပါလဲ၊ သက်ပြင်းတွေကိုသာ ထပ်ကာထပ်ကာ ချနေမိတော့၏။ ဩော်... 'မိ'ဆိုတဲ့ အတိတ်မေ့ရောဂါသည်လေးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



[ ၁၂ ]

ဆေးရုံပေါ်ရောက်တာနှင့် အပေါင်းအသင်းတွေက သူ့ကို ဖက်လ[illegible]တကင်း ကြိုကြိုလေ၏။ စန္ဒတာဒေါ်အဲလစ် က အသစ်ထပ်ရောက်[illegible]သည့် ဆရာဝန်လေးတွေနှင့် မိတ်ဆက်ပေးပါသည်။

"ဒေါက်တာရေ ဒီနှစ်ရောက်လာတဲ့ ချာတိတ်လေးတွေက အကူ[illegible]အပျံစားလေးတွေ၊ ဒေါက်တာတို့တုန်းကလို ခပ်ငြိမ်ငြိမ်တစ်ယောက်[illegible]ပါလေရဲ့၊ ဟော! လာပါပြီ"

ရုံးခန်းထဲကို duty coat ကိုယ်စီနှင့် လူငယ်လေးဦး ရောက်လာပါ[illegible]၏။ ဇေသော်နှင့်စိုးပိုင်ကို သူ သိပြီးသားမို့ ပြုံး၍နှုတ်ဆက်လိုက်သည်။ နောက်နှစ်ဦးမှာ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ကောင်မလေးတစ်ယောက်၊ မျက်မှန်လေးတပ်ထားသည့် ကောင်ချောလေးတစ်ယောက် ဖြစ်လေ၏။

"သူတို့နှစ်ယောက်နဲ့က သိပြီးသားနော်၊ ဒါကတော့ ဒေါက်တာ[illegible]ဇော်မင်းခန့်နဲ့ ဒေါက်တာဇင်သီဟန်ပါ"





"ဟုတ်ကဲ့"

"ဒါကတော့ ကျွန်မတို့ဆီက star ဖြစ်တဲ့ ဒေါက်တာနေဝန်းနီ ပါပဲ"

"အာ ... စန္ဒတာကတော့ လုပ်ချလိုက်ပြန်ပြီ"

"သူ့ကိုတော့ မရင်းနှီးလို့မဖြစ်ဘူး၊ ဒီမှာ ဒေါက်တာနေဝန်းနီပေါက်စလေးလို့ အမည်ပေးခံရတဲ့ ဒေါက်တာလေ၊ အေးလိုက်တာမှ ရေခဲတုံးပ"

"စန္ဒတာက ဘာမှမသိသေးလို့နော်၊ ဇော် က အစတုန်းက ဒီလိုမဟုတ်ပါဘူး၊ အသည်းတွေဟက်တက်ကွဲသွားရလို့ ငြိမ်နေတာ"

"ဟာ ... သိ နော် ..."

"ဟုတ်တယ် ... ဟုတ်တယ်၊ ဖိုးဇော်ရဲ့ အချစ်က ကျပျောက်သွားလို့တဲ့ အစ်ကိုရ"

ရယ်သံတွေ ထွက်လာလေ၏။ မျက်မှန်လေးက မျက်နှာရဲကာ ခေါင်းငုံ့သွားပါသည်။ ဟုတ်တာပဲ၊ သူကတုန်းကလည်း စကားသိပ်မပြောတဲ့ ကောင်လေးအဖြစ် ဒီဆေးရုံမှာ နာမည်ကြီးခဲ့တာပဲလေ။

"နောက်မှပဲ သီတို့အုပ်စု ဆရာ့အိမ်ကို လိုက်လည်မယ်နော်"

"လည်ပါဗျာ လည်ပါ"

"ဟေ့ ဇင်သီဟန် ... နင်လည်ရင် ဘာမှမဖြစ်ဘူး၊ ဟိုကောင်ကိုတော့ ခေါ်လို့မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲဟဲ့"

"အစ်ကို့ဆီမှာ ညီမချောချောလေးရှိလို့"

"ဩော် ... ဘာများလဲလို့၊ ဒေါက်တာ့မှာ ညီမရှိလဲ ဇော် က စိတ်မဝင်စားပါဘူးဟယ်၊ သူ့ရင်ထဲမှာ ခုထိ နှင်းတွေဝေနေဆဲပါ"

"နင်တို့ကလဲဟာ ငါ့ကိုပဲ ဝိုင်းထုနေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးထံမှ အသံတိုးသဲ့သဲ့လေးထွက်လာလေ၏။ လေးယောက် ထဲမှာ စေသော်နှင့်စိုးပိုင် ဂျလောင်ကျသလောက် ဖော်မင်းခန့် က အတော် အေးလွန်းမှန်း သိသာလေသည်။ ဇင်သီဟန် ကတော့ မိန်းကလေးမို့ သာမန်ပါပဲ။ သူတို့တုန်းကတော့ လူငယ်ပေမယ့် အတော်လေးတည်ငြိမ်မှု ရှိခဲ့တာ အမှန်ပင်။ ဒီလေးယောက်ပုံစံက တော်တော် ကလေးဆန်လွန်းလှ ၏။ သို့သော် ဖော်မင်းခန့် ကတော့ သူ့လိုပင် တည်ငြိမ်တာတော့ သေချာ ပါသည်။ တာဝန်ပိုင်းဆောင်ရွက်တော့လည်း ဖော်မင်းခန့် က ပိုပြီး စိတ်ဝင် တစားဖြင့် တိကျသေချာစွာလုပ်တတ်တာမို့ သူ့ပေါက်စလေးလို့ နာမည် တပ်ခံရတာပင် မဟုတ်ပါလား။ နေပါဦး ... သူ့အလှည့်တုန်းကတော့ ဒီ အရွယ်မှာ Rose နှင့်တွဲပြီး မြူးကြွသွက်လက်ပျော်ရွှင်နေခဲ့ပါလျက် ဒီ ချာတိတ်ကျမှ အသည်းကွဲတာ ဆန်းကြယ်လွန်းတာ အမှန်ပါပဲ။ နေ့လယ် ထမင်းစားတော့ ချာတိတ်တို့အုပ်စုနှင့် သူတို့ တစ်ဝိုင်းတည်းစားဖြစ်ကြ လေသည်။

"ဘယ်လိုလဲ ဖိုးဖော်၊ ရန်ကုန်ကို သတိရနေပြီလား၊ ဒီလို ဆိုင်ထမင်း တွေစားတိုင်း မင်းပြောနေကျစကားလေးလေ၊ ဘာတဲ့ ... နှင်း သုပ်ကျွေး တဲ့ ထမင်းသုပ်ချဉ်ငံစပ်လေးသာ စားလိုက်ရရင် ခံတွင်းပျက်နေတာတွေ ချက်ချင်းပျောက်သွားတာပဲဆို ..."

"ဟယ် ... စိုးပိုင်ကလဲ လွမ်းနာကျနေပါတယ်ဆိုမှ သွားဆွနေပြန်ပြီ၊ အလိုက်ကိုမသိဘူး"

"အေးလေ"

သူ ပြုံးလိုက်မိ၏။ သူ့ဟင်းခွက်ကို အလယ်မှာချပေးပြီးမှ ထမင်း စ,စားလိုက်စဉ် ကြံမဆိုင်ကြော်က မေမေ့လက်ရာမဟုတ်မှန်း သူ သိလိုက်





ပါသည်။ ဒါ 'မိ'လက်ရာထင်ပါရဲ့။ ဖော်မင်းခန့် ပန်းကန်ထဲ သူ ခပ်ထည့် ပေးလိုက်တော့ ကျန်ချာတိတ်တွေက ပြုံးစိစိဖြစ်ကုန်လေ၏။ ဖော် က ကြံမဆိုင်ကြော်ကြိုက်သူပဲမို့ ဒေါက်တာထည့်ပေးလိုက်သည့်ဟင်းကို ခပ် စားလိုက်ရာ မျက်နှာမှာ အံ့ဩရိပ်ထင်သွားပါသည်။

"ဘာဖြစ်လို့လဲ ဖော်"

"နှင်းရဲ့ လက်ရာအတိုင်းပဲ"

"ဟဲ့! အရူးတစ်မျိုးထပြန်ပြီ"

"တကယ်ပြောနေတာ၊ ကျောင်းတက်နေတုန်းက နှင်း ချက်ပြီးကျွေး တဲ့အတိုင်းပဲ သီ ရဲ့၊ တကယ်ပြောနေတာ"

သူ အံ့ဩသွားမိသလို ရင်ထဲမှာပါ ထိတ်ခနဲဖြစ်သွားရပါ၏။ မိနှင့်များ ဒီကောင်လေး သိနေလေသလား။ ဒီလိုဆိုရင်တော့ ဒုက္ခပဲ။ နေပါဦး မိနဲ့ သိနေရင် မိရဲ့ မေ့နေတဲ့အတိတ်ကို ပြန်သတိရလာစရာတွေ ဖြစ်လာမှာမို့ မိအတွက် ပိုပြီးကောင်းမွန်မှာလေ၊ ဒါကို သိသိကြီးနဲ့ ဘာကြောင့် သူ မလိုလားတာပါလိမ့်။

"ဒေါက်တာ့အမေ ချက်ကျွေးတာပဲလားဟင်!"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီဟင်းက ကိုယ့်ညီမ လက်ရာပါ"

"ဪ ..."

"ဘာလဲ! နှင် ဒေါက်တာ့ညီမလေးကို တွေ့ချင်လာပြီလား"

"သီ ကလဲ စွတ်မပြောနဲ့လေ၊ ဒေါက်တာ့ကို အားနာစရာကြီး"

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိပါ၏။ ဖော်မင်းခန့်ကို တစ်ချက် ကြည့်လိုက်တော့ ဖော့် မျက်နှာက ပကတိတည်ကြည်လျက်ရှိနေတာပင်။

"ညီ့ကောင်မလေးက ညီ့ကို ထားသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘယ်လိုပြောရမယ်မှန်းတောင် မသိတော့ပါဘူးဗျာ၊ ဒီနေ့ပဲ အဖြေပေးပြီး နောက်ရက်မှာ ကျွန်တော့်ဘဝထဲက ပျောက်သွားတဲ့ဟာမျိုး ဖြစ်နေတာကိုး"

"ဘယ်လို !"

ဖော့မျက်လုံးများက အတိတ်ကို ပြန်တွေးနေသည့်နှယ် ရီဝေဝေလေး ဖြစ်သွားပါလေ၏။ အာရုံမှာ မျက်လုံးလှလှလေးနှင့် မျက်နှာဖူးဖူးလေးက ပေါ်လာပါသည်။ နှင်းရယ် ... ဘယ်လိုအန္တရာယ်တွေများရှိနေလို့ ကိုယ့်ကို အသိမပေးဘဲ ရုတ်တရက် ပျောက်ကွယ်သွားရတာပါလဲ၊ တကယ်ဆို ကိုယ့်ကို ဖွင့်ဟတိုင်ပင်သင့်တာပေါ့။ နှင်းဖေဖေ ဆုံးစဉ်ကတည်းက အိမ်မှာမနေချင်တော့ဘူးလို့ တဖွဖွပြောနေတဲ့ နှင်းရဲ့ ငိုမဲ့မဲ့မျက်နှာလေးကို ကိုယ် အမြဲကရုဏာသက်နေမိတာပါကွယ်။ ပေရယ်ရဲ့ နိုင့်ထက်စီးနင်း အပြုအမူတွေကို အစဉ်သည်းခံနေရရှာတဲ့ ချာတိတ်မလေးကို မေတ္တာမိုးတွေ ရွာပြီး ကိုယ် ရှုမဝ ချစ်မဝ ဖြစ်ခဲ့ရတာ နှင်း အသိဆုံးပါလေ။

"ညီ ..."

"ဟင် !"

"sorry... စိတ်တွေလွင့်သွားတာ ပျက်ကွက်နဲ့ပြီ"

"ရပါတယ် ဒေါက်တာ"

"ဒါဆို အစ်ကိုနဲ့ဖိုးဇော်က ဘဝတူတွေဖြစ်ကုန်တာပေါ့"

"ဟုတ်လား၊ ဒေါက်တာလဲ ကျွန်တော့်လိုပဲ အချစ်တွေ ကျပျောက်သွားတာလားဟင် !"

သူ မသက်မသာဖြင့် သက်ပြင်းချလိုက်မိပြန်၏။ မေးနေကြပြန်ပြီ Rose ရယ်၊ ကိုယ့်အဖြစ်က ရာဇဝင်ရိုင်းရတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို





ဘဝစာမျက်နှာက မလှမပ ဖြစ်နေခဲ့ရတာလေ။

"ကိုယ်က စွန့်လွှတ်ခဲ့တာပါ"

"ဟာ! အစ်ကို့ကို သူက ထားရစ်ခဲ့တာမျိုး မဟုတ်ဘူးလားဗျ"

"မဟုတ်ပါဘူး၊ စရိုက်မတူတဲ့ဘဝတစ်ခုကို ဘယ်လိုမှ ဆက်ပြီး ထူထောင်လို့မရမှန်း သိခဲ့ရလို့ ကိုယ် ဆုံးဖြတ်ခဲ့တာပါ။ ညီတို့ သိတဲ့အတိုင်းပဲလေ၊ ဘိုင်ရွန်ရဲ့ စကားတစ်ခွန်းလိုပေါ့ ... **Men love in haste but they destest at leisure.** (လူတိုင်းဟာ မြန်မြန်ဆန်ဆန်ချစ်တတ်ကြပေမယ့် တစိမ့်စိမ့်နဲ့ မုန်းတတ်ကြပြန်တယ်)တဲ့လေ။ ကိုယ့်အဖြစ်က အဲဒီလိုအဖြစ်မျိုးနဲ့ကြုံခဲ့ရတာမျိုးပါ"

"အစ်ကိုက အဲဒီမမကို ခပ်မြန်မြန်လေး ချစ်ခဲ့မိတယ်လို့ ဆိုလိုချင်တာလား"

"မှန်ပါတယ်"

"ဒါဆိုရင် ဒေါက်တာတော့ **Philosopher** ဖြစ်သွားတာ သေချာတယ်"

"ဘာလဲကွ ဖိုးဇော်ရ"

"ဟုတ်တယ်လေ၊ ဆိုကရေတီး ပြောခဲ့ဖူးတာပဲ၊ **By all means, marry. If you get a good wife, you will become very happy. If you get a bad one, you will become a philosopher.** (ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ကို လက်ထပ်ယူလိုက်ပါ။ မိန်းမကောင်းတစ်ယောက်ကို ရပြီဆိုရင် သင် အလွန်ပျော်ပေလိမ့်မည်။ မိန်းမဆိုးတစ်ယောက်ကိုရရင်တော့ သင်ဟာ အတွေးအခေါ် ပညာရှင်တစ်ယောက် ဖြစ်လာလိမ့်မည်)တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်၊ အတိအကျမှန်တာပဲ၊ ညီကိုလဲ ကိုယ့်ကို simple ယူပြီး သတိထားသင့်တာပေါ့"

"ဟင်းဟင်း ... ကျွန်တော့် နှင်းကတော့ ဒီလိုမျိုးမဟုတ်ပါဘူး ဒေါက်တာရယ်"

"မြင်တယ်မဟုတ်လား ဒေါက်တာ၊ သူကတော့ Philosopher ဖြစ်၊မဖြစ် မသေချာဘူး၊ Neurosis (စိတ်ရောဂါ)ဖြစ်မှာတော့ သေချာတယ်"

ရယ်သံတွေ အုန်းခနဲထွက်လာပါ၏။ စကားဝိုင်းကို အရယ်ဖြင့် အဆုံးသတ်လိုက်သော်လည်း သူနှင့်ဖော်မင်းခန့် ရင်ထဲမှ ဝေဒနာကိုယ်စီကဖြင့် သက်သာသွားခြင်းမရှိပါချေ။ ဩော် ... ချစ်ဖူးမှ ချစ်ခြင်းရဲ့ဒဏ်ရာတွေကို ရရှိခံစားမိမှာမဟုတ်ပါလား။ ညနေ အိမ်ပြန်ခါနီး ဆေးရုံပေါ်မှဆင်းစဉ် ဒေါက်တာဖော်မင်းခန့်က သူ့ကို တိုးတိုးပြောလာလေ၏။

"ကျွန်တော် ဒေါက်တာ့အိမ်ကို လာလည်ရင် ခွင့်ပြုနိုင်ပါ့မလား"

"ရပါတယ် ညီ၊ ကိုယ့်မေမေက ဘယ်လိုဧည့်သည်မျိုးကိုမဆို ဧည့်ဝတ်ကျေအောင် ကြိုဆိုလေ့ရှိတဲ့သူတစ်ယောက်ပါ"

"ကျွန်တော်ဆိုလိုတာ ဒေါက်တာ နားမလည်တာတော့မဟုတ်ပါဘူးနော်"

"ဘာကိုလဲ ညီ"

"စိုးပိုင်တို့ ပြောသလို ဒေါက်တာ့ညီမလေးနဲ့ပတ်သက်ပြီး စိတ်လက်မအေးဖြစ်ရမှာကို စိုးမိလို့ပါ။ ဒေါက်တာက ညီမလေးအပေါ် အတော်ချစ်ပုံလဲရလို့လေ"

ညီမလေး တဲ့လား...။ ဖော် သုံးလိုက်တဲ့နာမ်စားလေးက ရင်ထဲထိ





နွေးသွားတာ အမှန်ပင်။ ကြည့်စမ်း ...၊ ဒီကောင်လေးဆီမှာ ဒီလို ကရုဏာသက်ချင်စရာစကားလုံးလေးတွေ သုံးလေ့သုံးထရှိနေတာပါလား။ ဒီလို ညီမလေးဆိုတဲ့ စကားအသုံးအနှုန်းမျိုး မိအပေါ်မှာ သူ တစ်ခါမှ မသုံးခဲ့ဖူးပါချေ။

"ကိုယ် ဒီလောက် ကိုယ့်ညီမအပေါ် ဝန်တိုစိတ် မထားပါဘူး ညီ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော်ကလဲ နှင်းတစ်ယောက်လွဲပြီး ဘယ် သူစိမ်းမိန်းကလေးတွေကိုမှ နောက်ထပ်ချစ်ဖို့ မရည်ရွယ်ပါဘူး၊ အဲဒါကိုတော့ စိတ်ချပါ"

သူ ခေါင်းညိတ်ပြကာ လှေကားမှ ဆက်ဆင်းခဲ့ပါ၏။ သေချာရဲ့လား၊ စိုးပိုင်နဲ့ဖေသော် သူမကိုလိုက်ကြည့်တုန်းက ဖြစ်တည်ခဲ့တဲ့ ဒေါသဟာ ဝန်တိုခြင်းမဟုတ်ရင် ဘာများပါလိမ့်။ ကြည့်ရုံလေးတောင်မှ သူ မနှစ်မြို့နိုင်ရင် 'မိ'ကိုချစ်ပါတယ်လို့ပြောလာလျှင်တော့ ... ရင်ထဲမှာ မီးတောက်ကြီး ထ,တောက်လာတာကိုတော့ သူကိုယ်တိုင်ပင် သိပါတယ်လေ ...။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

[ ၁၃ ]

မြက်ခင်းနုနုကို တံစဉ်ဖြင့် အသာဆွဲရိတ်လိုက်ပါ၏။ ခြင်းတောင်းထဲ ထည့်လိုက်စဉ် အေးဘုံက အတော်ပင်ရိတ်ပြီး ပုံထားလေပြီ။ အင်းပေါ့လေ သူမက သိပ်မကျွမ်းကျင်သေးတဲ့သူပဲကိုး။ မီးဖိုခန်းထဲမှာ ဒေါ်လေးနှန်းက ကြီးမေကို ဝိုင်းကူချက်ပေးနေတာမို့ မြင်းစာကျွေးဖို့ကို အေးပုံနှင့်အတူ သူမ လိုက်လာခဲ့ခြင်းဖြစ်သည်။ ကုန်းမြင့်ပေါ်မှ မတ်တတ်ရပ်လိုက်စဉ် တောင်ခြေမှ သူ့ကားတက်လာတာကို မြင်လိုက်ရ၏။ **Night duty** တောင်ပြီးလို့ ပြန်လာပြီပဲ။

ကုန်းမြင့်မှာရပ်နေသဖြင့် လေတိုက်၍ ဆံနွယ်ရှည်တွေရော လုံချည်အနားစလေးတွေပါ တဖျပ်ဖျပ်လွှပ်ခတ်နေသည့် သူမကို လှမ်းမြင်နေရလေ၏။ နံနက်ခင်းနေခြည်က သူမနောက်ကျောသို့ ဖြာကျနေပုံက ကဗျာဆန်ဆန်လေးဖြစ်နေလေသည်။ ကျက်သရေရှိလိုက်တာနော်။ ဘယ်အချိန်ပဲမြင်ရမြင်ရ ကပိုကရိုလေးဖြစ်နေပုံကိုက သူမအလှကို ရင်မအေးစေတဲ့ လှုရယ်လို့ ရှိနိုင်ပါ့မလားလေ။





ကားကို တိုက်ရှေ့မှာရပ်လိုက်ပြီး အိမ်ထဲဝင်ခဲ့ပါ၏။ မေမေက မီးဖိုခန်းထဲရောက်နေသဖြင့် သူ့ကို ထွက်မကြိုနှင့်ပါလေ။ သူ မြင်းစီးရန်ပြင်ဆင်ပြီး ဆင်းလာမှ လှေကားရင်းမှာ လာဆုံလေ၏။

"ဟဲ့ ! သား ဘယ်အချိန်က ပြန်ရောက်တာလဲ"

"အခုလေးပါပဲ မေမေ"

"**breakfast** မစားဘဲ ဘယ်သွားမလို့လဲ"

"မြင်းတွေမကျောင်းရတာ ကြာပြီ မေမေ"

မေမေက သူ့ကို ဘာမှထပ်မပြောတော့ဘဲ မျက်စောင်းသာ ခဲလိုက်၏။ သူ မြင်းဇောင်းကိုရောက်တော့ တိမ်လွှာကို သူမက အစာကျွေးနေသလို မဟုရာကို အေးဘုံ က ကျွေးနေလေသည်။ တိမ်လွှာက သူမမျက်နှာကို ရုတ်တရက် နမ်းလိုက်သဖြင့် သူမက လန့်ဖျပ်ကာ နောက်ဆုတ်လိုက်ပါ၏။

"အို !"

ယိုင်လဲလာသည့်ခန္ဓာကိုယ်ကို နောက်ကျောမှ သူ လှမ်းထိန်းလိုက်ပါ၏။ ကြည့်စမ်း ...၊ တိမ်လွှာက သူမအပေါ်မှာ အတော့်ကိုချစ်ရှာတာပါလား။ သူမ အလန့်တကြားဖြင့် သူ့လက်ထဲမှ ပြန်ရုန်းလိုက်စဉ် သူက ပြန်မလွှတ်သေးဘဲ သူမလက်မောင်းကို ဆုပ်ကိုင်ထားလိုက်ပါ၏။

"ကိုကိုကြီး ..."

"နေပါဦး၊ တိမ်လွှာက မင်းကို အတော်သံယောဇဉ်ရှိပုံရတယ် မိရဲ့၊ စီးကြည့်ပါလား"

"ဟင်! မစီးရဲပါဘူး၊ ကျွန်မ ကြောက်တယ် ကိုကိုကြီးရဲ့"

"ကိုယ် လိုက်ထိန်းပေးမှာပေါ့ မိရဲ့၊ လာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

သူမ ငြင်းလိုက်ပါသော်လည်း သူက တိမ်လွှာစက်ကြိုးကိုဆွဲကာ သူမကိုပါ လက်တွဲခေါ် လာလေ၏။

"ကိုကိုကြီး ... ကျွန်မ ..."

"အပျော်ပဲဖြစ်ဖြစ် ခဏလေးစီးကြည့်ပါလား မိရဲ့၊ ဘာမှမဖြစ်စေရပါဘူး၊ ကိုယ်တစ်ယောက်လုံးရှိတာပဲ"

"ကျွန်မ မစီးချင်ဘူး ကိုကိုကြီး"

သူမ စကားအဆုံးမှာ ခါးသေးသေးလေးကိုပင့်ချီလျက် တိမ်လွှာပေါ်သို့ သူမ ရောက်သွားသလို သူပါ လွှားခနဲခုန်တက်လိုက်လေ၏။ ကြောက်တာရော၊ ရှက်တာပါ ရောထွေးလျက် သူမမျက်နှာလေး ရဲခနဲဖြစ်သွားပါသည်။ တိမ်လွှာ ဆတ်ခနဲရွေ့တော့ သူ့လက်မောင်းကို အလန့်တကြား ဆုပ်ထားမိလေ၏။ အမယ်လေး ... ရင်တွေတုန်လိုက်တာနော်။

"မကြောက်နဲ့လေ"

သူက တီးတိုးသတိပေးလိုက်ပြီး မြင်းကို ခပ်မြန်မြန်နှင်လိုက်လေ၏။

"ကိုကိုကြီး ကျွန်မ ကြောက်တယ်၊ အား ..."

"မိ ... ငြိမ်ငြိမ်နေလေ"

သူမ လက်မောင်းကိုင်ထားရာမှ သူ့ကိုယ်ကို လှည့်ဖက်လိုက်စဉ် **weight** က လက်ယာဘက်များသွားပြီး နှစ်ယောက်စလုံးယိုင်ကာ ပြုတ်ကျလေ၏။ မြက်ခင်းထူသည့်နေရာမို့ အကျတော်သွားသော်လည်း ကုန်းဆင်းကို နှစ်ဦးသား လုံးထွေး၍လိမ့်သွားပါလေသည်။ သူ့ကိုယ်လုံးအောက်မှာပိသွားသည့် မိန်းကလေးက တုပ်တုပ်မျှ မလှုပ်တော့ပါချေ။

"မိ ... မိ ... မိရေ ..."





သူ မိန်းကလေး၏မေးစေ့လေးကို ကိုင်လှုပ်ကာခေါ် လိုက်ပါ၏။ အလိုလေး ... အကြောက်လွန်ပြီး မေ့သွားပါရောလား။ တစ်ကိုယ်လုံး ပျော့ခွေနေပုံကိုက အရုပ်လေးတစ်ရုပ်နှယ် ရှိနေသဖြင့် သူ အတော်လေးစိုးရိမ်သွားရပါသည်။ ကောင်မလေးရေ ... မင်း ဘာမှမဖြစ်ပါစေနဲ့။ မင်းသာတစ်ခုခုဖြစ်သွားရင် အဲဒါ ကိုယ့်ပယောဂ မကင်းဘူးလေ၊ ဘုရားရေ ... မိ ဘာမှမဖြစ်ပါစေနဲ့။

သူ့မိန်းကလေးကို တင်းကျပ်စွာပွေ့လိုက်စဉ် သူမထံမှ ညည်းညူသံသဲ့သဲ့မျှ ထွက်ပေါ် လာပါ၏။ ဟော! သတိရလာပြီထင်ပါရဲ့။

"အင်း ... ဟင်း ဟင်း"

"မိ ... မိ ..."

BURMESE CLASSIC .com

မျက်တောင်ရှည်လေးများ လှုပ်လာကာ မျက်ဝန်းလဲ့လဲ့လေးတွေ ဖျတ်ခနဲပွင့်လာပါ၏။

"တော်ပါသေးရဲ့၊ မင်း ဘာမှမဖြစ်ပေလို့ဘဲ"

သူမမျက်ဝန်းမှ မျက်ရည်တွေ ပေါက်ခနဲကျလာတော့ သူ စိုးရိမ်တကြီးဖြစ်သွားကာ ပါးပြင်နုနုထက်စီးကျလာသည့်မျက်ရည်ကို သုတ်ပေးလိုက်မိသည်။ ရှိုက်သံတစ်ချက်ထွက်လာစဉ် လက်တို့က မရည်ရွယ်ပါဘဲ ခန္ဓာကိုယ်ကျစ်ကျစ်လေးကို ဖျတ်ခနဲဖက်လိုက်ပါ၏။

"မိရယ် ... တော်တော်များလန့်သွားလား၊ ကိုယ် မရည်ရွယ်ပါဘူး၊ မိနဲ့တိမ်လွှာကို ရင်းနှီးစေချင်လို့ ခုလိုပေးစီးလိုက်တာပါ၊ ဒီလိုဖြစ်အောင်လို့ ..."

"လွှတ်ပါ"

သူမထံမှ ငြင်းဆန်သံထွက်လာတော့ သူ အသာလွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက မြက်ခင်းထက်မှ ကျုံးထလိုက်ရာ ခြေထောက်က စစ်ခနဲနာသွ
တာမို့ မျက်နှာလေးက သိသာစွာရှုံ့တွသွားလေ၏။

"ဘာဖြစ်လဲ မိ၊ ဘယ်နား နာသွားလဲ"

"ခူးနာသွားပြီ၊ ရပါတယ် ကိုကိုကြီး"

"လျှောက်လို့ဖြစ်လို့လား မိရဲ့၊ ကုန်းပေါ် ကိုပြန်တက်ရင် ခက်ခက်
တက်ရမှာနော်၊ ကိုယ့်လက်ကို တွဲပါလား"

"နေပါစေ၊ ကျွန်မ ကြိုးစားပြီးတက်မှာပါ"

သူမ ခြေကို ဈ လှမ်းလိုက်စဉ် ဒူးက မျက်ခနဲဖြစ်သွားတာမို့ သူ
သူမလက်မောင်းကို ဖမ်းထိန်းလိုက်ပါ၏။ တိမ်လွှာက ကုန်းပေါ်မှာ
စောင့်နေလေသည်။ သူ သူမကို ဇွေ့ခနဲပွေ့ချီလျက် ကုန်းပေါ်တက်လ
ကာ တိမ်လွှာပေါ် ပြန်တင်ပေးလိုက်ပါ၏။

"ဟင့်အင်း ... ကျွန်မ မစီးဘူးနော်"

"အိမ်ရောက်အောင် အတော်ဝေးဝေးပြန်ရမှာလေ၊ မင်းမှ မလျှော
နိုင်ဘဲ၊ ဒီလိုမှမဟုတ်ရင် ကိုယ်ပဲပွေ့ချီလာရမှာ၊ ကဲ ... ဘယ်လမ်းကို
ချင်လဲ၊ ပြော ..."

သူမ နှုတ်ဆိတ်သွားပါ၏။ တိမ်လွှာက ခပ်မှန်မှန်ခြေလှမ်းဖြင့် စ
လျှောက်နေလေပြီ၊ သူက မြင်းဇက်ကြိုးကို နံဘေးမှ ထိန်းကိုင်ပေးလျ
လမ်းလျှောက်လိုက်လာလေသည်။ သူမကိုမကြည့်ဘဲ ရှေ့တူရူဆီကို
ကြည့်၍လျှောက်နေသည့် သူ့မျက်နှာကို သူမ ငုံ့ကြည့်နေမိ၏။ ဘယ်
ဖြစ်ရတာပါလိမ့်။ ဤလူတစ်ယောက်နှင့်ပတ်သက်ပြီး သူမစိတ်ထဲ
ကြောက်ရွံ့ထိတ်လန့်နေရတာ ဘာကြောင့်လဲ၊ သူ့ရင်ခွင်ထဲ ရောက်သွ
တိုင်း စိတ်လှုပ်ရှားရင်ခုန်နေမိတာ သူမသာအသိဆုံးဖြစ်သည်လေ။





မြင်းဇောင်းကိုရောက်တော့ သူမကို မြင်းပေါ်မှ အသာချလိုက်ပြီး သူ့
လက်မောင်းကို အားပြုလျှောက်စေလေ၏။ သူနှင့် ယှဉ်တွဲ၍လျှောက်လာ
တာကို မေမေက အိမ်ဘေးပေါက်မှ လှမ်းကြည့်နေလေသည်။

"ဘယ်လိုဖြစ်လာတာလဲ"

"တိမ်လွှာက မိကို ခင်တွယ်ပုံရတာနဲ့ ပေးစီးလိုက်မိတာပါ မေမေ"

"သားရယ် ... မိက သားတွေ့ဖူးတဲ့မိန်းကလေးမျိုးနဲ့မတူတာကို သိ
လျက်နဲ့ ..."

သူက မေမေပြောတာကို မကြားချင်ယောင်ဆောင်၍ ညှို့ခန်းဆီ ဝင်
လာပြီး သူမကို ခုံပေါ်မှာထိုင်ခိုင်းလိုက်ပါ၏။

"ထိုင် ... ခဏစောင့်ဦးနော်၊ ကိုယ် မင်းကို ဆေးလူးပြီး ပတ်တီးစည်း
ပေးမယ်"

သူ ဆေးခန်းရှိရာဆီ ထွက်သွားစဉ် ကြီးမေက သူမနားမှာ လာရပ်လေ
သည်။

"မိ ..."

"ရှင်! "

"မင်းကို ကြီးမေ ဘာပြောထားလဲ"

" ..... "

"သားနဲ့ ခပ်ကင်းကင်းနေပါလို့ ပြောထားပါလျက် ဒီလိုတွေဖြစ်အောင်
လုပ်ရသလား"

"ကြီးမေ ... ကျွန်မ ..."

"ဒီမှာ ငါ ရှင်းရှင်းပြောထားမယ် မိ၊ မင်းလို ကိုယ့်ဘဝကိုယ် ဘာမှန်း
ရေရေရာရာမသိတဲ့ မိန်းကလေးမျိုးနဲ့ ငါ့သားကို ဘယ်လိုမှ မပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူး။ ငါ့သားရင်ထဲကဒဏ်ရာတွေက ခုထိ ကျက်သေးတာမဟုတ်
ဘူး၊ မာယာများဖို့မကြံနဲ့ မင်းကို ဒီအိမ်မှာ အခိုက်အတန့်ကာလအထိ
ငါ လက်ခံမယ်လို့ ပြောထားတာနော်၊ ဒီထက်ပိုအတင့်ရဲလာရင် ငါ့စိတ်
ဖြစ်မှာမဟုတ်ဘူး"

နားစွန်နားဖျား ကြားလိုက်ပါ၏။ မေမေ သူမကို ဘာတွေများပြော
တာပါလိမ့်။ သူ အိမ်ထဲရောက်တော့ သူမက မျက်နှာကို အောက်ချလျှ
ငြိမ်သက်စွာ ထိုင်နေလေသည်။

"မေမေ ..."

"ရေချိုးပြီးရင် ထမင်းစားဖို့ သား"

"ကျွန်တော် မိကို ဆေးလိမ်းပြီး ပတ်တီးစည်းပေးလိုက်ဦးမယ်"

"အို ...! မင်း လူးပေးစရာလား"

"မေမေ ... ကျွန်တော် ဆရာဝန်တစ်ယောက်ဆိုတာ မမေ့လိုက်ပါ
ပြီးတော့ သူ အခုလိုဖြစ်ရတာလဲ ကျွန်တော့်ကြောင့်ဖြစ်ရတာပါ။ ကျွန်တေ
မှာ တာဝန်ရှိတယ်"

"ခက်တာပဲ နေဝန်းရယ်"

သူမ အခန်းထဲဝင်ရန် မတ်တတ်ရပ်လိုက်စဉ် သူက သူမပခုံးကိုကိုင်
ပြန်ထိုင်ခိုင်းလိုက်တာမို့ မေမေ့မျက်စောင်းက သူ့ဆီလွှင့်လာလေ၏။ ဘ
တတ်နိုင်ပါ့မလဲ။ သူ ဆေးမလိမ်းပေးရင် ညနေ ဆေးခန်းဖွင့်ချိန်မှာ သူ
ကူညီပေးနိုင်မှာ မဟုတ်ဘူးလေ။

"ဆေးလိမ်းရမယ်လေ၊ ဘယ်လိုဖြစ်နေတာလဲ"

မေမေက တားမရသည့်အဆုံးမှ ဘာမှ ဆက်မပြောတော့ဘဲ အပေ
ထပ်သို့တက်သွားလေသည်။ သူ ဆေးလူး၍ ပတ်တီးစည်းပေးစဉ် သ





လက်ဖျံပေါ်သို့ သူမ မျက်ရည်ပေါက်က ဖျတ်ခနဲကျလာလေ၏။

"မိ ဘာဖြစ်လို့ငိုရပြန်တာလဲ၊ တော်တော်နာနေလို့လား"

သူမ ခေါင်းကိုသာ ခါယမ်းပြလိုက်တာမို့ သူက သူမ၏လက်ဖျားလေး
တွေကို တယုတယဖြင့် ဆုပ်ကိုင်လိုက်မိ၏။

"မေမေ ပြောတာတွေကို စိတ်ထဲမထားပါနဲ့ မိရယ်၊ မေမေက ကိုယ့်ကို
ချစ်တဲ့ဇောနဲ့ ဘယ်မိန်းကလေးကိုမဆို ဒီလိုမျိုး ပြောလေ့ရှိတယ်၊ မိက
ဝေဒနာသည်လေ၊ မိ ရောဂါသက်သာလာတဲ့အချိန်ထိ ကိုယ် စောင့်ရှောက်
ထားမှာပါ၊ ဘာမှ စိတ်မပူပါနဲ့ ... နော် ..."

သူမ ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ ညနေစောင်းတော့ ဆေးခန်း
မှာ သူမ ဝိုင်းကူလုပ်ပေးရာမှာ ဆေးအမည်တွေရေးပေးသမျှ အကုန်ကို
နားလည်ကျွမ်းကျင်နေပြန်သည်မို့ အံ့ဩရပြန်သည်။ အကြောဆေးသွင်း
မည့်လူနာကို လာကိုင်ပေးတာ၊ ဆေးပုလင်းရွေးပေးတာက အစ အကုန်
ကို တရင်းတနှီး ကျွမ်းဝင်နေသလိုပါပဲလား။ သူမ ဘယ်သူလဲ၊ ဘာဖြစ်လို့
များ ဒီကိစ္စတွေကို တတ်မြောက်နေရတာပါလိမ့်။ ပျောက်ဆုံးနေသည့်
အတိတ်ကို အမြန်ဆုံး သတိရချင်နေပါသည်။ ဒါမှသာ ကြီးမေ ပြောသလို
ဒေါက်တာနှင့် မပတ်သက်သည့်နေရာမှန်မှာ သူမ ပြန်နေနိုင်မည်လေ...။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၄ ]

ဈေးနေ့မို့ လူစည်ကားနေပါ၏။ ကြီးမေ နေမကောင်းဖြစ်နေ၍ အေးဘုံက စောင့်ကျန်ရစ်ခဲ့သည်။ သူမက ဒေါ်လေးနန်းနှင့်အတူ ရထားလုံးစီး၍ အဖော်လိုက်လာခဲ့ပါ၏။ တစ်ပတ်စာ စာရင်းကုန်အောင်ဝယ်ပြီးချိန်မှာ ဈေးထဲ၌ လူ အတော်လေးကျဲနေလေပြီ။

"မမလေးရေ... ကျွန်မ ဆန်မှာဖို့မေ့နေလို့ သွားမှာလိုက်ဦးမယ်၊ ဒီမှာပဲ ခဏလေးစောင့်နေနော်"

"ဟုတ်ကဲ့၊ ရပါတယ် ဒေါ်နန်းရဲ့"

သူမ ဈေးခြင်းတောင်းကြီးနှစ်တောင်းဘေးမှာ ရပ်ကျန်ရစ်ခဲ့ပါ၏။ ဒေါ်လေးနန်းကို သူမအား မမလေးဟု အထပ်ထပ် တရိုတသေမခေါ် ရန် တားတာကိုလည်း မရ။ တူမအရွယ်လေးမို့ 'မိ'ဟုသာခေါ် ရန် ပြောသော်လည်း ထိုအတိုင်းပဲခေါ်မြဲမို့ သူမ ဘာမှမပြောနိုင်တော့ပေ။ လမ်းနံဘေးမှာ မတ်တတ်လေးရပ်နေစဉ် မျက်လုံးဝိုင်းဝိုင်းလေးနှင့် မမတစ်ယောက်က သူမကို ကွက်ကြည့်ကွက်ကြည့်လေးလုပ်နေလေသည်။ ဟော! သူမ





ကို သိနေသူများလား။ ဇဝေဇဝါဖြင့် ပြန်ကြည့်လိုက်စဉ် ထိုမမက သူမနံဘေးသို့လျှောက်လာလေသည်။

"ဈေးလာဝယ်တာထင်တယ်"

"ဟုတ်ပါတယ်ရှင့်"

"ရှမ်းလူမျိုးတော့မဟုတ်ဘူးနော်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်း လာတာလား"

"ဒေါ်လေးနန်း ပါလာတယ်ရှင့်"

"ဘယ်မှာနေတာလဲ"

"ရှင် !"

ဒုက္ခပါပဲ၊ ကိုယ့်ကိုယ်ကို ဘာမှန်းမသိဖြစ်နေပါတယ်ဆိုမှ သူမနေရပ်ကို လာစုံစမ်းနေပါရောလား။ ဒီမမပုံစံလေးကြည့်ရတာတော့ သပ်သပ်ရပ်ရပ်ချောချောလေးမို့ သူမကို ဒုက္ခပေးမည့်ပုံတော့ မရပါချေ။

"မမက ဒီမြို့ဆေးရုံမှာ တာဝန်ကျတဲ့ ဒေါက်တာဖင်သီဟန်ပါ"

"ဪ... ဟုတ်ကဲ့"

"ညီမလေးနာမည်ကရော ..."

"မိ ပါရှင်"

"မိ! ဟုတ်လား၊ ဒေါက်တာနေဝန်းနီရဲ့ ညီမလေး ဆိုတာလားဟင်"

"ရှင်! ဟုတ် ... ဟုတ်ပါတယ် မမ"

"ဟယ် ဝမ်းသာလိုက်တာ၊ ဖေသော်တို့ ပြောကတည်းက တွေ့ဖူးချင်နေတာ၊ ခုမှပဲ တွေ့ဖူးတော့တယ်၊ ညီမလေးက ယဉ်ယဉ်လေးနဲ့ ချောလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... မိက ... မိက ကိုကိုကြီးရဲ့ ညီမအရင်းတော့ မဟုတ်ပါဘူး"

"ဩော် ...ဝမ်းကွဲညီမမှန်း မမ သိပြီးသားပါကွယ်၊ စိုးပိုင်တို့ပြောတာ မလွှန်ပါလားနော်"

ဇင်သီဟန် က သူမလက်ကိုဆုပ်ကိုင်လျက် ပြောနေစဉ် သူမတို့ရပ်နေသည့်နားမှာ ကားတစ်စီး ထိုးရပ်သွားလေ၏။

"ဟော! ဒေါက်တာပါလား"

"**Off** ရက် ဈေးလာတာလား ဇင်သီ"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒီမှာ ဒေါက်တာ့ညီမလေးကို မြင်မြင်ချင်း ချစ်လို့ စကားပြောနေမိတာပါ"

"ဒေါ်လေးနန်းရော မိ၊ ဘာဖြစ်လို့ တစ်ယောက်တည်းဖြစ်နေတာလဲ"

သူက စိုးရိမ်တကြီးဖြင့် ကားပေါ်မှဆင်းလာတာကို ဇင်သီဟန် သတိပြုမိလိုက်လေ၏။

"ဒေါ်လေး ဆန်သွားမှာတယ် ကိုကိုကြီး"

"ကျွတ်! အဲဒီ ဒေါ်လေးနန်းဟာ ဈေးထဲမှာ ဈေးဝယ်နေရင် တစ်ခါတည်းမှာခဲ့တာမဟုတ်ဘူး"

"သီ သွားပါဦးမယ် ဒေါက်တာ"

"ကောင်းပါပြီ ဇင်သီ"

ဇင်သီဟန် လှည့်ထွက်ခဲ့ရာမှာ စိတ်ထဲ တစ်မျိုးကြီးဖြစ်လာတာမို့ အနောက်သို့ ပြန်လှည့်ကြည့်ရာ ဒေါက်တာနေဝန်းနီနှင့် မိကို မြင်နေရလေသည်။ သူက သူမ ခြင်းတောင်း ကောက်ဆွဲတာကို ဆွဲခွင့်မပြုဘဲ လုယူလိုက်တာမို့ လက်ချင်းအုပ်မိသွားရာ သူမ အသာလွှတ်ပေးလိုက်ရ၏။ တောင်းတွေကို ကားနောက်ဖုံးထဲထည့်ပြီး သူမကို နောက်ခန်းတံခါး ဖွင့်





ပေးကာ တက်ခိုင်းပြန်သည်။ သူမက ဒေါ်လေးနန်း လာမည့်လမ်းဘက် မျှော်ကြည့်ရာ လက်မောင်းကိုကိုင်၍ တက်ခိုင်းနေသဖြင့် ကားထဲဝင်ထိုင်လိုက်ရပါ၏။

"နောက်ကို ဈေး ဘယ်တော့မှမလိုက်နဲ့ မိ"

"ဒေါ်လေးတစ်ယောက်တည်းဖြစ်နေလို့ပါ ကိုကိုကြီးရဲ့"

"အေးဘုံကို သူ ခေါ်သွားမှာပေ့ါ၊ မင်း လိုက်စရာမလို့ဘူးလေ၊ **duty** ထွက်ပြီး အိမ်မှာနားဖို့တောင် စိတ်မကူးဘဲ ထ,လိုက်လာတာ၊ ထင်တဲ့အတိုင်းပဲ ..."

"ရှင်! "

"ရှင်မနေနဲ့၊ မင်းရပ်နေတာကို ဆိုင်ထဲကလူတွေ မျက်စိစားပွဲ ထိုင်ကြည့်နေတာ မမြင်ဘူးလား၊ တော်တော်အကြည့်ခံချင်နေလားဟင်၊ မိရဲ့"

သူမ ခေါင်းငုံ့သွားရပါ၏။ တစ်ယောက်တည်း ကြောက်ကြောက်ဖြင့် ရပ်နေတာမို့ ဘေးပတ်ဝန်းကျင်ကို သတိမထားမိပါချေ။ ဒါကို ကိုကိုကြီးက သိနေသတဲ့။ အံ့ဩစရာပါပဲလား ...။

"မေးနေတာ ဖြေလေ"

သူမ တစ်ချက်တုန်သွားပါ၏။ ရှေ့ခန်းမှ စူးစူးရဲရဲကြည့်နေသည့် သူ့မျက်ဝန်းတွေကို ပြန်မကြည့်ရဲဘဲ မျက်လွှာကို အမြန်ချလိုက်မိသည်။

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ"

"ဟို ... ကျွန်မ မသိဘူး ကိုကိုကြီးရဲ့၊ ဒေါ်လေးက ခဏပဲစောင့်နေဆိုလို့ ..."

"တောက်! ပြောလိုက်ရင် မပွင့်တပွင့်နဲ့ ဘယ်လိုလေးမှန်းကိုမသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

သူက မကျေမနပ်တက်ခေါက်ကာ မျက်နှာကို ရှေ့တည့်တည့်လှည့်လိုက်စဉ် မျက်နှာချင်းဆိုင်မှာ လမ်းလျှောက်လာသည့် ချာတိတ် နှစ်ယောက်ကို မြင်လိုက်ရလေ၏။ သေစမ်း ...၊ ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ဒင်းတို့ အုပ်စု ဈေးထဲလည်နေကြတာပါလိမ့်”

“ဟာ! ဟိုမှာ ဒေါက်တာ့ကားပါလား။ duty ပြီးတာ အိမ်ကိုမပြန်ဘဲ ဈေးလာတာထင်ပါရဲ့”

ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် လျှောက်လာရင်း ကားနောက်ခန်းမှာ ထိုင်နေသည့် သူမကိုပါ မြင်သွားလေ၏။

“ဟော! မိပါ လိုက်လာတာကိုး။ ဈေးဝင်တာလား အစ်ကို”

“အင်း ... ကိုယ်က နောက်မှလိုက်လာတာပါ”

“ဘာတွေဝယ်ပြီးပြီလဲ မိ”

“ရှင် !”

သူမ စကားပြန်ပြောရမှာလားမသိဘဲ သူ့ကိုကြည့်တော့ နောက်ကြည့်မှန်ထဲမှ မျက်မှောင်ကြုတ်ကြည့်နေသည့် သူမျက်နှာကို တွေ့လိုက်ရလေသည်။ အမယ်လေး ... ဘယ်လိုကြီးပါလိမ့်နော်၊ ဘယ်သူနဲ့မှ စကားပြောခွင့်မရနိုင်ဘူးထင်ပါရဲ့၊ လူကို အပိုင်စားရထားတဲ့ အရုပ်လေးလိုမျိုးများ ထင်နေလေသလား ...။

“ဟိုတစ်ခါ မိ ဖျော်တိုက်တဲ့ကော်ဖီလေး သောက်ချင်သေးလို့ ကျွန်တော်တို့ လာလည်ဦးမယ်နော်”

“ဟုတ်”

“ဒီတစ်ခါတော့ ကျွန်တော်တို့အုပ်စု ထမင်းပါစားမှာနော်၊ အန်တီ





လက်ရာ အရမ်းကောင်းတယ်လို့ သတင်းရကတည်းက စားဖူးချင်နေတာ၊ ဇင်သီတို့နှစ်ယောက်လဲ ပါလာမှာ ဒေါက်တာရဲ့”

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရပါ၏။ လေးယောက်လုံးလာမှာဆိုတော့ ဇော်မင်းခန့် ပါ ပါလာမှာပေါ့။ ဒုက္ခပါပဲ၊ ဒီကောင်လေးက စိုးပိုင်နဲ့ဖေသော်လို ခပ်ပျော့ပျော့ပုံစံလေးမဟုတ်ဘဲ တည်ငြိမ်အေးဆေးပြီး နေတတ်တာ၊ ဒီပုံစံကိုမှ မိက သဘောကျနှစ်ခြိုက်သွားရင် ဘယ့်လိုလုပ်မလဲ... ကျွတ်! မဟုတ်သေးပါဘူး။ မိ သဘောကျသွားရော သူ့အပူလား၊ တကယ်ဆို သူနှင့်သူမက ဘာမှမသက်ဆိုင်တဲ့ သူစိမ်းသက်သက်ပါလေ ...။

“လာခဲ့ပါ ညီတို့ရဲ့၊ ကိုယ် မေမေ့ကို ပြောထားပါ့မယ်”

“ကျေးဇူးပါပဲ အစ်ကို၊ ဒါဖြင့် ဒီ Sunday မှာ ကျွန်တော်တို့ လာခဲ့မယ်နော်၊ အခုတော့ ဖိုးဇော် ပါလာတယ် အစ်ကိုရ၊ ဒီနေ့ ဆတ်သားခြောက်ရတယ်ဆိုလို့ ဇင်သီနဲ့ ခပ်စောစော ထွက်သွားတာလေ၊ သွားလိုက်ပါဦးမယ်နော်”

“ကောင်းပြီ”

“သွားမယ်နော် မိ”

“ဟုတ်ကဲ့”

ဩော် ... ဒါကြောင့် ဆတ်သားခြောက် ရှေးဝယ်နေလို့ ဒေါ်လေးနန်း နောက်ကျနေတာပဲထင်ပါရဲ့။ ဖေသော်တို့ထွက်သွားတာကို နောက်လှည့်၍ ခေါင်းငုံ့ကြည့်နေသည့် သူမကို သူ သတိထားမိသွားပါ၏။ ကျွတ်! ဒီကောင်မလေးတော့ ...

“မိ! ”

“ရှင် ! ကိုကိုကြီး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုက်ကြည့်နေတာလဲ၊ ကြည့်စရာလားဟင်! မင်းကိုယ်မင်း မိန်းကလေးဆိုတာကိုရော အမှတ်ရသေးရဲ့လား"

"ဟို ... ဟို ... ကျွန်မ ဒေါ်လေးကို လှည့်ကြည့်မိတာပါ"

"ဘာ ဒေါ်လေးလဲ၊ မင်းမျက်လုံးတွေက ဟိုဆရာဝန်ပေါက်စလေးတွေနောက် ပါသွားတာ ငါ မသိဘူးများထင်နေလားကွ"

"မဟုတ်ပါဘူး ကိုကိုကြီးရဲ့"

"ဘာမဟုတ်ရမှာလဲ"

"ဟော! ဆရာလေး လမ်းကြုံဝင်ခေါ်တာလား။ အတော်ပဲ မမကြီးလိုချင်တဲ့ ဆတ်သားခြောက်တွေ ဒီနေ့မှရောက်လာလို့ ဝင်ရွေးနေမိတာ ဒါဆို ရထားလုံးငှားဖို့ မလိုတော့ဘူး"

ဒေါ်လေးနန်းက ပြောလည်းပြော၊ နောက်ခန်းမှာလည်း ဝင်ထိုင်လိုက်တာမို့ သူ ဒေါသကိုလျှော့ချလိုက်ရပါ၏။ ဟုတ်သားပဲ၊ ဒေါ်လေးနန်းလျှောက်လာတာကို သူ ဘာကြောင့်များ မမြင်မိတာပါလိမ့်၊ တစ်ခုခုတော့မှားနေပြီထင်ပါသည်။ သူ ကားစက်ကိုနှိုးလျက် မောင်းထွက်လာခဲ့လေ၏။

"နောက်ကို ဈေးလာရင် မိကို ဘယ်တော့မှခေါ် မလာပါနဲ့ ဒေါ်လေးနန်း"

"ဟုတ်ကဲ့၊ အခုက မမကြီး ထည့်လိုက်လို့ ခေါ်လာတာပါ ဆရာလေး"

"မေမေ ထည့်လဲ မခေါ်ပါနဲ့ ဒေါ်လေး၊ အေးဘုံ ကိုသာ ခေါ်ပါ ကျွန်တော် မကြိုက်ဘူး၊ မိက ရောဂါသည်၊ တော်ကြာ လမ်းသွားရင် တစ်ခုခုဖြစ်သွားတော့ မကောင်းဘူး၊ ကျွန်တော်ပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာလေး"





အိမ်ကိုရောက်တော့ ခြံထဲမှာ ဦးလေးစိုင်းကို လှမ်းမြင်လိုက်ရလေ၏။ ဒီနေ့ရှင်းခိုင်းတာတွေ ခုတ်တော့မည်ထင်ပါရဲ့။ မေမေက ဖျားနေတာမို့ အေးဘုံ ဆန်ပြုတ်တိုက်တာကိုသာ သောက်ရလေသည်။ မနက်စာ ထမင်းဝိုင်းမှာ သူတစ်ယောက်တည်း ပျင်းရိစွာဖြင့် စားရပါ၏။ ဩော် ... အထီးကျန်ခြင်းဆိုတာ ဒါမျိုးကိုခေါ်တာပဲထင်ပါရဲ့။

"ဘာလုပ်ဖို့လဲဟင် ဦးလေး"

"ဆရာလေးက ရှင်းခိုင်းလို့ ခုတ်မလို့လေ"

"ရှင်! ဒီနှင်းဆီပင်တွေကိုလေ ..."

"ဟုတ်တယ် မမလေးရဲ့၊ ဒါတွေက အရိုင်းတွေပါ"

"နှမြောစရာကြီး၊ အရိုင်းပင်လဲ သူ့ရနံ့နဲ့သူ မွှေးရနံ့ပေးနိုင်ပါရက်နဲ့ ခုတ်ခိုင်းရတယ်လို့၊ ကျွန်မလေ ဒီကိုရောက်လာတဲ့ညက ဒီနှင်းဆီပွင့်တွေရဲ့ရနံ့ကြောင့် ရောက်လာပြီး အသက်ရှင်ခွင့်ရခဲ့တာပါ။ ကျွန်မရဲ့ အသက်ကို ကယ်သလိုဖြစ်ခဲ့တဲ့ ဒီအပင်တွေကို မသေစေချင်ပါဘူး။ ဒါပေမယ့် ကျွန်မမှာ မပိုင်တာလေ"

ခပ်တိုးတိုးလေးပြောလိုက်ပေမယ့် သူ ကြားလိုက်မိပါ၏။ ထမင်းစားပြီး ခြံထဲဆင်းလာစဉ် ဦးလေးစိုင်းအနီးမှာ ငုတ်တုတ်လေးထိုင်နေသည့် သူမကို မြင်လိုက်ရသည်ကိုး။

"ကိုယ်က နှင်းဆီကို သိပ်မုန်းတယ် မိရဲ့"

"ဟင် !"

သူမ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ကာ သူ့ကို လှည့်ကြည့်လိုက်ပါ၏။ သူမ ကိုင်လိုက်သည့် နှင်းဆီဖြူလေးက အပင်ပေါ်မှာလှုပ်ယမ်းလျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကလေးတွေက ဘာများအဖြစ်လုပ်မိလို့လဲဟင်"

"ပန်းကလေးတွေက အပြစ်လုပ်တာမဟုတ်ဘူး။ လူက လုပ်တာပါ"

"ရှင် !"

သူမက သူ ပြောနေတာတွေကို ဘာတစ်ခုမှ နားမလည်နိုင်ဘဲ အံ့သြစွာဖြင့် မော့ကြည့်နေလေ၏။ လေယူရာယိမ်းနွဲ့သွားသည့် ဆံနွယ်ရှည်တွေကို သူ တမေ့တမော ငေးနေမိသည်။ လှလိုက်တာနော်၊ ဒီလို ယဉ်သကိုအလှလေးကို မြင်သူတကာ မချစ်ဘဲနေနိုင်မှာတဲ့လား ...။

"ထားပါလေ၊ မင်း ဘာမှမသိပါဘူး။ ဘာလဲ ... ဒီနှင်းဆီတွေကို မင်း နှစ်သက်လို့လား"

သူမ ဘာမှပြန်မပြောဘဲ မျက်လွှာကိုသာချသွားလေ၏။ မိန်းကလေးမို့ ပန်းကြိုက်တာ မဆန်းပေမယ့် ဒီလိုနှင်းဆီတွေကိုမှ နှစ်သက်ရတယ်လို့ မိရယ် ...။

"ဒါဆိုရင်လဲ ပေါင်းပင်တွေသာရှင်းလိုက်ပါ ဦးလေးစိုင်း၊ အပင်တွေကို မြေဩဇာ ထပ်ကျွေးလိုက်ပါ၊ မခုတ်ပါနဲ့တော့"

"ဟုတ်ကဲ့ပါ ဆရာလေး"

သူမ နှုတ်ခမ်းထက်မှာ အပြုံးတစ်ပွင့်တင်၏။ ဘေးမှာပွင့်နေသည့် နှင်းဆီဖူးလေးထက်ပင် ပိုလှနေလေသယောင်။ ဩော် ... ငယ်ရွယ်လွန်းပါသည့် နှုတ်ခမ်းတို့က အလှတွင် အယဉ်ထပ်ဆင့်နေတာမို့ ပိုပြီးတင့်တယ်နေသလို့ပါပဲလား။ ပန်းကိုခူး၍ ပန်ပေးချင်လာသည့်စိတ်ကို ချိုးနှိမ်လျက် သူ အိမ်ထဲပြန်ဝင်ခဲ့ရလေသည်။ မင်းနဲ့ပတ်သက်ပြီး ထိန်းချုပ်ရတာတွေ ကိုယ့်ဆီမှာ တော်တော်များနေပြီ မိရယ်၊ အဲဒါ ဘာကြောင့်လဲ ...။

သူမက ပန်းပွင့်လေးကို လက်ညှိုးလေးဖြင့်ခပ်ဖွဖွလေးထိကာ တီးတိုး





ရယ်မောလိုက်မိ၏။ ကျေးဇူးတင်လိုက်တာနော်၊ မိအသက်ကိုကယ်ပေးလို့ နင်တို့ကို တစ်လှည့်ပြန်ကယ်ခွင့်ရလိုက်တာ မိ အရမ်းကိုဝမ်းသာပါတယ် နှင်းဆီလေးတွေရယ် ...။

ဝရန်တာပေါ်မှ ငုံ့ကြည့်နေသည့် ဒေါ်စမ်းသီတာ သက်ပြင်းကိုသာ ချလိုက်မိသည်။ သိပ်မုန်းတီးနေသည့်နှင်းဆီပင်တွေကို မမြင်ချင်တော့ပါ ဟု ပြောခဲ့သည့် သားက အခုတော့ တစ်မျိုးပြောင်းသွားပြန်ပါရော့လား။ အင်မတန်မာကျောခက်ထန်လွန်းသည့် သား၏နှလုံးသားကို ဒီလိုပျော့ပျောင်းနူးညံ့စေလာတာ ဘာကြောင့်များပါလဲ။

မကြာခဏမြင်လိုက်ရသည့် သားမျက်ဝန်းမှ သူမအပေါ် ကြင်နာရိပ်တွေကို မိမိက သိနေတာပါလေ။ Rose နဲ့တုန်းကလို တပ်မက်ခြင်းမဟုတ်သည့်မျက်ဝန်းတွေထဲမှာ ထူးခြားဆန်းကြယ်ရိပ်တွေထင်ဟပ်နေတာ အသိသာကြီးပါ။ ဘယ်လိုလုပ်ရမလဲ၊ ပိုင်ရှင် ရှိ မရှိ မသေချာသည့် ပိန်းကလေးကြောင့် မိမိသားမှာ ဝေဒနာတွေ ထပ်မံရရှိမှာကိုတော့ စိုးရိမ်မိတာ အမှန်ပါလေ။ သားကို ကံကောင်းခြင်းတွေကိုသာ ရရှိစေချင်ပါတယ်။ တကယ်ပါ .....



www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

ခုတင်ပေါ် လှဲနေရင်းမှ တံခါးဖွင့်သံကြောင့် လှည့်ကြည့်မိ၏။ **duty** ဆင်းပြီး ပြန်လာသော်လည်း သားက လန်းဆန်းနေတာကို တွေ့ရလေ သည်။

"ဒီညတော့ ကျွန်တော် လာစောင့်အိပ်မှဖြစ်မယ်ထင်တယ်၊ မမေ ရောဂါက **Gastric** မို့ အဆာခံလို့မဖြစ်ဘူး၊ အေးဘုံ က ကလေးဆိုတော့ အအိပ်မက်တာနဲ့ ညတုန်းက ပြန်အောင့်ရတာ"

"ရပါတယ် သားရယ်၊ သားက အလုပ်ပင်ပန်းလာရတဲ့ကြားထဲ မမေ ကြောင့် ပိုဆိုးနေမှ ..."

"ဒီညနေတောင် ဆေးခန်း စောစောပိတ်လိုက်ပါတယ် မမေရဲ့ တော်သေးတယ်၊ လူနာလဲ တော်တော်ပါးပေလို့ပဲ"

"မိကိုပဲ မမေနဲ့ လာအိပ်ခိုင်းလိုက်ပါ သားရယ်"

"အာ ... ဘယ်ဖြစ်မလဲ မမေရဲ့၊ မမေပဲ သူ့ကို အိမ်ပေါ် ပေး မတက်ဘူးဆို ..."





"ဘာဖြစ်လဲသားရယ်၊ မမေ နေမကောင်းဖြစ်နေတဲ့ဟာကို ..."

"ပြီးတော့ သူရှိနေရင် မမေ့ကို ကျွန်တော် မကြာခဏ လာကြည့်လို့ မရဘူး၊ စိတ်အနှောင့်အယှက်ဖြစ်မှာ"

"ဟဲ့ ... အမယ်လေး တစ်ဆေးခန်းထဲလုပ်နေတာဖြင့် ဘာသံမှ ထွက် မလာဘဲ အခု ဒီအခန်းထဲ လာအိပ်ခိုင်းမှ ပွစိပွစိဖြစ်စရာလား"

"ဆေးခန်းမှာ အချိန်နှစ်နာရီအတွင်း အလုပ်ကို မြန်မြန်ပြီးအောင်လုပ် ရတာလေ၊ ဆေးအကြောင်းကလွဲပြီး အပို ဘာစကားမှပြောဖြစ်တာ မဟုတ်ဘူး၊ ခုဟာက မမေ့အခန်းထဲမှာ သူ ရှိနေမှာ ..."

ဒေါ်စမ်းသီတာ သားဖြစ်သူမျက်နှာကို သေချာကြည့်လိုက်ပါ၏။ သူ့ စိတ်ရင်း အရှိအတိုင်း ပြောတာပဲလား၊ ဒါမှမဟုတ် မိမိအလိုကျများ ပြော နေလေသလား၊ မျက်မှောင်ကြုတ်ထားပုံကတော့ တကယ်စိတ်ရှုပ်နေ ဟန်ပင်။

"မိက လူနာတွေနဲ့ တစ်သားတည်းဖြစ်ပြီး ကျွမ်းကျင်တယ်ဆို"

"မမေကလဲ ..."

"ဘာလဲ ... မိ ပင်ပန်းမှာစိုးလို့လား"

"မဟုတ်ပါဘူး၊ မမေပြောတာတွေနဲ့ တလွဲတွေဖြစ်ကုန်ပြီ၊ ကဲ ... ခေါ် ချင်လဲခေါ်ပါ၊ မမေ့သဘောပဲ"

"မိ ရှိနေလို့ မမေ့ကို လာမကြည့်ဘဲ ပစ်မထားနဲ့ဦးနော် သားရဲ့"

"ကျွန်တော် သိပါတယ် မမေရယ်"

သူက အဖျားတိုင်းကာ သွေးပေါင်ချိန်ကိုပါ ချိန်လိုက်ပါ၏။ မနက် ကတည်းက ဘာမှမစားထားတာမို့ အားယုတ်နေသဖြင့် အကြောဆေး သွင်းရန် ပြင်ဆင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မထူးတော့ပါဘူး။ အကြောဆေးသွင်းရမှာဆိုတော့ အခုကတည်းက ပဲ မိကိုခေါ် ရတော့မှာပဲ"

မေမေ့ထံမှ မျက်စောင်းခဲခြင်းကိုခံရတော့ သူ ပြုံးချင်ချင်ဖြစ်သွားရ ပါ၏။ ပြောလည်းခံရတော့မှာပဲ။ ခုနကတော့ မခေါ် ချင်ဘူး ဂျိုဂျောင် ကျနေပြီး အခုကျ တစ်မျိုးပြောနေတာမဟုတ်လား၊ သူ လှေကားထိပ် ဘက်ထွက်ကာ အောက်ထပ်ကို လှမ်းအော်လိုက်ပါ၏။

"ဘယ်သူမှမရှိကြဘူးလား"

ထမင်းစားရန်ပြင်ဆင်ပေးနေရာမှ သူမ လန့်သွားရလေ၏။ အေးဘုံ က လှစ်ခနဲပြေးထွက်သွားလေသည်။

"ကိုကိုကြီး"

"မိရော ..."

"ရှိပါတယ်"

"ခေါ်လာဦးလို့"

"ဟုတ်ကဲ့ရှင်"

အေးဘုံ က သူမ ရှိနေသည့်ထမင်းစားခန်းထဲ ပြန်ဝင်လာ၍ပြောတာမို့ သူမသည့်ခန်းဘက်ထွက်ခဲ့ပါသည်။ အပေါ် ထပ်လှေကားထိပ်မှာ ရပ်နေ သည့်သူ့ကိုမော့ကြည့်လိုက်ပါ၏။

"မိ ... လာဦး"

"ရှင် !"

"အပေါ် ကို လာဦးလို့"

"ဟို ... ဟို ..."

"ကြော် ... ကိုယ်ခေါ် ရင်လာမှပေါ့၊ ဘယ်လိုဖြစ်နေလဲ"





"ဘာခိုင်းမလို့လဲဟင်၊ အဲဒီကပဲပြောပါ ကိုကိုကြီးရဲ့၊ ကျွန်မ မတက် လာရဲဘူး၊ ကြီးမေ ဆူမှာ ကြောက်တယ်"

"မေမေ ခေါ်ခိုင်းလိုက်တာ မိရဲ့၊ လာ ..."

"ရှင် !"

"ကြော် ... မြန်မြန်လာပါဆိုမှ"

"ဟုတ်... ဟုတ်ကဲ့"

သူမ ခပ်သုတ်သုတ်ခြေလှမ်းဖြင့် လှေကားမှ တက်လာပြီး သူ့နောက် မှလိုက်လာခဲ့ရ၏။ ဘုရားခန်းနံဘေးမှာရှိနေသည့် အိပ်ခန်းတံခါးကိုဖွင့် တော့ ခုတင်ပေါ် မှာလှဲနေသည့် ကြီးမေကိုတွေ့ရလေသည်။

"မေမေ့ကို အကြောဆေးသွင်းပေးမလို့ ဝိုင်းကူပေးပါ မိ"

"ဟုတ်ကဲ့ရှင့်"

သူမက ဆေးဘူးထဲမှ ဆေးပုလင်းနှစ်လုံးကိုယူ၍ ဘရိတ်ဓားဖြင့် ကျွမ်းကျင်စွာထိပ်ကိုဖြတ်ကာ သူ့ကို လှမ်းပေးလိုက်ပါသည်။ သူက ဆေး ပုလင်းပေါ် မှ ဆေးနာမည်ကို သေချာစစ်ဆေးပြီးမှ syringe ဖြင့်စုပ်ကာ အပ်ကို ပြန်ထပ်ပြောင်းလိုက်၏။ နောက် ပြွန်ထဲမှလေကို တွန်းထုတ်လိုက် ပါသည်။ သူမက ခုတင်ဘေးရှိခုံမှာထိုင်လိုက်ပြီး မေမေ့လက်ကို ကိုင်လိုက် ပါ၏။

"ကြီးမေ နည်းနည်းတော့နာမယ်နော်၊ ဒါပေမယ့် မကြောက်ပါနဲ့"

"အင်းပါ"

သူမက မေမေ့လက်မောင်းကို နှစ်ချက်၊ သုံးချက်ပုတ်ကာ သွေးကြော ရှာလျက် လက်ကိုဖိပေးထားလေ၏။ သူက ကျွမ်းကျင်စွာ သွေးကြောထဲ အပ်သွင်းလိုက်မှ ဖိထားသည့်လက်ကို ဖြည်းဖြည်းနှင့်ဖွဖွ လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မိ ..."

"ရှင်... ကြီးမေ"

"ဒါမျိုးတွေ ဘယ်တုန်းကတည်းက တတ်နေတာလဲ"

"ရှင် !"

သူမ ပြန်မဖြေဘဲ မျက်လွှာချငြိမ်သက်သွားပါ၏။ ဆေးကို ဖြည်းညင်းစွာသွင်းနေရင်းမှ ခုတင်ထက်တင်ထားသည့် သူမလက်ကလေးနှစ်ဖက်ကို မြင်နေရသည်။ လက်ဖမိုးထက်မှ အကြောစိမ်းလေးတွေပြာထွက်နေတာကို မြင်ရသည်အထိ ဖြူဝင်းလွန်းလှချည်လား။

"မိ ပျောက်နေတာကို မိဘတွေ စိတ်ပူနေရှာမှာပဲနော်၊ သားလဲ သတင်းစာ နေ့တိုင်းဖတ်တာပါပဲ၊ မိနဲ့ပတ်သက်တဲ့သတင်းရယ်လို့ တစ်စုံတစ်ရာမှ မကြားရ၊ မတွေ့ရတာ ကြာနေပြီ"

သူမ မျက်ရည်တို့ ဝဲလာရလေ၏။ ကြီးမေတော့ သူမကို ဤအိမ်ကြီးထဲမှ နှင်ထုတ်ချင်နေပြီထင်ပါရဲ့။ ဟုတ်တာပေါ့၊ သူမ ဒီကိုရောက်လာတာ သုံးလတောင်ကျော်နေပြီပဲ၊ ဒါဆို ဘယ်ကိုသွားရမလဲ၊ ပြေးစရာ မြေရယ်လို့ ရှိနိုင်ပါ့မလား ...။

"ကျွန်မ ... ကျွန်မ ..."

သူမ အသံလေးတိမ်ဝင်သွားပါ၏။ သူ့ရှေ့မှာ ငိုချချင်စိတ်ကို မနည်းချိုးနှိမ်လိုက်ရသည်။ မဖြစ်သေးပါဘူး၊ တော်ကြာ ကြီးမေက သူ့ကို ဖြားယောင်းတယ်ထင်သွားမှ အခက်ပါပဲ။ သူက ဆေးသွင်းပြီးပြီမို့ ထရပ်လိုက်ပါသည်။

"ကိုကိုကြီး ထမင်းစားဖို့ ပြင်ထားပေးပါတယ်"





"အင်း ... ကျွန်တော် သွားစားလိုက်ဦးမယ်နော် မေမေ"

"စားလေ သားရဲ့၊ မေမေ့ကို စိတ်ပူမနေပါနဲ့၊ မိ ရှိနေတာပဲ"

"မိ ဒီည မေမေ့ကို စောင့်အိပ်ပေးနော်"

"ဟုတ်ကဲ့"

သူ ထွက်သွားတော့ သူမက ကြီးမေ၏အပ်ပေါက်ရာကို အရက်ပြန်ဆွတ်ထားသည့်ဂွမ်းစကပ်ကာ **Plasta** ဖြင့် ထပ်ကပ်ပေးလိုက်ပါသည်။ ကြီးမေက သူမမျက်နှာကိုကြည့်နေမှန်း ရိပ်မိနေသော်လည်း မျက်ဝန်းချင်းဆုံအောင်ဖြင့် သူမ မကြည့်ဝံ့ပါချေ။

"မိ စရောက်လာကတည်းက ကြီးမေ သတိထားမိပါတယ်၊ မိဟာ အတော်အသင့်ချမ်းသာတဲ့ မိသားစုဝင်ထဲကပဲဖြစ်မယ်ဆိုတာကိုပေါ့"

"ကြီးမေ ..."

"ဘာပြောချင်လို့လဲ မိ၊ ပြောလေ"

"ဟိုလေ ... အခု ကျွန်မ ကျန်းမာရေးတော်တော်လေးကောင်းနေပါပြီ၊ ကျွန်မ ဒီအိမ်ကြီးကနေ ထွက်သွားဖို့ အချိန်တန်ပြီဆိုတာကို နားလည်ပါတယ်"

"အလို ... မိ ဘယ်လိုပြောလိုက်တာလဲ၊ ကြီးမေက ဘာများပြောမိလို့လဲ"

"ကြီးမေ ကျွန်မကို ဒီမှာ မနေစေချင်တော့တာ ကျွန်မ သိနေပါတယ် ကြီးမေ"

"အို! မဟုတ်တာ"

"ကျွန်မ ကတိပေးပါတယ် ကြီးမေ၊ ကြီးမေ စိုးရိမ်တဲ့အခြေအနေမျိုး ဘယ်တော့မှမဖြစ်စေရပါဘူး၊ ကျွန်မ ဒီကနေ သိပ်မကြာခင် ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာပါ”

“မဟုတ်သေးဘူး”

ကြီးမေ မပွင့်တပွင့်ညည်းလိုက်စဉ် သူမပါးပြင်ထက် မျက်ရည် တစ်ပေါက် စီးကျသွားတာမို့ အမြန်သုတ်လိုက်ရပါ၏။ ကြီးမေ ဝေဒနာကို သူမ ကြောင့် ထပ်ပြီး မတိုးစေလိုပါလေ။

“ကြီးမေ နားလိုက်တော့နော်၊ ကျွန်မ ပြတင်းပေါက်တွေ လိုက်ပိတ်ပေးမယ်၊ စိတ်ချလက်ချ အိပ်ပျော်အောင်အိပ်လိုက်ပါ”

သူမ ကြီးမေအိပ်ခန်း ပြတင်းပေါက်တွေကို လိုက်ပိတ်ကာ ကြီးမေ ဘေးမှာ ပြန်ထိုင်စောင့်နေလိုက်ပါ၏။ ကြီးမေက မျက်လုံးကိုမှေးမှိတ်ပျက် ငြိမ်သက်စွာအိပ်ပျော်နေချေပြီ၊ ညသန်းခေါင်ကျော်စဉ်မှာ ဖျတ်ခနဲ လန့်နိုးတော့ကြီးမေခန္ဓာကိုယ်ကိုင်းကိုင်းလေးအနေအထားဖြစ်နေလေ၏။

“ကြီးမေ ဘာဖြစ်လဲဟင်၊ ဘာဖြစ်လဲ”

“အန် ...”

“အန်ချင်ရင် အန်ချလိုက်လေ ကြီးမေ၊ အားမနာနဲ့”

“ဝေါ့ ...”

လက်ဝါးခံပေးလိုက်ပေမယ့် အရည်တွေချည်းပဲပြန်အန်တာမို့ သူ့ကိုယ်ပေါ် ရွှဲရွှဲစိုသွားရတော့သည်။ ဘယ်လိုဖြစ်တာပါလိမ့်။ ညဦးပိုင်းလေး သက်သာပါလျက်နဲ့ ညလယ်မှထပ်ဖြစ်ရတယ်လို့။ ရေချိုးခန်းထဲမှာ လက်ကို သေချာဆေး၍ သုတ်ပြီး ကြီးမေကို ပလုတ်ကျင်းစေလျက် အိပ်ရာထက် ပြန်လှဲနိုင်းလိုက်ပါ၏။ နောက်ကျောကို ခပ်မြင့်မြင့်လေးခုပေးကာ ထောင်ထောင်လေးလှဲနေစေသည်။ ဓာတ်ဘူးထဲမှရေနွေးကို ငှဲ့ကာ မှုတ်၍ နွေးစေပြီးမှ တိုက်လိုက်၏။ ကြီးမေ မောပြီးနားနေစဉ် သူမ အခန်းပြင်





ထွက်ကာ သူ့အခန်းတံခါးကို ခေါက်လိုက်ပါသည်။

“ခေါက် ... ခေါက်”

တံခါးကို ထ,ဖွင့်ပေးတော့ ရင်ဘတ်မှာရော လုံချည်မှာပါ ရွှဲရွှဲစိုနေသည့် သူမကို တွေ့လိုက်ရပါ၏။

“မိ ဘယ်လိုဖြစ်ပြီး တစ်ကိုယ်လုံးရွှဲနေရတာလဲ၊ မေမေ ဘာဖြစ်လို့လဲ”

“ကြီးမေ အန်ချလိုက်လို့ ကိုကိုကြီးရဲ့”

“ဟုတ်လား၊ အစာမကြေတာဘဲဖြစ်မှာပါ၊ မစိုးရိမ်ပါနဲ့ မိရဲ့၊ လာ လာ”

သူက မေမေရှိရာဆီ လျှောက်လာခဲ့ပြီး လိုအပ်တာ စမ်းသပ်လိုက်ပါ၏။ မေမေက သူ့လက်ကို လှမ်းကိုင်ထားလိုက်လေသည်။

“မိ အဝတ်အစားသွားလဲလိုက်လေ၊ ရေပတ်ပဲတိုက်နော်၊ ရေမချိုးနဲ့၊ အေးတယ်”

“ဟုတ်ကဲ့”

“သွား သွား ... ကိုယ် စောင့်ထားမယ်”

သူမ အောက်ထပ်ဆင်းသွားစဉ် မေမေက သူ့လက်ကိုဆွဲ၍ အနားတိုးနိုင်းနေတာမို့ သူ့နားကို မေမေ့ပါးစပ်နား ကပ်ပေးလိုက်ပါသည်။

“ဘာပြောမလို့လဲ မေမေ၊ ပြောလေ”

“မိကို တား”

“ဗျာ...၊ မိက ဘာလုပ်နေလို့လဲ မေမေရဲ့”

သူ မေမေ့မျက်နှာကိုငုံ့ကြည့်စဉ် မျက်နှာက သိပ်မကောင်းမှန်း ရိပ်မိသွားရပါသည်။ ဘုရားရေ ... မေမေ ဘာကိုများ စိတ်မကောင်းဖြစ်နေတာပါလိမ့်။

“မိ ဒီကနေ ထွက်သွားတော့မယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မသွားပါဘူး မေမေရယ်၊ သူ ဘာမှသတိရသေးတာမှမဟုတ်ဘဲ၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိရင် အန္တရာယ်ရှိမှန်း သူ အသိပဲ ဒီမှာ သူ့အတွက် လုံခြုံတာ သူ အသိဆုံးပါ"

"မေမေ့ကိုပြောတယ်"

"စိတ်မပူပါနဲ့ မေမေရယ်၊ ကျွန်တော် တားမှာပါ၊ အဲဒါကြောင့် မေမေ ခုလိုဖြစ်တာပဲ၊ ရောဂါက သက်သာပါလျက်နဲ့ စိတ်ပူပြီးဖြစ်တာ"

"သွားပြောပေးဦး"

"ပြောမှာပါ၊ မေမေသာ နားနားနေနေ ပြန်အိပ်လိုက်ဦး၊ ခုမှ နှစ်နာရီ ရှိသေးတယ်"

"သေချာပြောနော်"

သူ မေမေ့ကို သနားသည့်ကြားမှ တီးတိုးရယ်လိုက်ပါ၏။ သားဖြစ်သူ နှင့်နီးစပ်သွားမှာကို စိုးရိမ်သော်လည်း နေ့စဉ်မြင်နေရသည့် မိ၏ မျက်နှာ ကလေးတန်ဖိုးကို တစ်စတစ်စ သိလာရာမှ သံယောဇဉ်ဖြစ်တည်လာခြင်း ကိုး။ ဩော်.. မေမေရယ် ...

"မေမေ မိကို သံယောဇဉ်ဖြစ်နေပြီလား"

မေမေက ခေါင်းအသာညိတ်ပြလိုက်ပါသည်။ သူက မေမေ့လက်အစုံ ကို နွေးထွေးစွာ ဆုပ်ထားလိုက်ပါ၏။

"မေမေ့ သမီးအဖြစ်မွေးစားချင်ရင် ကျွန်တော် ခွင့်ပြုပါတယ်၊ ဒါပေ မယ့် မိက သူ့အတိတ်ကို ဘာတစ်ခုမှ ပြန်သတိရသေးတာမဟုတ်ဘူး မေမေရဲ့၊ ဒါကြောင့် မေမေ လိုချင်ပေမယ့် လောလောဆယ် သူ့ကို မွေး စားလို့မရသေးဘူး"

"မေမေ မိကို ချစ်တယ်"





"ကျွန်တော် သိပါတယ်"

"မိက လိမ္မာတယ်၊ အလိုက်သိတယ်"

သူ ခေါင်းညိတ်ပြလိုက်ပါ၏။ Rose နှင့်မတူသည့် ကွာဟချက်တွေ မိထံမှာ ရှိနေတာ သူ အသိဆုံးမဟုတ်ပါလား။

"မေမေ ဘယ်လောက်ပြောပြော နာခံတယ်၊ အဲဒါတွေကြောင့် ချစ် တာ"

"ကျွန်တော် နားလည်ပါတယ် မေမေ"

"သူ အတိတ်ကို ပြန်သတိရသွားရင် မေမေတို့ကို မှတ်မိပါ့မလား သား ရယ်၊ အဲဒါကို မေမေ ပူတာ"

"ဟာ! မေမေရာ ကြံဖန်ပြီး ပူတတ်ရန်ကော၊ မှတ်မိမှာပါ မေမေရဲ့၊ သူ ဒီမှာနေတာ (၃)တောင်ကျော်နေပြီပဲဟာ"

"တော်ကြာ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို လက်ရှိပစ္စုပ္ပန်ကိုမေ့ပြီး အတိတ်ကိုပဲ ပြန်သတိရသွားရင် ဘယ်လိုလုပ်ကြမလဲ၊ မိကို လွှတ်လိုက်ရ မှာ မေမေ နှမြောလွန်းလို့ပါ"

"ဩော်... မေမေရယ် ... ဖြစ်ရလေ"

သူ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။ ဟုတ်တာပေါ့၊ ရောဂါဘာသာ ဗေဒအရ လတ်တလောဖြစ်စဉ်တွေကို သတိမေ့တတ်တာ သဘာဝပဲ မဟုတ်ပါလား။ မိရယ် ... အဲဒီအခါ မင်းရဲ့အသက်ကို ကယ်တင်ပေးခဲ့တဲ့ ကိုယ်နဲ့ မင်းကိုနွေးထွေးလုံခြုံခွင့်ပေးခဲ့တဲ့ မေမေ့ကို တကယ်ပဲ မင်း မေ့ လိုက်မှာလား ...။

မေမေ ပြောသလိုပဲ ကိုယ်လည်း ရင်တွေပူလာပြီ မိရယ်။ ဒါဆိုရင် အတိတ်ကို ပြန်သတိမရရင်လည်း ရှိပါစေတော့၊ မေမေချစ်တဲ့မင်းကို



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အနားမှာ တစ်သက်လုံး ခေါ်ထားလိုက်ချင်ပါတယ်။ တရားမျှတ ရှိ မရှိကို ကိုယ် မဆန်းစစ်ချင်တော့ပါဘူး။ အတ္တနဲ့ မာနကြားက လစ်လပ် နေတဲ့ သံယောဇဉ်ရပ်ဝန်းတစ်နေရာမှာ မင်းကို အပြီးတိုင်သိမ်းထားချင် ဆန္ဒတွေရှိနေတာကို မင်း အလိုလိုသိနိုင်ရင် သိပ်ကောင်းမယ် ဆိုတာ တော့ .....





[ ၁၆ ]

“ဘယ်လို! ဆံပင်အရှည်ကြီးပဲ ဟုတ်လား”

“အေး”

“မျက်လုံးဝိုင်းဝိုင်း , နှာတံပေါ်ပေါ် , အသားဖြူဖြူလေးလား သီ”

“အော် ... ဟုတ်ပါတယ်လို့ဆို”

“နားထင် ... နားထင်နားမှာ မှဲ့လေးပါလားဟင်”

“ဟဲ့! ဒါတော့ ငါလဲ ဘယ်ကြည့်ပါ့မလဲ။ ဒေါက်တာက သူ့ညီမနဲ့ စကားပြောတာ ကြိုက်ပုံမရဘူးဟဲ့၊ ကားပေါ် ကို လက်ဆွဲပြီးတက်နိုင်းနေ တာ”

“သီကလဲဟာ ဘယ်ဘက်နားသယ်စပ်လေးမှာ မှဲ့နက်လေးရှိရင် အဲဒါ ပဲ့ရဲ့နှင်း သေချာပြီ”

“အမယ်လေးတော် ပုံစံပြောမိတာနဲ့ သူ့နှင်း တစ်ခါတည်းဖြစ်ရတော့ တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



“နင်ကလဲ တစ်ခါတည်း သေချာမကြည့်ခဲ့ဘူး”

“ဒေါက်တာလာတော့ မေးကြည့်ပေါ့”

“ဘယ်ကောင်းမလဲဟာ၊ နဂိုကတည်းက စိုးပိုင်တို့ သူ့အိမ်လာတာကို သိပ်မကြိုက်ဘူးဆိုလို့ ငါက Confession (ဝန်ခံချက်)ပေးလိုက်မိတာ”

“ဘာ confession လဲ”

“ငါ့နှင်းကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပါဘူးဆိုတဲ့ ကတိ မျိုးပေါ့”

“ကောင်းတယ်၊ ခုမှ ကိုယ့်ရှူးကိုယ့်ပတ်တဲ့ကောင်၊ မသနားဘူးဟေ့”

ဇင်သီ က သူ့ကို နာအောင်ပြောလျက် ဟက်ဟက်ပက်ပက်ရယ်ချ လိုက်လေ၏။ အင်မတန်အေးဆေးသည့်ကောင်လေးတော့ စကားတွေ ခပ်သွက်သွက်ပြောနေပြီကိုး။

“ဟေ့! ဒီနှစ်ကောင် ဘာတွေသဘောကျနေတာလဲ”

ရှစ်နာရီခွဲမှရောက်လာသည့် ဇေသော်တို့က ရုံးခန်းထဲဝင်လျှင်ဝင်ချင်း စလိုက်တော့ သူ့မျက်နှာ ရှုံ့တွသွားလေ၏။ မရှုံ့ဘဲနေမလား၊ ဒီနှစ်ကောင် က ဒေါက်တာ့ညီမလေးကို အပြိုင်ပိုးပန်းနေတာ သူ အသိပဲကိုး။

“နင်တို့ရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ ဇော် က မေးစရာရှိနေပြီ”

“ဘာလဲ”

“ဘာမှမဟုတ်ဘူး”

“ဟဲ့! ခုနပဲ နင် သိချင်တယ်ဆို၊ ပြီးတော့ သူတို့နှစ်ယောက်က ဒေါက်တာ့အိမ် မကြာခဏရောက်နေတာ ပိုသိမှာပေါ့”

“နေပါစေတော့”

“ကြည့်! ခုနကဖြင့် အသည်းအသန်ဖြစ်နေပြီး ...”





“စိတ်ဝင်စားစရာပါပဲ၊ ဘာလဲ ဇင်သီ”

“ဒေါက်တာ့ညီမ ကိစ္စဟေ့”

“ဘာ! ဒီကောင် မြင်ဖူးသွားပြီလား”

“ဪ ... အလန့်တကြားဖြစ်ပြန်ပြီ”

“မဖြစ်လို့ရမလားဟ၊ ဒီကောင်က ငါတို့ထက် ရုပ်ရော နေပါ သာလွန် နေတာ၊ သူနဲ့ယှဉ်ရင် ငါတို့ပဲရှုံးမှာ သေချာတယ်၊ မဖြစ်ဘူး ... မဖြစ်ဘူး”

ဇေသော် ခါးခါးသီးသီးပြောတော့ သူ ပြုံးစိစိဖြစ်သွားရလေ၏။ မပြုံး ဘဲနေမလား၊ ဒေါက်တာ့ညီမကိုများ နှစ်ယောက်သား စရုံသပ်နေကြတာ၊ ဟိုကဖြင့် ဂရုတောင်မစိုက်လို့ ခရီးမပေါက်ဘဲ ဒုံရင်းက ဒုံရင်းပဲ ဖြစ်နေတာ လေ။

“ငါမေးချင်တာ သူ့ရဲ့ဘယ်ဘက်နားမှာ မှဲ့နက်လေးရှိသလားလို့ပါ ကွာ”

“မှဲ့နက် ဟုတ်လား၊ ရှိတော့ဘာဖြစ်လဲ”

“ရှိရင် အဲဒါ သူ့ရဲ့နှင်းတဲ့ဟေ့”

“အံမာ ရမလားကွ၊ မင်းက မြင်တောင်မြင်ဖူးသေးဘူး၊ မိကိုများ အပိုင်သိမ်းချင်နေလို့ ရမလား”

“အေးလေ... မိက မိ, မင်းရဲ့နှင်းက နှင်းပဲဟာ၊ တခြားစီပဲ”

“နှင်းက အမွေရမယ့်ကိစ္စတွေဖြစ်ပြီး အိမ်ကနေ ရုတ်တရက်ပျောက် သွားလို့ စုံစမ်းနေရတာပါ”

“ဒါဆိုလဲ သတင်းစာကနေ ကြော်ငြာပြီး ရှာပေါ့ကွ”

“မဖြစ်လို့ပေါ့၊ သူ့မိထွေးနဲ့ မိထွေးကပါတဲ့ အစ်မက သူ့ကို အမွေ တစ်ပြားမှပေးချင်တာမဟုတ်ဘူး၊ ဒီ(၆)လဆို သူ့အသက် (၂၀)ပြည့်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ တရားဝင် အမွေထုတ်ရမှာ"

"သူ ပျောက်နေရင် ရှေ့နေက ရှာသင့်တာပေါ့"

"ရှေ့နေက နိုင်ငံခြားကို သွားနေတယ်လေ၊ ပြီးတော့ သူကလဲ ခရီးသွားမယ်ပြောပြီး ပျောက်သွားတာမျိုးဆိုတော့ ဘယ်လိုလုပ်မလဲ၊ ဘဘဦးဘရှိန် ပြန်ရောက်မှ သူ ပြန်လာမယ်ဆိုပြီး တစ်နေရာရာမှာ ပုန်းရှောင်နေတာလဲ ဖြစ်ချင်ဖြစ်မှာ၊ ငါ စိတ်ပူလွန်းလို့ သေတော့မယ်"

စိုးပိုင်နှင့် ဇေသော် က သူ့ကို မျက်စောင်းခဲလိုက်ကြလေ၏။ နှင်းနှင့်သူက ခြေဘေးချင်းကပ်လျက်နေတာမို့ ငယ်စဉ်ကတည်းက ရင်းနှီးတာကို သိထားသော်လည်း မမြင်ဖူးကြပေ။ ပြီးတော့ ဇော် က အရမ်းအနေအေးလို့ သူ့ရင်ထဲက အမြတ်နိုးဆုံးနှင်းအကြောင်းကို မျိုသိပ်ထားတတ်သူကိုး။ သူ ဆေးကျောင်း Final Part II ရောက်တော့ နှင်းက Nurse သင်တန်းဆင်းနေလေပြီ။ နှစ်ယောက်သား ရည်မှန်းချက်ပြည့်ပြီးရင် ထက်ထပ်ဖို့ကိစ္စကိုပါ မေမေတို့နှင့် တိုင်ပင်ထားပြီးသား။ နှင်းဘက်ကသာ တုံ့ဂိုဘာဝေဖြစ်ပြီး မိသားစုအရေးကိစ္စကိုသာ ဦးစားပေးနေခဲ့တာလေ။

အစစအရာရာ ပြည့်စုံပြီးသားမို့ နှင်းကလည်း သူမ အမွေကို မမက်မောလှပါ။ ခက်တာက သွားလေသူ နှင်းဖေဖေ ဦးကြည်သာဖြူ စီမံချက်အရ နှင်း အသက်(၂၀)မှာ ဒီအမွေကို မဖြစ်မနေထုတ်ကိုထုတ်ရမှာ။ မိထွေးဖြစ်သည့် ဒေါ်နရဏီနှင့် သမီးဖြစ်သူ ပေရယ်က တစ်ဝက်၊ သမီးရင်းဖြစ်သည့် နှင်းက တစ်ဝက်ပေးထားပါလျက် လက်ရှိနေနေသည့် တစ်ထပ်တိုက်ပုလေးကို လိုချင်လောဘဇောတက်နေသည့် သားအမိနှစ်ယောက်က နှင်းကို နိစ္စဓူဝ စိတ်ဒုက္ခပေးတာကို ခံနေရရှာတာ၊ အင်မတန်သနားစရာကောင်းလွန်းပါ၏။





နှင်းကလည်း ပိုင်ဆိုင်ရမည့်အမွေတွေကို မမက်ဘဲ မိဘတွေ ခေါင်းချသွားသည့် ဤတိုက်လေးကို မက်မောလေတော့ ပြဿနာတွေက ပိုပြီးကြီးထွားလာတာ အမှန်ပါလေ။ ဘဘ ဦးဘရှိန်က သားသမီးတွေရှိနေသည့် စင်ကာပူမှာ (၆)လ အနားသွားယူဦးမည် သတင်းကြားတော့ နှင်းလည်း အလုပ်မဝင်ခင်စပ်ကြား ဤအိမ်မှရှောင်နေရန် အစီအစဉ်ဆွဲခဲ့တာပင်။

သူ ကျောင်းပြီးတော့ နှင်း ခရီးထွက်ရန် လာနှုတ်ဆက်စဉ်အခိုက် အနှစ်နှစ်အလလက စောင့်ဆိုင်းနေရသည့်အဖြေကို မရမကတောင်းခဲ့ရတာပါ။ ဒါကိုတောင် အဖြေက ချက်ချင်းပေးချင်တာမဟုတ်။ သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားတော့မှ မပေးချင့်ပေးချင်နဲ့ ပြန်ဖြေခဲ့တဲ့အဖြစ်ကို သူ ဒီနေ့အထိ မမေ့။

"ကိုကို့ကို နှင်း ချစ်ပါတယ်၊ နှင်းဘဝမှာ အားကိုးဖော်ရယ်ဆိုလို့ ကိုကိုတစ်ယောက်ပဲရှိတာကို ယုံကြည်လက်ခံပါ"

အဲဒီစကားဟာ သူနဲ့နှင်းအတွက် နောက်ဆုံးတွေ့ဆုံခြင်းပါပဲ။ နောက်တစ်နေ့မှာ ဘယ်သူမှမသိအောင် အိမ်ကနေ နှင်း ပျောက်ကွယ်သွားတာအမှန်ပါပဲ။ အဝတ်အစားအိတ်နဲ့ပျောက်သွားတာမို့ ခရီးထွက်သွားပြီ ဆိုတာကို သူတို့ သိထားကြပါ၏။ ဘယ်ကိုရောက်ပြီး ဘာတွေလုပ်နေသလဲဆိုတာလောက်တော့ သူ့ကို အကြောင်းကြားသင့်တာပေါ့။ ဒါမှမဟုတ် သူ့ကို တကယ်မချစ်ပါဘဲ အဖြေပေးလိုက်ရလို့များ ခြေရာဖျောက်လေသလား၊ ဇေဇေ့တွေးလေ ရေးရေးမှုမပေါ်ဘဲ နှလုံးသားတစ်ခုလုံး ဆုပ်ကိုင်ညှစ်ချထားသလို အခံရခက်လွန်းလှပါတယ်လေ။

"တူတူ ... တူတူ ..."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထက်ရှိ phone မြည်သံလေးကြောင့် အတွေးလွန်နေရာမှ လန့်သွားရပါ၏။

"ဟဲလို ! တောင်ကြီးဆေးရုံကပါခင်ဗျာ"

"အခု ပြောနေတာ ဘယ်သူလဲ၊ ကိုယ် နေဝန်းနီပါ"

"ဩော်... ဟုတ်ကဲ့၊ ပြောပါ ဒေါက်တာ၊ ကျွန်တော် ဇော်မင်းခန့်ပါ"

"ညီရေ ... ကိုယ့်မေမေ နေမကောင်းဖြစ်နေလို့ အဲဒါ leave(2) ရက်လောက်ယူချင်လို့ ဆေးရုံအုပ်ကြီးဆီမှာ ကျေးဇူးပြု၍ တင်ပေးပါနော်"

"ရပါတယ် ဒေါက်တာ၊ ကျွန်တော် တင်ပေးလိုက်ပါ့မယ်၊ ဒေါက်တာ့မေမေ အတော်စိုးရိမ်ရလို့လား"

"ဖြစ်တာက Gastric ပါ၊ စိတ်ပူတာတွေများပြီး ကိုယ့်ကို အနီးမှာခေါ်ထားလို့ ခွင့်တင်ရတာပါ ညီ"

"တော်ပါသေးရဲ့၊ ကျွန်တော်က စိုးရိမ်ရတယ်ထင်သွားလို့ပါ၊ duty စောဆင်းတဲ့တစ်ရက် ကျွန်တော်တို့အုပ်စု လာကြည့်ပါဦးမယ် ဒေါက်တာ"

"လာခဲ့ပါ ညီ၊ ဒါပဲနော်"

"ဟုတ်ကဲ့"

Phone ကိုပြန်ချလိုက်ပြီး အပေါ်ထပ်သို့ တက်လာတော့ လှေကားထိပ်မှဆင်းလာသည့် သူမနှင့် ဆုံလေ၏။ လက်ထဲမှာပိုက်လာသည်က မေမေ့အဝတ်အစားတွေဖြစ်နေလေသည်။

"ဘာလုပ်မလို့လဲ မိ"

"အဝတ်လျှော်ပေးမလို့ပါ ကိုကိုကြီး"

"အေးဘုံကို လျှော်ခိုင်းလေ"





"အေးဘုံ မြင်းစာသွားကျွေးတယ် ကိုကိုကြီးရဲ့၊ ရပါတယ် ကျွန်မပဲ လျှော်လိုက်ပါ့မယ်"

"ကျွတ်! မလျှော်နဲ့ဆိုရင် မလျှော်နဲ့ပေါ့ မိရဲ့၊ ပြောစကား နားထောင်မှပေါ့ သွား! အဝတ်တွေကို ရေချိုးခန်းထဲမှာပဲထည့်ထားလိုက်ပါ ပြီးတော့ မင်းကို ကိုယ် ပြောစရာရှိသေးတယ်"

"ဘာပြောမလို့လဲဟင်!"

"အဝတ်တွေ သွားထားလိုက်ဦးလေ"

"ဟုတ်ကဲ့"

သူမက သူ့ကိုရှောင်၍ အောက်ဆင့်ကိုဆင်းလိုက်ရာ အဝတ်တွေ တစ်ပြုံကြီးကွယ်နေတာမို့ ခြေဖျားက လှေကားထစ်ကိုမထိဘဲ ချော်သွားပါလေ၏။

"အမေ့ !"

"ဟာ !"

သူ ဖျတ်ခနဲဖမ်းပွေ့လိုက်စဉ် သူမကိုယ်လုံးလေးက သူ့ရင်ခွင်ထဲ ထွေးခနဲကျလာလေ၏။ အရှိန်နှင့်ကျလာသည်မို့ မျက်နှာနှစ်ခုပါ နီးကပ်သွားရပြီး သနပ်ခါးနံ့တွေ လှိုက်ခနဲမွှေးကြိုင်သွားရလေသည်။

"အို ..."

ပါးပြင်မို့မို့မှာ နှင်းဆီခင်းတစ်ခုဖြစ်ထွန်းသွားတာကို သူ မြင်သည်။ ရင်ထဲမှာ ထိန်းမရနိုင်သည့် ရင်ခုန်သံတွေ ဆူညံနေတာကို သူ ကြားသည်။ သွေးခုန်နှုန်းတွေ တဒုတ်ဒုတ်ဆူပွက်ကုန်တာကို သူ သိနေသည်။ ကဲ ... ဒါဟာ အချစ်မဟုတ်ရင် ဘယ်အရာလေလဲ။ တစ်ခါက ချစ်ခဲ့ဖူးသည့် ချစ်ခြင်းနှင့်မတူဘဲ ထူးခြားဆန်းကြယ်သည့် တဒင်္ဂဖြစ်စဉ်တစ်ခုမှာ သူ အံ့ဩ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သင့်စီးမျောနေမိလေ၏။ ကြည်နူးဖွယ်ကောင်းလေစွ။

"ကိုကိုကြီး ..."

တီးတိုးငြင်းဆန်သံအကြားမှာ ဖက်ထားသည့်လက်အစုံကို ဖြေလျှော့ပေးလိုက်မိ၏။ အနိုင်ကျင့်ရာရောက်သွားပြီလားဟု သူ မတွေးတတ်လေခဲ့။ မျက်စိအောက်က အပျောက်မခံချင်သည့် စိတ်စေတသိက်ကို သူသာပင် သိသည်လေ။

"ဖြည်းဖြည်းဆင်းနော်"

ပြောစကားကို အတော်လေးနာခံရှာ၏။ အပြေးဆင်းသွားသည့် သူမနောက်ကျောပြင်ကို ငေးကြည့်ကာ ပြုံးလျက် သက်ပြင်းရှိုက်မိသည်။ အပျိုစင်တစ်ဦး၏ ရှက်သွေးဖြာသည့်အလှကို သူ ခံစားလိုက်ရသည်ကိုး။

ရေချိုးခန်းတံမြက်ကိုပိတ်ကာ အဝတ်တွေကို ဇလုံထဲထည့်လိုက်ပါ၏။ ဇလုံဘေးမှာ ငုတ်တုတ်လေးထိုင်ချလျက် ရင်ဘတ်ကို လက်အစုံဖြင့် ဖိထားလိုက်မိသည်။ အမယ်လေး! ရှက်လိုက်တာနော်၊ သူ့ရှေ့မှာ ဘယ်နှစ်ခါထပ်ပြီး ဒီလိုတွေဖြစ်ဦးမလဲ၊ တမင်ကြီးမရည်ရွယ်ပါဘဲ စွန်းထင်းသွားသည့် ပါးပြင်မို့မို့ကို လက်ဖြင့်ပွတ်သုတ်လျက် မျက်ရည်က ပေါက်ခနဲကျလေ၏။

ဘယ်လိုများ ရှောင်ရပ့်နော်။ ကြီးမေ အတန်တန်တားပါလျက် သူမဘက်က သွေးဆောင်ဖြားယောင်းတာမျိုး ဖြစ်ကုန်ပြီလား။ ဟင့်အင်း ! သူ့လို တည်ငြိမ်အေးဆေးသည့် ဆရာဝန်တစ်ဦး၊ ပြီးတော့ အိမ်ထောင်ကျဖူးခဲ့သည့် လူတစ်ယောက်အတွက် ဒီလိုအတွေ့အကြုံတစ်ခုကို မေ့လွယ်ပျောက်လွယ်မှာပါ။ သူမမှာသာ ... သူမမှာသာ ...

"ဒေါက် ... ဒေါက် ..."





"အမယ်လေး !"

"မမရေ ကိုကိုကြီးက အပေါ်ထပ်ညှိခန်းမှာ စောင့်နေတယ်တဲ့၊ မမကို တက်လာဦးလို့ မှာလိုက်ပါတယ်"

ခုက္ခပါပဲ။ အခုပဲ ဘယ်လိုရှောင်ရမလဲ စဉ်းစားလို့တောင်မရသေးဘူးခေါ် နေပြန်ပါရောလား။ ခက်လိုက်တာနော်၊ မဖြစ်သေးပါဘူး၊ တော်ကြာကြီးမေ ရိပ်မိသွားမှဖြင့် ဒီ စ,ရောက်တုန်းကထက်ပိုပြီး နှစ်ပြားမတန်အပြောခံရတော့မှာ၊ ဟုတ်တယ် ... သူမ ဒီအိမ်ကနေ အဝေးဆုံးကို ထွက်ပြေးဖို့ အချိန်တန်နေပါပြီလေ။

လှေကားထစ်တွေကို ကြိုးစားတက်လာခဲ့ရ၏။ အပေါ်ထပ်ညှိခန်းရှိ ပါကေးကွက်တွေကိုသာ ငုံ့ကြည့်ရင်း ခြေလှမ်းကို ရပ်လိုက်မိသည်။ သူက တစ်ဖက်ခုံရှည်မှာ ထိုင်စောင့်နေလေ၏။

"ထိုင်ဦး"

ခုံမှာ ခပ်ဖွဖွ ဝင်ထိုင်လိုက်၏။ ခေါင်းထဲမှာ အချက်ပေးသံက ဆူညံနေ၏။ အဲဒါကတော့ ဤအိမ်ကနေ အနေးနဲ့အမြန် ပြေးရတော့မည် ဆိုတာပါပဲ။

"မိ ..."

"ရှင်"

"ကိုယ်ပြောနေတာတွေ ကြားရဲ့လား"

"ရှင် !"

"ကျွတ် ... ခေါင်းကို အေးအေးထားစမ်းပါ၊ လူကြီးပြောတာကို သေချာနားစိုက်ထောင်မှပေါ့"

အေးစက်စက်လက်အစုံကို ပွးယှက်လျက် ငြိမ်သက်စွာ ထိုင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်နေသည့်ရင်က တဖြည်းဖြည်း ပုံမှန်ဖြစ်လာပါလေသည်။

"မိက ဒီအိမ်ကို ဘယ်သူနဲ့မှမတူတဲ့ပုံစံမျိုးနဲ့ရောက်လာတာ မှန်တယ် အစက ဘုမသိဘမသိမို့ မေမေက စိုးရိမ်တကြီးနဲ့ မိအပေါ် ပြောဆိုသက် ဆံခဲ့တာတွေကို စိတ်ထဲ မှတ်မထားပါနဲ့ ဒီ သုံးလကျော်အတွင်း မှာ မိကို မေမေ အတော်လေး လေ့လာခဲ့ပုံရတယ်။ အနေအထိုင်တတ်တာ၊ သိမ် မွေ့တာ၊ ရိုသေကိုင်းရှိုင်းမှုရှိတာ၊ လိမ္မာတာတွေကို မေမေ ဖွင့်ပြောလာ တယ်"

မလိုတော့ပါဘူး ကိုကိုကြီးရယ်၊ ဒီအကြောင်းတွေ သိတော့ရော ဘာ ထူးမှာမို့လဲ။ တကယ်တော့ ကြီးမေရော ကိုကိုကြီးနဲ့ပါ ကျွန်မဟာ တကယ့် သူစိမ်းသက်သက်ပါ။ မဖိတ်ဘဲရောက်လာခဲ့တဲ့ ဧည့်သည်တစ်ယောက် အနေနဲ့ မနှင်ခင်ပြန်တာ အကောင်းဆုံးပါလေ။

"မိက ဒီအိမ်ကထွက်သွားတော့မယ်လို့ ပြောတယ်ဆို ! ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ ပေးခဲ့တဲ့ကတိအတိုင်း အခု ကျန်းမာနေပြီမို့ သွား တော့မယ်လို့ ကြီးမေကို ပြောလိုက်တာပါ"

"မိ ဘယ်ကိုသွားမှာလဲ၊ ဘယ်နေရာကိုပြန်မှာလဲ၊ ကိုယ့်နာမည် ကိုယ် ပြန်မမှတ်မိတဲ့လူက လမ်းပေါ်မှာ စမ်းတဝါးဝါးလျှောက်သွားနေရင် ဘယ် လောက်အန္တရာယ်ရှိမလဲဆိုတာ မိ မသိဘူးလား"

" . . . . . "

"အဲဒါကို မေမေက စိုးရိမ်နေတာ။ ဒီအိမ်မှာ နွေးထွေးလုံခြုံပါလျ နဲ့ ဘာဖြစ်လို့ထွက်သွားချင်တာလဲ၊ အခုဆို မေမေက မိအပေါ်မှာ သံယော ဇဉ်တောင်ရှိနေပြီ"

မဖြစ်လို့ပါ။ ကြီးမေ သံယောဇဉ်ရှိတာ မှန်ပေမယ့် ကိုကိုကြီးနဲ့ ပ





သက်ရင်တော့ မိခင်တစ်ယောက်ရဲ့အတွက်ကို စွန့်ပစ်မယ့်သူမှ မဟုတ်တာ။ ဒါကို ကိုကိုကြီးလည်း သိနေမှာပါလေ။

"ကိုယ်တို့သားအမိကို အသိမပေးဘဲ ဒီအိမ်ကနေ ထွက်မသွားဘူး ဆိုတဲ့ ကတိကို မေမေနဲ့ကိုယ့်ရှေ့မှာ ပေးပါ မိ"

"ဟင့်အင်း"

"မိ ..."

"ကျွန်မ ... ကျွန်မ ကြီးမေ အဖျားသက်သာရင်သွားတော့မှာပါ။ ဒီမှာ နေလို့မဖြစ်တော့ဘူး၊ သွားပါရစေ"

"ဘာဖြစ်လို့လဲ မိ၊ မိကို ဘယ်သူက အန္တရာယ်တွေပြုနေလို့လဲ"

"ဟင့်အင်း၊ ကျွန်မ သွားတော့မယ်"

"နေဦး"

သူက သူမသွားမည့်လမ်းရှေ့မှာ ပိတ်ရပ်လိုက်တာမို့ ခြေလှမ်းကို အမြန်ရပ်လိုက်ရပါ၏။ အမယ်လေးနော် လုပ်လိုက်ရင် ရှေ့မကြည့်၊ နောက်မကြည့် ဖွတ်ကြီးပါပဲလား။

"ကိုယ်မေးတာ ဖြေဦးမှပေါ့ မိ ဘာဖြစ်လို့ ဒီအိမ်ကနေ ထွက်သွားချင် ရတာလဲ၊ ဘယ်သူ့ကြောင့်လဲ"

"မမေးပါနဲ့ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"မရဘူး၊ ပြောကိုပြောရမှာပဲ၊ ဒီမှာ ! ကိုယ့်ကို သေချာကြည့်ပါဦး မိ ရဲ့၊ မိ ဒီကနေထွက်သွားရင် စိတ်ထိခိုက်ခံစားရမှာ မေမေတစ်ယောက် တည်းရှိတာမဟုတ်ဘူး။ ကိုယ်လဲပါတယ်"

"ရှင် !"

လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားခြင်းခံနေရရှာ



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးလေးအစုံ ဝိုင်းစက်သွားရပါလေ၏။ ဘုရားရေ ! သူ ဘာတွေများ ပြောတော့မလို့ပါလိမ့်။

"ဟုတ်တယ်၊ ကိုယ် မိကို မခွဲနိုင်တော့ဘူး။ မျက်စိအောက်ကနေ မိ ပျောက်ကွယ်သွားမှာကို စိုးတယ်၊ ကိုယ့်ရင်ခွင်ထဲကို မထင်မှတ်ဘဲ ရောက်လာရာကနေ အမှတ်မထင် ချစ်နေခဲ့မိတဲ့ ကိုယ့်ချစ်ခြင်းမေတ္တာကို ငဲ့ညှာပါဦး။ ကိုယ် မိကို သိပ်ချစ်တယ်၊ မိကို ကိုယ် ..."

"အို! ဟင့်အင်း ... ဟင့်အင်း"

သူမ ခေါင်းခါခြင်းဆန်လိုက်ပါသော်လည်း သူက တစ်ကိုယ်လုံး နစ်မြုပ်သွားသည်အထိ ပွေ့ပိုက်ထားလိုက်လေ၏။ ဒုက္ခပါပဲ၊ ကြီးမေသာ မြင်သွားရင် မိုးမီးလောင်တော့မှာ အသေအချာပါပဲ။ ဘယ်လိုများငြင်းဆန်ရန်းရပါ့။ သူက ပါးချင်းကပ်လျက် ငြိမ်သက်နေလေ၏။

"ကိုကိုကြီး ..."

"ကိုယ့်ကို ကတိပေးပါ"

"ကျွန်မ ... ကျွန်မ ..."

"ကိုယ်တောင်းတဲ့ကတိကိုပဲပေးပါ မိရယ်၊ ကိုယ်က ... ကိုယ်က တစ်ခုလပ်တစ်ယောက်မို့ မိ ပြန်မချစ်နိုင်တာလားဟင် !"

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ပင့်မော့စေလျက် သူ မေးလိုက်တော့ ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားရပါလေ၏။ မဆိုင်လိုက်တာ၊ မဆိုင်တာတွေ ထည့်ပြောစရာလား။

"ပြောပါဦး မိရယ်၊ တစ်ခါကွဲဖူးတဲ့အသည်းကို တစ်နေ့ ပြန်ဆက်လို့ရလိမ့်မယ်လို့ ကိုယ် မျှော်လင့်ထားခဲ့မိတာပါ။ ကိုယ့်အသည်းကို အရှင်လတ်လတ်ထပ်ခွဲဖို့များ မိ စဉ်းစားထားပြီလား"





"...."

"အင်းပေါ့လေ၊ မိက ... မိက ... အပျိုစင်လေးတစ်ယောက်ဆိုတော့ ကိုယ့်လို ..."

"မဟုတ်ပါဘူး"

"မိ ..."

"ကျွန်မက ကျွန်မက ကိုယ့်ကိုယ်ကို ဘာမှန်းသေချာမသိဘဲ ရောဂါသည်တစ်ယောက်ပါ ကိုကိုကြီးရယ်၊ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ သေချာမသိဘဲ ..."

"ဘာပဲဖြစ်ဖြစ် မိနဲ့ပတ်သက်တဲ့ အဆိုးအကောင်းမှန်သမျှကို ကိုယ် လက်ခံနိုင်ပါတယ်၊ တကယ်လို့ မိနဲ့ပတ်သက်ပြီး ပြဿနာတွေကို ရင်ဆိုင်ရစေဦးတော့ အားလုံးကို ကိုယ်ရင်ဆိုင်ဖြေရှင်းပေးမှာပါ၊ ယုံပါ မိရယ်"

"ကြီးမေက ... ကြီးမေက ..."

"မေမေ့ သဘောတူမှာပါ၊ ကိုယ် မေမေ့ကို ဖွင့်ပြောလိုက်မယ်လေ၊ နော် ..."

"ခက်တာပဲ"

"မခက်ပါဘူး မိရဲ့၊ မိ ခေါင်းတစ်ချက်အညိတ်မှာ ကိုယ့်ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားမှာကို ယုံလိုက်ကွာ"

စကားတွေတတ်နေလိုက်တာနော်။ ဒီမှာ ဘာမှ စာကြောင်းစီလို့မရအောင်ကို ပိတ်ပြီးပြောနေတော့တာပဲ၊ မိ ဘာပြန်ပြောလို့ရတော့မှာလဲ။ သူတစ်ကိုယ်လုံးကို အတင်းပွေ့ဖက်ထားပြီး အဖြေ ဖွတ်တောင်းနေတာ ဒေါက်တာ နေဝန်းနီ တဲ့လား။ မိကို စတွေ့စဉ်က မီးဝင်းဝင်းတောက်နေတဲ့ ဒေါသမျက်ဝန်းတွေနဲ့ကြည့်ခဲ့တဲ့လူမှ ဟုတ်ပါရဲ့လားလေ။



www.burmeseclassic.com

www.burmeseclassic.com



"မိ ကြောက်တယ်"

"ကိုယ်တစ်ယောက်လုံးရှိပါတယ်"

"ကြီးမေ ဆူလိမ့်မယ်"

"ကိုယ် မရရအောင် ပြောမှာပေါ့"

"မဖြစ်ပါဘူး၊ မိ ... မိ ... မချစ်ရဲဘူး"

"ဟာကွာ ... ရဲရဲကြီးချစ်လိုက်စမ်းပါ မိရဲ့၊ ဒီလောက် လူတစ်ကိုယ်လုံး ကိုယ်ရင်ခွင်ထဲရောက်နေတာတောင် ငြင်းဆန်ချင်နေဦး၊ ကဲ !"

သူမ မျက်နှာလေး ရဲခနဲဖြစ်သွားရလေ၏။ သူ သိပ်ဆိုးမှန်း သိသွားရပြီကိုး။ နှလုံးသားက စည်းချက်မမှန် ခုန်ပေါက်ခြင်းနှင့်အတူ စိုးထိတ်ကြောက်ရွံ့နေသည့် စိတ်အစုံကိုဖြင့် သူမှ မသိနိုင်တာလေ။

xxxxxxxxxxxxxxxxx

[ ၁၇ ]

"ရှုပ်ပါ့ကွာ၊ လူနာလာကြည့်တာက တော်တော်၊ သူ့ရဲ့နှင်းတစ္ဆေမလေးကို သေချာအောင်ကြည့်ချင်တာကများများ၊ ဖိုးဇော်တို့ကတော့ လုပ်လိုက်ရင် အဆန်းချည်းပဲ"

"သြော်... စိုးပိုင်ကလဲ၊ မြတ်စွာဘုရားဟောတဲ့ တရားနဲ့အညီပဲလေ၊ လူတိုင်း အရူးတွေပဲမဟုတ်လား"

"လုပ်လိုက်ပြန်ပြီ၊ သီ နော် ... နင်လဲ ဖေဇော့်တက်တော်သားဖြစ်နေ"

"ဘာဖြစ်လဲဟဲ့၊ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကို ပြန်လည်ဆုံစည်းချင်တဲ့ စေတနာနဲ့ ပြောပေးတာပါဟယ်"

သူက ရထားလုံးထဲမှာ မျက်နှာချင်းဆိုင်ထိုင်လိုက်ရမှ ပြုံးလိုက်၏။ မိကိုဖြင့် မတွေ့ရသေးဘူး စိုးပိုင်နှင့် ဇေသော် တို့ မဋ္ဌရိယတွေ မွှာ





တာလေ။

"ဘယ်လိုလဲ ဇော်၊ ငြိမ်မနေနဲ့ဟဲ့၊ နင့်ကိုယ်စား ငါ့မှာ ဒင်းတို့ကို ရန်တွေ့ပေးရတာ အာခြောက်လှပြီ"

"ပြောပါစေ သီရယ်၊ သူတို့နှစ်ယောက် The dog in the crib ပုံပြင်ထဲကလိုပါ"

"အံမာ ... ငါတို့ကို နွားစာခွက်ထဲကခွေးနဲ့ နှိုင်းတယ်ပေါ့လေ၊ ခွေးနာ"

နှစ်ယောက်သား သူ့ကျောနှင့်ခေါက်ပိုးကို ဖျောင်းခနဲ အုန်းခနဲ ချကြလေ၏။ ရထားလုံးထဲမှာ ရယ်သံတွေ ဝေါခနဲထွက်လာပါသည်။

"ဘာပဲဖြစ်ဖြစ် မင်းထင်မြင်ချက်က ဖြစ်နိုင်ချေ လုံးဝမရှိဘူးနော်၊ One by hundred ပဲ"

"ငါသိပါတယ်ကွ၊ စိတ်ထဲမှတ်ထားတဲ့ ရှိတ်စပီးယားရဲ့စကားအတိုင်း လာခဲ့တာပါ"

"ဘာတဲ့လဲ"

"There is nothing good or bad , thinking makes if so. (အကောင်းရယ် အဆိုးရယ်လို့ လောကမှာ မရှိပါဘူး၊ ကောင်းရင် ကောင်းမယ်၊ ဆိုးရင်လည်းဆိုးမှာပေါ့)တဲ့လေ"

"လာပြီ ဦးပုညလေသံက စပြီ"

မြူထဲသို့ ရထားလုံး ဖြည်းဖြည်းချင်းဝင်လာပါ၏။ ဇင်သီက ပြတင်းမှ လှမ်းကြည့်ကာ မြူထဲမှပန်းပင်တွေကို သဘောအကျကြီးကျနေလေသည်။

"လှလိုက်တာနော်၊ နှင်းဆီနီလေးတွေ သင်းနေတာပဲ၊ ဘယ်လောက်များ စိတ်ချမ်းသာစရာကောင်းလိုက်သလဲ"

"ဒီအရူးကလဲ တစ်မျိုး"



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့မှာ ရထားလုံးရပ်သွားတော့ ဆယ်ကျော်သက်ကောင်မလေး တစ်ယောက်က ထွက်ကြိုလေ၏။

"ကိုကိုကြီးရဲ့ဧည့်သည်တွေထင်တယ်"

"ဟုတ်ပါတယ်၊ မမတို့က ဒေါက်တာမေမေ နေမကောင်းဘူးဆိုလို့ လူမမာလဲမေးရင်း လာလည်တာပါ"

"ကြီးကြီးရော ကိုကိုကြီးပါ အပေါ်ထပ်အိပ်ခန်းထဲမှာ ရှိနေပါတယ်၊ ကြွပါရှင့်"

အေးတုံ့ ဦးဆောင်ခေါ်ရာနောက်သို့ လိုက်လာခဲ့ပါ၏။ ခုချိန်ထိ သူ့အရိပ်ကိုသော်မှ မမြင်ရပါချေ။ ဘယ်နေရာမှာ ဘာတွေများလုပ်ပေးနေပါလိမ့်။ အခန်းတံခါးကိုဖွင့်ပေးလိုက်ရာ အန်တီနှင့် ဒေါက်တာနေဝန်းနီကို တွေ့လိုက်ရပါ၏။

"ဟော လာကြတော့လဲ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာကြတာပါလား"

"ဟုတ်တယ် အစ်ကိုရဲ့၊ ဒီညနေ duty စောဆင်းကြလို့ ထွက်လာကြတာပါ"

"လာလေ ထိုင်ကြ၊ မေမေ ဒါ ကျွန်တော်တို့ဆေးရုံက ဆရာဝန်လေးတွေပေါ့၊ စိုးပိုင် , ဇေသော် , ဇော်မင်းခန့် နဲ့ ဇင်သီဟန် တဲ့"

"အေးကွယ်၊ အန်တီ့ကိုလာကြည့်တာသိရလို့ ဝမ်းသာပါတယ်"

"သက်သာတယ်မဟုတ်လား အန်တီ"

"သက်သာပါတယ် သမီးရယ်"

"မေမေ့ရောဂါက တော်တော်ပါ ဇင်သီရဲ့၊ စိတ်ပူပန်တာက များနေလို့ပါ"





"ဘာလဲ ... အန်တီ့သားကို စိတ်မချလို့လား"

"အစစ်ပဲ"

"ဟောဗျာ ! ဒီ ကျားကိုးစီးစားမကုန်တဲ့ခန္ဓာကိုယ်ကြီးကို စိတ်မချစရာ လားဗျ"

ရယ်သံတွေထွက်လာကြလေ၏။ မေမေက ယှဲနေရာမှ ပြုံးလိုက်ပါသည်။

"ဒါဆိုရင်လဲ အန်တီ့သားကို မိန်းမပေးစားလိုက်ပါလား"

"အဲဒါပဲပြောနေတာ သမီးရဲ့၊ သူက လူတစ်မျိုး။ မအေ မကြိုက်တဲ့ပုံစံကို ရှာပြီးရွေးခဲ့လို့ အိမ်ထောင်ရေးလဲ ကမောက်ကမတွေ ဖြစ်ပြီးပြီ၊ ခုတွေ့လား တစ်ခုလပ်ဆိုတဲ့ နာမည်ဆိုးကြီးပဲ ကျန်ရစ်ခဲ့တာလေ၊ အရွယ်ရှိတုန်း အိမ်ထောင်ထပ်ပြုဖို့တိုက်တွန်းပြန်တော့လဲ သူ့လို တစ်ခုလပ်ကို ဘယ်မိန်းကလေးကမှ ယူမှာမဟုတ်ဘူးဆိုပြီး ပေကပ်ကပ်လုပ်နေပြန်ရော၊ အဲဒီလို ..."

"ဟင်း ဟင်း ဟင်း ... ဒီလိုတော့မထင်ပါနဲ့ ဒေါက်တာရဲ့၊ ဆေးရုံမှာ ဒေါက်တာ့နာမည်က ရေပန်းစားနေတုန်းပါနော်၊ ဖော်တို့အုပ်စုတောင် ဒေါက်တာနာမည်နဲ့ ယှဉ်လို့မရဘူး၊ ဒေါက်တာ့ကိုပိုးနေတဲ့သူတွေ အများကြီးရှိနေပါသေးတယ်၊ သိတို့ အသိဆုံး"

"ဟုတ်လား"

"ဟော့ဟော့ ... ကိုယ့်အိမ်ကိုလာပြီး အချွန်နဲ့ မ,မယ်မကြံနဲ့နော် ဇင်သီ"

ရယ်သံတွေ ထပ်ထွက်လာပြန်၏။ အေးဘုံက ကော်ဖီလင်ပန်း လာပို့ပေးသွားတာမို့ ကော်ဖီသောက်ရင်း စကားပိုင်းက ခဏမျှရပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဆန္ဒရှိရင် ကျွန်တော် နောက်တော့ပြောပါ့မယ်"

"အခုပြောတော့ ဘာဖြစ်လဲ၊ ပြော"

"ဟာ... ချာတိတ်တွေရှေ့မှာ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ အစ်ကိုရ၊ ဆေးရုံကတစ်ယောက်ကို ရွေးလိုက်လို့လား"

"မဟုတ်ပါဘူး"

"ကျွန်တော်တို့ သတင်းမဖြန့်ပါဘူးဗျ။ နှုတ်လုံပါ့မယ်၊ နှုတ်ပိတ်ခလေးတော့ ပေးပါ"

မေမေက သူ့ကို စတင်ပေါ်မှာ ထိုင်ခိုင်း၏။ ခပ်မတ်မတ်ထိုင်ချင်မှန်းသိတာမို့ သူ မေမေ့ကို ထူပေးလိုက်ပါသည်။

"နောက်ထပ် Rose တစ်ယောက် ထပ်တွေ့လာရင်တော့ မေမေ့ကို အရင်သာသတ်လိုက်ပါတော့ သားရယ်"

"မဟုတ်ပါဘူး မေမေရယ်"

"ဘယ်သူလဲ၊ ဘယ်ကလဲ"

"မေမေနဲ့ ရင်းနှီးပြီးသားပါ"

"ဟဲ့! ဘယ်သူတုန်း"

သူ့မျက်နှာမှာ ရှက်ပြုံးတစ်ခု ပေါ်လာလေ၏။ Rose နှင့် ချစ်သူဖြစ်ခဲ့တုန်းကနှင့်မတူဘဲ မျက်နှာတစ်မျိုးလေးဖြစ်နေသည့် သားဖြစ်သူကို ကြည့်ရင်း ဒေါ်စမ်းသီတာ အံ့သြသွားရလေသည်။ အလိုလေးနော် ... ဒီလိုသိမ်မွေ့တဲ့ရှက်ပြုံးမျိုး သားထံမှာ မတွေ့ရတာ ကြာပြီပဲ။

"ပြောလေ"

"မိပါ"





"ဘယ်လို !"

"မေမေ မခွဲနိုင်ဘူးဆိုတဲ့ မိပါ မေမေ"

"ဘုရားရေ ... မိ! ဟုတ်လား"

"ဟုတ်ပါတယ်"

"မိကရော သားကို ပြန်လက်ခံလို့လား"

"မေမေပဲ မေးကြည့်ပေါ့"

"မေမေ့သားကတော့လေ ..."

ဒေသော်တို့အုပ်စု အံ့သြသွားတာကို သူ သိပါသော်လည်း မျက်နှာကို ငုံ့ထားလိုက်ပါ၏။ ဟုတ်တယ်လေ၊ ဝမ်းကွဲညီမလို့ အသိပေးထားပြီး ဒီလိုတွေပြောလာတော့ အကုန်လုံး ထင်မှတ်မထားတာမို့ အံ့သြသွားကြတာအမှန်ပဲကိုး။

"အခု မိရော ..."

"အောက်ထပ်မှာပါ"

"သွားခေါ် လိုက်လေ"

"ဟုတ်ကဲ့"

သူ အခန်းထဲမှထွက်၍ အောက်ထပ်ကို ဆင်းခဲ့တော့ သူမကို မီးဖိုခန်းထဲမှာ ဝိုင်းကူနေလေ၏။

"မိ ..."

"ရှင်"

"မေမေက ခေါ်လာခဲ့ဦးတဲ့"

"ဟင် ... မလာရဲဘူး၊ မိကို ဆူတော့မယ်ထင်တယ်၊ ဒုက္ခပါပဲ"

"ဩော် ... မတွေ့ရသေးဘူး ကြိုကြောက်နေရပြန်ပြီ၊ လာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက သူမလက်ဖျားလေးကိုဆုပ်ကိုင်လျက် ခေါ်လာတော့ သူမ မျက်နှာငယ်လေးဖြင့် ပါလာလေ၏။ အေးစက်စက်လက်ဖျားလေးကို ... နှံဖြင့် စိတ်ထဲမှာ သူမ မည်မျှအထိကြောက်လန့်နေမှန်းခန့်မှန်း၍ရပါသည်။

"ကိုကိုကြီး ... မိ ကြောက်တယ်နော်"

"ကိုယ်တစ်ယောက်လုံးရှိပါတယ် မိရဲ့၊ မကြောက်ပါနဲ့ လာပါ"

သူ ဆွဲခေါ်ရာနောက် ပါလာခဲ့ပြီး ဟင်းလင်းပွင့်နေသည့်တံခါးဝ... ရပ်တော့ သူ့ကိုကွယ်၍ ရပ်လိုက်မိပါ၏။

"မိ ဝင်ခဲ့လေ သမီး"

ကြီးမေ ခေါ်မှ သူမ အခန်းထဲသို့ ခြေကို စလှမ်း၍ဝင်လိုက်သည်။ ကျောခိုင်းထိုင်နေသည့်ဆရာဝန်အုပ်စုကို နောက်ကျောမှမြင်လိုက်ရပါ... ညှို့သည့်တွေ နေရာက်နေတာကိုး။

"သမီး ကိုကိုကြီး ပြောတာ ဟုတ်လား"

"ရှင် !"

"မရှက်နဲ့လေ၊ မေမေ မေးနေတာ ဖြေမှပေါ့"

သူက သူမလက်ဖျားကိုညှစ်၍ သတိပေးလိုက်သဖြင့် သူမမျက်နှာ... လေး ရှက်အမ်းအမ်းဖြစ်သွားရပါ၏။ ကြီးမေက ခပ်ပြုံးပြုံးနှင့်ကြည့်... တာမို့ တော်ပါသေးသည်လေ။

"ဖြေလေ သမီးရဲ့"

"ဟုတ်"

ခေါင်းညိတ်မိသလား။ မညိတ်မိသလားပင် မသိဘဲ လူက ထူပူရှ... အမ်းနေချိန် အစွန်ဆုံးမှထိုင်နေသည့်ဆရာဝန်ပေါက်စလေးက ဖျတ်ခ... လှည့်ကြည့်လိုက်လေ၏။





"ဟင် ! နှင်း ... နှင်း မဟုတ်လား"

"ရှင် !"

"နှင်း ကိုယ်လေ၊ မမှတ်မိဘူးလား နှင်းရဲ့၊ နှင်း ပျောက်သွားကတည်းက ကိုယ့်မှာ ဘယ်ရှာလို့ရှာရမှန်းမသိ အရူးတစ်ယောက်လိုဖြစ်နေတာပါ"

ဖော် က ဖျတ်ခနဲထ,ရပ်ကာ သူမပခုံးကို ဆုပ်ကိုင်လျက်ပြောစဉ် အားလုံးက အံ့သြမှင်တက်စွာ ငေးကြည့်နေကြလေ၏။ နှင်း တဲ့ ... နှင်း တဲ့လား။ သူမနာမည် နှင်း တဲ့လား၊ ဟင့်အင်း ဘာဆိုဘာမှမသိပါ။

"နှင်း ..."

"ဟင့်အင်း၊ ကျွန်မ ... ကျွန်မ ... နှင်း မဟုတ်ဘူး၊ ရှင် လူမှားနေပြီ"

"အို! မှားစရာလား နှင်းရဲ့၊ နှင်းရဲ့ ဘယ်ဘက်နားထင်မှာ မှဲ့နက်လေး ရှိတယ်လေ၊ ကိုယ့်ချစ်သူတစ်ယောက်လုံးကို ဘယ်လိုမှ မှားစရာအကြောင်း မရှိဘူး"

ဘုရား ... ဘုရား ... ချစ်သူ တဲ့ ... ချစ်သူ ဆိုပါလား။ သူမ ပျောက်ကွယ်နေတဲ့အတိတ်မှာ ချစ်သူတစ်ယောက် ရှိခဲ့တယ်တဲ့လား။ နှင်း တဲ့... သူမနာမည်က နှင်းဆိုတာ အစစ်အမှန်ပဲလား။

"မဟုတ်ဘူး၊ မဟုတ်ပါဘူး"

"နှင်းရယ် ... ဘယ်လိုဖြစ်တာလဲ၊ ကိုယ်နဲ့နှင်းက ဟိုးငယ်ငယ်ကတည်းက ရင်းနှီးခဲ့ကြတဲ့လူတွေလေ၊ ပြီးတော့ အဘဦးဘရှိန် ပြန်ရောက်လာရင် နှင်း အမွေထုတ်ဖို့ကိစ္စတွေလဲရှိသေးတယ်၊ နှင်းပဲ ခရီးထွက်ဦးမယ်ဆိုပြီး ပျောက်သွားတာလေ ... နှင်း ..."

အမွေတဲ့ ... ခရီးတဲ့ ... ဘာတွေလဲ၊ ဘာတွေပြောနေတာလဲ၊ ခေါင်း တစ်ခုလုံး ချာချာလည်မူးနောက်လာကာ ဆုပ်ကိုင်ထားသည့်လက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ရုန်းထွက်လိုက်ပါ၏။

"နှင်း !"

"မိ! နေဦးလေ"

အခန်းထဲမှ အပြေးထွက်သွားသည့် သူမနောက်သို့ သူတို့နှစ်ယောက် ပြေးလိုက်ခဲ့ပါ၏။ လှေကားထိပ်ရောက်သွားချိန်မှာ သူမ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလေသည်။

"မိ ..."

"နှင်း ..."

"လိုက်မလာနဲ့နော်"

"မိ ... ကိုယ်လေ ..."

"နှင်း ... ကိုယ်ပါ နှင်းရဲ့ ..."

"မသိဘူး။ ဘယ်သူ့ကိုမှမသိဘူး၊ မသိ ... အား ..."

"ဟာ! နှင်း ..."

"မိ! မိရေ ..."

မိုက်ခနဲ ယိုင်လဲကျသွားသည့် သူမကို သူ အမြန်ဖမ်းဆွဲလိုက်ပါသော်လည်း လူကလည်သွားကာ လှေကားလက်ရန်းနှင့် ခေါင်း ရိုက်မိသွားပြီး သွေးတွေ ဖြာထွက်လာလေ၏။ ဇင်သီအော်သံက စူးခနဲထွက်လာသလို သူ ပွေ့ပိုက်လိုက်သည့် ရင်ဘတ်မှာ သွေးစိမ်းနီနီတို့က စွန်းထင်းကုန်လေသည်။

"မိ... မိရေ ..."

"ဆေးရုံ ... ဆေးရုံပို့ရင် ကောင်းမယ်ထင်တယ်"

သူ သူမကိုပွေ့ချီ၍ လှေကားမှဆင်းကာ ကားပေါ် တင်လျက် မောင်း





ထွက်လာခဲ့သည်။ စိတ်တွေလှုပ်ရှားလွန်း၍ မိ ဒီလိုဖြစ်သွားရတာပဲ။ ကံကောင်းပါစေ မိရယ်၊ မိ သတိပြန်လည်လာချိန်မှာ ကိုယ့်ကိုရော မေမေ့ကိုပါ အမှတ်ရနေပါစေ၊ အတိတ်ကချစ်သူကို ပြန်သတိရပြီး ကိုယ့်ကိုတော့ ပစ်မသွားလိုက်ပါနဲ့၊ ကိုယ် မိနဲ့မခွဲနိုင်လို့ပါ။ မိသာ ... မိသာ ကိုယ့်ဘဝထဲက နောက်ထပ်တစ်ခါထွက်သွားမယ်ဆိုရင် တစ်ခါကွဲထားတဲ့ ကိုယ့်ရဲ့အသည်း နှလုံးက အကောင်းပကတိအတိုင်း ရှိတော့မှာမဟုတ်ပါဘူး၊ ဒါဆို ယုံကြည်ပေးပါ မိရယ် ...။

ဆေးရုံရှိ အရေးပေါ် အခန်းထဲသွင်းပြီးချိန်မှာ ခုံပေါ် သို့ တစ်ကိုယ်လုံးကို ပစ်ချလိုက်မိ၏။ ကံကောင်းခြင်းတွေ ကိုယ့်အတွက်ရှိနိုင်ပါဦးမလား။ ကိုယ် ပျော်ပါရစေလား မိရယ်၊ နူးညံ့သိမ်မွေ့တဲ့မျက်လုံးလေးတွေ၊ ချိုမြိန်တဲ့အပြုံးလေးတွေ၊ ယဉ်ကျေးလိမ္မာတဲ့ဟန်အမူအရာလေးတွေနဲ့ ကိုယ့်နှလုံးသားကို သိမ်းကျုံးပွေ့ပိုက်သယ်ယူခဲ့ပြီးမှ ရုတ်တရက်ကြီး ကိုယ့်ကို အသည်းဟက်တက်ကွဲရအောင်လို့ ပစ်လက်ခတ်ကြီး ပစ်မထားခဲ့ပါနဲ့၊ သြော်... ကိုကြီးရဲ့နှလုံးသားလေး မိရယ် ...



www.burmeseclassic.com

www.burmeseclassic.com



Suppressing love is but oppsing the matural dictates of the heart.

(Oliver Goldsmith)

ချစ်တဲ့စိတ်ကို ချိုးနှိမ်တာဟာ နှလုံးသားကဖြစ်တည်လာတဲ့ ချစ်ခြင်းကို ဆန့်ကျင်ခြင်းသာ ဖြစ်တယ်လေ ...

(အိုလီဗာ ဂိုးလ်ဒ်စမစ်သ်)





[ ၁၈ ]

"ဖေဖေ နောက်အိမ်ထောင်ပြုတော့မယ်၊ အဲဒါ သမီးအတွက်လဲ ပါတယ်၊ နောက်နှစ်ဆို သမီး (၈)တန်းအောင်ပြီး ကိုးတန်းရောက်ရတော့မှာ၊ စာတွေ အရေးကြီးလာပြီ၊ ပြီးတော့ ဖေဖေ့ကို အချိန်သိပ်ပေးနိုင်တော့မှာမဟုတ်ဘူး၊ ဒီတော့ သမီး ပင်ပန်းမယ့်တာဝန်မှန်သမျှ ခွဲဝေယူပေးမယ့် မေမေတစ်ယောက်တော့ မဖြစ်မနေ လိုအပ်လာပြီလေ"

မဖြစ်မနေတဲ့လား။ နှင်းအတွက် နောက်ထပ် အစားထိုးလို့ရမယ့် မေမေမျိုး တကယ် မလိုအပ်ပါဘူး ဖေဖေရယ်၊ ဖေဖေ့အတွက် လိုအပ်တာပါလို့ ဘာဖြစ်လို့ မပြောတာလဲ၊ အခုရော ဖေဖေ့ကို လိုလေသေးမရှိအောင် နှင်း ထားပေးနေတာပဲမဟုတ်လား။ ဖေဖေဝတ်တဲ့အင်္ကျီအဝတ်အစားတွေကို ဖြူဖွေးအောင် နှင်း လျှော်ပေးနေကျ၊ ဖေဖေဝတ်တဲ့ ပုဆိုးတွေ၊ ဘောင်းဘီရှည်တွေကို ခေါက်ရိုးကျအောင် မီးပူတိုက်ပေးနေကျ၊ ဖေဖေ အလုပ်အသွားနဲ့အပြန်မှာ အဆင်ပြေတဲ့ ဟင်းလျာ မှန်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



တတ်သလောက် မှတ်သလောက် ချက်ပြုတ်ကျွေးမွေးနေပါလျက် ...
တော့ မလိုတော့ဘူးတဲ့လား၊ ဖေဖေက သူမမျက်နှာကို တစ်ချက်မကြည့် ...
ဘဲ ပြောလက်စ စကားကို ဆက်ပြောပါလေ၏။

"မရင်းနှီးသေးတဲ့ သူစိမ်းတွေနဲ့ သမီးကို တစ်အိမ်တည်း ဖေဖေ ...
နေခိုင်းမှာမဟုတ်ပါဘူး။ ပြီးတော့ သမီးအပေါ် မကြင်နာတဲ့မိထွေးမျိုးရဲ့ ...
နှိပ်စက်မှုကိုလဲမခံရအောင် ဖေဖေ ရွေးချယ်ခဲ့တာပါ၊ သမီးအတွက် အဓိက ...
ထားပြီး ရှာတာကိုတော့ ဖေဖေ့ကို နားလည်ပေးရမယ်၊ သူကိုယ်တိုင် သမီး ...
တစ်ယောက်အမေမို့ သမီးကိုလဲ သူ့သမီးလိုပဲ သဘောထားပြီးချစ်မယ် ...
ဆိုတာကို ဖေဖေ ယုံကြည်တယ် သမီး"

ဘယ်သူလဲဟု သူမ မမေးလိုက်ချင်ပေမယ့် မမေးတော့ပါ။ ဖေဖေ ဖွင့် ...
ပြောလာမှာပါပဲ။ ဖေဖေရယ် နောက်အိမ်ထောင်ပြုချင်ရင်လည်း မေမေ ...
ဆုံးကတည်းက (နှင်း လေးတန်းအရွယ်ကတည်းက) ယူလိုက်ပါတော့ ...
လား၊ အခုတော့ လောကကြီးအကြောင်းကို သေချာသိနိုင်တဲ့အရွယ် ...
ယူတယ်တဲ့၊ သဘောမတူဘူးဟု မည်သို့သောအင်အားမျိုးနဲ့ ငြင်းဆန် က ...
ကွက်ရပါမည်နည်း။ ဆွေမျိုးရယ်လို့ ရှားပါးလှတဲ့ သူမဘဝမှာ နှင်း အ ...
ကိုးရတဲ့ မြင့်မိုရ်တောင်ကြီးက ရွေ့လေပြီကောလေ။

"ကိုတို့သားအမိ ဒီတစ်ပတ်ထဲ ပြောင်းလာလိမ့်မယ်၊ ပေရယ်က သမီး ...
ထက် (၃)နှစ်ကြီးတော့ မမလို့ခေါ်ပေါ့။ ကိုကို အန်တီလို့ခေါ် ရာက ...
မေမေလို့ပြောင်းခေါ်ဖို့ ကျင့်ပါ။ သူတို့နဲ့ သင့်တင့်အောင်ပေါင်းပါ၊ လိုက် ...
လျောညီထွေစွာနေပါ၊ ဖေဖေ့ကွယ်ရာမှာ ဖေဖေ့သမီး လိမ္မာတဲ့သတင် ...
ကောင်းမျိုးပဲ ကြားချင်ပါတယ်၊ ဒါပါပဲ သမီး"

ခေါင်းကိုငုံ့ထားရာမှ မျက်ရည်တစ်ပေါက်က ပေါင်ပေါ်သို့ ကျသွ ...





လေ၏။ ကြားဖူးတဲ့စကားပုံတစ်ခုကို ဖျတ်ခနဲ သတိရသွားသည်။ 'အမိမဲ့သား ရေနည်းငါး'တဲ့၊ မေမေ မရှိတော့ပေမယ့် သစ်တောအုပ်ကြီးတစ်ခုလို ဖေဖေ့အရိပ်အောက်မှာ အေးမြစွာခိုလှုံနေလျက် အပူတောထဲကျဆင်းရလေပြီလား။ မေတ္တာကိုခွဲဝေပေးရပြီဟူသည့် အသိက အပျိုဖြန်းကလေး၏ ဝန်တိုမှုကို ဖြစ်တည်စေလေ၏။ ဖေဖေ ရက်စက်လေခြင်းဟု မဝေဖန်ရဲပါချေ။ မေမေ မရှိသည့် လေးနှစ်ကျော်အထိ သမီးကို ချစ်ခဲ့တဲ့အချစ်တွေ ပြီးပြည့်စုံပြီဟု ယူဆလိုက်လေသလား။ အားကိုးရာရင်ခွင် ပျောက်ပြီထင်ပါရဲ့။

ညနေစောင်းတော့ ခြံဘေးပေါက်မှတစ်ဆင့် တစ်ဖက်ခြံသို့ ကူးလာခဲ့၏။ ဦးဦးကျော်ဖေယျနှင့် အန်တီ ဒေါ် မာလာခန့်တို့ခြံထဲမှာပင် ထိုင်နေတာကို မြင်လိုက်ရသဖြင့် မြက်ခင်းပြင်ကိုပင် လျှောက်လာခဲ့ပါသည်။

"ဟော. သမီး နှင်းလေးပါလား၊ လာလေ"

အန်တီ့ဘေးရှိခုံလွတ်မှာ ဝင်ထိုင်လိုက်တော့ သူမ မျက်နှာမကောင်းတာကို လူကြီးနှစ်ဦးစလုံးက သတိထားမိသွားလေ၏။

"နှင်း ... သမီး မျက်နှာလဲမကောင်းပါလားကွယ်၊ ဘာဖြစ်လာလို့လဲ"

"အန်တီ ...၊ ဖေဖေ ... ဖေဖေကလေ ... နောက်အိမ်ထောင်ပြုတော့မယ်တဲ့ ... အင့် ..."

သူမ ရှိုက်ကြီးတငင်ငိုချလိုက်စဉ် အန်တီက သူမကို ပွေ့ဖက်ထားလိုက်လေ၏။ ကူကယ်ရာမဲ့ကလေးတစ်ယောက်ကို နွေးထွေးစေတတ်တာ ဤမိသားစုပဲရှိတာမဟုတ်ပါလား။

"ဖြစ်ရလေ သမီးရယ်၊ ဘယ်သူ့ကိုယူမှာတဲ့လဲ"

"အန်တီ ... အန်တီ နရဏီ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဟို ကလေးတစ်ယောက်အမေကိုမှ ယူမှာတဲ့ အစ်ကိုရယ် ကိုကြည်သာကို ပြောကြည့်ပါဦး၊ သမီးလေး သနားပါတယ်"

"တင်တင်ကလဲ ..."

"မရတော့ဘူး အန်တီရဲ့၊ ဒီတစ်ပတ်ထဲ ပြောင်းလာကြတော့မှာတဲ့ နှင်းတော့ ... နှင်းတော့ ဘယ်လိုလုပ်နေရမလဲမသိတော့ပါဘူး"

"ဒီလိုလဲဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ နရဏီက သမီး ထင်သလောက် အဆိုးကြီးမဟုတ်လှပါဘူး။ ဦးဦးတို့နဲ့လဲ ရင်းနှီးပြီးသားပါ၊ သမီးကိုလဲ ချစ်ပုံ ရပါတယ်၊ ကိုကြည်သာ ဆုံးဖြတ်ပြီးသားကိစ္စကို ဦးဦးတို့က ခုချိန်ကျမှ ထ,ကန့်ကွက်လို့မဖြစ်ဘူး။ မိတ်ဆွေအချင်းချင်း အခင်အမင်တွေပျက်ကုန် လိမ့်မယ်"

"ဒါတော့ဟုတ်တယ်၊ သူ ယူချင်လဲ ယူပါစေတော့ သမီးရယ်၊ ဘာပဲ ဖြစ်ဖြစ် သမီးဖေဖေက ဖေဖေပါပဲ၊ နောက်အိမ်ထောင်ပြုပြီဆိုပြီး သမီး ဘက်က ဖေဖေ့ပေါ် ထားတဲ့မေတ္တာနဲ့ ဂါရဝတရား မပျက်စီးပါစေနဲ့၊ အန်တီတို့အိမ်က သမီးအတွက် အမြဲတံခါးဖွင့်ထားပေးတာပဲ၊ အချိန်မရွေး လာနိုင်တယ် နော်"

သူမ ခေါင်းညိတ်ပြလိုက်စဉ် ခြံထဲသို့ ကိုကို့ကားလေး ဝင်လာလေ၏။ တိုက်ရှေ့မှာ ကားကိုရပ်လိုက်ပြီး သူမတို့ရှိနေသည့် မြက်ခင်းရှိရာသို့ လျှောက်လာလေသည်။

"ဟော့! ဘယ်ကကောင်လေး ငါ့အမေကို လာချွဲနေတာလဲကွ"

"ဟယ် ... သားကလဲ ကျောင်းကပြန်ရောက်တာနဲ့ ညီမလေးကို စပြီ"

"ဟောဗျာ ငိုနေတာလား"

"သားလေးလေးက နောက်အိမ်ထောင်ပြုတော့မယ်တဲ့၊ အဲဒါကို လာ





ပြောပြီး မျက်ရည်တွေကျနေတာလေ"

"ဟုတ်လား၊ ဒါဆို မေမေအသစ်ရမယ့်ဟာကို ငိုစရာလား၊ ပိုတောင်မှ ပျော်ဖို့ကောင်းသေးတယ်၊ ဒါမှ လေးလေးဆီတစ်လှည့်၊ မာမီလေးဆီ တစ် လှည့် မုန့်ဖိုးတောင်းရင် နှစ်ခါတောင်းရမှာလေ၊ ပွတာပဲ"

"ဘာပွတာလဲ၊ ကိုကိုနော် နှင်းကိုဖြင့် မသနားဘူး၊ သူများတကာ မိထွေးရမှာကိုများ ဝမ်းသာအားရဖြစ်ရတယ်လို့"

"ဟုတ်တယ်လေ"

"ဘာဟုတ်ရမှာလဲ၊ မိထွေးဘက်က သမီးတစ်ယောက်က အစစ်ပါ လာဦးမယ်"

"ဟာ ! ဒါဆို ကိုယ် ညီမတစ်ယောက် ထပ်ရမှာပေါ့၊ ပျော်စရာကြီး၊ ကျောင်းမှာ ယောက်ဖလို့ခေါ်တဲ့ကောင်တွေ များတော့မှာပဲ"

နှင်း စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့ သူ ပျာယာခတ်သွားရ လေပြီ။ စိတ်ပြေလိုပြေငြား နောက်ရာမှ ပြောတာလွန်သွားပြီကိုး။

"နှင်း ... နှင်း ... ဟာ! မငိုရဘူးလေ၊ ဒုက္ခပါပဲ၊ ကိုယ်က နှင်း အငိုတိတ် အောင် ပြောတာပါ"

"ကိုကို့ကို မခေါ်တော့ဘူး"

"မခေါ်ဘဲတော့မနေပါနဲ့၊ ကိုယ် မနေတတ်လို့ပါ နှင်းရဲ့"

"သွားပါ၊ အဲဒီ မမပေရယ် ရောက်လာမှ သွားချစ်ပေါ့၊ နှင်းကို မချစ် နဲ့တော့၊ နှင်းလဲ ကိုကို့ကို မချစ်တော့ဘူး"

"ဟောဗျာ !"

"ကဲ ... သားရယ် ကလေးကို စိတ်ချမ်းသာအောင်ပြောမယ် မရှိဘူး၊ နဂိုကတည်းက ဝမ်းနည်းပက်လက်ဖြစ်နေတဲ့ဟာကို ...၊ ကဲ ကဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားကြမယ်၊ ကလေးကို ချော့ခေါ် လာခဲ့"

ဖေဖေနှင့်မေမေ အိမ်ထဲဝင်သွားတော့ ငိုနေသည့် ကောင်မလေးနှင့် သူသာ ကျန်ရစ်ခဲ့ရလေ၏။ မျက်ရည်တွေသုတ်ပေးရန် သူမမေးဖျားလေး ကို လှမ်းကိုင်စဉ် နှင်းက ဖျတ်ခနဲပုတ်ချလိုက်လေသည်။

"ဟောကြည့်! ဘယ်လိုဖြစ်တာလဲ၊ ဒီမှာ မျက်ရည်သုတ်ပေးမလို့ဟာ"

"မသုတ်နဲ့၊ ကိုကိုမှ နှင်းကိုမချစ်ဘဲ... ,သွား!"

"ရော်! ကိုယ်က နှင်းကိုမချစ်ရင် ဘယ်သူ့ကိုသွားချစ်ရမှာလဲ".

"အဲဒီ မမပေရယ် ရောက်လာတော့ သွားချစ်လိုက်ပေါ့"

"ဩော် ... **April** တွေ၊ **May** တွေ၊ **June** တွေ၊ **July** တွေ ကိုယ် စိတ်မဝင်စားပါဘူး၊ ကိုယ်ချစ်တာ ဟောဒီက နှင်းတစ်ယောက် တည်းပဲရှိတာပါ"

"မယုံပါဘူး။ ကျောင်းမှာလဲ ဆေးကျောင်းသူ မမချောချောလေးတွေ အများကြီးရှိတာမဟုတ်လား။ ကိုကို သူတို့ထဲက တစ်ယောက်ယောက်ကို ရွေးလိုက်ရင် ကိုကို့ညီမ နှင်းက ဒီလိုပဲ တစ်ယောက်တည်းပဲ ကျန်ခဲ့ရမှာပဲ တော်ပါပြီ ..."

မမြင်ဖူးသေးသည့် မိန်းကလေးတွေနှင့် လိုက်ပြိုင်အူတိုနေသည့် နှင်းကို သူ ချစ်စနိုးလေးကြည့်နေမိသည်။ ချစ်လိုက်ရတာနော်၊ ဖြစ်နိုင်ရင် တာနေ့ဘာယက္ခဘီလူးကြီး မင်းသမီးလေးကို အာခံတွင်းထဲ ထည့်ငုံထား သလိုပဲ ငုံထားလိုက်ချင်တော့တယ်၊ အဲဒီလောက်ထိအောင်ချစ်နေမိတာ ကို နှင်း မသိဘူးတဲ့လား။ ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်လောက်ပဲလှပ ချောမောတဲ့မိန်းကလေးတွေ တွေ့ရပါစေ ငယ်စဉ်ကတည်းက ချိုပိုးထိန်း ကျောင်းလာခဲ့ရတဲ့ ကောင်မလေးကိုသာ အမြတ်တနိုးရှိနေတာကို ကိုယ်





# ၉

ဖေဖေနဲ့မေမေသာ အသိဆုံးပါလေ။

နှင်းရယ် ... အရွယ်မရောက်သေးတဲ့ ကျောင်းသူလေးကို စောင့်ဆိုင်း နေရတဲ့အချိန်ဆိုတာတွေဟာ ကိုယ့်အတွက် ကြာညောင်းလှပါပြီ။ အရိပ် တကြည့်ကြည့်ပြုစုပျိုးထောင်ပေးခဲ့တဲ့ ပန်းပွင့်လေးကို သူများတွေ ဦးသွား မှာ စိုးစိတ်နဲ့ နေ့စဉ်နှင့်အမျှ ပူပန်နေရတာ နှင်းမှ နားမလည်တတ်သေး တာပဲ၊ ငယ်ရွယ်စိတ်နဲ့ ကိုယ့်အပေါ် ဆိုးနွဲ့အနိုင်ယူနေကျဆိုတာ မှန်ပေ မယ့် အရင်တုန်းကလို 'ကိုကို' လို့ခေါ် သံချိုချိုလေးမှာ ကိုယ် သာယာချို မြိန်စွာနဲ့ ရင်ခုန်တတ်လာပြီလေ။

ဒါဟာ အချစ်ပဲမဟုတ်လား။ စာတွေကျက်နေရတာမို့ အချိန်မအားတဲ့ ကြားက တိုက်ပုလေးထဲမှာ နှင်းတစ်ယောက် ဘာတွေလုပ်နေမလဲလို့ ချောင်းကြည့်အကဲခတ်ရတာ အမော။ မျက်နှာချင်းဆိုင်အခန်း ပြတင်း ပေါက်က စာကြည့်ခုံမှာ နှင်း စာတွေအော်ကျက်နေရင် ကိုယ်ကြည့်လက်စ **lecture** ကို ရပ်ထားပြီး နှင်းရဲ့အသံစာစာလေးကို ဂရုတစိုက်နားထောင် နေမိတာ ခြံထဲမှာ လမ်းဆင်းလျှောက်ပြီး ဘာတွေကို စဉ်းစားနေမှန်းမသိ ဘဲ အတွေးလွန်နေတတ်တဲ့ နှင်းရဲ့ပုံရိပ်လေးတွေကို စောင့်ကြည့်နေတတ် တာဟာ နှင်းအပေါ် မှာ တစိမ့်စိမ့်ချစ်မိနေတဲ့ ချစ်ခြင်းတွေကြောင့်ပါကွယ်။

ဒါတွေကို နှင်း သိအောင်ပြောဖို့ အချိန်စောလွန်းပါသေးတယ်။ ရင်ထဲ မှာ အနှစ်နှစ်အလလ သိမ်းဆည်းမျိုသိပ်ထားတဲ့ ချစ်ခြင်းတွေက ရင်နဲ့ မဆံ့အောင်ပြည့်သိပ်ကျပ်နေတာ အမှန်ပါ။ နှင်း သိပ်ပျော်နေတဲ့အချိန်၊ ဒါမှမဟုတ် နှင်း ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေချိန်မှာ ပေါက်ကွဲပွင့်ထွက် လာချင်တဲ့ ချစ်ခြင်းတွေကို ထိန်းချုပ်အောင့်အည်းရတာ ကိုယ့်အတွက် အခက်ခဲဆုံးအလုပ်တစ်ခုဆိုတာ နှင်း နားလည်စေချင်ပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"တိတ်ပါ နှင်းရယ်၊ နှင်း ငိုရင် ကိုယ် မနေတတ်တာကို သိရဲ့သားနဲ့..."

"ကိုကိုက နှင်းနေရာကို ဝင်မှ မခံစားပေးဘဲနဲ့"

"ကိုယ်လဲ ဘယ်စိတ်ကောင်းပါ့မလဲကွယ်၊ ဒါပေမယ့် နှင်း သိထားဖို့က နှင်းအပြင် ကိုယ် ဘယ်သူ့ကိုမှ မချစ်ဘူးဆိုတာပါပဲ"

"တကယ်နော်"

"တကယ်ပေါ့"

"ဒါဖြင့် မမပေရယ် ရောက်လာရင် ကိုကို ရောလဲမရောရဘူးနော် ပြီးတော့ ချစ်လဲမချစ်ရဘူး"

"ဟုတ်ကဲ့ခင်ဗျ"

"မယုံရဲပါဘူး၊ ကိုကိုဒေါက်တာကြီးဖြစ်သွားရင် မမဒေါက်တာတွေ၊ မမသူနာပြုတွေ ဦးမှာပါ၊ အဲဒီအခါ နှင်းကိုမေ့မှာပါပဲ၊ သိပါတယ်နော်"

"ဩော် ... မချစ်ပါဘူး၊ သူတို့က နှင်းလို ချောမှာမှမဟုတ်ဘဲ"

လှပသည့်မျက်စောင်းလေးတဝင့်မှာ သူ့အသည်း ကြေကျလေ၏။ မာယာမပါပေမယ့် ချစ်စနိုးလေးဖြစ်အောင်ကို လုပ်တတ်လွန်းတဲ့ နှင်းပါလားလေ ...။

"ကိုကို ဆရာဝန်ဖြစ်ရင် နှင်းကို မေ့သွားမှာပါလေ"

"မမေ့ပါဘူး နှင်းရယ်၊ မေ့စရာလား"

"နှင်းလဲ ကိုကို့လို ဆရာဝန်ဖြစ်နိုင်ရင် သိပ်ကောင်းမှာပဲနော်၊ ဒါပေမယ့် နှင်းက ကိုကို့လို ဉာဏ်မှမကောင်းတာလေ"

"ကြိုးစားရင် ဘာမဆိုဖြစ်နိုင်ပါတယ် နှင်းရယ်"

"နှင်းကတော့ ဖြစ်လာနိုင်မှာမဟုတ်ပါဘူး"

"နှင်း ဂုဏ်ထူးအများကြီးမပါရင်လဲ ဆယ်တန်းအောင်တာနဲ့ Nurse





သင်တန်းတက်ပေါ့၊ ဒါဆို ကိုယ်တာဝန်ကျတဲ့ဆေးရုံမှာ နှင်း ဝင်လျှောက်နိုင်ရင် ကိုယ်တို့ အတူတူ အလုပ်လုပ်လို့ရတယ်လေ"

"ဟင် ... ဟုတ်လို့လား ကိုကိုရဲ့၊ ခုလို့လား"

"ရတာပေါ့၊ ဒါဆို ကိုယ်နဲ့နှင်း ခွဲရတော့မှာမဟုတ်ဘူးလေ၊ နော်"

နှင်း က သူ့လက်မောင်းကိုမှီခိုတွဲ၍ အိမ်ဘက်သို့လျှောက်လာလေ၏။ ငယ်စဉ်ကတည်းက သံယောဇဉ်တွယ်လာခဲ့ရသည့်မိန်းကလေးကို သူလည်းမခွဲနိုင်ပါလေ။ နှင်းဆိုတာ သူ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့ ကောင်မလေး မဟုတ်ပါလား။ ဒီကောင်မလေးရဲ့ ခင်တွယ်ခြင်းတွေ၊ ချစ်ခင်ခြင်းတွေကို သူသာ အပိုင်စားရချင်ပါသည်လေ။

ညရောက်တော့ စာကြည့်စားပွဲမှာ ငုတ်တုတ်ထိုင်ရင်း ဘာတွေစဉ်းစားမှန်းမသိဘဲ ငူငိုင်ငိုင်လေးဖြစ်နေသည့် နှင်းကို လှမ်းတွေ့နေရသည်။ နှင်းရယ် ... ဘဝဆိုတာ နိမ့်တစ်ခါမြင့်တစ်လှည့်၊ ကောင်းတစ်ခါ ဆိုးတစ်လှည့် ဖြစ်တတ်တာ သဘာဝပါ။ ဒီလို လောကဓံရဲ့နှိပ်စက်မှုကို လူတိုင်းခံရမှာလေ။ ဒါပေမယ့် ငယ်ရွယ်နုနယ်လွန်းသေးတဲ့ နှင်းအတွက်တော့ ဒီဒုက္ခတွေကို အဆိုးဆုံးလို့ ယူဆနိုင်ပေမယ့် နှင်းရဲ့အနီးဆုံးမှာ ကိုယ်တစ်ယောက်လုံးရှိနေတာကို နှင်း မြင်လှည့်ပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၉ ]

ကားပေါ်မှဆင်းလာသည့် သားအမိနှစ်ယောက်ကိုကြည့်ရင်း နှင်း ...
ကို အားမှီရပ်ထားမိလေ၏။ လှကားလှပါ၏။ သို့သော် မှုန်နံ့သာခြယ်ထ...
သည့် အလှမျိုးပါ။ ပြုံးကားပြုံးထားပါသည်။ သို့သော် ဟန်ဆောင်မျက်...
ဖုံးအောက်က အတုအယောင်အပြုံးမျိုးပါလေ။

"သမီး ... မေမေနဲ့ မမကို ကြို့လိုက်လေ"

"အစ်ကိုသမီးလေးက မအေတူအချောလေးနော်၊ အရုပ်လေးကျ...
တာပဲ၊ ဏီ စတွေ့တုန်းက သေးသေးညှက်ညှက်လေးရယ်"

"ဟုတ်တယ် ဒီနှစ်မှ သမီးက ထွားလာတာလေ၊ သမီး မမကို သမီး...
ဘေးခန်းမှာထားမှာနော်၊ ဝိုင်းသယ်ပေးလိုက်ဦးလေ"

ပေရယ့်ထံမှ မဲ့ပြုံးယဲ့ယဲ့က သူမကို မရိုးမရွဖြစ်စေလေသည်။ ...
ခန်းထဲပစ္စည်းတွေ ထည့်ပေးလိုက်ပြီး သူမ အခန်းထဲဝင်နေမိ...
**Sunday** ပိတ်ရက်မို့ တစ်ဖက်အိမ်မှာ ကိုကို ရှိနေတာကို လှမ်းမြ...
လေသည်။ ကိုကိုက အပေါ်ထပ်ဝရန်တာမှာ စာထွက်ကျက်နေလေ...
စောအကြာမှာ သူမ အခန်းတံခါးကို လာခေါက်ပါလေသည်။





"ဒေါက် ဒေါက်"

"ဘာလဲ"

"နှင်းရေ ... ဟိုဘက်အိမ်ကလူတွေနဲ့ ရင်းနှီးသလား"

"ဟုတ်ကဲ့"

"ဒါဆို မမနဲ့ မိတ်ဆက်ပေးရမယ်နော်"

"ဦးဦးနဲ့ အန်တီက သဘောကောင်းပါတယ်"

"သူတို့အိမ်မှာ မမတို့အရွယ် ကောင်လေးလဲရှိတယ် မဟုတ်လား"

"အဲဒါ နှင်းရဲ့ကိုကိုပါ၊ ဘယ်ကကောင်လေးရမှာလဲ၊ ကိုကိုက ဆေးကျောင်းသားပါ"

"ဟယ်! ဟုတ်လား၊ ဒါဆို ပိုကောင်းတာပေါ့၊ မမက စီးပွားရေးတက္ကသိုလ်မှာ **First Year** တက်နေပြီလေ၊ ကောင်းတယ် ကောင်းတယ်၊ ဒီလိုအိမ်နီးချင်းတွေနဲ့ရင်းနှီးရတာ ကံကောင်းတာပဲ၊ ညနေ သွားရင် မမကိုခေါ်ဖို့ မမေ့နဲ့နော်"

"အင်း ..."

မပွင့်တပွင့်ခေါင်းညိတ်လိုက်ရပြီး စိတ်တွေညစ်ညူးသွားရပါလေ၏။ ကိုကိုကလည်း လူမြင်ကွင်းမှာ စာကျက်ရတယ်လို့၊ အင်းလေ ... အခန်းထဲ ကျက်ရင်လည်း သူ့အခန်းက လှမ်းကြည့်ရင်မြင်ရတာပဲ၊ မတတ်နိုင်ပါဘူးလေ။

ညနေစောင်းတော့ ပေရယ် ရေချိုးနေတုန်း သူမ တစ်ဖက်ခြံသို့ ကူးလာခဲ့လေ၏။ ကိုကိုက အန်တီနှင့်အတူ ခြံထဲမှာ ပန်းပင်တွေဝိုင်းပြုနေတာမို့ ကိုကိုတို့ရှိနေသည့်ခြံဘေးသို့ပင် လျှောက်လာခဲ့ပါသည်။

"အဆင်ပြေရဲ့လား နှင်း"



www.burmeseclassic.com

www.burmeseclassic.com



"မပြေချင်ပါဘူး"

"ဩော် ... ရေလိုက်ငါးလိုက်လေးတော့ နေတတ်ရမှာပေါ့ နှင်းရဲ့၊ ကိုယ်က သူတို့နဲ့ အမြဲနေရတော့မှာလေ"

"နှင်း စိတ်ညစ်တယ်"

"ဘာဖြစ်လို့လဲ"

"သူက ခုန ကိုကို ဝရန်တာမှာ စာကျက်တာကို မြင်သွားတယ်လေ၊ အဲဒါ နှင်းကို မိတ်ဆက်ပေးရမယ်ဆိုပြီး အတင်းပြောတာကိုး။ ကိုကို့ကို တော့ သူနဲ့ နှင်း သဘောမတူပါဘူး။ မမဒေါက်တာ ချောချောလေးနဲ့ ဆို ရင်တော့ ဟုတ်တုတ်တုတ်"

သူ ပြုံးလိုက်တော့ နှင်းက သူ့ လက်မောင်းကို ဖျတ်ခနဲရိုက်လိုက်လေ ၏။

"ဟောဗျာ! ကိုယ် ဘာလုပ်မိလို့လဲ"

"ကိုကို့မျက်နှာက မချိုမချဉ်ဖြစ်နေတာကိုး၊ အဲဒီ ဆေးဆိုးပန်းရိုက် အရုပ်မနဲ့ မရောမိပါစေနဲ့ နှင်း မကြိုက်ဘူး"

"ဩော်... နှင်းကလဲ နှင်းနဲ့ အဆင်ပြေရအောင်လို့ အလိုက်သင့်လေး တော့ ကိုယ် ဆက်ဆံရမှာပေါ့ နှင်းရဲ့"

"ဟင်! တော်ကြာ ကိုကိုက နှင်းထက် သူ့ကို ပိုချစ်သွားရင် ဘယ်လို လုပ်မလဲလို့"

"အူပုပ်စရာလား၊ ကိုယ်က ဒီကမ္ဘာပေါ်မှာ နှင်းကို အချစ်ဆုံးဆိုတာ မသိဘူးလား"

နှင်း စူပုပ်ပုပ်မျက်နှာဖြစ်သွားစဉ် ခြံဘေးပေါက်မှကူးလာသည့် ပေရယ်ကိုမြင်လိုက်ရလေသည်။ ဂါဝန်အနီရဲရဲလေး ဝတ်လာတာမို့ ညနေ





ဆည်းဆာအောက်မှာ ပို၍ တောက်ပနေလေ၏။

"ပေရယ်က နှင်းရဲ့မမပါ အန်တီ"

"ဟော! ဟုတ်သားပဲ၊ သမီးတို့ ဒီနေ့ ပြောင်းလာတာ အန်တီတို့ သတိ တောင်မထားမိဘူး။ သမီး ဘာကျောင်းတက်နေပြီလဲ"

"Eco First Year ပါ အန်တီ"

"ဟုတ်လား၊ အန်တီ့သားက MC တက်နေတာ ကျောင်းပြီးတော့မှာ သမီးရဲ့"

"ကိုကိုက တော်လိုက်တာနော်၊ ပေရယ့်အတွက် ကိုကိုတစ်ယောက် ရတာ ပျော်စရာကြီး"

ကိုကို့ကိုကြည့်ပြီး သူမ မျက်စောင်းခဲလိုက်လေ၏။ ပေရယ့်ကို ပြန်ပြုံး ပြနေမိသည်ကိုး။ နှင်းရယ် ကိုယ့်စိတ်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ နှင်းမှ မသိနိုင်ဘဲနဲ့လေ။ အဲဒီရက်နောက်ပိုင်းမှာတော့ ပေရယ်နှင့် ဒေါ် နရ ဏီက အန်ကယ်ရှိနေသေး၍လားမသိ နှင်းအပေါ်မှာ ကောင်းကောင်းမွန် မွန် ဆက်ဆံကြပါ၏။

သို့သော် ပွဲလမ်းသွားတာများလွန်းသည့် ပေရယ်တို့ သားအမိနှင့် နှင်း က မဝင်ဆံ့ပါလေ။ ပွဲမတိုးသည့်ကလေးမလေး၏ အထီးကျန်ဆန်မှုဖြင့် တစ်ယောက်တည်းကျန်ရစ်တတ်သည့်မိန်းကလေးကို သူ အသနားပိုနေမိ တာ အမှန်ပင်။ နောက် ကြာလာတာနှင့်အမျှ သူတို့ခြံထဲသို့ ပေရယ်ဟာ အဝင်စိပ်လာပြီး နှင်းက အလာကျဲသွားတာကို သူ သတိထားမိလာလေ၏။

နောက်ဆုံးတော့ မနေနိုင်သည့် သူကပင် နှင်း ကျောင်းပြန်ချိန်ကို သွားစောင့်၍ လမ်းအပြန်မှာ စကားပြောခွင့်စောင့်ရတော့သည်။ လူ ကြားထဲမှာ ထင်ထင်ရှားရှားရှိနေသည့် သူ၏ကလေးမလေးကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ဖြစ်ရသည်မှာ အမှန်ပါလေ။

"နှင်း ..."

"ဟင်! ကိုကို ဘယ်ကလာတာလဲ"

"အိမ်ကနေ လာခဲ့တာပဲ"

နှင်း မျက်နှာလေး တစ်မျိုးဖြစ်သွားတာကို သူ သိပါ၏။ ဆယ်တန်းကျောင်းသူလေးဖြစ်နေပြီမို့ နှင်းတောင် ရှက်တတ်နေပြီပဲ။

"ဘာဖြစ်လို့လဲ နှင်းရဲ့၊ ကိုယ် လာကြိုတာ မကြိုက်ဘူးလား"

"အဲဒီလိုလဲမဟုတ်ပါဘူး ကိုကိုရဲ့"

"လမ်းပဲလျှောက်ပြန်ကြမယ်နော်၊ ကိုယ် ကားကို အိမ်မှာပဲ တမင်ထားခဲ့တာ"

နှင်းက သူနှင့်အတူ ယှဉ်တွဲ၍ လျှောက်လာခဲ့လေ၏။ ခေါင်းထက်မှာ ပန်ထားသည့် ကံ့ကော်ပန်းက နွမ်းလုလုဖြစ်နေသော်လည်း မွှေးရနံ့ကတော့ သင်းပျံ့နေဆဲပင်။

"နှင်းကို မေးစရာရှိတယ်"

"မေးလေ"

"နှင်း ကိုယ့်ကိုရှောင်နေတာ ဘာကြောင့်လဲ"

"ရှင် ..."

"ဟုတ်တယ်၊ ကိုယ့်ကိုရှောင်နေတာ အသိသာကြီး"

"မဟုတ်ပါဘူး ကိုကိုရယ်"

"ဘာမဟုတ်ရမှာလဲ၊ ကိုယ် သတိထားနေမိတာ ကြာပြီ နှင်း ကိုယ်တို့ခြံထဲရောက်မလာတာလေ၊ ပြီးတော့ အခန်းလိုက်ကာကိုလည်း အမြဲချထားတော့ အရင်လို နှင်း ဘာတွေလုပ်နေသလဲဆိုတာ မသိရတော့ဘူး။





ပေရယ်ပဲ ရောက်ရောက်လာတာ ဘယ်နှစ်လရှိနေပြီလဲ၊ မေမေတောင် သံသယဝင်နေတဲ့အထိ"

"ဟင် ! ဘာသံသယလဲ ကိုကိုရဲ့"

"ကိုယ်နဲ့နှင်း ရန်ဖြစ်ပြီး စိတ်ကောက်နေလားလို့ပေါ့"

"ဟယ် ... ဟုတ်လား"

"ဘာမဟုတ်တာလဲ၊ နှင်းလုပ်နေပုံကိုက ဒီအတိုင်းထင်စရာဖြစ်နေတာလေ၊ မဟုတ်လို့လား"

နှင်းက လမ်းမကြီးတစ်လျှောက် ခပ်ငေးငေးလေးလှမ်းကြည့်ရင်း ငိုင်သွားရလေ၏။ စိတ်နှင့်လူက မကပ်သလိုဖြစ်သွားတာမို့ သူ စိုးရိမ်တကြီးဖြင့် နှင်းလက်မောင်းလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်မိသည်။

"နှင်း ဘာဖြစ်တာလဲ"

နှင်းက မျက်ရည်တို့ဝေ့ဝဲနေသည့်မျက်ဝန်းများဖြင့် သူ့ကိုမော့ကြည့်လိုက်ပါသည်။ ကြည့်စမ်း! အမြဲကြည်လင်တောက်ပလွန်းသည့် မျက်လုံးလေးတွေမှာ ဘာဖြစ်လို့ ပုလဲဥတို့ ခိုသီရတာတဲ့လဲ။

"နှင်း ..."

"နှင်း မပြောပါရစေနဲ့"

"ဘာဖြစ်လို့လဲ နှင်းရယ်၊ နှင်းရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ နှင်းပြောပြမှ ကိုယ် သိခွင့်ရမှာပေါ့၊ ကိုယ့်ကိုမှမပြောရင် နှင်း ဘယ်သူ့ကိုသွားပြောမှာလဲ"

"နှင်း ပြောတော့ပြောချင်ပါတယ် ကိုကိုရယ်၊ ဒါပေမယ့် မပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုဆို နှင်းဘဝမှာ နှင်းတစ်ယောက်တည်းပဲရှိတော့သလိုပဲ၊ ဖေဖေကလဲ နှင်းကို အရင်လို အချစ်မပိုတော့ဘူး၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



က နှင်းအတွက် အတော့်ကို အရေးကြီးနေပြီ၊ ပညာရေးအတွက်ရော ဘဝအတွက်ပါ နှင်းအတွက် အထွတ်အထိပ်ရောက်နေချိန်မှာ နှင်းရဲ့ စိတ်ခံစားချက်တွေက မြေပေါ် ပြုတ်ကျကုန်လုလုရှိနေရလို့ပါ"

"ဖြစ်ရလေ နှင်းရယ်၊ နှင်းဘေးမှာ ကိုယ်တို့မိသားစုတစ်ခုလုံး အပြည့်အစုံ တမ်းရှိနေပါလျက် ဒီလိုစိတ်ခံစားချက်ကျစရာလား၊ စာတွေမနိုင်လဲ ကိုယ်တစ်ယောက်လုံးရှိနေတာပဲ၊ နှင်းဘဝအတွက်ဆိုရင်လဲ ကိုယ်တို့မိသားစုနဲ့ ပွင့်ပွင့်လင်းလင်းတိုင်ပင်နိုင်ပါတယ်၊ ကိုယ့်ဘဝအနာဂတ်အတွက်တောင်မှ ဖေဖေနဲ့မေမေ လမ်းကြောင်းချပေးနိုင်သေးတာလေ၊ နှင်းကိုလဲ သမီးလေးတစ်ယောက်လို ဖေဖေတို့ ချစ်ရင်းစွဲရှိနေတာပဲဟာ စိတ်ခံစား မကျပါနဲ့"

ပြောတော့ဖြင့် အလွယ်လေးပေါ့ ကိုကိုရယ်။ နှင်းအဖြစ်ကို နှင်းကိုယ်တိုင်ပဲသိပါတယ်။ နဂိုက ဖေဖေ့တာဝန်တစ်ခုတည်းကိုပဲ နှင်း ယူခဲ့ရတာ၊ အခုဆို လူသုံးယောက်တာဝန်တွေ နှင်းမှာ ပိနေပြီ။ မနက်စောစောထပြီး စာကျက်ရတာက နာရီဝက်ကျော်ကျော်ရယ်၊ မမနဲ့ အန်တီတို့အတွက် ထမင်းချိုင့်မီအောင်ချက်ပြုတ်ရတာက အမော၊ အဝတ်တွေကို ညကတည်းကလျှော်၊ မနက်စောစောထုတ်လှန်း။ ညနေပြန်မှရုပ်၊ ပြီးတော့ မီးပူတိုက်၊ ထမင်းချက်တဲ့အလုပ်ကိုလုပ်ရပြန်ရော။

အားလပ်ချိန်တောင်မရှိဘဲ စက်ရုပ်တစ်ရုပ်လို ဖယ်ဆက်သလိုလုပ်နေရတာ စာကျက်ချိန်ကိုတောင် မနည်းလုနေရတာလေ။ ငွေကြေးတတ်နိုင်ပါလျက် အချိန်မပေးနိုင်လို့ ကျူရှင်မယူရတဲ့ဘဝပါ။ နှင်း ဒီနှစ်ဆယ်တန်း မအောင်လို့မဖြစ်ဘူး။ စာမေးပွဲအောင်မှ နှင်းဘဝရှေ့ရေးကို ရှေ့ဆက်လို့ရမှာလေ၊ ဒီတော့လည်း ညဏ်စွမ်းဉာဏ်စရှိသလောက် နှင်း ကြိုးစားနေရ





တာပါ။

"နှင်း ကိုယ်မေးတာ မဖြေသေးဘူးနော်"

"ကိုကိုကလဲနော် အတင်းဖွတ်ကို မေးနေတော့တာပဲ၊ မဖြေချင်ပါဘူးဆိုနေမှ ..."

"ကိုယ်က house ဆင်းပြီး ပိုစတင်ကျတဲ့ဆီသွားရတော့မှာနော်၊ နှင်း စုလိုစိမ်းကားနေလို့ ဘယ်ဖြစ်မလဲ"

ဟုတ်သားပဲ၊ ကိုကိုတောင် ကျောင်းပြီးတော့မှာလေ၊ ဒါဆိုရင် တာဝန်ကျရာဆေးရုံကို သွားတော့ နှင်းဘေးမှာ ဘယ်သူမှမရှိနိုင်တော့ပါလားနော်။

"နှင်း ..."

"နှင်းကိုလေ အန်တီရော မမကပါ ကိုကို့ဆီမသွားခိုင်းတော့ဘူး"

"ဘယ်လို !"

"ဟုတ်တယ်၊ မိန်းကလေးဖြစ်ပြီး မရှက်ဘူးလားတဲ့"

"ဟာ! မဆိုင်လိုက်တာ၊ ကိုယ်နဲ့နှင်းက ပုံပိစိလေးကတည်းက ချစ်ခင်လာခဲ့ကြတာကို ဒီလိုပြောစရာလား"

"အဲဒါ ကလေးတုန်းကတဲ့၊ အခု နှင်း အရွယ်ရောက်လာပြီမို့ ဆင်ခြင်ရမယ်လို့ ပြောတယ်၊ ဖေဖေကလဲ အန်တီပြောတာကို ထောက်ခံတာကိုး"

သူ မဲ့ပြုံးပြုံးလိုက်မိပါ၏။ ပေရယ်ကိုကျ ဒီလို ဘာဖြစ်လို့ မပြောတာလဲ၊ အရွယ်ရောက်ပြီးသားလူက ဆတ်ကော့လာတ်ကော့နဲ့ ထိန်းမနိုင်ဖြစ်နေတာကို သိသိကြီးနဲ့ လွှတ်ထားပြီးတော့ နှင်းကိုမှ ချုပ်ချယ်ရသတဲ့လား။

"မဆိုင်ပါဘူး၊ ကိုယ်နဲ့နှင်းတို့သံယောဇဉ်က (၁၃)နှစ်ကျော်နေပါပြီ၊ ဒီလိုသွေးထိုးစကားတွေကို နားယောင်ပြီး နှင်းဘက်က ရပ်သွားဆိုရင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောပါပဲ၊ ကိုယ် တကယ်စိတ်မကောင်းဖြစ်ရပါတယ် နှင်း။ နှင်းအပေါ်
မှာ ကိုယ့်ဘက်က တွယ်တာစိတ်ထားပါရက်နဲ့ နှင်းဘက်က ကင်းကင်းမေ
ချင်မှတော့ ကိုယ် လိုက်လျောပေးရတော့မှာပေါ့၊ နှင်းစိတ်တိုင်းကျ ဖြစ်စေ
ရပါမယ်၊ ကိုယ့်မှာ အချိန်မရှိရတဲ့ကြားထဲ နှင်းကိုမတွေ့ရတာ ကြာပြီမို့
တွေ့ချင်စောနဲ့ အပြေးလာခဲ့ရတာ အမောဆို့တာပဲ အဖတ်တင်တယ်၊
နောက်ကို နှင်း မတွေ့ချင်တဲ့မျက်နှာကို မမြင်စေရတော့ပါဘူး။ ကိုယ်
သွားမယ်"

"ကိုကို..."

ဖျတ်ခနဲကျောပေးလျှောက်သွားသည့်သူ့ကို ကြည့်ရင်း သူမမျက်ဝန်း
မှ မျက်ရည်တွေ တပေါက်ပေါက်ကြွေကျလာလေ၏။ ကိုကိုရယ် နှင်း
ဘက်ကို မငဲ့ညှာပေးတော့ဘူးလားဟင်! နှင်းမှာ ရင်ဖွင့်ဖော်ရယ်ဆိုလို့
ကိုကိုတစ်ယောက်တည်းပဲရှိတာပါ၊ ခုတော့ ကိုကိုက နှင်းအပေါ်မှာ
အထင်လွဲပြီး ထားရစ်ခဲ့ပါရောလား။ နှင်းစိတ်ထဲမှာ ယူကျုံးမရခံစားရပါ
တယ် ကိုကို ...။

ပထမ ... ဖေဖေ့ချစ်ခြင်းတွေကို ဆုံးရှုံးခဲ့ရတယ်၊ ဒုတိယ ... ကိုကို့ရဲ့
ခင်မင်မှုတွေကို ဖြတ်တောက်ခံလိုက်ရတယ်၊ တတိယ ... ကိုကို့ဆီက
သံယောဇဉ်တွေကို မရရှိတော့တဲ့ ဥပေက္ခာပြုခံလိုက်ရပြီလေ၊ ကိုကိုရေ...
နှင်းရဲ့နှလုံးသားလေးက အရမ်းကိုနုနယ်လွန်းပါသေးတယ်၊ ဒီတော့ ထိ
ခိုက်ခံစားလွယ်တာ မဆန်းပါဘူး၊ ဒါကို ကိုကို မသိဘူးတဲ့လား၊ နားလည်
မပေးနိုင်ဘူးတဲ့လား ကိုကိုရယ် ...။





သံယောဇဉ်
နှောင်တွယ်ခြင်းအစ
အဲဒါ ကဗျာတစ်ပုဒ်ဆိုရင်
ကိုယ်ကတော့
လင်္ကာတွေသီတဲ့ လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ် ...

မြတ်နိုးခြင်း
ငြိတွယ်ခြင်းအစ
အဲဒါ သီချင်းတစ်ပုဒ်ဆိုရင်
ကိုယ်ကတော့
သံစဉ်တွေသီတဲ့ လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ် ...

ကောင်မလေးရေ ...
ဝေးနေတဲ့ကာလတွေမှာ
မြင်သာမြင် မကြင်ရ
ခပ်ခွာခွာရှောင်ဖယ်ခြင်းနဲ့
တိတ်တဆိတ်စောင့်ကြည့်
ရင်ခုန်ငြိတွယ်ခြင်းတွေကို
မင်း မြင်ကြည့်စေချင်ပါရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

**Result** ကြည့်ပြီးပြန်လာရာမှာ အိမ်ထဲမှာ လူတွေအများကြီးရောက်နေတာမို့ သူမ အံ့သြသွားရလေ၏။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ကိုကိုတို့ မိသားစုနှင့်အတူ ထိုင်နေသည့် အန်တီနရဏီမျက်နှာက ငိုထားသလိုဖြစ်နေတာမို့ ရောင်နေသလိုပင်။ ဘုရားရေ ... ဖေဖေတော့ ... ဖေဖေတော့ တစ်ခုခုဖြစ်ပြီထင်ပါရဲ့၊ သူမ ညှို့ခန်းဝမှာ တောင့်တောင့်လေးရပ်နေမိ၏။

"ဟော! သမီးလေး ပြန်လာပြီ"

ကိုကို့ဖေဖေ ပြောလိုက်တာမို့ လူတိုင်း၏အကြည့်တို့က သူမထံသို့ ပြုံကျလာလေ၏။ ကရုဏာသက်သော, သနားစဖွယ်ရှိသော မျက်ဝန်းတွေကို သူမ အငေးသားပြန်ကြည့်မိလေသည်။

"သမီး ... နှင်း ... နှင်းဖေဖေ ကားAccident ဖြစ်ပြီး ဆုံးပြီတဲ့၊ ခရီးကအပြန် လမ်းမှာ ချောက်ထဲကျပြီး ..."





"ဟင် !"

သူမ မျက်လုံးလေးဝိုင်းလျက် ခန္ဓာကိုယ်က တောင့်တောင့်ကြီးဖြစ်သွားရလေ၏။ ဖေဖေ ဆုံးပြီဆိုပါလား၊ မဖြစ်နိုင်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး။ နှင်းမှာ ဒီဖေဖေတစ်ယောက်တည်းပဲရှိတာပါ၊ ဖေဖေ့ကိုပဲ နှင်း အားကိုးပြီး နေနေရတာပါ၊ ဖေဖေ နှင်းအပေါ် အချစ်တွေလျော့သွားတာမှန်ပေမယ့် ဖေဖေ့ကိုချစ်တဲ့ နှင်းရဲ့အချစ်တွေက ဘယ်တော့မှ မလျော့သွားပါဘူး၊ မဟုတ်ပါစေနဲ့၊ နှင်းဖေဖေ သေတယ်ဆိုတာ လုံးဝမဖြစ်ပါစေနဲ့နော် ...

"နှင်း သတိထားလေ"

"ဟဲ့! လုပ်ကြပါဦး၊ ကလေး သတိလစ်နေပြီ"

အော်ဟစ်သံအဆုံးမှာ သူမကို တစ်ယောက်ယောက် ကောက်ချီလိုက်တာကိုသာ နောက်ဆုံး သိလိုက်သည်။ အားကိုးရာမြင့်မိုရ်တောင်ကြီး ပြိုသွားတော့မှ နှင်းဘဝ ကူကယ်ရာမဲ့ပြီပဲ၊ ဘာမှ သွေးမတော်သားမစပ်တဲ့ သားအမိနှစ်ယောက်ကြားမှာ ရှေ့ဆက် ဘယ်လိုစခန်းသွားရမှာတဲ့လဲ၊ စာမေးပွဲအောင်တာကို ဝမ်းသာဂုဏ်ယူရမယ့်နေ့မှာမှ နှင်းအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးကြီးက ပြုံကျလာတာကတော့ လောကကြီး အတော့်ကိုရက်စက်လွန်းရာကျလွန်းပါတယ်လေ။

"မသေခင် ကျွန်တော်နဲ့ စာချုပ်တစ်ခု လုပ်သွားပါတယ် ဒေါ်နရဏီ၊ ဒီတော့ သွားလေသူရဲ့ဆန္ဒအတိုင်းပဲ အပြည့်အဝဖြစ်စေရပါမယ်၊ ဦးကြည်သာဖြူရဲ့ ကုမ္ပဏီရှယ်ယာစုကို သမီး နှင်းနဲ့ ဒေါ်နရဏီတို့ တစ်ဝက်စီ ခံစားခွင့်ရှိပါတယ်၊ ဘဏ်မှာသွင်းထားတဲ့ငွေတွေကိုက စာအုပ်တစ်အုပ်စီ သီးသန့်လုပ်ပေးထားတာမို့ ခွဲဖို့မလိုတော့ပါဘူး၊ ဒီတိုက်ပုလေးနဲ့အတွင်းပစ္စည်းရတနာတွေကိုတော့ ဒေါ်မြနှင်းလက်ထက်ပွားဖြစ်တာမို့ သမီး



www.burmeseclassic.com

www.burmeseclassic.com



နှင်းကိုသာ တရားဝင်လွှဲထားပေးပါတယ်၊ လောလောဆယ် ရှယ်ယာစု ထဲက အမြတ်ငွေတွေ လစဉ်ထုတ်ယူတာကလွဲပြီး ဘာကိုမှ ထုတ်ဝေလို့ မရသေးပါဘူး၊ ဘဏ်ထဲကငွေတွေရော ဒီတိုက်ကိစ္စကိုပါ နှင်း အသက် (၂၀)ပြည့်မှ ကျွန်တော် ထုတ်ခွင့်ပေးလို့ရမှာပါ၊ ဒါပါပဲ"

မျက်စိမှိတ်ထားလျက်မှ ကြားနေရသည့်အသံတွေကြောင့် သူမ သတိ ဝင်လာရပါ၏။ ဒါ ရှေ့နေကြီး ဘဘဦးဘရှိန်ရဲ့ အသံပဲ၊ ဟုတ်တယ်၊ ဖေဖေ့ ဝမ်းကွဲအစ်ကိုကြီး ရှိနေတာကို သူမ ဘာကြောင့်မေ့နေတာပါလိမ့်၊ နှင်း အတွက် အမွေတွေထားခဲ့တာတဲ့လား ဖေဖေရယ်၊ နှင်း လိုချင်တာ ဒီလို သက်မဲ့အရာတွေ တစ်ခုမှမဟုတ်ရပါဘူး၊ နှင်းလိုချင်တာ ဖေဖေ့ရဲ့မေတ္တာ ကိုပါ။

"အစ်ကိုက ဘာတွေလုပ်သွားသလဲ မသိတော့ပါဘူး၊ ဏီမှာက အစ ကတည်းက ရွှေဆိုင်တစ်ဆိုင်လုံး ပိုင်ထားတာပဲ၊ ဒီအမွေတွေလောက်က တော့ ..."

"ဒါကတော့ ဒေါ်နရဏီရဲ့ အတွေးလေ၊ ညီလေးထားခဲ့တဲ့ငွေသားတွေ က အနည်းဆုံး မရှိဘူးဆိုရင်တောင် အနည်းဆုံး ဂဏန်း(၇)လုံးထက် မနည်းပါဘူး၊ နဂိုကတည်းက ခြိုးခြံချွေတာပြီး စုဆောင်းတတ်ခဲ့လို့ ဒီလို စုနိုင်တာလေ"

ဒေါ်နရဏီ ပါးစပ်အဟောင်းသားဖြစ်သွားရလေ၏။ ကြည့်စမ်း! ဒ ဒီလောက်ထိချမ်းသာတာပါလား။ မိမိက ဒီတိုက်နဲ့ခြံကို မက်မောပြီး ခေါ် ညိတ်ခဲ့မိတာ၊ ရွှေဆိုင်က ရှယ်ယာသာထည့်ထားတာမို့ မဖြစ်ညစ်ကျယ် လေးသာရပါ၏။ သားအမိနှစ်ဦးနေသည့်တိုက်ခန်းကလည်း နှစ်ချုပ်နှ ငှားနေခဲ့ရတာလေ။





"ဏီ့သဘောကတော့ သမီးနှစ်ယောက်နဲ့ စုစုစည်းစည်းလေး ဥမကွဲ သိုက်မပျက် ဆက်နေချင်တာပါပဲ၊ ဏီရော ဓပရယ့်ပါ နှင်းကို စတွေ့တွေ့ ချင်း သွေးသားအရင်းလိုပဲ သဘောထားခဲ့တာပါ၊ ဒီနေ့အထိ နှင်းအပေါ်မှာ လင်ပါသမီးဆိုပြီး ခွဲခွဲခြားခြားဆက်ဆံတာမျိုး မရှိခဲ့ပါဘူး၊ ဏီ မွေးတဲ့သမီး လိုပဲ စေတနာမေတ္တာ အပြည့်နဲ့ ပြုစုစောင့်ရှောက် ဆိုဆုံးမခဲ့တာ အားလုံး အသိပါ"

"ကျွန်တော့်လဲ ကြားပါတယ် ဒေါ်နရဏီ၊ လောလောဆယ်လဲ သမီးကို အသက်(၂၀)မပြည့်မချင်း ဒေါ်နရဏီပဲ ဆက်ပြီး စောင့်ရှောက်ရမှာပါ၊ နှင်း အသက်ပြည့်တော့မှ အမွေကိစ္စ ဆက်လုပ်ကြတာပေါ့၊ အခုတော့ ပိုနေမြဲကျားနေမြဲ အခြေအနေမပျက်သေးပါဘူးလေ"

ဘဘ နှုတ်ဆက်ပြန်သွားသံကို ကြားလိုက်ရပါ၏။ ခုတင်ဘေးမှာ တစ် ယောက်ယောက်ရှိနေသလို ခံစားနေရသည်။ ဘယ်သူများဖြစ်နိုင်မလဲ။ အတွေးမဆုံးခင်မှာ အေးစက်စက်လက်ဖျားလေးကို ဆုပ်ကိုင်ခြင်းခံလိုက် ရတာကို သိလိုက်ရပါ၏။

"နှင်းရယ် ..."

ဘုရားရေ ... ကိုကို ရှိနေတာပါလား။ နှင်းကို စိတ်ချပြီး ခပ်ရှောင်ရှောင် နေခဲ့တဲ့ကိုကို ခုတော့ နှင်းဘေးမှာ တကယ်ရှိနေတာပေါ့လေ။

"ကိုကို့ကို ခွင့်လွှတ်ပေးပါကွယ်"

တီးတိုးပြောသံကို ကြားရလေ၏။ တောင်းပန်တာတဲ့လား။ ဟင့်အင်း ... နှင်းကမှ ကိုကို့ကိုတောင်းပန်ရမှာပါလေ၊ ကိုကို့ဘက်က လွန်ခဲ့တာတွေ ရှိမှမရှိခဲ့ဘဲ။ လက်ဖမိုးကို နမ်းရှိုက်ခြင်းခံလိုက်ရစဉ် သူမ မျက်ဝန်းတို့ ဖျတ်ခနဲဖွင့်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော! နှင်း သတိရလာပြီ၊ စိုးရိမ်လိုက်ရတာ နှင်းရယ်၊ ကြည့်ပါဦး နှင်း သတိလစ်သွားတာ ညနေတောင်စောင်းနေပြီ"

"ကိုကို ဖေဖေ ... ဖေဖေ..."

"မငိုပါနဲ့ နှင်းရယ်၊ အန်ကယ် မရှိတော့ပေမယ့် နှင်းဘေးမှာ ကိုယ် ရှိနေပါတယ်၊ နှင်းကို ကိုယ်တို့ ဆက်ပြီးစောင့်ရှောက်မှာပေါ့၊ အားငယ်စရာ တွေ မတွေးရဘူးလေ ... နော် ..."

"နှင်း ... နှင်း ... ဘာဆက်လုပ်ရမလဲ ကိုကိုရယ်"

"ဩော် ... နှင်းရယ် ...၊ နှင်းဘဝရှေ့ရေးအတွက် ကိုယ့်ခေါင်းထဲမှာ **Plan** တွေ အစီစဉ်တကျစီပြီးသားပါကွ၊ နှင်းပဲ **Nurse** သင်တန်း တက်မှာဆို၊ ကိုယ် စုံစမ်းထားပြီးသားပါ၊ ဒီ **December** မှာ စဖွင့်မှာ လေ၊ နှင်းနာမည်နဲ့ သင်တန်းကြေးရော အဆောင်ကြေးပါ သွင်းပြီးရင် စတက်ရုံပဲ၊ အဆင်ပြေပါတယ်"

"အဆောင်မှာနေရမှာလား"

"ဒါပေါ့၊ စနစ်တကျနဲ့ **Camp** သဘောမျိုးသွင်းရတာ၊ အပျင်းထူလို့ မရဘူး ချာတိတ်မလေးရဲ့"

"နားရက်မရှိဘူးလားဟင်၊ နှင်း အပြင်တွေဘာတွေလဲ လည်ချင်တာ ပေါ့"

"ရှိပါတယ် နှင်းရဲ့၊ တစ်ပတ်ခြားတစ်ခါ **Sunday** ပဲ ပိတ်ပေးမှာ"

"ကိုကိုရော နှင်း ဆီ လာလည်မှာလား"

သူ နှာခေါင်းရှုံ့ပြလိုက်တော့ နှင်း မျက်နှာမှာ ပြုံးယောင်ယောင်လေး ဖြစ်သွားပါ၏။ ဒီအပြုံးလေးတွေကို မြင်ခွင့်မရတာ ဘယ်လောက်များ ကြာနေပြီလဲ။





"ကိုယ့်ဟာကိုယ်သွားထားပြီး ခြေချုပ်မိသွားရပြီ နှင်းရဲ့၊ နှင်းတို့က မိန်းကလေးဆောင်ဆိုတော့ ဘယ်ယောကျ်ားလေးမှ အဆောင်ကို လာ လည်ခွင့်မရှိဘူး၊ သေရော !"

"ကိုကို နှင်းရဲ့ကိုကိုပဲ၊ ညီမလေးဆီ လာလည်တာလို့ ပြောလိုက်ပေါ့"

"မရဘူး ကလေးမရဲ့၊ သန်တန်းမှူးက ကိုယ်တို့ရဲ့ **Senior** စွာတာ ဖြစ်နေတာ၊ ကိုယ့်မှာ ညီမလေးမရှိမှန်း သူက ကြိုသိပြီးသား၊ လိမ်ပြောလို့ မရဘူး"

"ကောင်းတယ်"

"ဘာကောင်းတာလဲ"

သူက နှင်းနဖူးလေးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထုလိုက်တော့ နှင်း မျက်နှာမှာ အပြုံးနနတင်လေ၏။ လှလိုက်တာ ကလေးရယ် ...၊ စိတ် မကောင်းဖြစ်ပြီး နွမ်းလျှလျှ ကပိုကရိုလေးဖြစ်နေတာတောင် ဒီလှပချော မောတဲ့ အလှလေးတွေက လျှော့ပါးမသွားပါလား။

"ကိုကို လာလို့မရရင် နှင်း လာခဲ့မှာပေါ့"

"တကယ်လား ..."

"အင်းလေ၊ ဦးဦးနဲ့အန်တီ့ကို မတွေ့ဖြစ်တာလဲ ကြာလှပြီ"

"ဩော! ကိုယ့်ဆီလာချင်တာမဟုတ်ဘူးပေါ့လေ"

"မလာချင်ပါဘူး။ ကိုကိုက နှင်းကို တကယ်ပဲထားပစ်ခဲ့ပြီးတော့ များ...၊ နောက်ဆို ဆရာဝန်မချောချောလေးတွေ သူနာပြုလှလှလေးတွေ နဲ့တွေ့ရင်း နှင်းကို ပိုတောင်မှမေ့သွားဦးမှာ သေချာတယ်၊ အခုတောင် နှင်းဖေဖေဆုံးတဲ့ကိစ္စကြောင့် မကောင်းတတ်လို့ ရောက်နေတာမဟုတ်ဘူး လား၊ နှင်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသိတာလဲ၊ နှင်းနော် စကားတွေတတ်တိုင်း ကိုယ့်ကို အနိုင်မယ
ချင်ပါနဲ့။ နှင်းနဲ့ ခပ်ခွာခွာနေနေရပေမယ့် ကိုယ် ဘယ်လိုခံစားနေရတယ်
ဆိုတာမ နှင်းကို သိစေချင်ပါတယ်"

"ဟော! အန်တီ ဝင်လာပြီ၊ ခြေသံကြားတယ်"

သူမ ဖြတ်ပြောလိုက်တာမို့ သူ နှုတ်ဆိတ်လိုက်ရပါ၏။ တကယ်ပဲ
မေမေ ဝင်လာတာကို။

"သတိရပြီလား သမီး"

"ဟုတ်ကဲ့ အန်တီ"

"ဘာမှအားမငယ်နဲ့နော် သမီးလေး၊ သမီးရဲ့ဘေးမှာ အန်တီတို့မိသာ
စု အမြဲရှိနေတာပါ၊ ဘာကိစ္စပဲဖြစ်ဖြစ် အန်တီတို့နဲ့ ပွင့်ပွင့်လင်းလင်းတိုင်ပင်
ရမယ်နော်၊ သမီးဘဘကလဲ အန်တီတို့ကို ပြောသွားတယ် သမီးရဲ့ နရဏ
က ဒီတိုက်ခန်းခြံကို လိုချင်မျက်စိရှိပုံရတယ်၊ တော်ကြာ သမီးကို စည်းရုံးရေ
ဆင်းပြီး အပိုင်သိမ်းသွားမှာ စိုးရိမ်နေပုံပဲ၊ ငွေတွေဘာတွေနဲ့ အမ်းတယ်တ
ဘာတို့ ပြောလာခဲ့ရင် အန်တီတို့နဲ့ တိုင်ပင်နော်၊ မြနဲ့က ဟိုးအရင် သမ
မမွေးခင်ကတည်းက ချစ်ခဲ့တဲ့သူငယ်ချင်းမို့ မြပိုင်တဲ့တိုက်ကို သမီးပဲ ပိုင
စေချင်တယ်"

"နှင်း နားလည်ပါတယ် အန်တီ"

"သမီးက အသက်အရမ်းငယ်လွန်းသေးတော့ စိုးရိမ်မိတာ အမှန်ပဲ
ဘာပဲဖြစ်ဖြစ် ဒီ(၃)နှစ်လောက်ကတော့ သင်တန်းသွားတက်မှာမို့ ဘာ
မဖြစ်လောက်ပါဘူးလေ၊ သမီး သင်တန်းဆင်းလာရင်သာ သတိထားနော်
နရဏတို့သားအမိက ခပ်လည်လည်ရယ်၊ သမီးက မြလို ခပ်အေးအေ
လေ ..."





"နှင်း ကတိပေးပါတယ် အန်တီ၊ အစစအရာရာ အန်တီတို့နဲ့ နှင်း
တိုင်ပင်မှာပါ"

"ပထမတော့ နှင်းကို အန်တီတို့ မွေးစားဖို့စီစဉ်မလို့ဘဲ၊ ဒါပေမယ့်
နှင်း ပိုင်ဆိုင်မယ့်အမွေတွေက ဒီအစီအစဉ်ကို ဖျက်ပစ်စေတယ်လေ၊
သမီးရယ် ... သမီးရမယ့်အမွေတွေကြောင့် သမီးအတွက် အန္တရာယ်
တစ်ခုခုဖြစ်မှာကိုပဲ အန်တီ စိုးရိမ်မိတာ အမှန်ပါ"

"မေမေကလဲ နိမိတ်မရှိတာတွေ ..."

သူ ဝင်ဟန့်လိုက်တာမို့ မေမေက ဆက်မပြောတော့ဘဲ စကားကို
ရပ်တန့်လိုက်ပါ၏။ တကယ်တမ်းမှာ မေမေ ထင်ခဲ့သလို ဖြစ်ပျက်ခဲ့တာ
တော့ သူတို့မိသားစုရော နှင်းပါ သိခဲ့ရတာမဟုတ်လား ...။



www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

"မဖြစ်နိုင်ပါဘူး အန်တီ၊ နှင်းမေမေနဲ့ဖေဖေခေါင်းချခဲ့တဲ့ ဒီအိမ်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် မပေးနိုင်ပါဘူး"

"စဉ်းစားပါဦး သမီးရယ်၊ အချိန်တန်ရင် သမီးလဲ အိမ်ထောင်တွေ ဘာ တွေပြုပြီး သျှောင်နောက်ဆံထုံးပါ လိုက်သွားရမှာလေ၊ ဒီတော့ မြို့နဲ့တိုက် ကို ဒီတိုင်းသော့ပိတ်ထားခဲ့ရမယ့်အတူတူ အန်တီတို့ ငွေအမ်းတာကို လက်ခံပေးဖို့ ပြောနေရတာပါ"

အန်တီ့လေသံက အနည်းငယ်မာလာသည်ကို သိလိုက်ပါ၏။ ပြောခါ စက... ဘာ့ လေပြည်လေးနှင့်ပြောနေပါလျက် ကြာလာတော့လည်း ဒေါသ က ကပ်ပါလာပါရောလား။ သင်တန်းဆင်းပြီး ပြန်လာတာ ဘာမှဖြင့် မကြာသေး နောက်(၆)လမှ ရင်ဆိုင်ရမည့်ကိစ္စကို ကြို ပြောနေပါရောလား။

"နှင်း အရမ်းငယ်ပါသေးတယ် အန်တီ၊ အိမ်ထောင်ပြုဖို့လဲ မစဉ်းစား သေးပါဘူး"





"အန်တီက ကြိုတင်စီစဉ်ထားစေချင်တာပါ နှင်းရဲ့၊ တကယ်လို့ နှင်း အိမ်ထောင်ပြုတာ အန်တီ့ဆွေမျိုးထဲကပဲဆိုရင်တော့ တစ်မျိုးပေါ့လေ၊ အန်တီတို့သားအမိလဲ ဒီအိမ်ကနေခွဲထွက်ဖို့ မလိုတော့ဘူးမဟုတ်လား"

ဘုရား ... ဘုရား ... ကြောက်စရာကောင်းလိုက်တဲ့ အစီအစဉ်ပါလား နော်၊ နှင်းဘက်က ငွေအမ်းတာကိုမှ လက်မခံရင် လူကိုပါ အပိုင်သိမ်း တော့မယ်ဆိုတဲ့သဘောပေါ့လေ။ အကြံက ပက်စက်မယ့်အရိပ်အယောင် တွေ ထွက်နေပါရောလား။ ဘာဘာကလည်း သားကြီးရှိနေတဲ့ စင်ကာပူကို ခရီးထွက်သွားတာမို့ သူမ အကြံအိုက်ရချေပြီ။ ဘယ်လိုများလုပ်ရပါ့...။

"အန်တီက နှင်းဖေဖေကို တကယ်ချစ်ပြီး လက်ထပ်ခဲ့တာပါ၊ ဒီအိမ် လေးထဲမှာ နေခဲ့တာလဲ ငါးနှစ်ကျော်ခဲ့ပြီဆိုတော့ အတော်လေး သံယော ဇဉ်ဖြစ်နေပြီ၊ နှင်း မနေဖြစ်ဘဲ တခြားသူစိမ်းတွေကို ပြန်ရောင်းမယ့်အတူ တူ အန်တီတို့က ပြန်ဝယ်ချင်တာပါ"

"နှင်း ဘယ်သူ့ကိုမှမရောင်းပါဘူး အန်တီ၊ နောက်ဆုံးပြောလိုက်ပါ့ မယ်၊ နှင်း သေရင်တောင် ဒီအိမ်မှာပဲ နောက်ဆုံးအထိနေသွားဖို့ ဆုံးဖြတ် ထားတာပါ၊ မေမေ တွယ်တာခဲ့တဲ့ ဒီတိုက်လေးကို ဘယ်သူစိမ်းလက်ထဲ ကိုမှ နှင်း ထည့်မပေးပါဘူး"

"သမီး ဒါတွေ နားမလည်သေးပါဘူးလေ၊ နှင်း တစ်နေ့ အိမ်ထောင် ပြုခဲ့ရင် နှင်း လက်ထပ်တဲ့ယောကျာ်းက ဒီအိမ်ကို မျက်စောင်းထိုးမှာ သေချာတယ်၊ အန်တီက အဲဒါကိုစိုးရိမ်တာပါ"

ဒေါ်နရဏီ ပြောပြီးသည်နှင့် အခန်းထဲမှထွက်သွားလေ၏။ သူမပါးပြင် ထက်သို့ မျက်ရည်တွေတပေါက်ပေါက်ကျလာလေသည်။ မမနှင့် မကြာ မကြာပါလာသည့် မောင်ဝမ်းကွဲဖြစ်သော 'စူးရှ'ဟူသည့် ကောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ ကြောက်ပါ၏။ သူမ ကြည့်တတ်သည့် မျက်လုံးတွေကို မနှ သက်ပါချေ။

ကိုကိုနှင့်မဆုံရတာ ကြာချေပြီပဲ။ ပြောတော့ဖြင့် နှင်းအနားမှာ အမြ ရှိနေပါ့မယ်ဆိုပြီး အခုတော့ အရိပ်လေးသော်မျှ မမြင်ရပါလား။ မဖြစ်သေး ပါဘူး။ ဒီကိစ္စတွေကို ဦးဦးနဲ့အန်တီ့ကိုပါတိုင်ပင်မှဖြစ်မှာလေ၊ ညနည်းနည်း မှောင်မှ တစ်ဖက်ခြံသို့ သူမ ကူးလာခဲ့၏။ အိမ်တံခါးကို အန်တီကိုယ်တိုင် လာဖွင့်ပေးတာမို့ သူ အားရှိသွားရပါသည်။

"သမီးလေး ညမှောင်မှရောက်လာရတယ်လို့ လာလာ ... သမီးကိုကို လဲ ခုလေးတင်ပဲ ပြန်ရောက်တယ်၊ ထမင်းစားမလို့ စီစဉ်တုန်း ရောက်လာ တာနဲ့ အတော်ပဲ"

"နှင်း အန်တီတို့နဲ့ တိုင်ပင်စရာရှိလို့ပါ"

"ထမင်းစားရင်းနဲ့ ပြောလေ သမီးရယ်၊ လာ ..."

အန်တီ ဆွဲခေါ်သဖြင့် ထမင်းစားခန်းထဲသို့ သူမ လိုက်ခဲ့ရလေ၏။ ထမင်းစားခုံမှာ ဦးဦးသာရှိနေပြီး ကိုကို့ကို မတွေ့ရပါချေ။

"ထိုင်ပါ သမီး၊ ဘာပြောချင်လို့လဲ"

"ဟိုလေ ... အန်တီနရဏီက မေမေ့တိုက်ကို ငွေအမ်းပေးမယ်လို့ ပြောနေလို့ အဲဒါ ..."

"အို ... ဘယ်ဖြစ်မှာလဲ၊ အတော်လည်တဲ့ မိန်းမပါလား၊ ကိုကြည်သာ့ ပိုက်ဆံနဲ့ ပြန်ဝယ်ရဲရတယ်လို့ ..."

"အေးလေ ... ဒါ ငါးကြင်းဆီနဲ့ ငါးကြင်း ပြန်ကြော်တာမျိုးပေါ့၊ သမီး က ဘာပြောလိုက်လဲ"

"နှင်း ခေါင်းခါလိုက်ပါတယ် ဦးဦး"





"ကောင်းတယ်"

ထောက်ခံကြတာမှန်ပေမယ့် လက်ရှိအကျဉ်းအကျပ်ဖြစ်နေရတဲ့ကိစ္စ ကိုရော ဖွင့်ပြောလို့ဖြစ်ပါ့မလား၊ အရွယ်ရောက်လာပြီမို့ ဤသို့ဖွင့်ပြောရ မှာကို နှင်း ရှက်လှပါသည်။ အထူးသဖြင့် နှင်းထက် အသက်ကြီးသည့် ကိုကို့ရှေ့မှာ ပိုပြီးမပြောရဲပါချေ။

"သမီး ... နှင်း ..."

"ရှင် အန်တီ"

"ဘာဖြစ်နေလဲ၊ သမီးကိုကြည့်ရတာ တစ်ခုခုကို မျိုသိပ်ထားရသလိုပဲ ဟုတ်လား"

"ဟို ... ဟို ..."

"ရဲရဲပြောပါ သမီးရဲ့၊ ဦးဦးရော အန်တီပါ ရှိနေတာပဲ၊ မကြောက်နဲ့ ပြော ..."

"အခုတစ်လော ဟို ... မမဖေရယ်နဲ့ အတူတူပါပါလာတဲ့လူလေ၊ စူးရှ ဆိုလား အဲဒါ ..."

"သူက သမီးကို ဘာတွေပြောပြီး ဘာတွေလုပ်နေလို့လဲ"

"မဟုတ်ပါဘူး"

အန်တီက စိုးရိမ်ကြီးသွားသည်ထင့် စားလက်စထမင်းကိုရပ်ကာ သူမ ကို ဂရုစိုက်ကြည့်နေလေသည်။ ရှက်တာရော ကြောက်တာပါ ရောပြီး မျက်နှာထက်မှာ အကောင်လေးတွေ ရွစိရွစိသွားနေသလို ခံစားလာရ သဖြင့် သူမမျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်ပွတ်သုတ်လိုက်မိ၏။ မဖြစ်ဘူး၊ ပြောမှတော့ ပွင့်ပွင့်လင်းလင်းပြောရတော့မှာပါပဲလေ။ ဒါမှ ဦးဦးတို့ ဝိုင်း ဝန်းဖြေရှင်းလို့ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကလေ အဲဒီစူးရှနဲ့ နှင်းကို သဘောတူနေပုံပဲ။ ဒီလူ အိမ်ကို မကြာခဏ ဝင်ထွက်နေတာကို မတားဘူးလေ"

"ကြည့်စမ်း! နောက်တစ်မျိုး စီစဉ်ပြန်ပါရောလား။ အတော်ညာတ်ပြေးတဲ့မိန်းမပဲ၊ သပိတ်ဝင်အိတ်ဝင်ကို ကြံစည်တော့တာပဲကိုး"

"ဒုက္ခပါပဲ မောင်ရယ်၊ တင်တင်တို့စီစဉ်ချင်တာကို သူက မြန်မြန်စားကြီး ကြံပါရောလား"

"တင်တင်ကလဲ ကလေးရှေ့မှာ ..."

"အင်းလေ ... မောင် ပြောထားလို့ တင်တင်လဲ မပြောသာဘဲ မြိုထားတာ ကြာလှပြီ၊ ခုမှ တကယ်ပဲ အသက်ရှူပေါက်ပိတ်တယ်ဆိုတာ ဒါမျိုးပေါ့"

သူမ ဘာမှနားမလည်ဘဲ ဦးဦးနှင့် အန်တီ့ကိုသာ ငေးကြည့်နေမိ၏။ ဘာတွေများ စီစဉ်ထားလို့ပါလိမ့်နော်၊

"အန်တီတို့က နှင်းအတွက် ဘယ်လိုစီစဉ်ထားလို့လဲဟင်"

"ဒီလို သမီးရဲ့၊ သမီးဖေဖေရှိစဉ်ကတည်းက ဒီကိစ္စကို နှုတ်နဲ့ပြောထားခဲ့တာ၊ အဲဒီတုန်းက သမီးက သိပ်ငယ်လွန်းသေးတော့ သမီးဖေဖေက အတိအကျတော့ဆောက်ခံခဲ့တာမျိုးမလုပ်ခဲ့ဘူးလေ၊ ဒါပေမယ့် အခုတော့ သမီးနောက်မှာက အမွေဆိုတာကြီး ကပ်ပါနေတော့ ..."

"အန်တီရယ် ... အမွေကိစ္စက သက်သက်ပါ၊ နှင်းကနှင်းပါပဲ၊ အန်တီတို့လက်ထဲမှာကြီးလာခဲ့တဲ့နှင်းကို ဒီလိုတော့မပြောပါနဲ့"

"သမီး စိတ်ထားလေးဖြူတာ ဦးဦးတို့ သိပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်ကိုလဲ ထည့်စဉ်းစားရသေးတယ် သမီးရဲ့၊ တော်ကြာ ဦးဦးတို့ကို ဒီယုန်မြင်လို့ ဒီချုံထွင်တာပါလို့ သမုတ်ကြမှာစိုးတယ်လေ"





"ဦးဦးတို့ပြောတာတွေ နှင်း နားမလည်ဘူး"

အန်တီက စိုးရိမ်ကြီးနေရာမှ စိတ်သက်သာရာရသွားဟန်ဖြင့် တစ်ချက်ရယ်မောလိုက်လေ၏။ သူမက ခုထိ ဇဝေဇဝါ။

"သားနဲ့သမီးကို သဘောတူထားတဲ့ကိစ္စကို ပြောနေတာပါ သမီးရဲ့"

"ရှင် ! "

သူမမျက်နှာလေး ရဲခနဲဖြစ်သွားရလေ၏။ ဘုရားရေ ... ဦးဦးတို့က ကိုကိုနဲ့ နှင်းကို သဘောတူထားကြတာ ကြာပြီဆိုပဲ။ ဒီအကြောင်းတွေကို ခုမှသိရတာပါလား။ အို ... နှင်းရမယ့်အမွေတွေကြောင့် အန်တီတို့ ဖွင့်မပြောခဲ့တာတဲ့၊ ဒါဖြင့် ကိုကိုကရော နှင်းကို တကယ်ပဲကြည်ဖြူလို့လား။ အိုလေ ... ဘာတွေစဉ်းစားနေမိတာပါလိမ့်နော်၊ ရှက်စရာကြီး။

"သမီးကို အစကလိုဆိုရင် ဆယ်တန်းဖြေပြီးကတည်းက သားနဲ့ဇာစပ်ပေးဖို့ စီစဉ်ထားတာ၊ ကိုကြည်သာ ရုတ်တရက်ဆုံးသွားမှပဲ အစီအစဉ်တွေ ကမောက်ကမဖြစ်ကုန်တာပဲ၊ ဘာပဲဖြစ်ဖြစ် ခု သမီး ဒီအရွယ်မှာ စဉ်းစားချင့်ချိန်တတ်နေပြီလေ၊ ဦးဦးတို့ပြောတာကို လက်ခံနိုင်မှ ခေါင်းညိတ်ပါ၊ အကယ်၍ လက်မခံနိုင်ရင်လဲငြင်းပါ၊ ရပါတယ်"

"ဟုတ်တယ် သမီး၊ ကိုကို့ကို မချစ်နိုင်ဘဲနဲ့တော့ အကြောင်းကြောင်းတွေငဲ့ပြီး ခေါင်းမညိတ်လိုက်ပါနဲ့၊ သမီးဘဝမှာ ပြင်လို့မရနိုင်မယ့်အမှားမျိုး မှားသွားမှာကို အန်တီ စိုးတယ်လေ၊ ဘယ်လိုပဲဖြစ်ဖြစ် သမီးဟာ အန်တီတို့ရဲ့သမီးလေးပါပဲ"

"ဟုတ်ကဲ့ပါ အန်တီ၊ နှင်း နားလည်ပါတယ်"

"အမယ် ငါ့အဖေနဲ့အမေကို လာပြီး ညာစားနေတာ ဘယ်သူလဲဟေ့"

ထမင်းစားခန်းထဲ ကိုကို ဝင်လာတော့ ထမင်းကို ငုံ့စားနေမိ၏။ အရင်



www.burmeseclassic.com

www.burmeseclassic.com



လို ကိုကိုနော်လို့ ဘာဖြစ်လို့များ ရန်မထောင်မိပါလိမ့်။ အခုလေးတင်ပဲ ဦးဦးနဲ့အန်တီ ပြောထားတာမို့ ကိုကို့မျက်နှာကို ရဲရဲမကြည့်ဝံ့တော့ပေ။ ခက်တာပဲ၊ ဘယ်လိုကြီးမှန်းမသိတော့ပါလားနော်။

"ဘာဖြစ်နေတာလဲ နှင်းရဲ့"

"ဟင့်အင်း"

သူမမျက်နှာကို ငုံ့ကြည့်ရင်းပြောလိုက်တာမို့ မျက်လုံးလွှဲကာ ခေါင်းခါ ပြလိုက်မိ၏။ ဒုက္ခပါပဲ၊ ဘယ့်နှယ် ကိုကိုကလည်း နှင်းကို မျက်လုံးချင်းဆုံ အောင် စိုက်ကြည့်ချင်နေပါရောလား ...။

"မေမေတို့များ ဆူထားလို့လား"

"မဆူပါဘူး သားရယ်"

"နှင်းမျက်နှာလေး တစ်မျိုးဖြစ်နေတယ်လေ မေမေရဲ့၊ ကြည့်ပါဦး"

"နှင်းက မေမေတို့ကို လာတိုင်လို့ပါ"

"ဘာကိစ္စလဲ"

"ပေရယ့် cousin စူးရှ ဆိုတာနဲ့ နှင်းကို သဘောတူတယ်လို့ နရဏ[…] က ပြောတယ်တဲ့"

"ဟာ! ဘယ်ဖြစ်မလဲ၊ နှင်းဆန္ဒမပါဘဲ ဒီလို ဖွတ်စီစဉ်လို့ ရမလား"

"အေးလေ၊ ဖေဖေတို့ကလဲ ကန့်ကွက်နေတာပါ သားရ"

"နှင်းကရော ..."

"အာ! ကိုကိုကလဲ ဘာမှန်းလဲမသိဘူး"

သူမထံမှ မပွင့်တပွင့်အသံလေးထွက်လာတာကြောင့် သူ အံ့ဩသွား[း] ရပါ၏။ စိုးရိမ်သွားသည့်ကြားမှ နှင်း သဘောမပါမှန်း ရိပ်မိသွားတာ[မို့] သက်ပြင်းရှိုက်လိုက်မိသည်။ ထမင်းစားနေသည့်တောက်လျှောက် ဘော[…]





မှာထိုင်နေသည့် သူ့မျက်နှာကို တစ်ချက်မှ မော့မကြည့်တော့ ကျေနပ်ပြုံး လေးပြုံးပြတာကို သူ မြင်ရတော့ ရင်ထဲမှာ ဒိတ်ခနဲဖိုသွားရလေသည်။ ဟော! ဒါဆို နှင်းကို မေမေတို့ ဖွင့်ပြောလိုက်ပြီထင်ပါရဲ့။

ပန်းကန်တွေ ဝိုင်းကူဆေးပြီး သိမ်းချိန်အထိ နှင်းထံမှ ဘာစကားမှ မထွက်တော့ပါချေ။ သူက မီးဖိုခန်းဘေးစင်အထိရောက်အောင် လိုက်လာ တာမို့ နှင်း အကျပ်ရိုက်နေပုံလည်းရပါသည်။

"နှင်း ..."

"နှင်း ပြန်တော့မယ်"

"ဟာ... ကိုယ်နဲ့ ဘာစကားမှတောင် မပြောရသေးဘူး ပြန်ရရောလား"

"မိုးချုပ်နေပြီ ကိုကိုရဲ့၊ နောက်မှနော်"

"ကိုယ် ပြန်လိုက်ပို့ပေးမှာပေါ့ နှင်းရဲ့၊ ဘယ်လိုဖြစ်ပြီး လောနေရတာ လဲ"

"ရပါတယ်၊ နှင်းဟာနှင်းပဲပြန်ပါ့မယ်"

"နှင်းနော် ... ဘယ်လိုဖြစ်ပြီး ရှောင်ဖယ်ဖယ်ဖြစ်နေတာလဲ၊ လာဦး ခြံထဲမှာ စကားပြောပြီးမှ ကိုယ် ပြန်လိုက်ပို့မယ်"

သူ လက်ဆွဲခေါ်ရာခြံထဲသို့ ပါလာခဲ့ရ၏။ မှောင်ရိပ်ကျနေသည့် သစ် ပင်ကြီးအောက်မှာ နှစ်ဦးသား ရပ်လိုက်ပါသည်။ လရောင်က မြက်ခင်း ပြင်ထက် ဖြန့်ကြက်ဖြာကျနေလေ၏။

"ကဲ ! ပြော"

"နှင်းက ဘာပြောမှာလဲ"

"မေမေတို့နဲ့ပြောတာတွေ ပြန်ပြောပေါ့"

"အဲဒါ ကိုကို့ကို ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်ပြောတာတွေ ရှိဦးမှာပေါ့၊ ကိုယ်ရောက်မလာခင် ပြောတာတွေ အများကြီးကို ..."

ခက်တာပဲ၊ ကိုကိုနဲ့သဘောတူပါတယ်ဆိုတဲ့ကိစ္စကို ပြောစရာလား၊ နှင်းက ကာယကံရှင်လည်းဖြစ်တယ်ဆိုတာ ကိုကိုလည်း သိပါတယ်နော်။ မျက်နှာတစ်ခုလုံး ထူပူနေပါတယ်ဆိုမှ အတင်းကို ဖွတ်မေးစရာလား။

"ပြောလေ နှင်းရဲ့"

"အန်တီက ပြောတယ်"

"အင်း"

"ဖေဖေနဲ့ပြောခဲ့တဲ့စကား ရှိတယ်တဲ့၊ အဲဒီတုန်းက နှင်း အသက်အရမ်းငယ်နေလို့ သေချာမပြောဖြစ်ခဲ့တာလို့ပြောတယ်"

"အင်း"

"အဲဒီကိစ္စ ကိုကို သိလား"

"သိတယ်"

"ဟင်! ကိုကိုက သိသိကြီးနဲ့ နှင်းကို မပြောဘူးပေါ့လေ၊ အခု အန်တီတို့ပြောမှပဲ နှင်း သိရတော့တယ်၊ ကိုကို မကောင်းဘူး"

သူက နှင်းရှေ့တည့်တည့်မှာရပ်လိုက်တော့ နှင်းက ရှက်အားပိုစွာဖြင့် ခေါင်းကိုငုံ့ချလိုက်လေသည်။

"ကိုယ် ရည်ရွယ်ခဲ့တာက အကြိမ်ကြိမ်ပါ၊ နှင်း အရွယ်မတိုင်သေးလို့ စောင့်ခဲ့ရတာ၊ သင်တန်းမပြီးသေးလို့ အချိန်ယူခဲ့ရတာ၊ စတာ စတာတွေရဲ့ နောက်ပိုင်းမှာ နှင်း ပိုင်ဆိုင်ရမယ့် အမွေကိစ္စတွေက ကပ်ပြီးပါလာခဲ့တယ်၊ ဒီတော့ ကိုယ် ဘာဆက်လုပ်ရမှာလဲ၊ သေချာတာတစ်ခုက ကိုယ် နောက်ကျသွားပြီဆိုတာပဲလေ၊ ခုချိန်မှာ နှင်းကိုဖွင့်ပြောတော့ရော နှင်းက ယုံမှာ





တဲ့လား၊ မမြင်နိုင်တဲ့ ရပိုင်ခွင့်တွေကို မျှော်မှန်းလိုချင်စိတ်နဲ့ ပြောဟယ်လို့ ယူဆလိုက်မှာကို ကိုယ် အကြောက်ဆုံးပဲ"

ညှို့ယံက တဖြည်းဖြည်းနက်လာသလို ရာသီဥတုပါ အေးစိမ့်လာလေ၏။ လက်စကလေးဝတ်လာသည့် နှင်းက လက်နှစ်ဖက်ကို အသာပိုက်၍ ချမ်းပြေစေလိုက်ပါသည်။ ကိုကို့စကားမှ မဆုံးသေးဘဲကိုး ...။

"ဒီတော့ ဘယ်လောက်ပဲ ရင်နင့်အောင်ချစ်နေမိပါစေ မျိုသိပ်လိုက်ရုံ တတ်နိုင်တော့တယ်၊ နှင်း စဉ်းစားကြည့်ပေါ့၊ ကိုယ် အရိပ်တကြည့်ကြည့်မြတ်နိုးလာခဲ့တဲ့ ပန်းပွင့်လေးကို သူများတွေ အလွယ်တကူ ခူးသွားမှာ ဘယ်လောက်ထိစိုးရိမ်နေရမလဲ ဆိုတာလေ ..."

"အခု နှင်းကို သူများနဲ့ပေးစားမယ်ပြောတော့ ကိုကို ငြိမ်နေတာပဲ မဟုတ်လား၊ နှင်းနေရာကနေ ဝင်ကြည့်ပေးဦးမှပေါ့"

"ကိုယ် ပြောပြီးပြီလေ၊ နှင်းဆန္ဒပါမှလို့ ..."

"ကောင်းပြီလေ၊ ဒီတစ်ခေါက် စူးရှ ဖွင့်ပြောလာရင် နှင်း ခေါင်းညိတ်လိုက်တော့မယ်၊ ဒါပဲမဟုတ်လား။ နှင်း သွားတော့မယ်"

"နှင်း !"

"အို !"

သူမတစ်ကိုယ်လုံး ကိုကို့ရင်ခွင်ထဲသို့ရောက်သွားပါလေ၏။ ဘယ်လိုကြီးပါလဲ၊ ကိုကို့မှာ ဒီလို တစ်ဖွတ်ထိုးလုပ်တတ်တဲ့အကျင့်မှ မရှိခဲ့တာလေ။

"ကိုယ် နှင်းကို သိပ်ချစ်နေခဲ့တာ ကြာပြီ ကလေးရယ်၊ ကိုယ့်ကိုထားခဲ့ပြီး တခြားတစ်ယောက်ကို မင်း ရွေးတော့မလို့လား၊ ကိုယ့်အသည်းတွေ ဖြန်းဖြန်းကွဲမှ နှင်း ပျော်မယ်ဆိုရင်တော့ လုပ်သာလုပ်လိုက်ပါတော့နှင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာမှာ ရှက်ပြုံးလေးထင်လေ၏။ ပြောမယ့်ပြောတော့လ[illegible] လူကို အကျပ်ကိုင်ပြီး ပြောတော့တာပါလား။ ကိုကိုရယ်… နှင်းလ[illegible] ကိုကို့အပေါ်မှာ တူညီတဲ့သံယောဇဉ်တွေရှိနေတာ အမှန်ပါလေ …။





[ ၂၂ ]

ပြဿနာကတော့ တဖြည်းဖြည်းကြီးလာတော့တာပါပဲ။ သူမ အပြင်ထွက်ရင်လည်း အဲဒီ ဗူးရှ က ကောက်ကောက်ပါအောင်လိုက်တတ်တာမို့ တစ်ခုခုကိုတော့ ပြင်ဆင်ရပေပြီ။ သင်တန်းဆင်းဖက် သူငယ်ချင်းလေးတောင်ကြီးပြန်မှာမို့ အလည်လိုက်သွားရန် ဆုံးဖြတ်ကာ အဝတ်အစားအိတ်ကို ပြင်ဆင်၏။ နန်းမွန် က လက်မှတ်ကြို့မှာထားတာမို့ ကားတစ်စီးတည်းတော့ သူမ လိုက်ရမည်မထင်ပါ။ သို့သော် ကိစ္စမရှိ။ အိမ်လိပ်စာရော Phone နံပါတ်ပါရှိတာမို့ ဟိုရောက်မှ ဆက်သွယ်လိုက်ရင် ဖြစ်မှာပါပဲ။

ကိုကို့ကိုတော့ ခရီးထွက်ဦးမည်ဟုသာ အသိပေးထားတာမို့ စိတ်ပူမည်မထင်ပါချေ။ ဒီလို ဖြုန်းစားကြီးထွက်သွားရင် အံ့သြရုံကလွဲပြီး ဒိထက်ပိုလူးမှာမှမဟုတ်ဘဲ။ မနက်စောစော ကားဂိတ်ကိုရောက်တော့ နောက်ဆုံးကားကိုသာမီတော့၏။ ပြတင်းပေါက်ဘေးခုံမှာထိုင်လိုက်ခဲ့ပြီး ညစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေသည့်စိတ်တို့ကို ဖြေလျှော့ချလိုက်ရပါသည်။ စတွက်လာခဲ့သည့် တစ်လျှောက် ပတ်ဝန်းကျင်မြင်ကွင်းကို ငေးမောလျက် လိုက်လာ စိတ်တွေကြည်လင်နေ၏။

"ထမင်းစားဖို့ နာရီဝက်နားပါမယ်၊ ခရီးသည်များ ကိုယ့်ပစ္စည်း တစ်ပါတည်းသယ်ကြပါ၊ အဖိုးတန်အရာတွေကို ကားပေါ်မှာ မထား တစ်ယောက်မကျန် ထမင်းစားစားမစားစား ကားပေါ်မှာ နေခွင့်မရှိ ခင်ဗျား၊ ကျေးဇူးတင်ပါတယ်"

သူမ ကျောပိုးအိတ်လေးကိုလွယ်၍ ကားပေါ်မှဆင်းလိုက်ပါ၏။ မရှိသေးတာမို့ ထမင်းပူပူလေးနှင့် ဟင်းတစ်ပွဲမှာကာ စားဖြစ်သည် အင်း... ဒီဂိတ်ကျော်ရင်တော့ အနွေးထည် ထုတ်ဝတ်ရတော့မှာပဲ၊ က အေးစိမ့်သည့်ဒေသကို စပြီးကူးတော့မှာကိုး။

စားသောက်ပြီး ကားပြန်ထွက်ချိန်မှာ သူမတို့ မှန်လုံကားနောက် **Town Ace** ကားတစ်စီးပါလာလေ၏။ လမ်းချိုးမရောက်မီမှာ ထို က မှန်လုံကိုကျော်တက်ပြီး ဟွန်းတီးရပ်နိုင်းလေသည်။

"ဘာဖြစ်တာလဲ"

တစ်ယောက်တစ်ပေါက်မေးသံကြားမှာ ကားရပ်သွားပြီး စပယ် က အောက်ကိုဆင်းသွားလေ၏။ လိုက်ကာချထားတာမို့ အပြင်ကို မတွေ့ရပါချေ။ ကားပေါ်သို့ စပယ်ယာပြန်တက်လာကာ နောက်ဘ လှည့်အော်လိုက်လေသည်။

"မငွေနှင်းဖြူ အမေ အသည်းအသန်ဖြစ်လို့ အစ်မကို လိုက်ခေါ် တယ်"

"ဟင် !"





သူမရင်ထဲ ဒိန်းခနဲမြည်သွားရလေ၏။ သူတို့... သူတို့ ဘယ်လိုကနေ ဘယ်လိုသိပြီး လိုက်လာကြတာပါလိမ့်။

"မငွေနှင်းဖြူ"

"နှင်း !"

လှေကားမှ တစ်ဆင့်တက်၍ခေါ်သည့် ဇေပရယ့်ကို မျက်လုံးဝိုင်းလေးများဖြင့် ကြည့်နေမိ၏။ အလိုလေ... ပုန်းဖို့တောင် အချိန်မရတော့ပါလား။

"နှင်း ... ညီမလေး ပြန်လိုက်ခဲ့နော်၊ လိမ္မာတယ်"

"မမပေရယ် ... ဟင့်အင်း ... နှင်း မလိုက်ဘူး"

"ပြန်လိုက်ခဲ့ပါ နှင်းရယ်၊ မေမေလဲ နှင်းကို စိတ်ပူပြီး အိပ်ရာထဲ လဲနေပြီ"

"အို! ဘာမှမဆိုင်ဘူး"

"မဆိုင်လို့ရမလား နှင်းရဲ့၊ နှင်းကောင်လေးက ဘာမှအားကိုးလို့ရမှာ မဟုတ်ဘဲ နှင်း ဆီကချူစားပြီးရင် နှင်းကို တစ်ယောက်တည်းထားပစ်ခဲ့မှာ၊ နှင်းက အသက်ငယ်သေးတော့ ဒီပရိယာယ်တွေကို သိမှာမဟုတ်ဘူးလေ၊ လာပါကွယ်"

"ဟင် !"

ဘာတွေပြောနေတာပါလိမ့်။ သူမ ဘာတစ်ခုကိုမှ နားမလည်ပါချေ။ ဇေပရယ်က သူမပေါင်ပေါ်တင်ထားသည့်အိတ်ကို ဖျတ်ခနဲယူလိုက်လေသည်။

"မဟုတ်ဘူး၊ မလိုက်ဘူးနော်"

"အန်တီရယ် ဝိုင်းပြောပေးပါဦး၊ ပေရယ့်ညီမလေးပါ၊ သူ့အတွက် စိုးရိမ်ပြီး ဒီလောက်ခရီးဝေးကိုလိုက်လာခဲ့ရတာပါ၊ ညီမလေးကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နည်းမယ့်အဖြစ်မျိုးနဲ့ ကြုံရမှာစိုးလို့ ...”

“ဟုတ်သားပဲ ကလေးရယ်၊ မမ ပြန်ခေါ်နေတာ လိုက်သွားလိုက်ပါ၊ ဟိုမှာ မေမေလဲ နေမကောင်းဖြစ်ကျန်ရစ်ခဲ့တာကို၊ ကလေးက လိမ္မာပါတယ်”

“ဟင့်အင်း ... ဟင့်အင်း...”

“မောင်လေးလဲပါတယ်လေ နှင်းရဲ့၊ လာပါ”

ရပ်ရည်သန့်သန့်လေးတွေနှင့် စကားပြောပြေပြစ်နေတာမို့ ကားပေါ်မှလူတွေက ယုံသွားကြတာပင်။ နံဘေးမှာထိုင်နေသည့် အန်တီကြီးက အတင်းတိုက်တွန်းတာရော၊ သူမကိုယ်တိုင် ဧပရယ့်ကိုကြောက်တာပါရောပြီး ကားပေါ်မှဆင်းလိုက်ရတော့သည်။ မှန်လုံကားကြီးက ထွက်သွားချေပြီ။

“နှင်း တောင်ကြီးကသူငယ်ချင်းဆီ သွားလည်မှာကို ဘာမဟုတ်တာတွေ လျှောက်ပြောနေကြတာလဲ”

“ဒီလိုပြောမှ နင့်ကို ကားပေါ်ကခေါ် ချလို့ရမှာပေ့ါ နှင်းရဲ့”

“နင်နော် နှင်းကို ဘာလုပ်ဖို့ ပြန်ခေါ်ရတာလဲ၊ နှင်း မလိုက်ဘူး”

“မာမီက နှင်းကို ဘယ်မှမသွားခိုင်းဘူးလေ၊ နင် ဘာလို့ဖွတ်ထွက်ခဲ့သေးလဲ”

“အို! နှင်းဟာနှင်း ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ထွက်ခဲ့တာ၊ တားဖို့မလိုပါဘူး”

“မမရေ သွားစို့၊ လမ်းမကြီးမှာ မကောင်းပါဘူး”

စူးရှက ဝင်ပြောလိုက်တာမို့ ကားဘေးပေါက် ဆွဲတံခါးကိုဆွဲဖွင့်ပြီး ဧပရယ်က သူမလက်မောင်းကိုကိုင်၍ တက်လိုက်လေ၏။ သူမ ရှိသမျှ





အားနှင့် ရုန်းလိုက်ပါသည်။

“မလိုက်ဘူး”

“ကျွတ်! ငါ ပွေ့ချီတင်ရမှာလား”

စူးရှက သူမခါးကိုကိုင်လိုက်တာမို့ လူက တွန့်ခနဲဖြစ်သွားရပြီး ကားပေါ် တက်လိုက်ရလေ၏။ စူးရှပါ သူမဘေးမှာထိုင်လိုက်စဥ် driver က ကားကို မောင်းထွက်လိုက်လေသည်။

“နင် ငါ့မောင်နဲ့ ဒီလထဲ လက်ထပ်ရမယ် နှင်း”

“ဘာကိစ္စ လက်ထပ်ရမှာလဲ၊ နှင်းမှာ ကိုကိုရှိပြီးသား။ ကိုကို့ကိုပဲယူမှာ”

“အိပ်မက်တွေ စွတ်မက်မနေနဲ့ ရန်ကုန်ရောက်ရင် နင့်ကိုကိုနဲ့ ပြန်တွေ့ရမှာမဟုတ်ဘူး၊ နင့်ကို ဘောက်ထော်ကခြံထဲမှာဝှက်ထားပြီး မင်္ဂလာကိစ္စကို စီစဥ်ပေးမှာ၊ နင့်ကိုကိုနဲ့ ဒီဘဝမှာမပြောနဲ့ နောက်ဘဝတောင် ဆုံခွင့်မရှိဘူး ငွေနှင်းဖြူရဲ့”

“နင်... နင်တို့ ယုတ်မာလှချည်လား၊ နှင်းကို ... နှင်းကို ဒီလိုလုပ်လို့ ရမယ်မထင်နဲ့”

အသံက တုန်တုန်ယင်ယင်ထွက်လာတာမို့ ဧပရယ်ရော စူးရှပါ ဟားတိုက်ရယ်လိုက်ကြလေ၏။ ဘုရားရေ ... ရုပ်ရှင်တွေထဲက ဗီလိန်တွေလိုမျိုးနဲ့ သူမ ကြုံနေရပါရောလား။ ခေါင်းတွေက ချာချာလည်မူးနောက်ကာ ဓာချွေးတွေပြန်လာရလေသည်။ ဘုရား ... ဘုရား .. ကယ်မယ့်လူ မရှိတော့ဘူးထင်ပါရဲ့။

“ရလို့ပဲ အခု နင်ပါလာပြီမဟုတ်လား နှင်းရဲ့”

“ကိုယ် မင်းကို အတည်ယူမှာပါ နှင်းရဲ့၊ စိတ်ချပါ”

“နင်နော် ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း ဟုတ်တယ်၊ စူးရှက သူ့ကိုယူ၊ မမတို့သားအမိက သူ့အမွေတွေကိုယူ၊ Ok ပဲ"

"နင်တို့ ... နင်တို့ တော်တော်ယုတ်မာလှချည်လား၊ နင်းအမွေတွေ ယူချင်လဲယူကြပါ၊ နင်းကိုတော့ ဒီလိုမလုပ်ကြပါနဲ့"

"ဒါကြောင့် လိမ္မာပါလို့ပြောနေရတာပေါ့ နင်းရဲ့"

စူးရှက သူမပခုံးကိုဆွဲဖက်လိုက်တာမို့ ရွံရှာစိတ်ဖြင့် အတင်းပြန်ရုန်းလိုက်ပြီး ရင်ထဲမှာ အော်ကလီဆန်သွားရလေသည်။ အတော်ယုတ်မာတဲ့လူတွေ၊ သူတို့လက်ထဲမှာ ဘဝသေသွားတာထက် အသက်အသေခံလိုက်ရတာကမှ ပိုမြတ်ဦးမှာလေ။ ကားက အကွေ့အကောက်များသည့်လမ်းတွေပေါ်မှာ အပြေးနှင်နေလေ၏။ ဖြစ်ချင်ရာဖြစ် တစ်ခုခုကိုတော့ ကြံမှပါပဲ။ ဒီလိုမှမဟုတ်ရင် သူတို့လက်ထဲက နင်း လွတ်မှာမဟုတ်ဘူးလေ။

"အန် ... အန်ချင်တယ်"

"ဟာ! ကားပေါ်မှာမအန်ချနဲ့လေ၊ ဦးကျော်ရေ ကား ခဏရပ်ပေးပါဦး"

ကားက တစ်နေရာမှာ ရပ်သွားလေ၏။ တံခါးဆွဲဖွင့်အပြီးမှာ စူးရှရော ပေရယ်ပါ သူမဘေးမှာ ပါလာလေသည်။ လမ်းဘေးမှာ အန်ချလိုက်တော့ ပေရယ်က နောက်ဆုတ်သွားပါ၏။

"မမကလဲ ကျောလေးဘာလေး ဖိပေးဦးမှပေါ့"

"နင့်ဟာနင်ဖိပေးပါလား"

စူးရှက သူမကျောကို ခပ်ဖွဖွဖိပေးစဉ် စားထားသမျှ အကုန်အန်ချလိုက်ပါ၏။ ကြံစမ်း! အခုနေ ထွက်ပြေးရင် ဘယ်ဆီရောက်သွားမလဲ၊





အို... ရောက်ချင်ရာရောက်ပါစေတော့ သူတို့လက်ကလွတ်ရင်ပြီးတာပဲလေ၊ အဲဒါက ပိုအရေးကြီးပါတယ်။

"ရေ ..."

"ပေးမယ်... ပေးမယ်၊ ခဏစောင့်"

စူးရှက ခပ်လှမ်းလှမ်းမှာရပ်ထားသည့်ကားပေါ်မှ ရေသန့်ဘူးကို သွားယူစဉ် သူမ ဖျတ်ခနဲထရပ်ကာ ခြေကုန်သုတ်ပြေးတော့သည်။

"ဟဲ့ ! နင်း ..."

"ဟာ ... လိုက်လိုက်"

ပေရယ်ရော စူးရှပါမက ကားပါလိုက်လာတာမို့ သူမ ကုန်းဆင်းကို ဆင်းချလိုက်၏။ လူသွားလမ်းမရှိတာမို့ မြက်ရိုင်းပင်တွေ၊ ဆူးပင်တွေ အကိုင်းအခက်တွေ၏ ထိခိုက်ပွန်းရှခြင်းကို ခံရလေသည်။ နာကျင်တာကို သတိမထားအား။ သူတို့လက်မှလွတ်ဖို့သာ အရေးကြီးသည်ကိုး။

"နင်း မပြေးနဲ့နော်၊ ပြန်လာခဲ့"

"နင်းရေ ..."

ပေရယ့်အော်သံက ခပ်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီး စူးရှအသံက ပို၍နီးလာသယောင်မို့ သူမ ပိုအားတင်း၍ ဆက်ပြေးခဲ့စဉ် ခြေချော်၍ တောင်အောက်တက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျသွားလေတော့သည်။

"အား !"

"ဟာ !"

ခေါင်းက သစ်ပင်အမြစ်နှင့်ပစ်ဆောင့်ကာ သတိလစ်မေ့မြောလု ဖြစ်သွားစဉ် ဘေးနားရောက်လာသည့်ခြေသံတွေကို ကြားလိုက်ရလေသည်။

"သေပြီထင်တယ်၊ မလှုပ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားခဲ့တော့ စူးရှ၊ အဲဒါမှ ပိုကောင်းတယ်၊ ယောကျ်ားနောက်လိုက်သွားသလို သတင်းလွှင့်လိုက်ပြီး စာရင်းဖျက်လိုက်ရုံပဲ။

"ဖြစ်ပါ့မလား မမရဲ့"

"ထားလိုက်ပါ။ သူ့ဟာသူဖြစ်ပြီး သေမှာပဲ၊ လာ သွားစို့"

နာကျင်ခြင်း၊ အောင့်သက်ခြင်းများနှင့် သူမ ဝေဒနာမျိုးစုံကို စုပြုံခံစားနေရပြီး အမြင်တွေဝေဝါးကာ လောကကြီးနှင့် အဆက်ပြတ်သွားရလေတော့သည်။ နှင်းမှုန်တွေအောက်မှာ ငွေနှင်းဖြူ ပွင့်သည့် အမည်တစ်ခုကို သူမ လုံးဝ မေ့လျော့သွားပါလိမ့်မည်ဟု ထင်မှမထင်ခဲ့မိပါချေ ...။





[ ၂၃ ]

"အား!"

ရှန်းကန်လိုက်ဘာမို့ သွေးသွင်းထားပေးသည့်လက်ကို သူ ဖမ်းထိန်းလိုက်ရ၏။ ကယောင်ကတမ်းနှင့်ဗလုံးဗထွေးပြောနေသည့်စကားတို့၏ အဓိပ္ပာယ်ကို သူ နားမလည်ပါချေ။ ဖော်မင်းခန့်က သူမလက်ဖျားလေးကို ဆုပ်ကိုင်၍ တကြော်ကြော်အော်ခေါ် နေလေသည်။ ပြော်... နှင်း တဲ့လား၊ ကိုယ့်ထံကို အမည်မသိဘဲရောက်လာခဲ့တဲ့မိန်းကလေးက နှင်း တဲ့လားကွယ်။

"နှင်း ... နှင်းရေ ..."

ဘာတွေဆက်ဖြစ်လာမလဲ.. သူ သေချာမသိပါ။ သေချာတာကတော့ သူမ သတိပြန်လည်လာချိန်မှာ သူနဲ့ပတ်သက်ခဲ့သမျှ အားလုံးကို အတိအကျ နားလည်လိုက်ရမှာဆိုတာပါပဲ။ အတိတ်မေ့နေတဲ့မိန်းကလေးကို သူ ချစ်ခွင့်တောင်းခဲ့တာ မှန်နိုင်ပါ့မလား။ သူ့အပေါ် မိ ပြန်ချစ်ခဲ့တယ်ပဲ ထားဦး။ အဲဒါဟာ မသိစိတ်နဲ့ ပြန်လက်ခံခဲ့တဲ့အဖြစ်မျိုးပါနော်။ မိရယ်...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် စိုးရိမ်တဲ့အခြေအနေကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရတယ်လို့ ...။

ကောညွှန်းလှပလွန်းသည့် မျက်တောင်တို့ ဖြည်းဖြည်းချင်း ပွင့်လာလေ၏။ ပထမ မျက်နှာကြက်ဖြူဖြူ၊ ဒုတိယ သူမကိုစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံ၊ ဘုရားရေ ... နှင်း သေးရုံရောက်နေပြီထင်ပါရဲ့၊ ဆတ်ခနဲ ထထိုင်ရန်ပြင်လိုက်စဉ် ခေါင်းမှဒဏ်ရာက စစ်ခနဲနာကျင်လာလေ၏။

"အ !"

"မထနဲ့လေ၊ မင်းခေါင်းမှာ ဒဏ်ရာရထားတယ်"

"နှင်း ... နှင်း သတိရလာပြီလား"

"ကိုကို ..."

"ဟုတ်ပါတယ်၊ ကိုကိုပါ၊ နှင်း မှတ်မိတယ်နော်"

"ကိုကို ... သူတို့ ... သူတို့ ..."

"နောက်မှပြောနော် နှင်း၊ အခု ခဏနားလိုက်ဦး။ ညနေ ဘဘ ဒီကို လိုက်လာတာ ရောက်လာလိမ့်မယ် သိလား"

"ဟုတ်ကဲ့"

သူမနှင့်ကိုကို စကားပြောနေတာကို အငေးသားကြည့်နေသည့် မျက်ဝန်းရှင်ကို သူမ ပြန်ကြည့်လိုက်မိ၏။ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်း စသည့်ခံစားချက်ပေါင်းစုံနှင့် ကြည့်နေသည့် မျက်ဝန်းတွေကို သူမ ရင်းနှီးနေသလိုပါပဲလား၊ သူ ဘယ်သူပါလိမ့်။

"ကိုကို ..."

"ဗျာ ..."

"သူက ဘယ်သူလဲဟင် !"





ရင်ထဲမှာ အောင့်သက်သွားရလေ၏။ ဘယ်သူလဲတဲ့လား မိရယ်၊ ကိုယ့်ရင်ခွင်ထဲနဲ့ မှီခဲ့တဲ့ဖြစ်ရပ်တွေကို လုံးဝ မမှတ်မိတော့ဘူးတဲ့လား၊ ကိုယ့်ရဲ့ဒေါသမျက်ဝန်းတွေကို မကြည့်ရဲကြည့်ရဲနဲ့ မျက်လွှာပင့်ကြည့်ခဲ့တာတွေ၊ မတော်တဆပြုတ်ကျလို့ ကိုယ်ပွေ့ချီခဲ့ဖူးတာတွေ မင်း သတိလစ်သွားတာကို သတိပြန်လည်လာအောင် လုပ်ပေးခဲ့ရတာတွေ အားလုံးကို သတိမရတော့ဘူးတဲ့လား၊ ကိုကိုကြီးလို့ ရိုသေသမှုနဲ့ခေါ်ခဲ့တဲ့ အမည်နာမကို မိ ဘဝမှာ ပယ်ဖျက်လိုက်ပြီပေါ့လေ။

"နှင်း ဒေါက်တာ့ကို သိနေလို့လား"

"ဟင့်အင်း"

"ဒေါက်တာနာမည်က ဒေါက်တာနေဝန်းနီ တဲ့"

"သြော် ..."

သူက မပီမသပြုံးပြကာ ခေါင်းညိတ်ပြလိုက်တော့ သူမက စဝေစဝါဖြင့် ပြန်ကြည့်နေလေသည်။

"ကိုယ် ပြန်လိုက်ဦးမယ် ညီ..."

"ဘဘကို မစောင့်တော့ဘူးလား အစ်ကို၊ ဘဘက အစ်ကို့ကို တွေ့ချင်တယ်လို့ Phone ထဲမှာ ပြောပါတယ်"

"ကိုယ့်အိမ်မှာတည်းဖို့ ဖိတ်ခေါ်ပါတယ် ညီရဲ့၊ လောလောဆယ် မေမေ မျှော်နေမှာမို့ ကိုယ် ပြန်ဦးမယ် ညီ"

"ဟုတ်ကဲ့ အစ်ကို"

"ပြန်ပါဦးမယ် မိ"

"ရှင် !"

"sorry..."



www.burmeseclassic.com

www.burmeseclassic.com



သူက နာမည်မှားခေါ် လိုက်မိတာကို တောင်းပန်လိုက်ပြီး ဆေးရုံဆေ ခန်းထဲမှ လှည့်ထွက်လာခဲ့သည်။ အိမ်ပြန်ရောက်ရင် မေမေ့ကို ကိုယ် ဘယ်လိုပြောပြရပါ့မလဲ မိရယ်။ မိအတွက် စိုးရိမ်နေတဲ့ မေမေ့ကို ဘယ်လ ဖြေသိမ့်ရပါ့၊ နှင်းတွေ ဖွဲဖွဲကျနေချိန်မှာ မထင်မှတ်ဘဲ ရောက်လာခဲ့တ ငွေနှင်းဖြူ ဆိုတဲ့ မိန်းကလေးကို ကိုယ့်မျက်စိရှေ့မှာပဲ နှင်းမှုန်တွေလ ဖျောက်ခနဲပျောက်သွားလိမ့်မယ်လို့ ကိုယ်မှ မျှော်လင့်မထားခဲ့မိတာလေ။

ကားကို ဂိုဒေါင်ထဲမှာ တစ်ခါတည်းထည့်ခဲ့ပြီးမှ အိမ်ပေါ် သို့တက်လာ ခဲ့၏။ ဇေ့ထားသည့်မေမေ့အခန်းတံခါးကို တွန်းဖွင့်တော့ မေမေက ခုတင် ထက် ပုတီးစိပ်နေရာမှ လှည့်ကြည့်လာလေသည်။

"မိ ဘယ်လိုနေလဲ သား"

"သက်သာပါတယ် မေမေ"

"သတိရပြီလား၊ ခေါင်းကဒဏ်ရာရော ..."

"လေးချက်ချုပ်လိုက်ရတယ် မေမေ၊ သတိတော့ရနေပါပြီ၊ ဒါပေ မယ် ..."

သူ စကားကိုရှေ့မဆက်ဘဲ ရပ်လိုက်သဖြင့် မေမေက ခုတင်မှ ထ လာလေ၏။ ဘယ်လိုလုပ်ရမလဲ မိရယ်၊ မိ အကြောင်း ပြောဖို့တောင် ကိုယ့်မှာ ခွန်အားမရှိတော့ပါလား။ တကယ်ဆို အတိတ်ကို ပြန်သတိ သွားတဲ့ 'မိ'အတွက် ကိုယ်က မုဒိတာပွားပြီး ဝမ်းသာပေးရမှာလေ။ ခုတေ ဒီလိုမဟုတ်ဘဲ ကြေကွဲခံစားနေရတာက တရားမျှတမှုရှိပါသေးရဲ့လာ ဒုတိယမွေး ရင်ခုန်ခြင်းတွေကို ဖန်ဆင်းပေးခဲ့တဲ့ 'မိ' ဆိုတဲ့မိန်းကလေးရယ်

"ဒါပေမယ့် ဘာဖြစ်လဲ သားရဲ့၊ ဆက်ပြောပါဦး"

"မိက ... မိက ကျွန်တော့်ကို မမှတ်မိတော့ဘူး မေမေ"





"ဟင်! သားက သေချာပြောမပြဘူးလား၊ ဒီလောက် သုံးနှစ်လေးလ လောက် ရင်းနှီးလာခဲ့တဲ့လူကို ..."

"ဘာဆိုဘာမှ မမှတ်မိတော့တာပါ မေမေ၊ လက်ရှိပစ္စုပ္ပန်ကိစ္စတွေကို သူ လုံးဝမေ့သွားပြီး အတိတ်ကို ပြန်ရောက်သွားပါပြီ"

"ဘုရား ... ဘုရား ... မြန်လိုက်တာနော်၊ မေမေဖြင့် ထင်တောင်ထင် မထားဘူး၊ သူ အတိတ်ကို တဖြည်းဖြည်းချင်း ပြန်အမှတ်ရလာလိမ့်မယ် လို့ပဲ မျှော်လင့်ထားမိတာ ..."

သူ လသာဆောင်ဘက်ထွက်ရပ်တော့ မေမေပါ နောက်မှလိုက်လာ လေ၏။ နှင်းထုက ကျဲစပြုနေပေမယ့် ဒီဒေသမှာ အပူက လျော့မြဲမမှုတာ လေ။

"သူ့ဇာတိကိုရော သား သိသလား"

"ရန်ကုန်ကပါ မေမေ၊ နာမည်က ငွေနှင်းဖြူ တဲ့"

"ဟင်! ဒါဖြင့် ..."

"ဟုတ်တယ်၊ ဒေါက်တာဇော်မင်းခန့်ရဲ့ တစ်ဦးတည်းသော နှင်းပါပဲ"

မေမေ့ထံမှ သက်ပြင်းရှိုက်သံထွက်လာလေ၏။ ကိုယ်ကရော ငိုသာငို ချလိုက်ချင်တာ အမှန်ပါ ကလေးရယ်။ ငယ်ငယ်တုန်းကလို ကိုယ်ပိုင်တဲ့ အရုပ်လေး အလုခံလိုက်ရလို့ ငိုသလိုမျိုး စိတ်လွတ်ကိုယ်လွတ် ငိုချလိုက် ချင်တာပါ။ ဒါပေမယ့် လက်တွေ့မှာ မင်းကို ကိုယ်ပိုင်တာမှမဟုတ်ခဲ့တာပဲ။ မတော်တဆကောက်ရတဲ့ ပစ္စည်းတစ်ခုကို ပိုင်ရှင်ထံပြန်ပေးရမယ်ဆိုတာ ထုံးတမ်းစဉ်လာတစ်ခုပေမယ့် ကိုယ် ပြန်ပေးလိုက်ရတဲ့ အထဲမှာ ကိုယ့် နှလုံးသားက အစစ်အနေနဲ့ ပါသွားတာကတော့ မတရားပါဘူး။

"မိက အမွေတွေ အများကြီးရတော့မယ့်မိန်းကလေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက မရှိရှာတော့ဘူး။ နောက် သုံးလနေရင် မိထွေးနဲ့ တရားဝင် အမွေခွဲရမှာလေ၊ ပြီးတော့ ... ပြီးတော့ ... ဒေါက်တာဇော်မင်းခန့်နဲ့လဲ စေ့စပ်ထားတာတဲ့"

"ဟင်! တရားဝင်စေ့စပ်ထားတာလား။ မေမေဖြင့် နေ့တိုင်း သတင်းစာ ဖတ်နေတာပဲ၊ ဒီနာမည်မျိုး တစ်ခါမှ မမြင်ဖူးပါလား သားရယ်"

"မိဘတွေ စီစဉ်ထားခဲ့တာမျိုးဖြစ်မှာပေ့ါ မေမေရယ်"

"အို... မိ သဘောမပါဘဲနဲ့ အကောင်အထည်ဖော်လို့ရမှာတဲ့လား"

"တော်ပါတော့ မေမေရယ်၊ မိကိုယ်တိုင် စိတ်တူကိုယ်တူ လက်ခံ ကြည်ဖြူထားပြီးသားပါ။ ကျွန်တော်က ခုချိန်မှာ ဘာမှမဟုတ်တော့ပါဘူး"

"သားရယ်.. သူရမယ့်အမွေတွေထက် မေမေ ပုံအောပြီး တင်တောင်း ပေးနိုင်ပါတယ် မေမေ့သားအတွက် ..."

"ကျွန်တော် တောင်းပန်ပါတယ် မေမေ၊ တော်ပါတော့ဗျာ၊ မေမေ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေနဲ့ မိရဲ့နှလုံးသားကို ပေးဝယ်လို့မရနိုင်ပါဘူး၊ မိက ... မိက ဒေါက်တာဇော်မင်းခန့်ကိုသာ တကယ်ချစ်မြတ်နိုးခဲ့တာပါ ဗျာ"

◆

"သားရယ်... မေမေ့သားရဲ့နှလုံးသား ဒီတစ်ခါထပ်ကွဲတာကို မေမေ မမြင်ရက်လို့ပါ၊ မေမေ့စေတနာကို နားလည်ပေးပါကွယ်"

သူ ခေါင်းညိတ်ပြလိုက်စဉ်မှာ ပါးပြင်ထက် ပူနွေးသွားလေ၏။ ကိုယ် ငိုမိပြီရော မိရယ်၊ Rose နဲ့ပတ်သက်ပြီးကျခဲ့တုန်းက မာနမျက်ရည်သက် သက်ရယ်လေ၊ အခုတော့ မိနဲ့ပတ်သက်ပြီး ကိုယ့် မျက်ရည်ကျရတာက ဆုံးရှုံးမှုတွေ အများကြီးနဲ့ပါ၊ မေ့လိုက်ပြီလား။ ဘယ်တော့မှ ပြန်မမှတ်မိ တော့တဲ့ မှတ်ဉာဏ်တွေအောက်မှာ ကွယ်ဝှက်ပြီးတော့လေ၊ သတိမရ





တော့ဘူးလား၊ သုံးလတာ တရင်းတနှီး ပတ်သက်ယှက်နွယ်ခဲ့တဲ့ တွယ် တာခြင်းသံယောဇဉ်တွေကိုပေ့ါ။ ချန်ရစ်ခဲ့ပြီလား ... ရင်ခွင်ထဲ မှိန်းစဉ် ရှက်ပြုံးတစ်ခုနဲ့ မျက်လွှာချ ခေါင်းညိတ်ခဲ့ဖူးတဲ့ သမုဒယဖြစ်စဉ်တွေကို လေ၊ ဩော် ... မိ ဆိုတဲ့ ကိုယ့်နှလုံးသည်းပွတ်ကလေးရယ် ...။

"အဖြင့် သမီးကို သူတို့ ရန်ရှာဟာ သေချာတာပေ့ါလေ၊ အတော်ဆိုး တဲ့ အမျိုးတွေပါလား"

ဘဘက တီးတိုးရေရွတ်လိုက်ပြီး သူ့မနဖူးပေါ် ဝဲကျနေသည့် ဆံစ လေးတွေကို အသာသပ်တင်ပေးလိုက်လေ၏။ ကိုကိုက သူ့မ သက်သာ နေပြီမို့ ကျေကျေနပ်နပ်ပြုံးပြုံးကြီးဖြစ်နေပါသည်။

"ပြီးခဲ့တာတွေ ပြီးပါစေတော့ ဘဘရယ်၊ နှင်း သူတို့နဲ့ မပတ်သက် ချင်တော့ပါဘူး။ လိုချင်တာတွေလဲ ယူပါစေတော့၊ နှင်းလဲ အလုပ်လျှောက် တာ ကျတော့မှာပဲ၊ သူတို့နဲ့ ဝေးဝေးနေရလေ နှင်း အသက်ရှုချောင်လေ ဖြစ်မှာပါ"

"အင်းလေ ... သမီး အသက်(၂၀)ပြည့်တဲ့အခါ အမွေတွေ ခွဲပေးလိုက် ရုံပေ့ါ၊ လိုတာထက်ပိုယူလို့တော့ ဘယ်ဖြစ်မလဲ၊ စာချုပ်ပါအတိုင်းပဲ ဖြစ် စေရမယ်၊ သမီး အလုပ်ဝင်တဲ့အခါ ဘဘအိမ်က အလုပ်သမားတစ်ယောက် ကို သမီးခြံမှာ ခြံစောင့်ခန့်ပေးထားမှာပေ့ါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဘဘ၊ နှင်း အများကြီးကျေးဇူးတင်ပါတယ်ရှင်"

"မလိုပါဘူး သမီးရယ်၊ ညီ မရှိတော့တဲ့နောက် သမီးကိုစောင့်ရှောက် ဖို့တာဝန် ဘဘမှာရှိပါတယ်၊ ဘဘကလဲ သားကြီးရှိနေတဲ့ စင်ကာပူကို သွားလည်နေတုန်း ဒီကိစ္စတွေဖြစ်ရတယ်လို့၊ နရဏ်ကို ဒီလောက်ပစ္စည်း မက်လိမ့်မယ်လို့ ထင်မထားမိတာ မှားတာပဲ၊ ကဲ ... သမီး သက်သာရင်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပြန်ကြတာပေါ့၊ ဟိုရောက်ရင် ဘဘအိမ်မှာပဲ လိုက်နေ ဟုတ်လား"

"ဟုတ်ကဲ့"

"ဪ ... နှင်းကို ပြုစုစောင့်ရှောက်ထားတဲ့လူတွေရော သား"

"ခုနလေးတင် ပြန်သွားပါတယ် ဘဘ မနက်တော့ duty ပြန်ဝင်မှာပါ၊ ကျွန်တော် ဘဘနဲ့ မိတ်ဆက်ပေးပါ့မယ်"

"အေးအေး၊ ဘဘပဲပြောပြော နှင်းကို ဘေးမသီရန်မခ စောင့်ရှောက်ထားတဲ့ကျေးဇူးရှင်တွေပဲ၊ သူတော်ကောင်း နတ်ကောင်းမှ တာမျိုးမို့ တော်ပါသေးရဲ့"

ဘဘက နှုတ်ဆက်ပြီး တည်းခိုခန်းသို့ ပြန်သွားလေ၏။ ကိုကိုက duty ချိန်ကုန်မှ မပြန်ချင်ပြန်ချင်ဖြင့် နှုတ်ဆက်ပြန်သွားလေသည်။ ခုတင်ပေါ် ပက်လက်လေးလှဲလျက် သူမ စဉ်းစားခန်းဝင်နေမိ၏။ သုံးလ ဆိုပါလား၊ သူမ တောင်ကြီးကိုရောက်နေတာ သုံးလတောင်ရှိပြီဆိုပဲ၊ ဒါဖြင့် ဘယ်သူ့ဆီမှာနေနေတာပါလိမ့်၊ နန်းမွန်ဆီလည်း အဆက်အသွယ်မရပါဘဲ ဘယ်လိုနေရာမျိုးမှာ သူမ ခိုအောင်းနေတာပါလဲ။

သိချင်လိုက်တာ...၊ သူမအပေါ်မှာ စေတနာအပြည့်နဲ့စောင့်ရှောက်ထားပေးတဲ့လူတွေက ဘယ်လိုလူတွေမျိုးပါလိမ့်၊ ပျောက်ကွယ်နေခဲ့တဲ့ လက်ရှိပစ္စုပ္ပန်ကာလအပိုင်းအခြားကို ဘယ်လိုဖြစ်ပြီး တစ်စက်မှ သတိမရတာပါလဲ၊ ထူးဆန်းလိုက်တာ၊ သက်စွန့်ဆံဖျား ထွက်ပြေးလွတ်မြောက်လာပြီး ကယ်တင်ပေးခဲ့တဲ့ တကယ့်ကျေးဇူးရှင်တွေကိုမှ မေ့နေရတယ်လို့ ...။

မှတ်ဉာဏ်ရယ် ပြန်လည်ဖွင့်ပေးလှည့်ပါ။ နှင်းအတွက် တကယ့်ကျေးဇူးရှင်စစ်တွေကိုမှ သတိမရဘဲဖြစ်တာမျိုးတော့ ဆိုးလွန်းပါတယ်





လေ။ ကိုကိုပြောတာတော့ အဲဒီလူတွေနဲ့ ရင်းရင်းနှီးနှီးသိတယ်တဲ့၊ ထားပါလေ။ ကိုကိုပြောတာတော့ အဲဒီတော့လေ၊ ခေါင်းပူအောင်တွေးနေမယ့်အစား မနက်ကျမှတွေ့ရမှာပဲ၊ အဲဒီတော့မှ အလိုက်သင့်လေးဆက်ဆံလိုက်ရုံပေါ့။ ရောဂါကြောင့် သူတို့ မမှတ်မိတာကိုလည်း သူတို့ ခွင့်လွှတ်ကြမှာပါလေ။ ဘာမှ သွေးမတော်သားမစပ်တဲ့ မိန်းကလေးကို ဘေးမသီရန်မခ စောင့်ရှောက်ထားကတည်းက စေတနာအလွန်ကောင်းတဲ့လူတွေဖြစ်မှန်း နှင်း သိနေပါတယ်။

ဆရာဝန် သားအမိတဲ့။ ဘယ်လိုပုံစံမျိုးလဲ။ ရှမ်းသွေးစပ်တာမို့ အသားဖြူကြမှာပေါ့နော်၊ မနက်ဖြန်တွေ့ရမယ်ဆိုပေမယ့် သိချင်စိတ်တွေ ပြင်းထန်နေတာမို့ လူက အိပ်၍မပျော်၊ ခုတင်မှဆင်းတော့ Nurse မလေးက သူမကိုတားလေ၏။

"ညီမလေး ဘယ်သွားမလို့လဲ"

"နှင်း ငြီးစီစီဖြစ်နေလို့ပါ"

"အပြင်ထွက်ချင်လို့လား"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းမသွားပါနဲ့၊ တော်ကြာ မူးမေ့လဲပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ၊ ကျွန်မ တွဲပို့ပေးမယ်နော်"

"အားနာလိုက်တာ"

"ရပါတယ်"

Nurse မလေးက သူမလက်မောင်းကိုကိုင်၍ လေဝင်လေထွက်ကောင်းသည့် ဝရန်တာဘက် တွဲထွက်ခဲ့လေသည်။ ကျက်သရေရှိလိုက်တာနော်၊ အကျီအဖြူ၊ လုံချည်နီလေးနဲ့ဆိုတော့ မျက်စိထဲ ကြည့်ကောင်းနေသလိုပဲ။ သူမလည်း နောက်ဆိုရင် ဒီဆရာမလေးလို သူနာပြုဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



လေး ဝတ်ရတော့မှာလေ။ အတွေးဖြင့် ပြုံးမိစဥ် Night duty ဝင်နေသည့် ဆရာဝန် round လှည့်တာနှင့် တန်းတိုးလေ၏။

"လူနာကို ဘယ်ခေါ်သွားမလို့လဲ ကေသီ"

"လေရှူချင်တယ်ဆိုလို့ ထုတ်လာတာပါ ဒေါက်တာ"

"သိပ်အကြာကြီးမနေနိုင်းနဲ့နော်၊ အပြင်မှာ အေးတယ်၊ Patient က ဘယ် Room ကလဲ"

"(.....)ကပါ"

"ဟော! နန်းမွန်ရဲ့သူငယ်ချင်း နှင်း ဆိုတာလား"

"ရှင်! ဟုတ်ပါတယ် ဒေါက်တာ"

"ကိုယ်က နန်းမွန်ရဲ့အစ်ကိုဝမ်းကွဲ သက်နောင်ပါ နှင်း၊ မနက်က သတင်းကြားပေမယ့် ကိုယ်ရော သက်လျှာပါ Night duty မို့ လာမကြည့်ဖြစ်ဘူး"

"ဪ.. ဟုတ်ကဲ့ ရပါတယ်ရှင်"

"အဆင်ပြေရဲ့လား နှင်း၊ ချုပ်ရိုး သိပ်နာနေရင် Nurse ကိုပြောပြီး ကိုယ့်ကိုခေါ် လိုက်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"ဆေးရုံကို နေဝန်းပဲ လာပို့တာလား"

"ရှင် !"

"Patient က ဒေါက်တာတို့ကို မမှတ်မိတော့ပါဘူး ဒေါက်တာ၊ သူ့ အတိတ်ကို ပြန်သတိရသွားပါပြီ"

"ဖြစ်ရလေ၊ ငါ့ကောင်ကြီးတော့ broken heart ဖြစ်ပြီပဲ၊ ကဲကဲ ကိုယ်ပြောတာ နားမလည်ရင်လဲ ထားလိုက်ပါ နှင်းရယ်၊ ခေါင်းကိုသာ





အေးအေးထား၊ စိတ်ရှုပ်ထွေးစရာတွေ မတွေးနဲ့တော့နော်"

"ဟုတ်ကဲ့"

ဒေါက်တာသက်နောင် ထွက်သွားသည့်နောက်သို့ သူမ လိုက်ကြည့်နေမိသည်။ နန်းမွန်ရဲ့အစ်ကိုတဲ့၊ ဒါဆို နန်းမွန်နဲ့ ပြန်တွေ့ရတော့မှာပေါ့၊ ပျော်စရာကြီး၊ နေဦး ... ဆေးရုံကို နေဝန်း လိုက်ပို့တာလားတဲ့၊ နေဝန်း ဆိုတာ ဘယ်သူပါလိမ့်နော်။

"ဆရာမ ..."

"ရှင်"

"နေဝန်း ဆိုတာ ဘယ်သူလဲဟင် !"

"ဪ ... ဒေါက်တာနေဝန်းနီကို ပြောတာလေ ညီမလေးရဲ့"

"ဒေါက်တာနေဝန်းနီ ..."

"အင်း"

"ဒေါက်တာနေဝန်းနီဆိုတာ နှင်း သတိရတုန်းက နှင်းကိုကြည့်နေတဲ့ ဒေါက်တာလား"

"ဟုတ်မယ်ထင်တယ်၊ ပါးမြိုင်းမွေးစိမ်းစိမ်းနဲ့ အသားဖြူဖြူ၊ အရပ်မြင့်မြင့် ခပ်ချောချောဆို သေချာတယ်"

ဆရာမ ကေသီနှယ် ပြောလိုက်မှ ဒေါက်တာ့ပုံစံက အာရုံမှာ ပေါ်လာလေ၏။ ပါးမြိုင်းမွေးစိမ်းစိမ်း၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့် ခပ်ချောချောတဲ့၊ သူမကို စိုက်ကြည့်လိုက်သည့် မျက်ဝန်းနက်တွေကို ပြန်မြင်ယောင်မိစဥ် ရင်ထဲမှာ သိမ့်ခနဲ နွေးသွားရလေ၏။ အို... ဘာဖြစ်လို့ပါလိမ့်။ ဒီ မျက်ဝန်းတွေနှင့် ရင်းနှီးသလိုရှိနေတာ ဘာကြောင့်များပါလဲလို့ တွေးမ[illegible] နိုင်ခဲ့တာ ခုတော့ အဲဒီဒေါက်တာနဲ့ သူမ ပတ်သက်နေတာတဲ့လား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို နှင်း သွားနေခဲ့တာ အဲဒီဒေါက်တာတို့အိမ်မှာပေါ့နော်၊ အားနာ လိုက်တာ၊ နှင်းနဲ့ လုံးဝမသိတဲ့လူတွေအိမ်မှာ သွားနေခဲ့တာတဲ့လား။ နှင်း ကို သူတို့ ဘယ်လိုများထင်မြင်ယူဆနဲ့ပါလိမ့်၊ အဝတ်တစ်ထည် ကိုယ် တစ်ခုနဲ့ ဒုက္ခတွေစုပြုံပြီးရောက်လာတဲ့ ကောင်မလေးတစ်ယောက်ကို သူတို့ ကရိုကထစံခဲ့ရရှာတာ အမှန်ပါလေ။

မနက်က သူ လွှတ်ခနဲသုံးလိုက်တဲ့ နာမည်လေးကို အမှတ်ရမိသွား ပါ၏။ 'မိ'တဲ့၊ ဘယ်လောက်ချစ်စဖွယ်ကောင်းလိုက်တဲ့ အမည်လေးပါလိမ့်၊ အဲဒီခေါ်သံလေးထဲမှာ သံယောဇဉ်တွေ ပြည့်ဝပျော်ဝင်နေသလိုပါပဲလား၊ နှင်းကို သူတို့ တကယ်ပဲ သံယောဇဉ်တွယ်ခဲ့ကြတယ်ဆိုရင် ဘယ်လိုလုပ် မလဲ။

နဂိုကတည်းက အားနာရှက်ရွံ့တတ်သူမို့ မျက်နှာပြင်ထက် ချွေးစေး ဖြစ်သွားမိလေ၏။ ဘာဖြစ်လို့များ သူ့အကြည့်တွေကို ရင်ခုန်နေမိတာပါ လိမ့်။ ရှိန်းတိမ်းဖိန်းတိမ်း လှိုက်ဖိုတက်လာသည့် ရင်တွင်းခံစားချက်ကို အုံသြပြီးရင်း အုံသြနေမိသည်။ ဒုက္ခပါပဲ၊ ဒီလိုဖြစ်နေမိတာကိုများ ကိုက သိရင်တော့ နှင်းကို စိတ်တွေဆိုးမှာတော့ အသေအချာပါလေ။





[ ၂၆ ]

**Nurse** မလေး၏ အကူအညီဖြင့် သူမ မျက်နှာသစ်၊ ကိုယ်လက်သန့် စင်အပြီးမှာ အဝတ်အစားလဲလှယ်လိုက်ပါ၏။ ဆံပင်တွေကို သေချာရှင်း ချင်ပေမယ့် ခေါင်းမှပတ်တီးမဖြေရသေးတာမို့ ဘာမှမလုပ်ရဲပါချေ။ မနက် စောစော **Round** လှည့်လာသည့် ဆရာဝန်နှစ်ဦး ရောက်လာတာမို့ သူမ မော့ကြည့်လိုက်မိသည်။ ဘုရားရေ ... ဒေါက်တာနေဝန်းနီတော့ ရောက်လာပါရောလား။

"နေကောင်းရဲ့လား နှင်း"

"ဟုတ်ကဲ့ ဒေါက်တာ"

"ခဏနေ ညှိချိန်ကျမှ နှင်းရဲ့ဘာဘရော နန်းမွန်ပါ လာလိမ့်မယ်နော်"

"ဟုတ်ကဲ့"

"ပတ်တီးဖြေရအောင်နော်၊ မိ ဆံပင်ရှင်းလို့ရအောင်လို့"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်မှထွက်လာသည့်အသံခပ်ဩဩကို ကြားမိစဉ် ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားမိ၏။ ပတ်တီးကို ခပ်ဖြည်းဖြည်းဖြေပေးတာကို ငြိမ်သက်စွာခံယူနေမိသည်။ ခပ်သင်းသင်းလေးမွှေးလာသည့် ကိုယ်သင်းရနံ့က သူမရင်ကို ပို၍နွေးထွေးသွားစေလေသည်။ ရင်းနှီးဖူးသည့် ရနံ့ကဲ့သို့ ခံစားနေမိ၏။

"ကိုကိုရော မလာသေးဘူးလားဟင်"

သူ့မျက်နှာ ကွက်ခနဲပျက်သွားမှန်း သိလိုက်ရပါ၏။ ဘာဖြစ်လို့များ ဒီအချိန်မှာ ကိုကို့ကို တ,လိုက်မိတာပါလိမ့်။

"ညီက duty (၁၀)နာရီမှ ဝင်ရမှာလေ၊ ကိုယ်က မင်းကို ပတ်တီးဖြေပေးစရာရှိလို့ ခပ်စောစောဝင်လာခဲ့တာပါ"

'မီ'လို့သုံးနေရာမှ 'မင်း'လို့ သူ သုံးလိုက်တာပါလား၊ ဘာဖြစ်လို့ပါလဲ၊ ဆံပင်တွေ သေချာဖြီးသင်၍ ကျစ်ဆံမြီးကျစ်တာကို သူ အငိုက်မိစွာငေးနေမိတော့ သက်နောင်က သူမပခုံးကို ဖတ်ခနဲပုတ်လိုက်လေသည်။

"မင်း ရှေ့နေကြီးလာတွေ့မှာကို ရှောင်မနေနဲ့ဦး"

"အရေးမကြီးပါဘူးကွာ"

"လုပ်ပြန်ပြီ မင်းဟာလေ ..."

"အမယ် ဒီအခန်းထဲ တယ်လှူစုံနေတာပါလား"

သက်လျှာပါ ဝင်လာတာမို့ သူ အခန်းထဲမှခွာသင့်ပြီမှန်း သိလိုက်ပါ၏။ သက်နောင်တို့နှစ်ယောက်က Night duty ထွက်ကြမှာမို့ ခဏနေပြန်ကြမည်ကိုး။ သက်လျှာက သူမကို ပြုံးပြလိုက်သဖြင့် သူမက ဖေဝေဖဝါလေး ပြန်ကြည့်နေလေသည်။

"နေကောင်းသွားပြီလား ညီမလေး"





"ဟုတ်ကဲ့"

"ရန်ကုန်ပြန်ရတော့မှာပေါ့လေ"

"ဟုတ်"

"အင်း ... ဒီလောက်ရက်အကြာကြီး အတူရှိနေခဲ့တာဆိုတော့ အန်တီသိတာလဲ 'မီ'အပေါ် တော်တော်သံယောဇဉ်ရှိရှာတာ၊ အခု မီ ရန်ကုန်ပြန်မှာဆိုတော့ အန်တီ စိတ်မကောင်းဖြစ်နေမှာပဲ၊ သနားပါတယ်"

"ဟာ ... အသက်ကလဲ ငိုချင်လျက် လက်တို့ကို သွားဆွနေပြန်ပြီ"

"ဩော် ... ဟုတ်တာပြောတာပဲ မောင်ရဲ့၊ မှန်တာပဲဟာ၊ ဟဲ့ ဒါ ဘယ်တုန်း"

"ပြန်ကြမှာမဟုတ်လား၊ သွားစို့လေ"

"ပြန်ရမှာ ငါတို့နှစ်ယောက်လေ၊ နင်က ဘာလိုက်လုပ်မလို့လဲ"

သူ ဘာမှပြန်မပြောဘဲ ဝရန်တာဘက်ထွက်သွားသဖြင့် သက်နောင်တို့ပါ လိုက်လာခဲ့ကြလေ၏။

"နင် သိပ်အမူအရာပျက်မနေနဲ့လေ"

"ငါက ဘာဖြစ်နေလို့လဲ"

"ဟဲ့ ! နင် ဒီလောက်မျက်စိမျက်နှာပျက်နေပြီးတော့ ငါ မပြောလိုက်ချင်ဘူး"

"ကျွတ်! မဟုတ်ပါဘူးဟာ"

သူက ဝရန်တာပေါ် လက်ထောက်ရင်း ဆေးရုံဝင်းထဲကို ငုံ့ကြည့်နေမိ၏။ ခွဲရတော့မှာပေါ့၊ မျှော်လင့်ထားသင့်တာမှန်ပေမယ့် တကယ်တမ်းရင်ဆိုင်ရစဉ်မှာ သူ့ရင်ထဲ မုန်တိုင်းထန်နေမိသည်မှာ အမှန်ပင်။

"မင်းရင်ထဲ ဘယ်လိုခံစားနေရမလဲဆိုတာ ငါ ကိုယ်ချင်းစာပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နေဝန်း။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲကွာ”

“ငါ သိပါတယ်၊ ငါ့ဘဝထဲကို မဖိတ်ခေါ်ဘဲ သူ ရောက်လာတယ် တစ်နေ့နေ့မှာ မနှင်ဘဲ သူ ပြန်သွားလိမ့်မယ်လို့ ငါ မျှော်လင့်ထားပြီးသား ပါ။ ဒါပေမယ့် ဒီလောက်အချိန်တိုလေးအတွင်းမှာ ဒီလိုကြီးဖြစ်သွားလိ မယ်လို့ ထင်မထားမိဘူး။ ပြီးတော့ ... ပြီးတော့ မိက ငါ့ကို လုံးဝမမှတ်မိ တော့တာက ငါ့ရင်ကို ပိုထိခိုက်စေတယ်”

“နင်ကလဲဟယ် ဆရာဝန်တစ်ယောက်အနေနဲ့ ရောဂါအခြေအနေကို ဂဃနဏသိနေရက်နဲ့ ဒီလိုဖြစ်ရလား။ ငါ့အနေနဲ့ကတော့ သူ မသိသွား တာ ပိုကောင်းသလိုပဲ၊ မိန်းကလေးတွေရဲ့နှလုံးသားက ပိုပြီးနုငယ်တယ် နေဝန်းရဲ့၊ ဒီထက်ပိုပြီး ခံစားသွားရရင် ဘယ်ကောင်းပါ့မလဲ”

“သူက အစကတည်းက ဆိုင်သူ ရှိနှင့်ပြီးသားပါဟာ၊ ငါ့မှာသာ ...”

“မတော်တဆ ထိခိုက်မိတယ်လို့ သဘောထားပြီး စိတ်ဖြေပါ နေဝန်း ရာ”

မတော်တဆတဲ့လား။ ကိုယ် ခံစားနေရတာက ထပ်ဆင့်ဒဏ်ရာရခဲ့ တဲ့ ဝေဒနာမျိုးပါ မိရယ်၊ အသည်းကွဲဖူးတဲ့လူကို ဒီဝေဒနာ ထပ်ရရင်လည်း ခံနိုင်ရမှာပေါ့၊ ဒါပေမယ့် အခု ဒီတစ်ခါ ရင်ထဲမှာ တကယ့်ကို ထိခိုက်ကြေ ကွဲရတာပါလေ၊ Rose နဲ့တုန်းက ဒေါသရော၊ ယောကျ်ားမာနရဲ့ တွန်း အားကြောင့် စိတ်ကိုကြိတ်ဖြေနိုင်ခဲ့တာပါ။ ပတ်ဝန်းကျင်ကို ရှက်စိတ်ရဲ့ စိတ်ခံတတ်ကျ လေလွင့်ခဲ့ဖူးတာက တစ်ကဏ္ဍပါလေ။ အခုရော သူ ဒီလို ဖြစ်သွားရင် မေမေ့ကို ဘယ်လိုစိတ်ဖြေစေမလဲ၊ မိအပေါ်မှာ အစက မကြည်လင်ပေမယ့် အချိန်ကြာလာတာနဲ့အမျှ ငြိတွယ်လာတဲ့ မေမေ့ သံယောဇဉ်တွေကို သူ မျက်မြင်ဒိဋ္ဌ သိခဲ့ရတာပါလေ။





“မင်း သူ့ကို တော်တော်ချစ်တာပဲ၊ ငါတို့ဘေးကလူတွေတောင် ဒီ လောက်သိသာစေတာ ကာယကံရှင်ကိုယ်တိုင်က ပိုသိမှာပေါ့”

“မင်းတို့ပြောသလို သူ မသိနိုင်တော့ပါဘူး သက်နှောင်ရယ်၊ ငါ့ရင်ထဲ ကို နှင်းစက်တွေနဲ့အတူ ခိုဝင်ရောက်လာတဲ့ ကောင်မလေးတစ်ယောက် ကို နှင်းမှုန်တွေနဲ့အတူ ကွယ်ပျောက်သွားလိမ့်မယ်ဆိုတာ ...”

သူ့အသံတိမ်ဈေ်ဝင်သွားပါ၏။ သက်နှောင်က သူ့ကျောကို နှစ်ချက်မျှ ပုတ်လိုက်လေသည်။ ဒေါက်တာနေဝန်းနီတို့အုပ်စု နောက်မှာ ရပ်နေရင်း ဇော်မင်းခန့် သက်ပြင်းရှိုက်လိုက်မိပါ၏။ နှင်းအပေါ်မှာ သူ အမြတ်တနိုး ချစ်နေသလို ဒေါက်တာလည်း ချစ်နေမှန်း သိလိုက်ရ၍ စိတ်မကောင်းဖြစ် သွားမိသည်။ ဘယ်လိုလုပ်ရမလဲ၊ နှလုံးသားချင်းဖလှယ်ပြီးသား ချစ်သူ လေးကို အနှောင့်အယှက်မရှိ ပေးလိုက်ရအောင် သူ ဒီလောက်သဒ္ဓါမထက်သန်လှ ပါချေ။ နှင်းကို သူ သိပ်ချစ်သည်။ နှင်းကလည်း သူ့အချစ်တွေကို လက်ခံ ခဲ့ပြီးပြီ။ သူတို့နှစ်ဦးရှေ့ရေးက ပြောစရာမရှိအောင် သာယာဖြောင့်ဖြူးနေ လိမ့်မည်ဟု တရားသေ မှတ်ယူထားချက်က ယခုလို သွေဖည်စရာ ရှိလိမ့် မည်ဟု မထင်မိခဲ့။

ပျောက်ကွယ်သွားတဲ့ လ အပိုင်းအခြားကာလမှာ နှင်းအတွက် သူ ဘယ်လောက်ထိ ပူပန်ခဲ့ရသလဲဆိုတာ သူကိုယ်တိုင်ပဲ သိနေသည်ကိုး။ နှင်းကို မထင်မှတ်ဘဲ ပြန်တွေ့ချိန်မှာ နှင်းက သူစိမ်းတစ်ယောက်ကို ရွေးချယ်လုဆဲဆဲအချိန်လေး ကပ်ပြီး သိခဲ့ရတာလေ၊ ကံကောင်းလို့ သူ့ နှလုံးသား အလုမခံလိုက်ရတာပါလား။ အားတော့နာပါတယ် ဒေါက်တာ ရယ်၊ နှလုံးသားစစ်ပွဲတစ်ခုမှာ အနိုင်ရတဲ့ သူရဲကောင်းတစ်ယောက်လို ဂုဏ်ကြွားပါရစေနော် ...။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"ဟင် !"

သူ အလန့်တကြားဖြစ်ပြီး လှည့်ကြည့်စဉ် ဖော်မင်းခန့်ကို တွေ့လိုက်ရ၍ မျက်နှာပူသွားရပါ၏။ ပြဿနာပဲ၊ သူတို့ပြောတာတွေကို ကြားသွားပြီထင်ပါရဲ့၊ အားနာလိုက်တာ၊ ဘယ်လိုမှ မျိုသိပ်မရလို့ သူငယ်ချင်းတွေရှေ့ ပွင့်အန်ချမိတဲ့ ရင်ထဲက စကားလုံးတွေပါ ညီရယ် ...။

"ဘဘက ခဏနေ လာခဲ့မယ်တဲ့၊ နှင်းကို တစ်ခါတည်း ပြန်ခေါ်သွားတော့မှာမို့ အန်တီ့ကိုလဲ တွေ့ချင်တယ်လို့ ပြောပါတယ်"

"မေမေ ကိုယ့်အတွက် ထမင်းချိုင့်လာပို့တော့မှာပါ ညီ၊ တွေ့သွားမှာပါ"

"နှင်းကို ပြုစုစောင့်ရှောက်ပေးထားတဲ့အတွက် ဘဘရော ကျွန်တော်ပါ အစ်ကိုတို့သားအမိကို သိပ်ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးကို ဘယ်လိုပြန်ဆပ်လို့မှမရမှန်း ကျွန်တော် သိနေပါတယ်၊ ဒါပေမယ့် ..."

"ထားလိုက်ပါ ညီ၊ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ အားလုံး နေမြဲအတိုင်း ပြန်ဖြစ်သွားတာပါ၊ ခေါင်းထဲထည့်မနေပါနဲ့"

"ကျွန်တော် အစ်ကို့ကို နားလည်ပါတယ်"

ရိုဝေဝေအကြည့်တို့ဖြင့် ဖော်မင်းခန့်ကို သူ ကြည့်လိုက်မိ၏။ နားလည်မှုကိုယ်စီရှိနေတာ မိနဲ့ညီကြားမှာပါ ညီရယ်၊ ငယ်စဉ်ကတည်းက နှောင်တွယ်လာခဲ့တဲ့ချစ်ခြင်းတွေကို မခီနိုင်ပေမယ့် မိအပေါ်မှာ ဒီထက်မလျော့ပါးတဲ့ ချစ်ခြင်းမျိုးနဲ့ ကိုယ် မြတ်မြတ်နိုးနိုးချစ်မိခဲ့တာကို ဘယ်သူ ယုံကြည်ပေးမှာတဲ့လဲ။ တစ်ခြမ်းပဲ့နေတဲ့ နှလုံးသားမှာ အချစ်စစ်စစ်မရှိနိုင်ဘူးလို့ ဘယ်သူတွေကများ စွပ်စွဲဦးမှာလဲ၊ ယှဉ်ပြိုင်ရင် မနိုင်နိုင်ဘူးလို့ တရားသေ





စွဲချက်တော့ မတင်ကြပါနဲ့။

အချစ်မှာ မတရားတာမရှိဘူးတဲ့။ ကိုယ်က စစ်ပွဲကို ယှဉ်ပြိုင်ခွင့်မရခဲ့ အလွယ်တကူအရှုံးပေးခဲ့ရတဲ့လူတစ်ယောက်ပါလေ။ နောက်ကျခဲ့ရတဲ့ လူတစ်ယောက်အတွက် နောက်ကောက်ကျတယ်ဆိုတာ မဆန်းကြယ်လှပါဘူး မိရယ်၊ တဒင်္ဂလေးမှာပဲဖြစ်ဖြစ် မိ ခေါင်းညိတ်ခဲ့တဲ့ချစ်ခြင်းတွေကို အိပ်မက်တစ်ခုအဖြစ် ရောက်ခဲ့ရရင်လည်း အဲဒီအိပ်မက်ထဲမှာပဲ မနိုးတမ်း ကိုယ် မက်နေခွင့်ရပါရစေတော့။

"နှင်း ပြန်လာခဲ့မှာပါ နန်းမွန်ရဲ့၊ ဒီကိုလျှောက်ထားတဲ့အလုပ်မို့ ဒီမှာပဲ တာဝန်ကျမှာလေ၊ မငိုပါနဲ့"

"နန်းက နှင်းအတွက် ဘာတစ်ခုမှလုပ်မပေးနိုင်ခဲ့တာကို ဝမ်းနည်းမိလို့ ငိုတာပါဟယ်"

"အခု နှင်း နေပြန်ကောင်းနေပြီပဲဟယ်၊ စိတ်တွေပူမနေပါနဲ့တော့၊ ဒီတစ်ခါ နှင်း လာရင် နန်းမွန်ဆီ Phone ကြိုဆက်မှာပါ"

"နန်း ကားဂိတ်မှာ လာကြိုစောင့်နေပါ့မယ် နှင်းရယ်"

အခန်းထဲမှာ အလွမ်းသယ်နေကြသည့် သူငယ်ချင်းနှစ်ဦးကို ကြည့်၍ သူရော ဖော်မင်းခန့်ပါ သက်ပြင်းကျိတ်ရှိုက်လိုက်ကြ၏။ ခဏအကြာမှာ အခန်းထဲသို့ ဘဘနှင့် မေမေ ဝင်လာသဖြင့် သူ ရင်မောသွားရသည်။ မိကို သူ နှုတ်မဆက်လိုပါ။ ခွဲခွာစကားကိုလည်း မပြောချင်ပါ။ သူ့စိတ်ကို သူသာသိသည်လေ။

"သမီးလေး ..."

မေမေ့ထံမှ တုန်တုန်ယင်ယင်အသံလေးထွက်လာတော့ သူမ မော့ကြည့်လေ၏။ တည်ကြည်ခန့်ချောသည့် အန်တီကြီးကို အငေးသားကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိလေသည်။

"နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ရှင့်"

"သမီး ဒါ သမီးကို ပြုစုစောင့်ရှောက်ထားပေးတဲ့ ဆရာမကြီးတို့ သား အမီလေ၊ ဒေါ်စမ်းသီတာနဲ့ ဒေါက်တာနေဝန်းနီ တဲ့"

"ဟုတ် ... ဟုတ်ကဲ့၊ ဟိုလေ... ကြီးမေကို နှင်း မမှတ်မိတာ တောင်းပန်ပါတယ်နော်"

"ရပါတယ် သမီးရယ်၊ သမီး နေပြန်ကောင်းတာပဲ ကြီးမေ ဝမ်းသာလှပါပြီ"

"နှင်း ကြီးမေတို့ကို ကန်တော့ပါရစေ"

သူမ ခုတင်ထက်မှဆင်း၍ လက်အုပ်ချီတော့ သူက ခြေလှမ်းကို နောက်သို့ဆုတ်လိုက်ပါ၏။

"ကြီးမေက သမီးရဲ့ ကျေးဇူးရှင်မဟုတ်ပါဘူး မိရယ်၊ သမီးရဲ့ ကိုကြီးက သေလုမြောပါးဖြစ်လာတဲ့ သမီးရဲ့ အသက်ကို အချိန်မီ ကယ်တင်ပေးခဲ့တဲ့သူပါ"

'ကိုကြီး' တဲ့လား။ ဒီနာမည်မျိုးကို ရင်းနှီးနေသလိုပါပဲ။ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်စဉ် သူက မျက်နှာကိုလွှဲ၍ အခန်းထဲမှထွက်သွားရန် ပြင်လိုက်လေ၏။

"အစ်ကို"

"ကိုယ် duty ဝင်တော့မယ် ညီ"

သူ့လက်မောင်းကိုဆွဲထားသည့် ဇော်မင်းခန့်ကြောင့် ရန်းလိုက်မိပါ၏။

"ခဏလေးတော့စောင့်ပါဦးလား၊ ဒေါက်တာနေဝန်းနီ၊ ဘဘတို့ရဲ့





ကျေးဇူးစကားလေးကိုတော့ ကျေးဇူးပြုပြီး နားထောင်သွားပါဦးလား"

"နေပါစေတော့ ဘဘရယ်၊ ကျွန်တော် ဘာကိုမှမျှော်ကိုးပြီး ကူညီခဲ့တာ မဟုတ်ပါဘူး။ လူနာတစ်ယောက်အပေါ် ဖြူစင်တဲ့စေတနာမျိုးနဲ့ ကုသပေးခဲ့တာပါ၊ ဒီလောက်ပါပဲ"

"ဘာပဲဖြစ်ဖြစ် နေပေးလိုက်ပါ သားရယ်"

မေမေပါတားနေပြီမို့ သူ ခြေလှမ်းကိုရပ်လိုက်ရပါ၏။ ဇော်မင်းခန့်က သူ့လက်မောင်းကို ဆွဲခေါ် လိုက်သဖြင့် သူမ ရှေ့သို့ပြန်ရောက်သွားရလေသည်။ သူမက ရိုသေညွှတ်တွားစွာဖြင့် လက်အုပ်ချီကန်တော့လေ၏။ မေမေ့ထံမှ ဆုပေးသံသဲ့သဲ့ထွက်လာပါသည်။

"သာဓု ... သာဓု ... သာဓုပါ သမီးရယ်၊ ကျေးဇူးသိတတ်ပြီး လူကြီးတွေကို ရိုသေကိုင်းရှိုင်းတဲ့အသိတရားကြောင့် သမီးရဲ့ဘဝလမ်းမှာ ခလုတ်မထိ ဆူးမငြိဘဲ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒတွေ တစ်လုံးတစ်ဝ တည်းပြည့်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ရွှင်လန်းချမ်းမြေ့ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ရပါစေ ကြီးမေ"

ဘာတစ်ခုမှမပြောဘဲ ခြေထောက်အစုံကိုသာ ငုငိုင်ငိုင်ကြီးကြည့်နေသည့် သူ့ကို သူမ မော့ကြည့်လိုက်စဉ် ကြီးမေက သူ့ကို လက်တို့လိုက်လေသည်။

"သား တစ်ခုခုတော့ ပြောလိုက်ဦးလေ"

"ပြောစရာမှမရှိတော့တာဘဲ၊ မေမေပြောတာ အားလုံး ပြည့်စုံပါတယ်"

"သားကလဲလေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမော့ကြည့်နေသည့်မျက်ဝန်းနက်လေးတွေကို ပြန်စိုက်ကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းလာမိသည်။ ဒီမျက်ဝန်းလေးတွေက စပြီး သူ ချွဲလမ်းခဲ့မိတာ၊ အခုတော့ ဒီမျက်ဝန်းလေးတွေကို သူ မေ့ပစ်ရတော့မှာပါလား။ မိရယ် ... တစ်ခုလပ်ဆိုတဲ့ အရိပ်မည်းကြီး အုပ်မိုးထားတဲ့ ကိုယ့်လို လူတစ်ယောက်အတွက် မိလို အပျိုစင်လေးတစ်ယောက်ရဲ့ အချစ်နဲ့ မထိုက်တန်ဘူးဆိုတာ ကိုယ် သိနေပါတယ်၊ ဒါပေမယ့် ပိုင်ဆိုင်ခဲ့ဖူးတဲ့ ချစ်ခြင်းကို ဘယ်သူက စွန့်ပစ်ရက်မှာတဲ့လဲ၊ မိကိုချစ်ခဲ့တဲ့ ချစ်ခြင်းတွေက ပိုင်ဆိုင်ရယူလိုခြင်းမဟုတ်တဲ့ ချစ်ခြင်းတွေပါကွယ်။

လုံးဝ မမှတ်မိတော့ဘူးပေါ့။ ကောင်းပါတယ်၊ ကိုယ်တို့သားအမိကို မှတ်မိနေရင် စိတ်မကောင်းဖြစ်ပြီး မိ ဝမ်းနည်းမှာလေ၊ ကိုယ်နဲ့ စတွေ့စဉ် တုန်းက မြင်ခဲ့ရတဲ့ မျက်ရည်တွေနဲ့ မိကို မမြင်ချင်တော့တာ ရင်ထဲက စေတနာသက်သက်ပါကွယ်၊ နံဘေးရှိ မေမေ့ထံမှ ရှိုက်သံသဲ့သဲ့မျှ ထွက်လာလေ၏။ မေမေ ဝမ်းနည်းစိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျနေပြီကော မိရယ်၊ ကိုယ်ကရော ယောက်ျားတန်မယ့် ငိုချင်စိတ်ကို အောင့်အည်း ထိန်းချုပ်ထားရတာက ပိုပြီး အခံရခက်စေတာက အမှန်ပါလေ။

"သား ..."

သူက သူမခေါင်းလေးပေါ် လက်ဖြင့်အသာပွတ်သပ်ပေးလျက် တီးတိုး ပြောလိုက်မိပါသည်။

"ဘဝတစ်လျှောက် မိ ထာဝရပျော်ရွှင်နိုင်ပါစေကွယ်"

ပြောပြီးသည်နှင့် ဆတ်ခနဲကျောခိုင်းထွက်လာခဲ့သော ဒေါက်တာ နေဝန်းနီ၏မျက်ဝန်းမှ စီးကျလာသည့် မျက်ရည်စတွေကိုတော့ ဘယ်သူမှ မတွေ့လိုက်ပါချေ။ ဘယ်အချိန်ထိများ ဒီမျက်ရည်တွေ ကျနေဦးမှာလဲ၊





သေချာတာတစ်ခုကတော့ အရင်က သိပ်မုန်းတီးစက်ဆုပ်နေမိခဲ့တဲ့ ဒီမျက်ရည်တွေကို အမြတ်တနိုးချစ်တတ်လာခဲ့တာ မင်းကြောင့်ဆိုတာကို သိစေချင်ပါရဲ့ မိရယ် .....



www.burmeseclassic.com

www.burmeseclassic.com



သုံးလကြာပြီးနောက် ...

**Love is like a war easy to begin but very hard to stop.**

**(H.L Mencken)**

အချစ်ဆိုတာ စစ်ပွဲတစ်ခုနဲ့တူပါတယ်။ ဧ့ဖို့ လွယ်ကူပေမယ့် အဆုံးသတ်ဖို့ အလွန်ခက်ခဲလွန်းတယ်လေ ...

(အိတ်ချ်အလယ်လ် မင့်ကင်န်)





[ ၂၅ ]

ဆေးရုံပေါ်တက်လာသည့် သူ့ကို ဆေးကုဖော် ဆရာဝန်တွေ၊ Nurse တွေ ပြုံးပြနေသဖြင့် သူ အလိုက်သင့်ပြန်ပြုံးပြလိုက်ပါ၏။ သူ့အပြုံး အသက်မပါမှန်း သူ သိနေပေမယ့် ဘာမှ မတတ်နိုင်ပါချေ။ ရုံးခန်းထဲ လက်မှတ်ထိုးကာ Operation ဝင်ရမှာမို့ ဗေစင်မှာ လက်ဆေးတော့ မှန်ထဲမှ သူ့ပုံရိပ်ကို သူ မြင်ရလေ၏။ ကြည့်စမ်းပါဦး။ မှန် သေချာမကြည့်ဖြစ်တာ တော်တော်ကြာနေပြီပဲ၊ ရှိရင်းစွဲအသက်ထက် ပိုကြီးအိုစာသွားသည့်ရုပ်ကြောင့် သူ ငိုင်သွားရပါ၏။

**"Good morning doctor "**

**"Morning** ပါ စွေတာ"

ဒီမနက် **Nurse** အသစ် လေးတစ်ယောက် အလုပ်စဝင်ပါတယ် ဒေါက်တာ၊ သုံးဦးက ဒီတောင်ကြီးကပါပဲ၊ တစ်ယောက်ကတော့ ရန်ကုန်ကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

"အားလုံးနဲ့ မိတ်ဆက်ပေးလို့ပြီးပါပြီ ဒေါက်တာပဲ ကျန်ပါတော့တယ်"

"တကူးတကကြီးလုပ်မနေပါနဲ့ စန္ဒာရယ်၊ နောက်လဲ အတူတူ အလုပ်လုပ်ကြရမယ့်သူတွေပဲဟာ"

"ဟုတ်ပါတယ်"

"Ascending cloug (အူအတက်) Operation လုပ်မယ့်လူနာ အဆင်သင့်ဖြစ်ပြီလား စန္ဒာ"

"Nurse drip ချိတ်ပေးထားတယ် ဒေါက်တာ၊ (၁၀)မိလောက်ဆို ခွဲလို့ရပါပြီ"

"ကျွန်တော်နဲ့တွဲမယ့်သူက ဘယ်သူလဲ"

"ဒေါက်တာဇော်မင်းခန့်ရယ်၊ Nurse နန်းမွေးရယ်၊ အသစ် တစ်ယောက်ရယ်ပါ"

"ဟုတ်ကဲ့"

သူ လူနာကိုသွားကြည့်စဉ် Nurse နန်းမွေးက လူနာဘေးမှာ ရှိနေပါ၏။

"Pressure တွေ အားလုံး Ok လား မွေးရေ ..."

"Ok ပါတယ် ဒေါက်တာ၊ အူအတက်မပုပ်ခင် ကြိုရောက်လာတဲ့ patient မို့ စိတ်ချရပါတယ်၊ အဝတ်လဲတော့မလားရှင်"

"ရပါတယ်၊ အားလုံးပြီးမှ အတူတူဝင်ကြမယ်လေ"

"အခုလေးတင်ပဲ ဒေါက်တာဇော်မင်းခန့်နဲ့ အသစ်တစ်ယောက် ဝင်သွားတာပါ ဒေါက်တာရဲ့"

"ဩော် ... ပြီးရောလေ"





သူလည်း ခွဲခန်းထဲဝင်ရန် အသင့်ပြင်ချင်တာမို့ ပိုးသတ်ဝတ်စုံခန်းထဲ ဝင်လိုက်စဉ် ဒေါက်တာဇော်မင်းခန့်ကို ဝတ်စုံဝတ်ပေးနေသည့် Nurse အသစ်လေးကို ကျောပေးသည့်အနေအထားဖြင့် သူ မြင်လိုက်ရပါ၏။

"ဟော! အစ်ကိုတောင်ရောက်ပြီပဲ၊ ဝတ်စုံ ကူဝတ်ပေးလိုက်ပါဦး နှင်းရယ်"

ဟင်! သူ အံ့ဩသွားရပါ၏။ သူ့ဘက်လှည့်ကြည့်လာသည့်မျက်ဝန်းလေးတစ်စုံကြောင့် ရင်ထဲမှ ထိတ်ခနဲဖြစ်သွားမိတာကို ဥပေက္ခာပြုလိုက်ရလေသည်။

"နေနေ ကိုယ့်ဟာကိုယ်ပဲ ဝတ်လိုက်ပါ့မယ် ညီ"

"အစ်ကိုကလဲ မဟုတ်တာ"

သူ ဝတ်စုံကို နောက်ကျောဘက် ကြိုးချည်စဉ် လက်လေးနှစ်ဖက်လာကိုင်တာနှင့်ထိသွားတာမို့ လက်ကိုလွှတ်ပေးလိုက်ရပါ၏။ မလိုတော့ပါဘူး မိရယ်။ ဝေးလက်စနဲ့ ဝေးပါပြီလို့ ကိုယ် ထင်ထားပါလျက် ကိုယ်နဲ့ အနီးဆုံးမြင်သာတဲ့နေရာကိုမှ ပြန်ရောက်လာရသတဲ့လား၊ ဒီလိုသာ နေ့တိုင်း တွေ့နေရရင် ကိုယ့်နှလုံးသားက ခံနိုင်ရည်ရှိမယ်မထင်တော့ဘူးဆိုတာ မိ မသိဘူးတဲ့လားကွယ်။ မိနဲ့ညီတို့ တွဲပြီး အလုပ်လုပ်နေမြင်ကွင်းမျိုးကို ကိုယ် ဘယ်အချိန်ထိ သည်းခံပြီးကြည့်နေနိုင်မှာလဲ။ အချစ်ဆိုတာ ဝန်တိုခြင်းတဲ့၊ ကိုယ့်ရင်ထဲမှာ မဇ္ဈရိယတွေပေါက်ဖွားလာရင် ကိုယ့်စိတ်ကို ဘယ်လိုလုပ်ပြီး ချွန်းအုပ်ရမှာလဲ။

"အားလုံး ready ဖြစ်ပါပြီ ဒေါက်တာ"

သူ အခန်းထဲမှထွက်ရန်ပြင်လိုက်ပြီးမှ ပြန်လှည့်ပြောလိုက်ရပါ၏။

"သွေးမြင်လို့မူးတတ်ရင် Theatre ထဲ သူ့ကို မခေါ်ပါနဲ့လား ညီ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်နဲ့ change လိုက်ပါလား"

"စစ္စတာ plan ချပြီးသားဖြစ်နေလို့ပါ အစ်ကို၊ ပြီးတော့ Experience လဲ ရစေချင်လို့ပါ"

"ညီသဘောပဲလေ၊ Anaesthetsst (မေ့ဆေးဆရာဝန်)ရော ..."

"ready ပါ ဒေါက်တာ"

"Ok ... သွားစို့"

ခွဲခန်းထဲမှာ လိုအပ်သည့်ပစ္စည်းတွေကို တစ်ခုချင်းယူပေးနေသည့် နန်းမွေး။ ခွဲစိတ်ဓားဖြင့် ကျွမ်းကျင်စွာခွဲစိတ်ကုသပေးနေသည့် သူ။ ဘေးနားမှာ ဝိုင်းကူပေးနေသည့် ကိုကိုတို့ကို သူမ အားကျစွာဖြင့် ကြည့်နေမိ၏။ တော်လိုက်တာနော်၊ နာရီပိုင်းလေးအတွင်းမှာ အလုပ်ကို ကျွမ်းကျင်စွာ လုပ်တတ်တာပါလား။

အလုပ်ပြီးသွားမှ သူ သက်ပြင်းချလိုက်လေ၏။ နဖူးမှာ စိုသီလာသည့် ချွေးဥတို့ကို နန်းမွေး သုတ်ပေးရန်ပြင်တာကို ခေါင်းခါ၍ တားလိုက်ပါ၏။ လက်အိတ်ချွတ်ကာ လက်ဆေးတော့ ဇော်မင်းခန့်က patient ကို special room ဘက်တွန်း၍ခေါ်သွားလေသည်။

"ဒေါက်တာ ..."

သူ့နောက်မှာရပ်၍ခေါ်လိုက်သည့် သူမကို မှန်ထဲမှတစ်ဆင့် ကြည့်လိုက်မိ၏။ ခွဲခန်းဝတ်စုံကိုချွတ်ပြီးပြီမို့ Nurse uniform လေးဖြင့် သန့်ပြန့်နေသည့် သူမအလှကို ငေးခနဲဖြစ်သွားရလေသည်။

"နှင်းအပေါ် ဘာအလိုမကျတာများရှိနေလို့လဲဟင်"

"ဘာကိုဆိုလိုတာလဲ မိရဲ့၊ ကျွတ်! sorry... ငွေနှင်းဖြူ"

"နှင်းကို ခွဲခန်းထဲမခေါ်ချင်တာကို ပြောတာပါ"





"ဪ... အတွေ့အကြုံမရှိတဲ့လူအတွက် သွေးမြင်ရင် လန့်တတ်တယ်လေ၊ ပြီးတော့ ဟိုတစ်ခါတုန်းက မင်း မူးလဲခဲ့တာကို ကိုယ် အမှတ်ရသွားလို့ပါ"

ငွေနှင်းဖြူတဲ့... မင်းတဲ့လား ...၊ မနန်းမွေးတို့ကိုတော့ တခြားဆရာဝန်တွေ ခေါ်သလို အဖျားဆွတ်ခေါ်ပါလျက် သူမအပေါ်မှာ စိမ်းကားနေသလိုပါပဲလားလေ။

"နှင်းက သွေးမြင်ရင်မူးတတ်တာ ဒေါက်တာ သိနေတာပေါ့နော်"

ဗေစင်မှာ လက်ထောက်ထားရာမှ သူ ခါးဆန့်ရပ်လိုက်ပါ၏။ မချွတ်ရသေးသည့်ဝတ်စုံကို ချွတ်ရန် ပြင်တော့ သူမက ဝိုင်းကူဖြုတ်ပေးပြန်သည်။

"နေပါစေ ရတယ်"

"နှင်းကို စိမ်းသလိုပဲနော်၊ ဒေါက်တာ မမွေးတို့နဲ့ဆက်ဆံသလိုမျိုး မဟုတ်ဘူး"

"ထင်လို့ပါ"

"နှင်း ... နှင်း ... မေ့လျော့နေခဲ့တဲ့ အချိန်ကာလတွေမှာ ဒေါက်တာ တို့အပေါ် အတော့်ကို ဆိုးခဲ့သေးလားဟင်"

သူ တွေတွေကြီးစိုက်ကြည့်နေတာကို သူမ ပြန်မော့ကြည့်နေလေ၏။ ဘာဖြစ်လို့ အစပြန်ဖော်ချင်ရတာလဲ မိရယ်၊ ကိုယ် တမင်မေ့ထားပါရစေလား၊ ဒီအကြောင်းတွေ ပြန်စဉ်းစားမိရင် ကိုယ့်အသည်း ဆတ်ဆတ်ခါ နာကျင်ရလွန်းလို့ပါကွယ်၊ တကယ်တမ်း အနိုင်ကျင့်ဆိုးသွမ်းဖိုလ်ကျခဲ့တဲ့ လူက ကိုယ်ကိုယ်တိုင် ဖြစ်နေခဲ့တာမို့ပါ။

"မသိချင်ပါနဲ့တော့ ငွေနှင်းဖြူ၊ မေ့လျော့လက်စနဲ့ မေ့ထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း တကယ်စိတ်မကောင်းဖြစ်ရပါတယ် ဒေါက်တာ၊ နှင်းအပေါ် စိတ်မခုရင် နှင်းရဲ့နာမည်အရှည်ကို ဒီလိုမျိုး ဒေါက်တာခေါ်မှာမဟုတ်ဘူးလေ"

"နာမည်က အရေးမကြီးပါဘူး"

"ဒေါက်တာ့အတွက်တော့ ဟုတ်မှာပေါ့။ ဒါပေမယ့် နှင်းရဲ့နားထဲမှာတော့ အခံရခက်သလိုပဲ၊ နှင်းအပေါ်မှာ ဒီလိုမျိုး ဘယ်သူမှခေါ်ခဲ့တာမျိုး မရှိလို့ပါ"

"မင်း မကြိုက်ရင် ကိုယ် တောင်းပန်ပါတယ်"

သူပြောပြီးလှည့်ထွက်စဉ် အခန်းထဲဝင်လာသည့် ဇော်မင်းခန့်နှင့် တန်းတိုးလေ၏။

"ဩော် ... နှင်းက ဒီထဲမှာကိုး"

သူ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွားရလေ၏။ ညီ မျက်ဝန်းတွေက သူနှင့်သူမကို မေးခွန်းတွေများစွာ ပြည့်နှက်သည့်အကြည့်တွေနဲ့ ကြည့်လိုက်တာကိုး။ သံသယမဝင်ပါနဲ့ ညီ၊ ကိုယ်တို့ ရိုးသားကြပါတယ်ကွာ။

"ဘာတွေပြောနေလို့လဲ နှင်း၊ နှစ်ယောက်စလုံး မျက်နှာလဲမကောင်းကြဘူး"

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး ကိုကို"

"ကိုယ့်အပေါ်မှာ ဖုံးကွယ်ချင်တာမျိုးရှိနေပြီလား နှင်းရယ်"

"နှင်းနဲ့ဒေါက်တာ့ကြားမှာ ဘာမှထွေထွေထူးထူး ပြောစရာမှမရှိဘဲ"

"နှင်းဘက်က မရှိပေမယ့် သူ့ဘက်က ရှိချင်ရှိနေမှာပေါ့"

"ကိုကို ဘာကိုဆိုလိုတာလဲဟင်"

"ဘာမှမဟုတ်တော့ဘူး။ လာ ထမင်းစားချိန်ရောက်နေပြီ သွားစားကြ





စို့"

ကိုကို ခြေလှမ်းစ,လိုက်ပေမယ့် သူမက ရပ်မြဲရပ်နေသဖြင့် ပြန်လှည့်ကြည့်လာလေသည်။

"ဘာဖြစ်ပြန်ပြီလဲ နှင်းရယ်"

"ကိုကို နှင်းကို မယုံဘူးလားဟင်"

"ဟော! ဖြစ်ပြန်ပြီ တစ်မျိုး"

"ဟုတ်တယ်လေ၊ အခန်းထဲဝင်လာလာချင်း ကိုကို့အကြည့်တွေကို နှင်း သိနေတယ်၊ ဒေါက်တာနဲ့ နှင်းကို တစ်မျိုးမြင်နေသလိုပဲ၊ နှင်း က ဒီနေ့မှ အလုပ်စ,ဆင်းတဲ့သူပါ"

"ကိုယ် ဘာပြောမိလို့လဲကွာ"

"နှုတ်ကမပြောပေမယ့် ကိုကို့အကြည့်တွေကို နှင်း နားလည်တယ်လေ"

"တော်ပြီ တော်ပြီ၊ သူနဲ့ပတ်သက်ပြီး နှင်းနဲ့ ကိုယ် ပြဿနာမဖြစ်ချင်ဘူး"

"တွေ့လား၊ ကိုကို ဒီလိုပြောကတည်းက ဒေါက်တာ့အပေါ်မှာ စိတ်ခုနေသလိုချည်းဖြစ်နေတာ"

ဇော်မင်းခန့် သက်ပြင်းကိုသာချလိုက်မိ၏။ နှင်းတော့ သူ ရင်ပူနေတာကို မရိပ်မိဘဲ တလွဲတွေထင်နေပါရောလား ...။

"ပြီးတော့ ... ပြီးတော့ ဒေါက်တာကလဲ နှင်းအပေါ် ထိုက်သင့်တဲ့ ရင်းနှီးခင်မင်မှုမျိုး မရှိဘူး"

"ဟင် !"

ဘုရားရေ... နှင်းတော့ မေ့နေတဲ့ကာလအပိုင်းအခြားကိုများ သတိရ



www.burmeseclassic.com

www.burmeseclassic.com



• ပြုနေပြီလား ဒုက္ခပါပဲ၊ ဒေါက်တာနေဝန်းနီဘက်က အလိုက်တသိ ဆင်ခြင်နေပါလျက် ဒီကိစ္စတွေကို နှင်း ပြန်အမှတ်ရလျှင်ဖြင့် ဖြေရှင်းရခက်ချေပြီ။

"နှင်းကို ဒီလိုဆက်ဆံတာ စိတ်ထဲမှာ အခံရခက်တယ်၊ အားလုံးအပေါ် တရင်းတနှီးခေါ်ပြောပေမယ့် နှင်းအပေါ် သိပ်သူစိမ်းဆန်သလိုပဲ"

"နှင်း !"

"ကိုကို နှင်းကိုရှုမှာလားဟင်၊ နှင်းက နှင်း ခံစားနေရတာကို ဖွင့်ပြောလိုက်တဲ့သဘောမျိုးပါ"

"နှင်းရယ် ..."

သူ နှင်းကို ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်မိပါ၏။ ငယ်စဉ်ကတည်းက ချည်နှောင်လာခဲ့တဲ့ သံယောဇဉ်ကြိုးက ဖြတ်တောက်ရအခက်ဆုံးဆိုရင်တော့ ဘာမှန်း သေသေချာချာမမှတ်မိနိုင်တဲ့ လူတစ်ယောက်ကို နှင်းစိတ်ထဲ ထည့်ထားတာပါလား၊ ဘယ်လိုလုပ်ရပ့်။

"ဟင်းဟင်းဟင်း ဒေါက်တာက အိမ်ရှင်မ မရှိပေမယ့် အမေကိုယ်တိုင်ချက်ကျွေးတာဆိုတော့ ထမင်းစားမကောင်းတဲ့နေ့ရယ်လို့ ရှိပုံမလားရှင့်"

"မေမေက ကျွန်တော့်တစ်ယောက်တည်းအတွက်ပဲ ထည့်ပေးတာမှမဟုတ်ဘဲ စရွတာရယ်၊ အားလုံး စားလို့ရပါတယ်"

"ကျွန်မက ဒေါက်တာ ကုသိုလ်ကံကောင်းတာကို အားကျမိလို့ပါရှင့်"

"ကံကောင်းတယ်ဆိုတာ ကျွန်တော့်ဘဝမှာ ဘယ်တုန်းကများ ရှိခဲ့လို့လဲ စရွတာရယ်"

အခန်းထဲဝင်လာသည့် ဇော်မင်းခန့်နှင့် သူမကြောင့် ပြောလက်စစကားက ရပ်သွားလေ၏။ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ကြတာမို့





သူ မျက်နှာပူသွားရသည်။

"ဒီတစ်ခါ ကိုကိုနှောင်တို့ လာလည်ကြရင် နန်းမွန်လဲ ဒေါက်တာ့အိမ်လိုက်ခဲ့မယ်နော်"

"လာခဲ့ပါဗျာ၊ ကျွန်တော့်မေမေက ဧည့်သည်မျှော်နေတတ်တဲ့လူပါ"

"ဪ ... ဒါဖြင့် ဒေါက်တာကတော့ မမျှော်ဘူးပေါ့လေ"

"စရွတာကလဲ ဘယ့်နှယ် အဓိပ္ပါယ်နဲ့လိုက်မ,နေရတာလဲ၊ ကျွန်တော်က ဧည့်သည်တွေကို ဧည့်မခံတတ်တော့ အားနာလို့ပါဗျာ"

ရယ်သံတွေ ထွက်လာကြ၏။ သူမတို့နှစ်ယောက်ကို တစ်ချက်မျှမကြည့်ဘဲ ထမင်းကိုသာ ငုံ့ပြီးစားနေသည့် ဒေါက်တာနေဝန်းနီကို ငေးကြည့်နေမိ၏။ ဘေးနားမှ ကိုကို ကြည့်နေတာကို ဂရုမပြုမိသည့်အထိပါလေ။ မတွေ့မတန်ဘူးလို့ ယူဆထားလို့လား၊ နှင်းက တခြား Nurse တွေလို လွတ်လပ်သူမဟုတ်ဘဲ လက်ရှိချစ်သူရှိနေလို့များ အခုလို ဆက်ဆံရသလား ရှင်ရယ် ...။

"ဒေါက်တာနေဝန်းနီ ထမင်းစားပြီးရင် လာခဲ့ပါဦးလို့ ဆေးရုံအုပ်ကြီးမှာလိုက်ပါတယ်"

"Thanks ပါ နီနီ"

"ဘာကိစ္စလဲ ဒေါက်တာ"

"Personal ပါ စရွတာ"

"ကျွန်မတို့မသိအောင်တော့ အလုပ်ထွက်ဖို့မဟုတ်ဘူးမို့လား"

"အာ ... စရွတာကလဲ ..."

သူ ကွက်ခနဲ မျက်နှာပျက်သွားတာမြင်တော့ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရလေ၏။ သူမက နှုတ်ခမ်းလေးဟလျက် ကြည့်နေပါလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော! ဒါဆို သေချာပြီထင်တယ်"

"မေမေ့ဆန္ဒအရပါ"

"မဖြစ်နိုင်တာ၊ အန်တီက သား ဆရာဝန်အတွက် အမြဲဂုဏ်ယူနေတဲ့ မိခင်တစ်ယောက်ပါ၊ ဒါမျိုးခွင့်ပြုမှာမဟုတ်ပါဘူး။ သေချာတိုင်ပင်ပါဦး"

သူက ခေါင်းကိုသာ ရမ်းပြလိုက်ပြီး ချိုင့်ဆေးရန် ဗေစင်ရှိရာဆီ ထ, ထွက်သွားလေ၏။ ဘာကြောင့်လဲ၊ နှင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားလို့များလား။ ဖြစ်နိုင်တာပေါ့၊ ဒီလောက်အချိန်အကြာကြီး အလုပ်ဝင်ခဲ့တဲ့လူက ချက်ချင်းကြီးထွက်စာတင်ရတယ်လို့၊ သူ ဆေးရုံအုပ်ကြီးခန်းထဲဝင်သွားတာမို့ သူမ ထ,ရပ်လိုက်လေ၏။

"နှင်း ဘယ်လဲ"

"တော်ပြီ"

"ဘာမှလဲ သိပ်မစားဘဲနဲ့"

ဗေစင်မှာထ,ဆေးရင်း ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးနေမိသည်။ သေချာပြီလား၊ သူမ သိချင်နေမိ၏။ သူ အလုပ်ထွက်သွားမှာကို သူမ ဘာကြောင့်များစိုးရိမ်မိတာပါလိမ့်၊ ထူးဆန်းလှချည်လား၊ ဒါ ဘယ်လိုဖြစ်တာပါလဲ။

"သေချာစဉ်းစားပါဦးလား ဒေါက်တာ၊ ဆေးခန်းဖွင့်ချိန်ကို duty ရှောင်ပြီး ပေးထားပါလျက် ဒီလိုဆုံးဖြတ်ရတယ်လို့ ..."

"ကျွန်တော် ဆုံးဖြတ်ပြီးသားမို့ မပြင်ပါရစေနဲ့"

"ဒေါက်တာ့တွက်တော့ အလွယ်တကူပဲပေါ့၊ Operation လုပ်တိုင်း အောင်မြင်မှုရတာ၊ patient တွေအတွက် ဆေးသိပ်လိုက်တဲ့ဆရာဝန်





တစ်ယောက်ရဲ့နာမည်က ကျွန်တော်တို့ဆေးရုံမှာ ခုချိန်ထိ မွှေးနေတုန်းပါ။ စိတ်ထိခိုက်ပြီး နားမယ်ဆိုရင်လဲ အရင်တစ်ခါလိုပဲ ကျွန်တော် ခွင့်ပြုပေးပါ့မယ်၊ လုံးဝကြီးတော့ မထွက်လိုက်ပါနဲ့"

"ဒီဆေးရုံမှာ ကျွန်တော့်ထက်တော်တဲ့ တက်တဲ့ ဆရာဝန်တွေ အများကြီးရှိနေသားပဲဗျာ"

"အဲဒါကြောင့် ဒေါ်စမ်းသီတာက ပြောတာ၊ သူ့သားက ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိဘူးတဲ့၊ ကျွန်တော် ဒေါက်တာ့အမေနဲ့ လာတိုင်ပင်ကြည့်ပါဦးမယ်"

ကဲ! ဘာပြောလို့ရတော့မှာလဲ၊ ဆေးရုံအုပ်ကြီးကို အရိုအသေပေး၍ ရုံးခန်းထဲမှထွက်လိုက်စဉ် corridor မှာရပ်နေသည့် သူမကို မြင်လိုက်ရလေ၏။

"မိ ..."

ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားမိတာ အမှန်ပင်။ သူ့နှုတ်က ဤသို့ လွှတ်ခနဲခေါ် လိုက်မိတိုင်း သူမ ကျေနပ်သွားရတာ ဘာကြောင့်ပါလိမ့်။

"နှင်း ... ပြောစရာရှိလို့ပါ"

"ဘာပြောမလို့လဲ၊ ကိုယ်နဲ့မင်းကြားမှာ ဘာမှပြောစရာတွေ ရှိမနေဘူးလို့ထင်ပါတယ်"

"အဲဒီလိုပဲ ယူဆထားသလားဟင်"

မိရယ် ကိုယ့်ကို မျက်ရည်တွေဝေ့သီနေတဲ့ မျက်ဝန်းလေးတွေနဲ့ မကြည့်ပါနဲ့လား၊ မိ မျက်ရည်ကျတာကို ကိုယ် မြင်နိုင်စွမ်း မရှိလို့ပါ။

"နှင်း ... နှင်း ... သိနေပါတယ်၊ နှင်းကြောင့် ဒေါက်တာ စိတ်အနှောင့်အယှက်ဖြစ်နေရတယ်ဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်လိုက်တာ"

"မဆိုင်ရင် နှင်း ရောက်လာမှ ဒေါက်တာ ထွက်စာတင်စရာလား။ နှင်းကြောင့်မို့ ဒီလိုလုပ်ရတာပေါ့။ နှင်းနဲ့ မပတ်သက်ချင်ရင် ဒေါက်တာ ထွက်စာတင်စရာမလိုပါဘူး။ နှင်းပဲ ... နှင်းပဲ ..."

"ဟာ! မငိုရဘူးလေ၊ ဒုက္ခပါပဲ၊ သူများတွေမြင်သွားရင် တစ်မျိုးထင်တော့မှာပဲ မိရယ်၊ တိတ်ပါ"

"နှင်းက ... နှင်းက ဒေါက်တာ မသတီစရာကောင်းတဲ့ မိန်းမ တစ်ယောက်ဖြစ်နေလို့ အခုလို မတူသလို မတန်သလို ဆက်ဆံတာလား ဟင်"

"မဟုတ်ပါဘူး။ ကျွတ်! ပြဿနာပဲ"

သူ မည်သို့ချော့ရမှန်းမသိ ဗျာများနေစဉ် သူမက မျက်ရည်တွေကို ကျိတ်သုတ်လိုက်ပါ၏။ ဘာကိုမှန်းမသိဘဲ ဝမ်းနည်းပက်လက်ဖြစ်နေသည့် သူမကိုယ်သူမသာ အံ့ဩမိနေရလေသည်။

"နှင်း တောင်းပန်ပါရစေ"

"မလိုပါဘူး။ မိက ... အင်း ... နှင်းက အပြစ်ကျူးလွန်ထားတဲ့သူမှ မဟုတ်တာဘဲ၊ တောင်းပန်ဖို့မလိုပါဘူး"

"ဒါဆို အလုပ်မထွက်ပါနဲ့နော်"

"ကိုယ် ဆုံးဖြတ်ပြီးတဲ့ကိစ္စ ဖြစ်နေလို့ပါ"

"မပြင်နိုင်တော့ဘူးပေါ့"

"ခက်တာပဲ"

သူမမျက်ဝန်းမှ မျက်ရည်တွေ ထပ်ကျလာပြန်တာမို့ သူ့ရှေ့မှ မျက်နှာအပ်ကာ ပြေးထွက်ခဲ့လေ၏။ သူမကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့သည်





အကြင်နာမျက်ဝန်းတစ်စုံကိုဖြင့် မတွေ့လိုက်မိပါချေ။

xxxxxxxxxxxxxxxx

သမုဒယ ဆိုတာ...
သံယောဇဉ်၏ အစ
မြစ်ဖျားခံရာနေရာ...

မေတ္တာ ဆိုတာ ...
ချစ်ခြင်း၏ ရသ
အနက်ရှိုင်းဆုံးအရာ ...

တွယ်တာခြင်း ဆိုတာ ...
ချည်နှောင်မှုအနှစ်သာရ
နှိုင်းဆမရတဲ့အရာ ...

ကောင်မလေးရယ် ...
မထင်မှတ်ဘဲတွေ့
မထင်မှတ်ဘဲချစ်
မထင်မှတ်ဘဲထွက်ပြေး
ဘယ်ကမ္ဘာဆီ ဝေးပြီလဲ ...

မင်းမျက်ဝန်းလဲ့လဲ့လေးတွေရဲ့
ကြင်နာမှုပုံရိပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးပုံဖော်
ပျော်ခဲ့ရတဲ့ခဏ ...

အမှတ်မထင်ကွဲခဲ့ရတဲ့
အသည်းတစ်နေရာက
ဝေဒနာတွေကို
သနားသဖြင့်
ပြန်ကုစားပေးလှည့်ပါလား ...
ကိုယ့်နှလုံးသားထဲက
ကောင်မလေးရယ် ...





[ ၂၆ ]

တွေ့ခွင့်မရတော့ပါ။ ဆေးရုံကိုရောက်လာတိုင်း သူမကို စူးစူးနဲ့ကြည့်လေ့ရှိသည့် မျက်ဝန်းနက်တွေကို သတိရနေမိတာ ဘာကြောင့်ပါလဲ။ မျက်ရည်စက်လက်နှင့်ထားခဲ့တာ မှန်ပေမယ့် တကယ်တမ်း သူမ ပြောခဲ့တဲ့စကားတွေကို သူမှ လက်မခံခဲ့ဘဲ၊ တကယ်ပဲ ဒီဆေးရုံကို မလာတော့ဘူးပေါ့။

'မိ'လို့ ယောင်ပြီးတောင်မခေါ် ချင်တော့ဘူးလား။ ကိုကိုနဲ့ အတူယှဉ်တွဲလျှောက်လာတိုင်း ဖျတ်ခနဲလွှဲလိုက်တဲ့မျက်ဝန်းတွေကို သူမ လွမ်းနေသလိုပင်။ ဒီညနေ နှန်းတို့အုပ်စု ဒေါက်တာနေဝန်းနီရဲ့အိမ်ကို သွားလည်ကြမှာတဲ့၊ ဖိတ်ခေါ်ခြင်း အလျဉ်းမရှိဘဲ သူမ သွားသင့်ပါ့မလား။

"နှင်း ..."

နားနေခန်းပြတင်းပေါက်ဝမှာ ရပ်နေရာမှ သူမ လှည့်ကြည့်လိုက်မိ၏။ ကိုကို့အကြည့်တွေကို ပြန်မကြည့်ဖြစ်ဘဲ ငိုင်တွေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းရင်ထဲ ဘာတွေဖြစ်နေသလဲဆိုတာတောင် ကိုယ် သိခွင့်မရှိတော့ဘူးလားဟင်"

"နှင်း ပြောပြချင်ပေမယ့် ပြောလို့မတတ်ဘူး"

"ကိုယ်သိပါတယ် နှင်းရယ်"

"ဘာကိုသိတာလဲ ကိုကို"

"နှင်းရင်ထဲကအကြောင်းတွေကိုပေါ့"

"ရှင်!"

သူ နှင်းဘေးမှာရပ်လိုက်ပါ၏။ နှင်းထံမှာ သူနှင့်နှုတ်ဆက်တုန်းကလို အပျော်တွေ ရှိမနေတော့ပြီဘဲ။ ပျောက်ကွယ်နေတဲ့ ကာလတစ်ခုအကြောင်းကိုသာ အချိန်ပြည့်စဉ်းစားနေတာမို့ စင်ရော်တောင်ပံမျက်ခုံးလေးတွေက အမြဲ တွန့်ချိုးနေတတ်ကာ မျက်နှာလေးက သုန်မှုန်နေတတ်တာလေ။ နောက် ပိုပြီးထူးဆန်းတာက ဒေါက်တာနေဝန်းနီကို ကြည့်လိုက်တဲ့ အကြည့်လေးတွေကိုပါပဲ။

ဒေါက်တာနှင့်ဆုံတိုင်း စိတ်လှုပ်ရှားမှုဖြစ်သွားတာ၊ အမူအရာ ပျက်ယွင်းသွားတာတွေကို သူ မကြာခဏမြင်ခဲ့ရပေမယ့် နှင်းကို ဤသို့ မထင်ရက်ပါလေ။ နှစ်ရှည်လများ ချည်နှောင်လာခဲ့တဲ့ကြိုးကို နှင်း အလွယ်တကူဖြတ်ပစ်နိုင်လိမ့်မယ်လို့ သူ မျှော်လင့်မထားခဲ့မိတာ မှားလေစွ။

"နှင်းရင်ထဲမှာ ကိုယ်မရှိဘူး"

"ကိုကို ..."

"ဟုတ်တယ်၊ ကိုယ် တကယ်စိတ်မကောင်းဖြစ်ရပါတယ်၊ နှင်း ဆီမှာ ကိုယ်နဲ့ပတ်သက်ပြီး ရင်ခုန်လှုပ်ရှားမှု လုံးဝမှမရှိဘဲ"

သူမ မျက်နှာပျက်သွားရလေ၏။ ကိုကို သံသယဝင်ပါရောလား။ သူမ





ကိုကိုက သိနေတယ်တဲ့လေ။
ကိုယ်သူမ ဘာဖြစ်နေမှန်းမသိပါဘဲ

"နှင်းက... နှင်းက... နှင်း မသိနိုင်တဲ့အကြောင်းတွေကို အရမ်းသိချင်နေခဲ့မိတာပါ ကိုကိုရယ်၊ တခြားမထင်လိုက်ပါနဲ့"

"သေချာရဲ့လား နှင်းရဲ့၊ မေ့လျော့နေခဲ့တဲ့ကာလတစ်ခုကို နှင်း သိဖို့ မလိုအပ်ပါဘဲ ဘာကြောင့် သိချင်နေရတာလဲ၊ ပြီးတော့ ဒေါက်တာနေဝန်းနီကိုမြင်တိုင်း နှင်း အမူအရာပျက်သွားတာကရော ဘာဖြစ်လို့လဲ"

သူမ နှုတ်ခမ်းလေးဟလျက် ကိုကို့ကို မော့ကြည့်နေမိသည်။ ကိုကို့မျက်ဝန်းမှာ နာကျင်သည့်အရိပ်များ ပေါ်ထွက်လာတာမို့ သူမ အားနာရှက်ရွံ့ရပါလေ၏။

"အခုဆို ပိုပြီးသိသာစေတယ်၊ နှင်းပုံစံလေးက မတွေ့ရတော့တဲ့ လူတစ်ယောက်ကို တွေ့လိုတွေ့ငြား လိုက်ရှာနေတာလေ"

"နှင်း ... နှင်း ဘယ်သူ့ကိုမှ မရှာပါဘူး"

"မညာပါနဲ့ နှင်းရယ်၊ လောကမှာ ကိုယ့်ကိုယ်ကိုညာတဲ့အလုပ်က ပိုပြီး အခက်ခဲဆုံးတဲ့၊ နှင်း အချိန်ပြည့်မြင်ယောင်နေတဲ့ လူတစ်ယောက်ကို ကိုယ် မသိနိုင်ဘူးလို့များ ထင်နေလေသလား"

"ကိုကို ..."

"ကိုယ်ပိုင်ဆိုင်ခဲ့ဖူးတဲ့ အရာတစ်ခုကို သူတစ်ပါးလက်ထဲကို အလွယ်တကူ ထိုးထည့်ပေးလိုက်ရအောင်လဲ ကိုယ့်အသည်း မမာကျောလှပါဘူး နှင်းရယ်၊ ဒါပေမယ့် နေ့စဉ်နဲ့အမျှ လူမသိအောင် ကျိတ်ပြီးငိုနေတတ်တဲ့ နှင်းကို ကိုယ် မကြည့်ရက်တော့ဘူး"

ဘုရားရေ ... အခဆောင်မှာနေရင်း သူမ ငိုတတ်တာကို အခန်းဖော်သူငယ်ချင်းကလွဲပြီး ဘယ်သူမှမသိနိုင်ဘူးလို့ထင်ထားမိတာ မှားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဘယ်လိုများသိသွားတာပါလိမ့်။

"ကိုယ့်ကိုခေါင်းညိတ်ပြီးမှ နှင်း နောင်တရနေမှာ မလိုလားပါဘူး။ အိမ်ထောင်တစ်ခုကို သံယောဇဉ်ဆိုတဲ့ အရာတစ်ခုနဲ့ အခိုင်ခံ့ဆုံး တူထောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့မိတဲ့ ကိုယ့်အိပ်မက်တွေ ပျက်သုဉ်းခဲ့ရပါပြီကွယ်"

"ကိုကို ... နှင်း ..."

"ကိုယ့်ကို တကယ်ပြန်မချစ်ဘဲနဲ့ မျက်စိမှိတ်လက်ခံလိုက်ဖို့ မဆုံးဖြတ်လိုက်ပါနဲ့ နှင်း။ ဒီလိုလဲ ကိုယ် အဖြစ်မခံနိုင်ပါဘူး၊ ကိုယ်က သူ့ကို အလွယ်တကူနိုင်ရမယ်လို့ ယူဆထားခဲ့မိတာ၊ တကယ်တမ်းလက်တွေ့မှာ ကိုယ်က ရှုံးနိမ့်သူဖြစ်နေခဲ့ရတာယ်လေ"

သူက သက်ပြင်းတစ်ချက်ရှိုက်လျှက် ပြတင်းဝဘက် မျက်နှာလွှဲလိုက်ပါ၏။ ပြတင်းပေါင်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားလိုက်မိသည်။ စွန့်လွှတ်တယ်ဆိုတာ အပြောလွယ်သလောက် လုပ်ရတာ ခက်လွန်းပါလားနော်။

"ကိုယ်က အနစ်နာခံပေးလိုက်ရလို့ ကိုယ့်ကို သိပ်သတ္တိကောင်းတဲ့ သူရဲကောင်းလို့တော့ မထင်လိုက်ပါနဲ့၊ ကိုယ် ... ကိုယ် ... နှင်းကို ချည်နှောင်ထားမိတဲ့ကြိုးတစ်ချောင်းကို ဖြေလွှတ်ပေးလိုက်ပါတော့မယ်၊ ဒီလောက် နှစ်ရှည်လများ ခိုင်မာခဲ့တဲ့ကြိုးတစ်ချောင်းကို သုံးလကျော် တွယ်တာမှုလေးက အလွယ်လေးဖြတ်တောက်ပစ်လိုက်တာမို့ ကိုယ် ရင်နာမိတာ အမှန်ပါ နှင်း၊ နှင်းအပေါ် အမြတ်နိုးဆုံးနဲ့ ချစ်မြတ်နိုးလွန်းလို့ ရင်နာနာနဲ့ အနစ်နာခံပေးလိုက်ရတာပါ"

"နှင်း ... နှင်း ဘာဆက်လုပ်ရမှာလဲ ကိုကို"

"နှင်း သိပ်သိချင်နေတဲ့အကြောင်းကို နှင်းဟာနှင်းပဲ စုံစမ်းပါကွယ်၊ ဒီကိစ္စတွေ ကိုယ် မပြောပါရစေနဲ့"





သူမ ကိုကို့နောက်ကျောပြင်ကို အငေးသားကြည့်နေမိလေ၏။ စွန့်လွှတ်လိုက်ရတာတဲ့လား၊ ဒီလိုအပြောမျိုးကြားရချိန်မှာ သူမ ဝမ်းနည်းပိုရှိုက်ရမှာမဟုတ်ဘူးလား၊ ခုတော့ သူမ ဘာကြောင့် မျက်ရည်မကျတာပါလဲ။ ဒေါက်တာနေဝန်းနီ 'မင်း' လို့သုံးလိုက်တဲ့အသုံးအနှုန်းမျိုးမှာ သူမရင်ထဲ စူးအောင့်နာကျင်ရတာ ဒေါက်တာရဲ့ ဥပေက္ခာပြု မတူမတန်သလို ဆက်ဆံပြောဆိုခံရတိုင်း ဝမ်းနည်းပြီး မျက်ရည်ပေါက်ပေါက်ကျခဲ့ရတာ အမှန်ပါလေ။ ဒါဟာ ဘာကြောင့်များတဲ့လဲ ရှင်ရယ် ...

မြက်ခင်းပြင်ထက်မှာ သူ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ၏။ ဒီမြက်ခင်းပြင်ပေါ် ကနေ မိနှင့်အတူ သူ လိမ့်ကျခဲ့တာလေ၊ ပြီးတော့ မိကိုယ်လုံးသွယ်သွယ်လေးကို ပွေ့ချီသယ်လာခဲ့ရတာ၊ ဒီမြက်ပင်လေးတွေကို တိမ်လွှာနဲ့မဟူရာစားဖို့ဆိုပြီး မင်း ရိတ်သိမ်းနေတိုင်း ကိုယ် ငေးကြည့်ခဲ့တာတွေဟာ အိပ်မက်လား ...

အခုဆို တိမ်လွှာက သူ့သခင်မ ရှိမနေတော့လို့ အစာလည်း သိပ်မစားတော့ဘူး မိရယ်၊ မိကို တင်စီးတာ မရပေမယ့် မိနဲ့အတူ လမ်းလျှောက်ရတဲ့ မနက်ခင်းတွေကို သူလည်းမြင်ယောင်နေပုံပါပဲ။ ဒါဖြင့် ကိုယ်ကရော ...

ပါးပြင်ထက် မျက်ရည်စီးကျသွားတာမို့ ပွန်းသွားရလေသည်။ မနက်ဖြန်ဟာ June(1)ရက်နေ့။ မင်း ကိုယ့်အိမ်ကိုရောက်လာခဲ့တာ (၆)လပြည့်တဲ့နေ့ပါလေ။ ဒါကို မင်း ဘယ်လိုမှ မမှတ်မိနိုင်တော့မှန်း ကိုယ် သိနေပါတယ်၊ ကိုယ်တကယ်ခံစားရတာပါ မိရယ် ...။

မေမေ အကြိမ်ကြိမ်တားဆီးစဉ်ကတည်းက ကိုယ့်ရဲ့ မသိစိတ်ထဲမှာ မင်းက နေရာအပြည့်ယူထားခဲ့တာပါ။ ကိုယ့်အာရုံထဲမှာ အမြဲရှိနေတာက



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းမျက်နှာလေးပါလေ။ မိရယ် … ပိုင်ဆိုင်ရလိမ့်မယ်လို့ ထင်မှတ်ထားပါလျက် အချိန်တန် အိမ်ပြန် ကျောခိုင်းထွက်သွားတဲ့ မင်းကို ကိုယ်ဘယ်လိုနည်းမျိုးနဲ့မှ တားခွင့်မရခဲ့ပါဘူး။ တားရအောင်လည်း ကိုယ်က အခွင့်ရှိတဲ့လူ မဟုတ်ခဲ့ဘူးလေ။

ညီရဲ့ နှင်း တဲ့ …၊ စတွေ့လိုက်ကတည်းက ဒီလူငယ်လေးကို စိတ်ထင့်နေခဲ့မိတာ၊ မိကိုမြင်သွားရင် ဆိုတဲ့ အတွေးမျိုးနဲ့ မတွေ့စေချင်ခဲ့တာ၊ မိကိုတွေ့သွားရင် ကိုယ့်လို မိအပေါ် ချစ်သွားမှာစိုးစိတ်နဲ့ ကိုယ့်အိမ်ကို မလာစေချင်ခဲ့ပါလျက်နဲ့ မိနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံခဲ့ရတယ်လို့ …

အချစ်ဦးတဲ့…၊ ညီက မင်းရဲ့ အချစ်ဦးမှန်း သိလိုက်ရချိန်မှာ ကိုယ့်နှလုံးသားတွေ တစ်စစီကြွေလွင့်ခဲ့ရပါတယ်ကွယ်။ ကိုယ် အသည်းနှစ်ခြမ်းတကယ်ကွဲခဲ့ရတာပါ၊ ဘာမာနမှမရှိ၊ ဘာသိက္ခာကိုမှ မငဲ့ဘဲ မြတ်နိုးခြင်းအတိနဲ့ ကိုယ် ချစ်ခဲ့မိတာပါလေ။

"ကိုကိုကြီး"

"ဟင် !"

"ကြီးကြီးက ခေါ်ခိုင်းလိုက်ပါတယ်၊ ကိုကိုကြီးသူငယ်ချင်းတွေ လာလ'မ့်မယ်တဲ့၊ ပြီးတော့ ညနေဖွင့်ဖို့ဆေးခန်းကိုလဲ အေးဘုံ သန့်ရှင်းရေး လုပ်ပြီးပါပြီ"

"အေးပါ"

ခြေလှမ်းတွေကို မသယ်ချင်ပါဘဲ သယ်လာခဲ့ရ၏။ စိတ်ရှိငိုင်း လေလွင့်လိုက်ချင်ပေမယ့် ကျန်းမာရေးချူချာလာသည့် မေမေ့ကို ငဲ့ကွက်ရသေးသည်လေ။ သူ့လိုပင် မေမေလည်း မိအတွက်နဲ့ စိတ်ထိခိုက်ခံစားနေရရှာသည်ကို။ ဆေးခန်းမှာကူရန် သက်နောင်ရဲ့ cousin ဖြစ်တဲ





နှန်းမွန်ကိုပဲ သူ ခေါ်ထားတာမို့ ဒီညနေ ရောက်လာတော့မှာလေ။

"ရှင် !"

"ဟုတ်တယ်၊ မိနဲ့နေဝန်းတို့ ချစ်သူတွေဖြစ်ခဲ့ကြတာ အမှန်ပဲ၊ ဒီအကြောင်း ကိုနောင်တို့သိတုန်းက နေဝန်းအတွက် သိပ်ကိုဝမ်းသာခဲ့ကြတာ"

"ဟုတ်တယ် နှင်းရဲ့၊ နေဝန်းက အသည်းတစ်ခါကွဲခဲ့ဖူးလို့ မမတို့ ဆေးလောကမှာ မျက်နှာမပြရဲလောက်အောင် အရှက်ရခဲ့တဲ့လူတစ်ယောက်ပါ၊ လောကကြီးထဲကသွေဖည်ပြီး ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်ဘဲ ကန့်လန့်တိုက်ချင်နေတဲ့ သူ့ရဲ့စိတ်တွေဟာ နှင်းကြောင့် ပုံမှန်ပြန်ဖြစ်လာခဲ့တာလေ။ သူ နှင်းကို အတော်ကြီးကိုချစ်ရှာတာပါကွယ်၊ ပထမရည်းစားနဲ့တုန်းကနဲ့မတူတဲ့ မျက်ဝန်းတွေ၊ အပြုံးတွေကို နှင်းနဲ့ကျမှ သူ့မျက်နှာပေါ်မှာ တွေ့ခဲ့ရတာ တကယ်ပါ"

"မိ Accident ဖြစ်တဲ့နေ့က သူကိုယ်တိုင် ဆေးရုံကိုပွေ့ချီသယ်လာခဲ့တာ၊ မိကိုစိုးရိမ်နေတာ အရူးတစ်ပိုင်းပဲ၊ မိ တစ်ခုခုဖြစ်သွားရင် သူ့ကိုယ်သူတောင် သတ်သေတော့မလို အတော်စိတ်လှုပ်ရှားခဲ့တာလေ"

သူမ အံ့သြပြီးရင်း အံ့သြနေမိသည်။ မိ တဲ့…၊ နှင်းမှာ မိ ဆိုတဲ့ သညာတစ်ခု တကယ့်ကို ပိုင်ဆိုင်ခဲ့ဖူးတာပါလား။ ပြီးတော့ သူနဲ့ … သူနဲ့… နှင်းက ချစ်သူဖြစ်ခဲ့တာတဲ့၊ အို … ရင်ထဲမှာ နွေးထွေးလိုက်တာနော်၊ ဒီလိုလှိုက်ဖိုတဲ့ခံစားမှုမျိုးကို နှင်း တစ်သက် တစ်ခါမှ မကြုံခဲ့ဖူးတာ အမှန်ပါလေ။

"မိ သတိရလာတော့ သူ့ကို ဘယ်လိုမှ မမှတ်မိတဲ့ အမူအရာကို သူမြင်တုန်းက ယူကျုံးမရဖြစ်သွားတဲ့မျက်နှာကို ပြန်တွေးကြည့်ရင် မြ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယောင်လာမှာပါ"

"ဟုတ်တယ်၊ နေဝန်းက သိပ်ကိုအထီးကျန်ဆန်နေတဲ့ လူတစ်ယောက်ပါကွယ်"

သနားလိုက်တာ၊ နှင်း မတရားသလိုများဖြစ်နေပြီလား၊ နှင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ ကိုကို့ကိုတော့ ငဲ့ညှာသနားစိတ်မျိုးမရှိခဲ့ပါဘဲ ဤလူတစ်ယောက်ကိုတော့ ရင်ထဲမှာ အလိုလို သနားစိတ်ဖြစ်တည်လာသတဲ့။ တကယ့်ကို အံ့ဩစရာပါပဲ။

"ကိုနောင်တို့ ဒီညနေ သူ့အိမ်ကိုသွားကြမှာလားဟင်"

သက်နောင်နှင့် သက်လျှာရော နန်းမွန်ပါ ပြိုင်တူ ပြုံးလိုက်ကြလေ၏။ ငွေနှင်းဖြူ၏ရင်ထဲကို အားလုံး နားလည်စွာနဲ့ မြင်တတ်ခဲ့ပြီကိုး။

"ပထမတော့ သွားမလို့ဘဲ၊ ဒါပေမယ့် လှပတဲ့စာတ်သိမ်းခန်းလေးကို မြင်ချင်လို့ ကိုနောင်တို့ မသွားတော့ပါဘူး မိ"

"နှင်း... သူ့ကို သွားတွေ့ချင်ပါတယ်"

"သွားပေါ့ နှင်းရဲ့၊ သူ ကြိုလင့်နေမှာပါ၊ ယုံပါ"

"ဒါပေမယ့် နှင်း ... နှင်း မသွားရဲဘူး"

"ဟင်းဟင်း ... ဒါဆိုလဲ နန်းကိုယ်စား အလုပ်ဝင်ဖို့ သွားလိုက်ပေါ့ နှင်းရဲ့၊ သူ့ဆေးခန်းမှာ ဒီညနေ(၄)နာရီ ကူလုပ်ဖို့တာဝန်ကို နှင်း ဆီ နန်း လွှဲပေးလိုက်မယ်လေ နော်"

သူမ နှုတ်ခမ်းအစွန်းသားလေးကို အသာကိုက်ထားလိုက်မိလေ၏။ ရင်တွေခုန်လိုက်တာနော်။ သူနဲ့တွေ့ဖို့ စိတ်ကူးလိုက်ရုံလေးနဲ့ နှင်း ဒီလောက်ရင်ခုန်စိတ်လှုပ်ရှားနေရင် သူနဲ့တွေ့ရရင်တော့ ဒုက္ခတွေဖြစ်ကုန်တော့မှာပဲ။ နှင်း အသည်းက နုနယ်လွန်းလို့ပါ ကိုကြီးရယ် ...



BURMESE CLASSIC .com



ဆေးခန်းဝ လိုက်ကာရှေ့မှာ အသာရပ်လိုက်ပါ၏။ အထဲမှာ သူရှိနေမည်ကို ကြိုသိနေသည်မို့ အသံမပေးရဲပါချေ။ သူမကိုမြင်သွားရင် သူ ဘာတွေများပြောမှာပါလိမ့်။ နှင်းကို နှင်တော့မထုတ်နိုင်လောက်ပါဘူးနော်။

ဆေးမှတ်တမ်းစာအုပ်မှာ ဖြည့်နေရင်း လိုက်ကာနောက်မှာ လူတစ်ယောက်ရပ်နေမှန်း သူ သိလိုက်ပါ၏။ တစ်တောင်ခန့်လွတ်နေသည့် လိုက်ကာအနားစအောက်မှာ ပေါ်နေသည့်လုံခြည်အနီရောင်နှင့် စလစ်ပါအဖြူလေး စီးထားသည့် ခြေထောက်ဖွေးဖွေးလေးကို သူ လှမ်းမြင်လိုက်ရစဉ် ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားရလေသည်။ ဒါ ... သူ ရင်းနှီးခဲ့ဖူးတဲ့ ခြေချောင်းလေးတွေပါပဲ။

"ဘယ်သူလဲ"

သူ မေးလိုက်စဉ် လိုက်ကာလေးက အသာပွင့်သွားပြီး Nurse မလေးတစ်ယောက် ပေါ်လာလေသည်။ ဘုရားရေ ... တကယ်ပဲ ... တကယ်ပဲ မိ ဖြစ်နေပါရောလား။ သူ အံ့ဩကြီးလွန်းသဖြင့် မတ်တတ်ရပ်လိုက်မိစဉ် သူမထံမှ ရှက်ပြုံးလေးတစ်ခု ပေါ်လာလေ၏။

"ကျွန်မ နန်းမွန်ကိုယ်စား လာခဲ့တာပါရှင်"

"မိ ... မိ ... ဘယ်လိုကနေ ဘယ်လို ..."

"ကျွန်မကို အလုပ်ခန့်နိုင်မှာလား ဒေါက်တာ"

"မိရယ် ... ကိုယ့်ကို ... ကိုယ့်ကို ဒီထက်ပိုပြီး ရူးအောင်တော့မပြုစားလိုက်ပါနဲ့"

"မိ အားလုံးကို သိပြီးပါပြီ ကိုကြီးရယ်"

"ဘယ်လို !"

သူမ ဘာမှပြန်မပြောတော့ဘဲ လက်မလေးကိုက်လိုက်စဉ် သူက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရဖြင့် သူမကိုယ်လေးကို ခပ်တင်းတင်းလေးပွေ့ဖက်လိုက်မိလေ၏။ ဒီတစ်ခါဖြင့် သူ တကယ်ကံကောင်းသွားပြီဆိုတာကို မေမေ့ကိုပါ သိစေချင်ပါတယ်လေ၊ သူ့ရင်ခွင်ထဲမှ ကောင်မလေး၏မျက်နှာမှာ နှင်းဆီခင်းတစ်ခု ပွင့်အာသွားတာကိုတော့ဖြင့် သူတစ်ဦးသာ သိလိုက်ပါလေ၏။

*မေတ္တာများစွာဖြင့်...*

ရွှေကျောင်မမ

**12th Feb: 2009**

**PM (11:25)**

BURMESE CLASSIC .com



www.burmeseclassic.com